# ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအယူဝါဒအား လက်တွေ့ကျကျလေ့လာသုံးသပ်ခြင်း

အက်(ဖ်)ဝိန်းမက်လီယို(ဒ်)

*Light to my Path Book Distribution Sydney Mines, Nova Scotia, Canada*

# မာတိကာ


| | | |
|---|---|---|
| စကားချီး | | ၁ |
| ၁။ | အကြွင်းမဲ့သြဇာအာဏာ | ၅ |
| ၂။ | အကြွင်းမဲ့ လုပ်ပိုင်ခွင့် | ၁၅ |
| ၃။ | အကြွင်းမဲ့ ထိန်းချုပ်ပိုင်ခွင့် | ၂၅ |
| ၄။ | လူသား၏ဂုဏ်တန်ဖိုး | ၄၁ |
| ၅။ | အပြစ်ဒုစရိုက် | ၄၉ |
| ၆။ | မတရားမှုနှင့်ဆင်းရဲဒုက္ခ | ၆၃ |
| ၇။ | ဆုတောင်းခြင်းနှင့်အမှုတော်ဆောင်ခြင်း | ၇၉ |
| ၈။ | အပြစ်ဒုစရိုက်၌ဆက်လက်ကျင်လည်နေခြင်း | ၉၃ |
| ၉။ | အတ္တဇာတိသဘော၌သေခြင်း | ၁၀၇ |
| ၁၀။ | ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများကို ပေးအပ်ခြင်း | ၁၁၇ |
| ၁၁။ | ဘုရားသခင်အပါး၌ခိုနားခြင်း | ၁၂၇ |
| ၁၂။ | မျှော်လင့်မထားသောဘဝအခြေအနေများနှင့် ပေါင်းသင်းဆက်ဆံရန်ခက်ခဲသောသူများ | ၁၃၉ |
| ၁၃။ | အမှုတော်မြတ်၌ရဲရင့်ပြတ်သားခြင်း | ၁၅၁ |
| ၁၄။ | စောင့်စားခြင်းနှင့်နားထောင်ခြင်း | ၁၆၃ |
| ၁၅။ | အတိတ်ရာဇဝင် | ၁၇၅ |
| ၁၆။ | ဝတ်ပြုကိုးကွယ်ခြင်း | ၁၈၅ |

# စကားချီး

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအယူဝါဒသည် ရာစုနှစ်ပေါင်းများစွာယုံကြည်သူတို့ကြား၌ ဆွေးနွေးငြင်းခုန်ခြင်းကိုဖြစ်စေခဲ့သောအယူဝါဒဖြစ်သည်။ ဤအယူဝါဒသည် အချို့သောသူများအတွက်ခွန်အားယူစရာနှင့်ကောင်းချီးမင်္ဂလာအရင်းအမြစ်ကြီးအမှန်ဖြစ်နေခဲ့သော်လည်း အခြားသူများအတွက်မူ လူသား၏လွတ်လပ်မှုကို မထီမဲ့မြင်ပြုသောအရာအဖြစ် ရှိနေခဲ့သည်။

ဤနေရာ၌ ကျွန်ုပ်ကြိုးစားတင်ပြလိုသောအရာသည် စေ့စပ်ပြည့်စုံ၍ ပညာတတ်ကြီးဆန်ဆန်ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား စိတ်ဝမ်းကွဲစေဖို့ရန် မဟုတ်ပါ။ ကျွန်ုပ်၏အကြီးမားဆုံးစိတ်ဆန္ဒမှာ ဘုရားသခင်၏ဤထူးခြားသောဂုဏ်အရည်အချင်းသည် ကျွန်ုပ်တို့၏နေ့စဉ်ခွန်အားကိုမည်သို့သက်ရောက်မှုဖြစ်စေမည့် အကြောင်းကိုစာဖတ်သူတို့အား တင်ပြရန်ဖြစ်သည်။ ဤအချက်ကိုအထူးသတိပြုစေလိုပါသည်။

ဤအယူဝါဒကိုလေ့လာရာ၌ ကျွန်ုပ်နားလည်သဘောပေါက်လာသည့်အချက်မှာ ဤအယူဝါဒကိုနှစ်သက်၍ ဟန်ချက်ညီညီ နားလည်သဘောပေါက်ခြင်းသည် နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံရသောအခက်အခဲများကို တုန့်ပြန်ကြရာ၌ အံ့ဖွယ်သောသက်ရောက်မှုများကို ဖြစ်စေပါမည်ဟူသော အချက်ပင်ဖြစ်သည်။ ဤအချင်းအရာသည် ကျွန်ုပ်တို့၏အတိတ်သမိုင်းအပေါ်၌ထားရှိသော ကျွန်ုပ်တို့၏စိတ်သဘောထားများကို ပြောင်းလဲစေပါလိမ့်မည်။ ထို့အပြင် ယုံကြည်ချက်ဖြင့်ရှေ့ဆက်လျှောက်လှမ်းရန်အတွက် ကျွန်ုပ်တို့ကိုကြီးမားသော ယုံကြည်စိတ်ချမှုကိုလည်း ပေးပါလိမ့်မည်။

ဘုရားသခင်၏အချုပ်အချာတန်ခိုးအာဏာရှိခြင်းအယူဝါဒသည် အလွန်လက်တွေ့ကျသောအယူဝါဒဖြစ်သည်။ ဘုရားသခင်၏ အရေးပါသော ဤဖြစ်တည်မှုအား ခရစ်ယာန်တိုင်းကအချိန်ယူ၍လေ့လာရန် လိုအပ်သည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ ရိုးစင်းသော ဤလေ့လာသုံးသပ်ချက်လေးသည် ဖတ်ရှုသောသူအားလုံးအတွက် ခွန်အားယူစရာကောင်းချီးမင်္ဂလာအရင်းအမြစ်ကြီးဖြစ်စေမည့်အကြောင်း ဆန္ဒပြု ဆုတောင်းလိုက်ပါသည်။

အက်(ဖ်)ဝိန်းမက်လီယို(ဒ်)

# စကားလုံးအသုံးအနှုန်းများ၏အဓိပ္ပါယ်ဖွင့်ဆိုချက်

# 1
# အကြွင်းမဲ့တန်ခိုးအာဏာ

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း အယူဝါဒသည် ခွန်အားယူစရာအကောင်းဆုံး အယူဝါဒဖြစ်သကဲ့သို့ သမ္မာကျမ်းစာရှိ အယူဝါဒများအားလုံးတွင်လည်း ပြဿနာအပေးဆုံး အယူဝါဒဖြစ်သည်။ အချို့သောသူများအတွက် ဘဝမုန်တိုင်းခရီးကြမ်းအလယ်၌ စစ်မှန်သောကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ခဲ့သော်လည်း အခြားသူများအတွက်မူ လူသားတို့၏လွတ်လပ်မှုနှင့် တန်ဖိုးကို မထီမဲ့မြင်ပြုသောအရာဖြစ်နေခဲ့သည်။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှိသော ဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့ဆိုကြရာတွင် ကျွန်ုပ်တို့မည်သည့်အရာကို ရည်ညွှန်းဆိုလိုနေကြသနည်း။ ကျွန်ုပ်တို့ရည်ညွှန်းဆိုလိုထားကြသည့်အရာမှာ ဘုရားသခင်၌အကြွင်းမဲ့သြဇာအာဏာရှိသည်ဟူ၍၄င်း၊ အကြွင်းမဲ့အခွင့်ထူးရှိသည်ဟူ၍၄င်း၊ အကြွင်းမဲ့ ထိန်းချုပ်ပိုင်ခွင့်ရှိသည် ဟူ၍၄င်းဖြစ်သည်။ ဤအချက်များကိုခွဲခြမ်းစိတ်ဖြာ၍ဂရုတစိုက် လေ့လာကြည့်ကြပါစို့။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှိသောသူ ဖြစ်သောကြောင့် မိမိတွင်အကြွင်းမဲ့သြဇာအာဏာရှိသည်။ သြဇာအာဏာဆိုသည်မှာအဘယ်နည်း။ သြဇာအာဏာဆိုသည်မှာ အမိန့်ပေးနိုင်သောအစွမ်းဖြစ်သည်။ သြဇာအာဏာရှိသောသူတို့၏အမိန့်ကို နာခံကြရသည်။

လူမှုရေးအသိုင်းအဝန်းတစ်ခုစီတိုင်းသည် ဩဇာအာဏာဟူသောအရာကို ဆိုလိုသည်။ ဩဇာအာဏာဟူသောအရာမရှိလျှင် လူမှုအသိုင်းအဝန်းကြီးပြိုကွဲပျက်စီးသွားရသည်။ ဥပဒေ(သို့)ထိုဥပဒေကိုပြဋ္ဌာန်းမည့်သူများမရှိခဲ့လျှင် ကျွန်ုပ်တို့၏အသက်တာများ မည်သို့ဖြစ်မည်ကို စိတ်ကူးကြည့်ပါ။ မိဘအုပ်ထိန်းမှုဩဇာအာဏာမရှိခဲ့လျှင် ကျွန်ုပ်တို့၏သားသမီးများမည်သို့ဖြစ်ခဲ့ကြမည်နည်း။ လူမှုအသိုင်းအဝန်းတစ်ခုစနစ်တကျလည်ပတ်နိုင်ရန် ဩဇာအာဏာဟူသောအရာကို လိုအပ်သည်။

ဩဇာအာဏာဆိုသည်မှာ ဆိုးညစ်သောအရာမဟုတ်ပါ။ သို့သော် လူအမြောက်အမြားက ဤအရာကိုမိမိတို့၏ကိုယ်ကျိုးအတွက်လက်တစ်လုံးခြားအသုံးပြုခဲ့ကြသည်။ အမှန်ဆိုရလျှင် ဩဇာအာဏာဟူသော အရာသည် ပို၍ကြီးမားထူးခြားသော သင့်မြတ်မှုကိုဖန်တီးပေးရန်ဖြစ်သည်။ ဩဇာအာဏာဟူသောအရာတည်ရှိသောအခါတွင် ကျွန်ုပ်တို့၏ အတိုင်းအတာ၊ အကန့်အသတ်ကို ကျွန်ုပ်တို့သိကြသည်။ ဩဇာအာဏာဟူသောအရာသည် လူမှုအသိုင်းအဝန်း၏တည်ငြိမ်အေးချမ်းမှုကိုနှောင့်ယှက်ပျက်ဆီးသောသူများကို အပြစ်ပေးစီရင်သည်။ ဩဇာအာဏာဟူသောအရာသည် တစ်ဦးနှင့်တစ်ဦးအကြားရှိ ကျွန်ုပ်တို့၏ဆက်ဆံရေးအခြေအနေ၌ မည်သည့်အရာသည် မှန်ကန်သည်။ မည်သည့်အရာသည် သင့်တင့်လျောက်ပတ်သည်ဟူသောအချက်ကို သတ်မှတ်ပေးပြီး၊ တူညီသောလုပ်ငန်းစဉ်များကိုချမှတ်ပေးကာ တူညီသောရည်မှန်းချက်ပန်းတိုင်များဆီသို့ အသင်းအဖွဲ့တစ်ခုအနေဖြင့် ကြိုးစားလျှောက်လှမ်းသွားနိုင်ရန်လည်း စွမ်းဆောင်ပေးသည်။

ဘုရားသခင်၌အကြွင်းမဲ့ဩဇာအာဏာရှိသည်ဟု ကျွန်ုပ်တို့ဆိုရာတွင် ဘုရားသခင်၌ထိုလုပ်ငန်းစဉ်များကို ချမှတ်ပေးပိုင်သောအစွမ်းတန်ခိုးရှိသည်ဟု ကျွန်ုပ်တို့ဆိုလိုခြင်းဖြစ်ပါသည်။ ဘုရားသခင်၏တန်ခိုးအာဏာမှာ အကြွင်းမဲ့သောကြောင့် မိမိစီစဉ်ချမှတ်ထားသောလုပ်ငန်းစဉ်များကိုအပြည့်အဝနာခံရန် အမိန့်ပေးထားသည်။

ဘုရားသခင်၏ အပေါ်၌မည်သူမျှမရှိပါ။ အရာအားလုံးကိုဆုံးဖြတ်ပိုင်သော အာဏာဟူသည်ဘုရားသခင်၌သာ ရှိသည်။ သံသယဖြစ်စရာမရှိသည့် အကြွင်းမဲ့သော တန်ခိုးအာဏာသည် တစ်ဦးတစ်ယောက်တည်း၌သာ ရှိနိုင်သည်။ ဘုရားသခင်တစ်ပါးတည်းကသာ ဤထူးခြားချက်ကို ပိုင်ဆိုင်ထားသည်။ ဘုရားသခင်၏အကြွင်းမဲ့သော တန်ခိုး အာဏာနှင့် စပ်လျဉ်း၍ သမ္မာကျမ်းစာမှမည်သို့ သွန်သင်ထားသည်ကို အကျဉ်းချုံး၍ လေ့လာကြည့်ကြပါစို့။

*ဘုရားသခင်သည် လောကီမင်းများအပေါ်၌သြဇာအာဏာရှိသည်*

ဗာဗေလုန်ပြည်ရှင် နေဗုခဒ်နေဇာသည် မိမိ၏ကြီးကျယ်ခမ်းနားသောအောင်မြင်မှုများအတွက် မာန်မာနတက်ခဲ့သည်။ နေဗုခဒ်နေဇာမင်း၏စီမံအုပ်ချုပ်မှုအောက်တွင် ဗာဗေလုန်ပြည်ကြီးသည် တန်ခိုးသြဇာလွှမ်းမိုးမှု၌အထွပ်အထိပ်သို့ရောက်ခဲ့သည်။ သို့သော သူ၏မာန်မာနထောင်လွှားမှုသည် ဘုရားသခင်အား မထီမဲ့မြင်ပြုရာဖြစ်ခဲ့သည်။ မိမိအသက်တာတွင် ဘုရားသခင်ကိုလိုအပ်နေသည့်အဖြစ်ကို နေဗုခဒ်နေဇာမတွေ့မြင်နိုင်ခဲ့ပါ။ မိမိသာလျှင် ဘုရားဖြစ်သည်ဟု ခံစားမှတ်ယူခဲ့သည်။ ထိုကဲ့သို့သော မာန်မာနထောင်လွှားမှုကြောင့် ဘုရားသခင်သည် သူ့ကို ရူးသွပ်စေခဲ့သည်။ နှစ်ပေါင်းများစွာတောရိုင်းတိရစ္ဆာန်များနှင့်အတူ တော၌ဦးတည်ရာမဲ့လျှောက်သွားနေစေခဲ့သည်။ သို့သော် အဆုံး၌ ဘုရားသခင်သည် သူ့ကိုမူလအခြေအနေသို့ ပြန်လည်ပို့ဆောင်ပေးသောအခါတွင် နေဗုခဒ်နေဇာမင်းကြီးသည် အလွန်ထိရောက်မှုရှိသော ဤစကားလုံးများကိုထုတ်ပြောခဲ့သည်။

> မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌အဘယ်မျှမဟုတ် သကဲ့သို့ဖြစ်ကြ၏။ ကောင်းကင်ဗိုလ်ခြေတို့၌၎င်း၊ မြေကြီးသားတို့၌၎င်း၊ အလိုရှိသည့်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်

တော်ကိုအဘယ်သူမျှ မဆီးတားနိုင်။ အဘယ်သို့ပြုသနည်း ဟု ကိုယ်တော်ကိုဆိုနိုင်သောသူမရှိ။ (ဒံယေလ ၄း၃၅)။

ဤလောက၌ မိမိထက်ဩဇာအာဏာသာ၍ကြီးသောသူ ရှိနေသည့် အကြောင်းကို နေဗုခဒ်နေဇာမင်းကြီး နားလည်သဘောပေါက်ခဲ့သည်။ သံသယမေးခွန်းမျိုးပင် မေး၍မရလောက်အောင် ကြီးမားသောဩဇာအာဏာကို ပိုင်ဆိုင်ထားသောသူ၏ရှေ့တွင် ဒူးထောက်ဦးညွှတ်ခဲ့သည်။ ဤလောက၌အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးတိုင်းပြည်ကြီးကို အုပ်ချုပ်မင်းလုပ်နေသောသူ ဖြစ်ခဲ့သော်လည်း နေဗုခဒ်နေဇာမင်းကြီးသည် ဘုရားသခင်၏ဩဇာအာဏာရှိမှုကို မေးခွန်းမထုတ်နိုင်သည်သာမက အဘယ်ကြောင့် ထိုသို့ပြုရသည့်အကြောင်းဖြေရှင်းချက်ကိုလည်း မတောင်းဆိုနိုင်ခဲ့ပါ။

အချိန်အနည်းငယ်ယူ၍ ဤအချက်ကိုသုံးသပ်ကြည့်ပါ။ ခမ်းနားကြီးကျယ်သောနေဗုခဒ်နေဇာမင်းကြီးသည် မိမိပိုင်ဆိုင်ထားသောတန်ခိုးအာဏာကိုချက်ချင်းဆိုသလိုပင် ရုပ်သိမ်းခံခဲ့ရသည်။ တိရစ္ဆာန်တစ်ကောင်ပမာ တော၌လှည့်လည်ကျက်စားခဲ့ရသည်။ ဤလောကရှိအခြားရှင်ဘုရင်များက ရင်ဘောင်တန်း၍ယှဉ်ရပ်ရန် မဝံ့မရဲဖြစ်ခဲ့ရသော နေဗုခဒ်နေဇာမင်းကြီးသည် ဤလူမျိုးတို့၏အရှင် ဘုရားသခင့်ရှေ့မှောက်တွင်မူ ခိုကိုးရာမဲ့ဖြစ်နေခဲ့သည်။ ဤလောကသမိုင်း၌အဘယ်မျှပင် တန်ခိုးဩဇာညောင်းသောရှင်ဘုရင်များဖြစ်နေစေကာမူ ၎င်းတို့အားလုံးသည် ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ကို ပြန်လည်ရှင်းလင်းဖြေကြားကြရပေမည်။ ဘုရားသခင်သည် ၎င်းတို့အားလုံး၏အထက်တွင်ရှိပြီး ၎င်းတို့ သည် ဘုရားသခင်ကိုနာခံကြရမည်။

*ဘုရားသခင်သည် မိမိအလိုတော်ရှိသည့်အတိုင်း စီရင်ပြုပြင်တော်မူသည်*

သမ္မာကျမ်းစာထဲတွင် အနည်းငယ်သောလူကသာ ယောဘ

ကဲ့သို့ ဆင်းရဲဒုက္ခကိုခံစားခဲ့ကြသည်။ ယောဘသည် ဖြောင့်မတ်၍အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်သည်ဟု သမ္မာကျမ်းစာ၌ဖော်ပြထားသည်။ ဆင်းရဲခြင်းဒုက္ခဝေဒနာကို နားလည်ရန်မှာ ဘယ်သောအခါတွင်မျှ လွယ်မည့်အရာမဟုတ်ပါ။ ဘုရားသခင်သည် လူတစဦးကိုချမ်းသာပေး၍ အခြားတစ်ယောက်ကို ထိုသို့မပြုသနည်း။ ဘုရားသခင်သည် အဘယ်ကြောင့်လူတစ်ဦးအား သက်တောင့်သက်သာဖြင့် ရှင်သန်နေထိုင်နိုင်သော ဘဝအခြေအနေမျိုးကိုပေးသနားပြီး၊ အခြားတစ်ယောက်အား ဆင်းရဲခြင်းဒုက္ခကိုအဘယ်ကြောင့်ပေးထားရသနည်း။ ယောဘသည် ဆင်းရဲဒုက္ခဝေဒနာကို ခံစားခဲ့ရစဉ်တွင်ဘုရားသခင်နှင့်ပတ်သက်သောအလွန်အရေးကြီးသည့်အချက်ကို သင်ယူခဲ့သည်။

> သို့ရာတွင် သဘောတညီတည်းရှိတော်မူသော ဘုရားသခင်ကို ဘယ်သူသည်ပြောင်းလဲစေနိုင်မည်နည်း။ အလိုတော်ရှိသည်အတိုင်းပြုတော်မူလိမ့်မည်။ (ယောဘ၊ ၂၃း၁၃)။

ဘုရားသခင်သည် မိမိအလိုရှိသည့်အတိုင်းသာ ပြုတော်မူသည်။ ဤအယူအဆသည်အချို့သောသူများအတွက်အလွန်နှစ်သက်လက်ခံဖွယ်မရှိသောအရာဖြစ်သည်။ ထိုကဲ့သို့သောသူများက ဘုရားသခင်သည် အရာအားလုံးကို ၎င်းတို့၏အကျိုးအမြတ်အတွက်သာ လုပ်ဆောင်ရမည်ဟု မှတ်ယူထားကြသည်။ ဘုရားသခင်သည် မိမိပြုလုပ်သောအရာများနှင့် စပ်လျဉ်း၍ မိမိဖန်ဆင်းထားသောအရာများထံ၌ ရှင်းလင်းချက်ပေးရန် တာဝန်ရှိသည်ဟု ထိုသူတို့က ယူဆကြသည်။ မိမိဖန်ဆင်းထားသော အရာများ၏လိုအပ်ချက်များနှင့်စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးရမည့် တာဝန်တစ်ခုသာရှိသော အထက်ကောင်းကင်ဘုံရှိ အစေခံတစ်ပါးအဖြစ်သို့ ဘုရားသခင်ကို လျှော့ချ၍ကောက်ချက်ချခဲ့ကြသည်။ ထာဝရအရှင်ဘုရားသခင်သည် မိမိ၏သားသမီးများကို ချစ်မြတ်နိုးပါသည်။ လိုအပ်ချက်များကိုလည်း ထောက်ပံ့ဖြည့်ဆည်းပေးပါသည်။ သို့သော ထိုအရာများကိုပြုလုပ်ရမည့် တာဝန်ဝတ္တရားရှိနေ၍ လုပ်ဆောင်ခဲ့ခြင်း

မဟုတ်ပါ။ ချစ်ခြင်းမေတ္တာ၌အရင်းခံ၍ ထိုသို့ပြုလုပ်ရန် ရွေးချယ်ခဲ့သော ကြောင့်သာ ထိုအရာများကိုပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဘုရားသခင်သည် မိမိအလိုရှိသည်အတိုင်းသာ ပြုလုပ်သောသူဖြစ်ကြောင်းနှင့် မည်သူကမျှဘုရားသခင်ကို ဆန့်ကျင်၍ဘုရားသခင် လုပ်ဆောင်ခဲ့သောအရာကို မှားယွင်းသည်ဟု မယိုးစွပ်နိုင်သည့်အကြောင်းကို ယောဘရှာဖွေတွေ့ရှိခဲ့သည်။ ဘုရားသခင်သည် မိမိ၏လုပ်ရပ်များနှင့် စပ်လျဉ်း၍ အဘယ်သူကိုမျှ ရှင်းလင်းချက်ပေးရန်တာဝန် မရှိပါ။ အမှန်စင်စစ် မည်သူကများ ဘုရားသခင်ကို ဖြေရှင်းချက်တောင်းဆိုနိုင်မည်နည်း။ ဘုရားသခင်သည် ကောင်းမြတ်တော်မူသောဘုရားဖြစ်သည်ဟူသော အချက်သာမရှိခဲ့လျှင် ဤအယူအဆမှာ အမှန်စင်စစ်အားဖြင့် အလွန်ထိတ်လန့်ဖွယ်ကောင်းသောအယူအဆဖြစ်နေပါလိမ့်မည်။

*ဘုရားသခင်၏သြဇာအာဏာသည် အကန့်အသတ်မရှိပါ။*

ကောင်းကင်အရပ်၌၄င်း၊ ဤလောက၌၄င်း၊ ဘုရားသခင်၏ သြဇာအာဏာမသက်ရောက်သောနေရာဟူ၍မရှိပါ။ လောကီမင်းများနှင့် နိုင်ငံရေးခေါင်းဆောင်များသည် ၄င်းတို့နှင့်ဆိုင်ရာဆိုင်ရာ တိုင်းပြည်များတွင်သာ အခွင့်အာဏာရှိကြပြီး၊ ထိုတိုင်းပြည်၏နယ်နိမိတ်ကိုကျော်လွန်၍သြဇာအာဏာမညောင်းနိုင်ပါ။ ဘုရားသခင်မှာထိုသို့မဟုတ်ပါ။ ဘုရားသခင်၏သြဇာအာဏာသည် အကြွင်းမဲ့ပြည့်စုံသောသြဇာအာဏာဖြစ်သည်။ ဖန်ဆင်းထားသောအရာများအားလုံးအပေါ်၌ ဖြန့်ကျက်သက်ရောက်လျက်ရှိသည်။ ဤစကြဝဠာအတွင်း၌ အချုပ်အခြာအာဏာပိုင်အဖြစ် ဘုရားသခင် မအုပ်ချုပ်သောနေရာမရှိပါ။ ဖန်ဆင်းထားသောအရာများ၌ မိမိ၏သြဇာအာဏာမသက်ရောက်သောအစိတ်အပိုင်းဟူ၍ မရှိပါ။ ဤအချက်ကြောင့် ဖန်ဆင်းထားသောအရာအားလုံးတို့သည် ဘုရားသခင်ထံ၌ ရှင်းလင်းချက်ပေးရန် တာဝန်

ရှိနေကြသည်။ ဆာလံဆရာမှ ဤသို့ရေးသားထားသည် –

> ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာအရပ်ရပ်တို့၌ အလိုတော်ရှိသမျှတို့ကို ပြုတော်မူ၏။ (ဆာလံ၊ ၁၃၅း၆)။

*ဘုရားသခင်၏သြဇာအာဏာသည် အပြီးသတ်ဆုံးဖြတ်ပိုင်သည်။*

ဘုရားသခင်၏ဆုံးဖြတ်စီရင်ချက်များနှင့်စပ်လျဉ်း၍ ပရောဖက်ဟေရှာယက စာဖတ်သူတို့အား ပြောဆိုထားခဲ့သောအရာကို နားထောင်ကြည့်ပါ။

> ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏အကြံတော်ကို ဘယ်သူဖျက်မည်နည်း။ ဆန့်တော်မူသောလက်တော်ကို ဘယ်သူလှန်လိမ့်မည်နည်း။ (ဟေရှာယ၊ ၁၄း၂၇)

တရားသူကြီး တစ်ဦး၏စီရင်ဆုံးဖြတ်ချက်ကို ပယ်ချကောင်းပယ်ချနိုင်မည်။ ကုမ္ပဏီတစ်ခု မှ ဥက္ကဌတစ်ဦးသည် ရာထူးဖြုတ်ခံရပြီး၊ အခြားသူတစ်ဦး၏အစားထိုးခြင်းကို ခံရကောင်းခံရပေမည်။ ဘုရားသခင်မှာ ထိုသို့မဟုတ်ပါ။ ဘုရားသခင်၏စီရင်ဆုံးဖြတ်ချက်ကို အယူခံဝင်ရန်ပို၍ အာဏာရှိသောအခြားတရားရုံးမရှိပါ။ ဘုရားသခင်သည် နောက် ဆုံးစီရင်ပိုင်သူဖြစ်သည်။ ဘုရားသခင်ဆုံးဖြတ်စီရင်သောအရာသာလျှင် အတည်ဖြစ်သည်။ ဘုရားသခင်သတ်မှတ်ဆုံးဖြတ်သောအရာကို ပယ်ချ ပိုင်သူတစ်ဦးမျှ မရှိပါ။ ဘုရားသခင်၏သြဇာအာဏာအထက်၌ အဘယ်သြဇာအာဏာမျှ မရှိပါ။ မိမိ၏သြဇာအာဏာနှင့်စပ်လျဉ်း၍ ဘုရားသခင်သည် မည်သူကိုမျှ ရှင်းလင်းချက်ပေးရန်တာဝန်မရှိပါ။

ဘုရားသခင်သည် မိမိအလိုတော်ရှိသည်အတိုင်း အရာအားလုံးကိုပြုပြင်စီရင်တော်မူသည့်အကြောင်းကို ရှင်ပေါလုက ကျွန်ုပ်တို့

အား ပြောပြထားသည်မှာ –

မိမိစေတနာ၏အလိုတော်သို့ လိုက်၍အလုံးစုံတို့ကို စီရင်ပြုပြင်
တော်မူတတ်သောသူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ရွေးမဆွ
ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်
အားဖြင့် အမွေခံဖြစ်ကြ၏။ (ဧဖက်၊ ၁း၁၁)။

သံတမန်တစ်ပါးသည် မိမိတိုင်းပြည်၏ကိုယ်စား ပြောရေးဆိုခွင့်အာဏာကို ရရှိထားသည်။ သို့သော်လည်း ထိုသံတမန်သည် မိမိတိုင်းပြည်၏လုပ်ငန်းစဉ်များကို လိုက်လျောက်ရမည်ဖြစ်သည်။ မိမိအလိုရှိသည်အတိုင်း လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့် မရှိပါ။ မိမိစိတ်နှလုံးထဲရှိသည်အတိုင်းလည်း လွတ်လွတ်လပ်လပ် ပြောဆိုထုတ်ဖော်ခွင့်မရှိပါ။ မိမိကိုယ်စား ပြုထားသော လူထုကြီး၏ ခံယူချက်များနှင့် လုပ်ငန်းစဉ်များကို မျှဝေရပေမည်။ ဘုရားသခင်မှာ ထိုသို့မဟုတ်ပါ။ မိမိ၏အလိုတော်နှင့် ရည်ရွယ်ချက်များကို ပြီးပြည့်စုံလာအောင် လုပ်ဆောင်သောဘုရားဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းထားသောအရာအားလုံးက ထိုရည်ရွယ်ချက်များကို ဝန်ခံလိုက်နာကြရသည်။ ထိုသို့မပြုလုပ်လျှင် ရောက်ရှိလာမည့်အကျိုးအဆက်များကို ရင်ဆိုင်ရပေမည်။

ဘုရားသခင်သည် မိမိအလိုတော်ရှိသည်အတိုင်းသာ စီရင်ပြုပြင်တော်မူသည်။ မိမိ၏လုပ်ရပ်များအတွက် မည်သူကိုမျှ ရှင်းလင်းချက်ပေးရန် တာဝန်လည်း မရှိပါ။ ဘုရားသခင်စီရင်ဆုံးဖြတ်တော်မူသောအရာကို မည်သူကမျှ စောဒကတက်၍ မေးခွန်းမထုတ်နိုင်ပါ။ ဘုရားသခင်သည် လောကီမင်းများအပေါ်၌၎င်း၊ ခေါင်းဆောင်ကြီးများအပေါ်၌၎င်း၊ မိမိလက်တော်ဖြင့် ဖန်ဆင်းထားသောအရာများအားလုံးအပေါ်၌အကြွင်းမဲ့သြဇာအာဏာရှိပါသည်။ ဤအချက်ကြောင့် မြောက်မြားစွာသော လူတို့က ဘုရားသခင်ကိုငြင်းပယ်ခဲ့ကြသည်။ ထိုကဲ့သို့သော

အကြွင်းမဲ့ဩဇာအာဏာရှိသော ဘုရားတစ်ပါးထံ၌ ဝန်ခံအပ်နှံရန် ဆန္ဒရှိ၊ မရှိကို သူတို့အသေအချာမသိကြပါ။ သို့သော် သူတို့အမှန်တကယ်လိုချင်သောဘုရားမှာ မိမိဖန်ဆင်းထားသောအရာများကိုသာ အစဉ်ဦးစား ပေးတတ်သော အားနွဲ့သည့်ဘုရားသာဖြစ်သည်။

ကျွန်ုပ်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သမ္မာကျမ်းစာ၌တွေ့ရသောဘုရားသည် ဤလောကကြီးအပေါ်၌အကြွင်းမဲ့ဩဇာအာဏာရှိသော ဘုရားဖြစ်သည်။ ထိုဘုရားက ဤလောကကြီး၏လုပ်ငန်းစဉ်များကို ချမှတ်၍ အမှားအမှန်ကို ပိုင်းခြားသတ်မှတ်ပေးသည်။ ထိုဘုရားသည် စည်းမျဉ်းဥပဒေများကို ရေးဆွဲ၍ မိမိဖန်ဆင်းထားသောအရာများအားလုံး၏ဘဝကြမ္မာကို ဆုံးဖြတ်စီရင်သည်။ ထိုဘုရားသည် လေးစားကြည်ညိုမှုကို အလိုရှိသောဘုရားဖြစ်သည်။ အရာအားလုံးကို အချုပ်အခြာတန်ခိုးအာဏာဖြင့် အုပ်ချုပ်သောသူဖြစ်သည့်အားလျော်စွာ လူတိုင်းက ဒူးထောက်၍ဦးညွှတ်ကြရမည်။ သူ၏လုပ်ရပ်အပေါ်၌ မည်သူကမျှ စောဒကတက်၍မေးခွန်းမထုတ်နိုင်ပါ။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဘုရားသခင်၌အကြွင်းမဲ့ဩဇာအာဏာရှိသည်ဟု ကျွန်ုပ်တို့ဆိုကြရာတွင် မည်သည့်အချက်ကို ကျွန်ုပ်တို့ ဆိုလိုကြပါသနည်း။
- အကြွင်းမဲ့ဩဇာအာဏာရှိသောဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ သန့်ရှင်းစင်ကြယ်သောဘုရားလည်း ဖြစ်တော်မူကြောင်းကို ကြားသိရခြင်းက အဘယ်ကြောင့်နှစ်သိမ့်ခြင်းကို ဖြစ်စေပါသနည်း။
- ဘုရားသခင်၌အကြွင်းမဲ့ဩဇာအာဏာရှိခြင်း အယူဝါဒကိုလက်ခံကျင့်သုံးရန် အဘယ်ကြောင့်ကျွန်ုပ်တို့အတွက် ခက်ခဲနေရပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် ဤလောကကြီးအပေါ်၌ အကြွင်းမဲ့ဩဇာအာဏာကို ပိုင်ဆိုင်ထားသော်လည်း သူသည်ချစ်ခြင်းမေတ္တာတရား၊ ကောင်း

မြတ်တော်မူသော ဘုရား ဖြစ်နေသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါ။

- ဘုရားသခင်၏သြဇာအာဏာ၌ ဝန်ခံအပ်နှံလာနိုင်ရန် သင့်ကို သွန်သင်ပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင့်အသက်တာအတွက်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်များ၌ သင်ဝန်ခံအပ်နှံခြင်းမရှိ နေများကို ဖော်ပြပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။

# 2
# အကြွင်းမဲ့လုပ်ပိုင်ခွင့်

ဘုရားသခင်၌အကြွင်းမဲ့ပြည့်စုံသောသြဇာအာဏာ(အမိန့်ပေးပိုင်သောသြဇာ)ရှိကြောင်းကို ကျွန်ုပ်တို့လေ့လာခဲ့ကြပြီးဖြစ်သည်။ ထိုလေ့လာချက်တွင် ဘုရားသခင်၏သြဇာအာဏာအထက်၌ အခြားသြဇာအာဏာမရှိကြောင်းကိုငှင်း၊ ဘုရားသခင်မိန့်ကြားသောအရာ(သို့)ဘုရားသခင်၏အပြုအမူအား မည်သူကမျှ စောဒကတက်၍မေးခွန်းမထုတ်နိုင်ကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။ ဤအပိုင်းတွင် ဘုရားသခင်၌အကြွင်းမဲ့လုပ်ပိုင်ခွင့်လည်း ရှိကြောင်းကိုလေ့လာသုံးသပ်သွားကြမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်ဆိုသည်မှာ အဘယ်နည်း။ လုပ်ပိုင်ခွင့်ဆိုသည်မှာ ခွင့်ပြုချက်(လိုင်စင်)(သို့)အခွင့်ထူးဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ လူငယ်တစ်ဦးအနေဖြင့် ကျွန်ုပ်၏ယာဉ်မောင်းလိုင်စင်ရရှိခဲ့ချိန်တွင် ကျွန်ုပ်သည်ကားမောင်းနှင်ရန် တရားဝင်ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ကျွန်ုပ်၏ထိမ်းမြားလက်ထပ်ခြင်းလိုင်စင်ကလည်း အိမ်ထောင်ရှင်မတစ်ဦးရယူဖို့ တရားဝင်ခွင့်ပြုထားခြင်းဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်တစ်ခုဆိုသည်မှာ ကျွန်ုပ်ကိုတရားဝင် ခွင့်ပြုချက်ပေးထားခြင်းကိုဆိုလိုပါသည်။

လူသားများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့၏လုပ်ပိုင်ခွင့်သည် အကန့်အသတ်တစ်ခုထဲ၌ရှိနေသည်။ ယာဉ်မောင်းလိုင်စင်တစ်ခုကို လက်ကိုင်ထားသော လူငယ်တစ်ယောက်သည် သူ၏ကားကို တိကျ

သေချာသောလမ်းညွှန်မှုအောက်၌မောင်းနှင်ရမည်။ ထိုသို့မဟုတ်လျှင် ယာဉ်မောင်းလိုင်စင်ကိုပြန်လည်သိမ်းယူခံရဖို့များနေသည်။ သို့သော ဘုရားသခင်၏ လုပ်ပိုင်ခွင့်မှာ အကြွင်းမဲ့လုပ်ပိုင်ခွင့်ဖြစ်သည်။ မည်သူကမျှဘုရားသခင်၏လုပ်ပိုင်ခွင့်ကို မကန့်သတ်နိုင်ပါ။ ဘုရားသခင်သည် မိမိဖန်ဆင်းထားသောအရာများကို မိမိအလိုရှိသည်အတိုင်း အထိန်းအချုပ်မရှိ အကန့်အသတ်မရှိ လုပ်ပိုင်ခွင့်ရှိသည်။ ဤကဲ့သို့သော အခွင့်ထူးသည် ချစ်ခြင်းမေတ္တာအရှင်ဘုရားသခင်၏လက်ထဲ၌မဟုတ်ဘဲ အခြားသူတစ်ဦးလက်ထဲ၌သာ ရှိခဲ့မည်ဆိုလျှင် အလွန် ထိတ်လန့်စရာပင် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်၏အကြွင်းမဲ့သော လုပ်ပိုင်ခွင့် အကြောင်းကို ဖော်ပြသောကျမ်းပိုဒ်အချို့ကို လေ့လာသုံးသပ်သွားရန် အချိန်အနည်းငယ်ယူကြပါစို့။

ယောရှုမှတ်စာအခန်းကြီး(၁)၌ ဘုရားသခင်သည် ယောရှုအား ခါနန်ပြည်ကိုသိမ်းယူရန်အမိန့်ပေးခဲ့သည်။ ဤခါနန်ပြည်ကြီးတွင် ခါနန်လူမျိုးများနေထိုင်လျှက်ရှိသည်။ ဘုရားသခင်က ယောရှုအား ခါနန်လူမျိုးများကို တိုက်ထုတ်၍ ထိုမြေကို ဣသရေလလူမျိုးတို့အား ပေးရန် မိန့်ကြားခဲ့သည်။ ဤနေရာ၌ မည်သည့်အရာများဖြစ်ပျက်နေသည်ကို အချိန်အနည်းငယ်ယူ၍စဉ်းစားသုံးသပ်ကြည့်ပါ။ ဤခါနန်လူမျိုးများသည် သားစဉ်မြေးဆက် ဤဒေသ၌နေထိုင်ခဲ့ကြပြီးဖြစ်သည်။ သူတို့သည် နေအိမ်များကိုတည်ဆောက်၍ ဤဒေသ၌မိသားစုများနှင့် အခြေစိုက်နေထိုင်ခဲ့ကြပါသည်။ ခါနန်လူမျိုးများအား ၎င်းတို့သိရှိထားသည့် တစ်ခုတည်းသောနယ်မြေကို တိုက်ထုတ်ရန် ဘုရားသခင်သည်ယောရှုကို မိန့်ကြားခဲ့ပါသည်။

ဘုရားသခင်မှ ယောရှုအားစေခိုင်းသောအကြောင်းအရာနှင့် ပတ်သက်၍ မြောက်မြားစွာသော လူတို့မှ ဝေခွဲမရနိုင်ဖြစ်နေကြသည်။ ကျွန်ုပ်တို့သိရှိထားရမည့်အချက်မှာ ဤခါနန်လူမျိုးများသည် ဘုရားသခင်နှင့်သာ သက်ဆိုင်သောမြေပေါ်၌မြေငှားများသက်သက်သာဖြစ်ကြကြောင်း

ပင်ဖြစ်သည်။ ဘုရားသခင်သည် မိမိပိုင်ဆိုင်သော ဤမြေအား မိမိနှစ်သက်သဘောကျသောသူဟူသမျှကို ပေးပိုင်သည်။ ဆာလံ ၁၃၅း၉–၁၂ ရှိ ဆာလံဆရာ၏ရေးသားချက်ကို ဖတ်ရှုကြည့်ပါ –

> အိုအဲဂုတ္တုပြည်၊ သင်၏အထဲမှာ ဖာရောမင်းမှစ၍ သူ၏ ကျွန်အပေါင်းတို့အပေါ်သို့ လက္ခဏာသက်သေ၊ အံ့ဖွယ်သော အမှုတို့ကို စေလွှတ်တော်မူ၏။ အာမောရိပြည်ကို အစိုးရသော ရှိဟုန်မင်း၊ ဗာရှန်ပြည်ကို အစိုးရသော ဩဃမင်းနှင့်တကွ ဘုန်းကြီးသောရှင်ဘုရင်များကို ကွပ်မျက်၍များပြားသောလူမျိုးနှင့်တကွ၊ ခါနာန်တိုင်းနိုင်ငံအပေါင်းတို့ကိုလုပ်ကြံသဖြင့်၊ သူတို့နေရာမြေကိုလွှဲ၍ မိမိလူ ဣသရေလအမျိုးသားအမွေကို ချပေးတော်မူ၏။

King James ကျမ်းစာရှိ "ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာအရပ်ရပ်တို့၌အလိုတော်ရှိသမျှတို့ကို ပြုတော်မူ၏" (မြန်မာကျမ်းတွင်မူ အခန်းငယ် ၆တွင် တွေ့ရသည်)ဟူသော စကားစုကို သတိပြုပါ။ ဘုရားသခင်သည် ခါနန်လူမျိုးများလက်ထဲမှ ထိုမြေကိုသိမ်းယူပြီး၊ မိမိလူဣသရေလအမျိုးတို့အား ပေးခဲ့သည်။ ဤလုပ်ရပ်မှာ ဘုရားသခင်၏လုပ်ပိုင်ခွင့်ပင်ဖြစ်သည်။ မည်သူကမျှ ဘုရားသခင်၏ စီရင်ဆုံးဖြတ်ချက်ကိုတရားနည်းလမ်းကျကျ မေးခွန်းမထုတ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာကြီးတစ်ခုလုံးသည် ဘုရားသခင်ပိုင်ဆိုင် သောအရာဖြစ်ပြီး၊ မိမိစိတ်ကြိုက်ပြု မူနိုင်သောကြောင့်ဖြစ်သည်။

ဣသရေလ လူမျိုးတို့၏နောက်ပိုင်းသမိုင်းတွင် ဘုရားသခင်သည် မိမိလူမျိုးတို့၏အပြစ်ဒုစရိုက်နှင့်စပ်လျဉ်း၍ ပရောဖက်ယေရမိကို ပြောကြားခဲ့သည်။ ဤမြေကို ဣသရေလ လူမျိုးများထံမှ ပြန်လည်သိမ်းယူ၍ ဗာဗေလုန်ပြည်ရှင်

နေပုခဒ်နေဇာမင်းကြီးအား လက်လွှဲပေးအပ်မည့်အကြောင်းကို ဘုရားသခင်ကယေရမိအား ပြောပြခဲ့သည်။ ယေရမိ ၁၇း၅ တွင် ဘုရားသခင်က ပရောဖက်ကြီးအား မည်သို့ပြောပြခဲ့သည်ကို ဆင်ခြင်ကြည့်ပါ–

ငါသည် မဟာတန်ခိုးနှင့် လက်ရုံးကိုဆန့်လျက်၊ မြေကြီးကို၎င်း၊ မြေကြီးပေါ်မှာရှိသောလူနှင့်တိရစ္ဆာန်တို့ကို၎င်း၊ ဖန်ဆင်းသည်ဖြစ်၍ ငါသည်ပေးလိုသောသူတို့အားပေး၏။

ဘုရားသခင်သည် မိမိဖန်ဆင်းထားသောအရာများကို အလိုတော်ရှိသည်အတိုင်းပြုနိုင်သော လုပ်ပိုင်ခွင့်ရှိသည်။ ဤမှန်ကန်ချက်အား အိုးထိန်းသမားနှင့်အိုးမြေတို့မှ ဖော်ပြသော ဥပမာ ရှင်းလင်းချက်ထက် မည်သည့်နေရာတွင်မျှ အထင်အရှားတွေ့ရမည် မဟုတ်ပါ။ တစ်ကြိမ်တွင် ဘုရားသခင်သည် ယေရမိအား အိုးထိန်းသမား၏အိမ်သို့သွား၍ အိုးထိန်းသမား၏လုပ်ငန်းဆောင်ရွက်ပုံကို ကြည့်ရှုလေ့လာရန် စေလွှတ်ခဲ့သည်။ ယေရမိ ၁၈း၃–၆တွင် ကျွန်ုပ်တို့ဖတ်ရှုရသည်မှာ –

ငါသည်သွား၍ အိုးထိန်းစက်နှင့်အိုးလုပ်သောအိုးထိန်းသမားကို တွေ့၏။ အိုးမြေဖြင့်လုပ်သောအိုးသည် အိုးထိန်းသမားလက်၌ပျက်စီးသောကြောင့် သူသည်အကောင်းဆုံးပြုပြင်၍ အခြားအိုးကိုလုပ်ပြန်လေ၏။ ထိုအခါ ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုး ဣသရေလအမျိုး၊ အိုးထိန်းသမားပြုသကဲ့သို့ သင်တို့ကို ငါမပြုနိုင်သလော။ အို ဣသရေလအမျိုး၊ အိုးမြေသည်အိုးထိန်းသမားလက်၌ရှိသကဲ့သို့ သင်တို့သည် ငါလက်၌ရှိကြ၏။

ဘုရားသခင်သည် ယေရမိအား ဣသရေလအမျိုးတို့သည်

မိမိ လက်ထဲရှိ အိုးမြေ(အိုးလုပ်သောရွှံ့မြေ)ဖြစ်ကြသည်ဟု ပြောခဲ့သည်။ ထိုသူတို့အား မိမိအလိုရှိသည်အတိုင်း ပြုနိုင်ပေသည်။ သူတို့၏ အသက်တာနှင့် ဘဝကြမ္မာအခြေအနေသည် ဘုရားသခင်၏လက်ထဲ၌ ရှိနေသည်။ ထို့ကြောင့် မိမိအလိုရှိသည့်အတိုင်း ကောင်းချီးများကို ပေး နိုင်သကဲ့သို့ ထိုကောင်းချီးများကိုလည်း ရုပ်သိမ်းပစ်နိုင်သည်။

ဓမ္မသစ်ကျမ်းရှိ ရောမ ၉း၂၀–၂၁ ၌ရှင်ပေါလုသွန်သင်ပေး ခဲ့စဉ်ကအလားတူ ဥပမာပေးကာ ရှင်းလင်းချက်ကို အသုံးပြုထားခဲ့သည်။

> ဘုရားသခင်ကို ငြင်းဆန်သောအချင်းလူ၊ သင်သည်ကား အဘယ်သူနည်း။ လုပ်ခံရသောအရာသည် လုပ်တတ်သောသူ အား အဘယ်ကြောင့် ငါ့ကို ဤသို့လုပ်သနည်းဟု ဆိုရမည် လော။ အိုးထိန်းသမားသည် အိုးမြေကိုပိုင်သည်မဟုတ်လော။ အိုးမြေတစ်ပုံတည်းနှင့် အိုးမြတ်၊ အိုးယုတ်ကို လုပ်ပိုင်သည် မဟုတ်လော။

ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်ဆင်းထားသည့်အရာများ ဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့အား မည်သို့ဖန်ဆင်းခဲ့သည်ဟူသော အချက်နှင့် စပ်လျဉ်း၍၄င်း၊ ကျွန်ုပ်တို့ရရှိထားသော ဘဝဇာတ်ကြောင်းနှင့် စပ်လျဉ်း၍၄င်း၊ ဘုရားသခင်ကို ခွန်းတုန့်ပြန်၍ တိုင်တန်းငြီးတွားရန် အခွင့်မရှိကြကြောင်းကို ရှင်ပေါလုက အထူးထင်ရှားစွာဖော်ပြခဲ့သည်။

တစ်ကြိမ်တွင် ဘုရားသခင်သည် ယောဘကို စုံစမ်းရန် စာတန်ကို အခွင့်ပေးခဲ့သည်။ စာတန်ကလည်း လက်မနှေးဘဲ ယောဘ ၏ သားသမီးများကို အဆုံးစီရင်ခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ ထို့အပြင် စာတန်သည် ယောဘ၏သိုးနှင့်အိမ်မွေးတိရစ္ဆာန်များကို၄င်း၊ အစေခံများ ကို၄င်း၊ ဖျက်ဆီးသေကျေစေခဲ့သည်။ ယောဘသည်အရာအားလုံးကို ဆုံးရှုံးခဲ့သည်။ ဤဘဝအတွေ့အကြုံများကို ယောဘမည်သို့ တုန့်ပြန်ခဲ့ သည်ကို ယောဘ ၁း၂၀–၂၂ တွင် သတိပြုကြည့်ပါ။

ထိုအခါ ယောဘသည် ထ၍မိမိဝတ်လုံကိုဆုတ်လေ၏။ ဆံပင် ကိုလည်း ရိတ်၍မြေပေါ်မှာဝပ်လျက် ကိုးကွယ်ပြီးလျှင် ငါသည် အဝတ်မပါဘဲ အမိဝမ်းထဲက ထွက်လာ၏။ အဝတ်မပါဘဲအမိ ဝမ်း ထဲသို့ပြန်သွားတော့မည်။ ထာဝရ ဘုရားပေး တော်မူ၏။ ထာဝရ ဘုရားလည်းရုပ်သိမ်း တော်မူ၏။ ထာဝရ ဘုရား၏နာမတော်သည် မင်္ဂလာ ရှိပါစေသတည်း ဟုဆိုလေ၏။

အခန်းငယ် ၂၂၏ ထူးခြားချက်ကို သတိပြုကြည့်ပါ။

ယောဘသည် ဤအမှုများနှင့်တွေ့ကြုံသော်လည်း မမှားယွင်း ထာဝရဘုရားကိုလည်း အပြစ်မတင်ဘဲနေ၏။

ယောဘ၏မိသားစုဝင်များအားလုံးကို သုတ်သင်ရန် ဘုရားသခင်အခွင့်ပေးခဲ့သည်။ ယောဘ၏ပိုင်ဆိုင်သမျှအားလုံးကို ပြောင်တလင်းခါဖျက်ဆီးပစ်ရန် ဘုရားသခင်သည် စာတန်ကို ခွင့်ပြုခဲ့သည်။ သို့ပင်ဖြစ်သောငြားလည်း ဘုရားသခင်သည် အမှားကို မကျူးလွန်ခဲ့ပါ။ အသက်တစ်ချောင်းကို နှုတ်ယူခြင်း(သို့)ဆင်းရဲခြင်းဒုက္ခဝေဒနာကို အခွင့်ပေးခြင်းဖြင့် ဘုရားသခင်သည် အပြစ်ဒုစရိုက်ကိုမပြုခဲ့ပါ။ ဘုရားသခင်သည် မိမိဖန်ဆင်းထားသောအရာများကို အလိုတော်ရှိသည်အတိုင်း ခြယ်လှယ်နိုင်၍ မည်သူကမျှ ထိုသို့သောအပြုအမူအား ဒုစရိုက်ပြုခြင်းဟု ဘုရားသခင်အား မစွပ်စွဲနိုင်ပါ။ ဘုရားသခင်ကို ဆန့်ကျင်၍စွပ်စွဲရန် ယောဘတွင် တိကျခိုင်မာသော စွဲချက်မရှိခဲ့ပါ။ သူပိုင်ဆိုင်ခဲ့သမျှသောအရာအားလုံသည် ဘုရားသခင်ထံမှလက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ယောဘ၏ပိုင်ဆိုင်မှုများကို ပြန်လည်သိမ်းယူနိုင်သကဲ့သို့ မိမိ အလိုတော်ရှိသည်အတိုင်းလည်း စီရင်ပြုပြင်နိုင်သည်။

သင့်ကို သင်လှပသောပန်းချီကားကြီးကို ရေးဆွဲခြယ်သခဲ့သော ပန်းချီဆရာအဖြစ် စိတ်ကူးကြည့်လိုက်ပါ။ ထိုပန်းချီကားကို အိမ်နံရံ

ထက်၌ချိတ်ဆွဲထားလိုက်ပြီး၊ ၄င်း၏အလှအပကို ရှုငြီးခံစားခဲ့သည်ဟု မှတ်ယူကြည့်ပါ။ သို့သော် တစ်နေ့တွင် ထိုပန်းချီကားချပ်ကြီးကို သင် အလိုမရှိတော့ဟု ဆုံးဖြတ်ကာ ၄င်းကိုနံရံမှ ဖြုတ်ချ၍ ဖျက်ဆီးခဲ့ သည်ဟု ဆိုပါစို့။ ထိုသို့သောလုပ်ရပ်ကြောင့် သင်၌အပြစ်ရှိပါသလား။ သင်၌အပြစ်မရှိပါက မည်သည့်နည်းနှင့်မဆို ထိုပန်းချီကားသည် သင့် အလိုကျပြုနိုင်သော သင့်ဥစ္စာဖြစ်သည်။ ထိုပန်းချီကားချပ်ကို သင် ထိန်းသိမ်းထားနိုင်သကဲ့သို့ ဖျက်ဆီး၍လည်း ရပါသည်။ ထိုသို့ ပြုလုပ် ရာတွင် သင်သည် ဒုစရိုက်ကို ကျူးလွန်ရာမရောက်ပါ။

သို့သော် သူခိုးတစ်ယောက်သည် သင့်အိမ်ကို ဖောက်ထွင်း ခိုးဝင်လာပြီး၊ နံရံထက်ရှိပန်းချီကားချပ်ကို ခိုးယူဖျက်ဆီးပစ်ခဲ့သည် ဟု ဆိုကြပါစို့။ ထိုသူခိုးတွင် ဒုစရိုက်ကျူးလွန်မိသော အပြစ်ရှိပါသလား။ အပြစ်ရှိသည်မှာ ထင်ရှားပါသည်။ သူပိုင်ဆိုင်သောအရာမဟုတ်သည့် ပန်းချီကားချပ်ကိုဖြုတ်ယူ၍ ဖျက်ဆီးပစ်နိုင်သော လုပ်ပိုင်ခွင့် သူ၌မရှိ သောကြောင့် နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ သူ့ကို အပြစ် ပေးရပါမည်။ မိမိပိုင်ဆိုင်သောအရာများကို မိမိအလိုရှိသည်အတိုင်း စီရင်ပြုပြင်ရာတွင် ဘုရားသခင်အပြစ်မကျူးလွန်မိပါ။

အရာအားလုံးကို ဘုရားသခင်က မိမိအတွက် ဖန်ဆင်းခဲ့သည့် အကြောင်းကို ရှင်ပေါလုက ကောလောသဲ ၁း၁၆ တွင် ကျွန်ုပ်တို့ကို ပြောပြထားသည်။

> အကြောင်းမူကား ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင် ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော် မူ၏။ ထိုသခင်အားဖြင့်၄င်း၊ ထိုသခင်အဖို့ အလို့ငှါ၄င်း၊ ခပ် သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။

ဘုရားသခင်သည် အရာအားလုံးကို မိမိအတွက်ဖန်ဆင်းထားခဲ့ ကြောင်းကို အထက်ပါကျမ်းပိုဒ်တွင် သတိပြုကြည့်ပါ။ ဤကျမ်းပိုဒ်၏ ဆိုလိုရင်းကို ကျွန်ုပ်တို့အမြဲတမ်း နားမလည်နိုင်ကြပါ။ ဘုရားသခင် သည် မိမိအဖို့အလို့ငှါ အရာအားလုံးကို ဖန်ဆင်းခဲ့သည်။ ဤကမ္ဘာ မြေကြီးကို ကျွန်ုပ်တို့အတွက် မဖန်ဆင်းခဲ့ပါ။ ဘုရားသခင်ဖန်ဆင်းထား သော အရာများအပေါ်၌ စိတ်ကြိုက်လုပ်ပိုင်ခွင့်မျိုး ကျွန်ုပ်တို့၌မရှိပါ။ ကျွန်ုပ်တို့အမှန်တကယ်ပိုင်ဆိုင်သောအရာဟူ၍မရှိပါ။ အရာအားလုံးသည် ဘုရားသခင်ပိုင်ဆိုင်သောအရာများဖြစ်သောကြောင့် ဘုရားသခင်သည် မိမိအလိုကျ စီရင်ပြုပြင်ပိုင်သည်။

ပရောဖက်ဟေရှာယ ကလည်း အလားတူအယူအဆကို ဟေရှာယ ၄၃း၇၊ ၂၁ ၌ပြောပြထားသည်မှာ –

> ငါ့နာမဖြင့် သမုတ်သောသူ၊ ငါ၏ဘုန်းအသရေဖို့ ငါဖန်ဆင်း ပြုပြင်၍ ကေန်စင်စစ်လုပ်ပြီးသောသူအပေါင်းတို့ကို ဆောင် ခဲ့လော့(ဟေရှာယ ၄၃း၇)။
>
> ကိုယ့်အဖို့ငါဖန်ဆင်းသော ထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူး ကိုပြရလိမ့်မည်။ (ဟေရှာယ ၄၃း၂၁)။

ဘုရားသခင်၏ဘုန်းအသရေအတွက် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ သည်။ ဘုရားသခင်၏ကြီးမြတ်ခြင်းကို ချီးကျူးထောမနာဆိုနိုင်ရန် အတွက် ကျွန်ုပ်တို့ကိုဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ ဘုန်းအသရေတော်ကို မတူကွဲပြားသောနည်းလမ်းများဖြင့် ကျွန်ုပ်တို့ အသက်တာ၌ဖြည့်ဆည်းပြည့်စုံစေခဲ့သည်။ ယောဘ၏ ဒုက္ခဝေဒနာ အားဖြင့် မိမိ၏ရည်ရွယ်ချက်ကို ဘုရားသခင်ပြသခဲ့သည်။ ယောရှု၏ ခေတ်ကာလ၌လည်း ခါနာန်လူမျိုးများထံမှ မြေကိုသိမ်းယူ၍ မိမိလူတို့ အား ပေးခြင်းဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခဲ့သည်။ နောက်ပိုင်း

တွင် ထိုမြေကိုမိမိလူတို့၏ထံမှပြန်လည်သိမ်းယူ၍ ဗာဗေလုန်လူမျိုးတို့အား ပေးခဲ့ပြန်သည်။ ဤအချင်းအရာတွင်လည်း ဘုရားသခင်ဘုန်းတော် ထင်ရှားခဲ့ပါလိမ့်မည်။ အရာအားလုံးသည် ဘုရားသခင်၏လုပ်ပိုင်ခွင့် အတွင်း၌ရှိနေကြသည်။

ဤအချက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏တုန့်ပြန်မှုကား အဘယ်နည်း။ ယဇ်ပရောဟိတ်ဧလိက ဘုရားသခင်သည် သူ၏မိသားစုများကို ယဇ်ပရောဟိတ်အရာနှင့် မထိုက်တန်တော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို သိရလိုက်ရသောအချိန်တွင် သူငယ်ရှမွေလအား ''ထာဝရဘုရားဖြစ်သည်အတွက် အလိုတော်ရှိသည်အတိုင်း ပြုတော်မူပါစေ''ဟု ပြောပြခဲ့သည်(၁ရာ ၃း၁၈)။ ဤသည်မှာ အကြွင်းမဲ့လုပ်ပိုင်ခွင့်နှင့် အကြွင်းမဲ့ ဩဇာအာဏာရှိသည့်အချုပ်အခြာအာဏာရှင် ဘုရားသခင်ကိုပြုရမည့်လျောက်ပတ်သောတုန့်ပြန်မှုပင်ဖြစ်ရပေမည်။ ကျွန်ုပ်တို့၌တရားဝင်ခိုင်မာသောစွဲချက်မရှိပါ။ ကျွန်ုပ်တို့လုပ်နိုင်သောအရာမှာ ဝန်ခံအပ်နှံခြင်းပင်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်၌အကြွင်းမဲ့ လုပ်ပိုင်ခွင့်ရှိသည်ဆိုသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။
- ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ဆင်းရဲခြင်းဒုက္ခဝေဒနာကို အခွင့်ပေးသောအခါ၌၄င်း၊ ကျွန်ုပ်တို့၏အသက်ကို နုတ်ယူသွားသော အခါ၌၄င်း၊ သူသည်အပြစ်ကိုသူကျူးလွန်ပါသလား။
- ကျွန်ုပ်တို့၌ အကြွင်းမဲ့လုပ်ပိုင်ခွင့်ရှိပါသလား။ ဘုရားသခင်၏ လုပ်ပိုင်ခွင့်နှင့် ကျွန်ုပ်တို့၏လုပ်ပိုင်ခွင့်တို့၏ခြားနားချက်ကား အဘယ်နည်း။
- ဘုရားသခင်၏အကြွင်းမဲ့လုပ်ပိုင်ခွင့်ကို ကျွန်ုပ်တို့မည်သို့ တုန့်ပြန်ကြမည်နည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် မိမိအလိုတော်ရှိသည့်အတိုင်း သင့်အပေါ်၌ စီရင်ပြုပြင်ပိုင်သည့်အကြွင်းမဲ့သောလုပ်ပိုင်ခွင့်ရှိနေခြင်းအတွက် အချိန်အနည်းငယ်ယူ၍ ကျေးဇူးတင်ချီးမွမ်းစကားဆိုပါ။
- ဘုရားသခင်သည် သင့်အပေါ်၌၄င်း၊ သင့်ကိုပေးအပ်ထားသောအရာများအားလုံးအပေါ်၌၄င်း၊ မိမိအလိုတော်ရှိသည့်အတိုင်း လုပ်ပိုင်ခွင့်ရှိခြင်းကိုသင်လက်ခံနားလည်နိုင်ရန် လိုအပ်သော ကျေးဇူးတော်ထပ်လောင်းပေးဖို့တောင်းလျှောက်ပါ။
- ဘုရားသခင်ကို ၄င်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များကို၄င်း၊ ညည်းတွား၍ပြစ်တင်ဝေဖန်ခဲ့သောအချိန်များအတွက် သင့်ကိုခွင့်လွှတ်ပေးဖို့တောင်းပန်ပါ။

# 3
# အကြွင်းမဲ့ထိန်းချုပ်ပိုင်ခွင့်

ယခုအတိုင်းအတာအထိ ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို အကြွင်းမဲ့သောဩဇာအာဏာရှိခြင်းအားဖြင့်၄င်း၊ အကြွင်းမဲ့လုပ်ပိုင်ခွင့်ရှိခြင်းအားဖြင့်၄င်း၊ အနက်ဖွင့်လေ့လာခဲ့ကြပြီးဖြစ်သည်။ ကျွန်ုပ်တို့၏အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် နောက်ထပ်အယူအဆတစ်ခုကို ပေါင်းထည့်ရန်လိုအပ်နေသည်။ အကြွင်းမဲ့ဩဇာအာဏာနှင့်အကြွင်းမဲ့လုပ်ပိုင်ခွင့် ရှိနေသော်လည်း ဤအခွင့်ထူး များကိုလက်တွေ့ကျင့်သုံးရန် မဖြစ်နိုင်သောအခြေအနေမျိုးလည်း သဘောတရားအရ ဖြစ်နိုင်ချေရှိသည်။ ဥပမာ လူတစ်ယောက်သည် ကား တစ်စီးကိုမောင်းနှင် နိုင်သောလုပ်ပိုင်ခွင့်နှင့် ဩဇာအာဏာရှိပါမည်။ သို့သော်ရုပ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာများ(သို့)ကန့်သတ်ချက်များကြောင့်ထိုကားကိုမမောင်းနိုင်ဘဲ ရှိနေနိုင်ပါသည်။ တခါတရံတွင် ကျွန်ုပ်တို့ထိန်းချုပ်နိုင်ခြင်း၏တဖက်အလွန်တွင်ရှိနေသော အခြေအနေများသည်ကျွန်ုပ်တို့၏အစွမ်းအစများ(သို့)လုပ်ပိုင်ခွင့်များကို ရုပ်သိမ်းစေနိုင်သည်။ ဘုရားသခင်တွင် ထိုကဲ့သို့သော ကန့်သတ်ထိန်းချုပ်ခံရမှုမျိုးမရှိပါ။ ဘုရားသခင်အပြည့်အဝမထိန်းချုပ်နိုင်သော အခြေအနေဟူ၍မရှိပါ။

အကြွင်းမဲ့ထိန်းချုပ်ပိုင်ခွင့်ဟု ကျွန်ုပ်တို့ဆိုကြရာတွင် မည်သည့်အရာကိုဆိုလိုနေကြသနည်း။ ဘုရားသခင်သည် ထိန်းချုပ်ပိုင်သော

သူဖြစ်သည်ဟု ကျွန်ုပ်တို့ ဆိုကြရာတွင် သူသည်ဖြစ်ပျက်လာမည့်အရာများကိုဆုံးဖြတ်သတ်မှတ်၍ အမှန်တကယ်ဖြစ်လာအောင်လည်းဖန်တီးသည်ဟု ဆိုလိုပါသည်။ ဘုရားသခင်သည် မိမိဖန်ဆင်းထားသောပတ်ဝန်းကျင်အခြေအနေများ၏အရှင်သခင်ဖြစ်သည်။ ဘုရားသခင်၏အနီးပတ်ဝန်းကျင်ရှိ အဖြစ်အပျက်များနှင့် လူတို့သည် ဘုရားသခင်၏ရည်ရွယ်ချက်များ၌ သွတ်သွင်းခြင်းကိုခံထားကြရသည်။ အဖြစ်အပျက်များနှင့် လူတို့သည် ဘုရားသခင်ဖန်တီးထားသော သဘာဝဖြစ်စဉ်များထဲ၌ပါဝင်နေကြပြီး၊ ၎င်းတို့ကိုမိမိရည်ရွယ်ချက်များအထမြောက်လာရန်အတွက်အသုံးပြုခဲ့သည်။ ဤသို့သောထိန်းချုပ်ပိုင်ခွင့်သည် အကြွင်းမဲ့ပြည့်စုံသည်ဟု ကျွန်ုပ်တို့ဆိုကြရာတွင် ကျွန်ုပ်တို့ ဆိုလိုသည့်အချက်မှာ ဘုရားသခင်၏ရည်ရွယ်ချက်များကို ဟန့်တားနှောင့်ယှက်နိုင်သောအရာ မရှိဟူ၍ဖြစ်သည်။

ကျွန်ုပ်တို့သည် လူသားများဖြစ်ကြသည်အားလျော်စွာ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အခြေအနေများကို မထိန်းချုပ်နိုင်ပါ။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိလူများအပေါ်၌ရှိသော ကျွန်ုပ်တို့၏ဩဇာလွှမ်းမိုးနိုင်မှုမှာလည်း အကန့်အသတ်ရှိသည်။ ကျွန်ုပ်တို့တွေ့ကြုံရသောအကြောင်းအရာအဖြစ်အပျက်များ အပေါ်၌ထူးဆန်းအံ့ဩမှုများကို ခံစားကြသည်။ ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းဖို့ရန် မတတ်နိုင်လောက်အောင်ကြီးမားလွန်းသောအဟန့်အတားများကို အသက်တာ၌ရင်ဆိုင်ကြရသည်။ ဘုရားသခင်အတွက်မူ ဤအရာသည် ပြဿနာမဟုတ်ပါ။ ပရောဖက် ယေရမိအားသခင်ဘုရားပြောကြားခဲ့သည့်ချက်ကို နားဆင်ကြည့်ပါ။

> ''ငါထာဝရဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့ကိုအစိုးရသောဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင်သောအရာတစ်စုံတစ်ခုရှိလိမ့်မည်လော''(ယေရမိ ၃၂း၂၇)။

သခင်ယေရှုကလည်း အလားတူအယူအဆကို မသဲ

၁၉း၂၆တွင် ပြန်လည်ထုတ်ဖော်ပြောကြားထားသည်မှာ –

ယေရှုသည်လည်းသူတို့ကိုကြည့်ရှု၍ ဤအမှုကိုလူမ တတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကိုတတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။

အကြွင်းမဲ့ထိန်းချုပ်ပိုင်ခွင့်ရှိသူတစ်ဦးရှိနေပါသည်ဟူသောအချက်ကို သိရခြင်းသည် အဘယ်မျှကောင်းမြတ်ပါသနည်း။ ထိုထိန်းချုပ်ပိုင်ခွင့်ရှိသူ ဘုရားသခင်မှာ ကျွန်ုပ်တို့ကိုချစ်မြတ်နိုး၍ အရာအားလုံးကို ကျွန်ုပ်တို့၏ကောင်းကျိုးအလို့ငှါ လုပ်ဆောင်နေသည်(ရောမ ၈း၂၈)ဟူသော အချက်ကို သိရခြင်းသည် အဘယ်မျှပို၍ကောင်းမြတ်ပါသနည်း။ ဘုရားသခင်၌ရှိသော ထိန်းချုပ်ပိုင်ခွင့်၏အကျယ်အဝန်းအတိုင်းအတာကို အကျဉ်းချုံး၍လေ့လာကြည့်ကြပါစို့။

*ဘဝအခြေအနေ*

ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘဝအခြေအနေများကိုလည်း ထိန်းချုပ်ထားသည့်အကြောင်းကို သမ္မာကျမ်းစာထဲ၌ သွန်သင်ပေးထားသည်။ ဤအကြောင်းအရာအတွက် အကောင်းဆုံးသောပုံဥပမာမှာ ယောသပ်၏ရာဇဝင်ဇာတ်လမ်းပင်ဖြစ်သည်။ အသက်(၁၇)နှစ်အရွယ် လူငယ်လေး တစ်ဦးအဖြစ်နှင့် သူ၏ညီအစ်ကိုများက သူ့ကိုကျေးကျွန်တစ်ဦးအဖြစ်သို့ ရောင်းစားခဲ့ကြသည်။ ဤကာလသည် ယောသပ်အတွက်အလွန်ခက်ခဲ ကြမ်းတမ်းသောအမှောင်ဖုံး ကာလဖြစ်ခဲ့သည်။ သူ၏မိသားစုနှင့် နေရပ်ကို အတင်းအဓမ္မစွန့်ခွါခဲ့ရသည်။ မိမိညီအစ်ကိုများ၏ညှာတာမှုကင်းမဲ့သော အမုန်းတရားနှင့် မနာလိုဝန်တိုမှု၏သားကောင်ဖြစ်ခဲ့ရသည်။ အဲဂုတ္တုပြည် သို့ရောက်သွားသောအချိန်တွင်လည်း ပေါတိဖာ၏မယားမှ မတရားစွပ်စွဲ ခြင်းကိုခံခဲ့ရပြီး၊ မိမိမကျူးလွန်သောဒုစရိုက်အတွက် ထောင်သွင်းအကျဉ်း ချခံခဲ့ရသည်။

ဘုရားသခင်သည် ယောသပ်၏ဘဝဇာတ်ကြောင်းကို

ထိန်းချုပ်လမ်းကြောင်းခဲ့သည်။ ဤသို့ဖြင့် ယောသပ်သည် အဲဂုတ္တုပြည်ကြီး၏ဒုတိယသြဇာအာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်လာကာ ထိုဒေသ၏လူအမြောက်အမြားကို သေကြေပျက်စီးစေခဲ့သောအစာခေါင်းပါးခြင်းမှ ဣသရေလပြည်ကြီးကိုကယ်တင်ရန် ဘုရားသခင်အသုံးပြုမည့်သူဖြစ်လာခဲ့သည်။ မိမိ၏ဘဝဇာတ်ကြောင်းကို ပြန်လည်တွေးတောဆင်ခြင်ရင်း မိမိ၏ညီအစ်ကိုတို့အား ယောသပ်ပြောဆိုခဲ့သည့်စကားမှာ –

> သင်တို့က ကျွန်ုပ်တို့ဒုက္ခရောက်ဖို့ မကောင်းကြံကြသော်လည်း ဘုရားသခင်ကယနေ့ဖြစ်နေသည့်အတိုင်း လူများအသက်ချမ်းသာရစေဖို့ ကောင်းကျိုးကျေးဇူးကိုကြံတော်မူ၏။
>
> (ကမ္ဘာဦး ၅၀း၂၀)

ဘုရားသခင်သည် အခြေအနေအဖြစ်အပျက်များကို ပြောင်းလဲပြင်ဆင်ဆုံးဖြတ်၍ အလွန်ဆိုးရွားသောမတရားမှုဟု ထင်မှတ်ရသောအရာထဲမှ အကောင်းဆုံးအရာများကို ပြုလုပ်ဖော်ဆောင်ခဲ့သည်။ အထက်ပါသမိုင်းဇာတ်လမ်းသည် ကျွန်ုပ်တို့၏ဘဝဇာတ်ကြောင်းအားလုံးကို ဘုရားသခင်က ထိန်းချုပ်နေပါသည်ဟူသော အချက်ကိုပြောပြသည့် သမ္မာကျမ်းစာရှိ အဖြစ်အပျက်များ အနက်မှတစ်ခုသာဖြစ်သည်။ ကျွန်ုပ်တို့အသက်တာ၌ရင်ဆိုင်တွေ့ကြုံရသောအခက်အခဲများနှင့် စစ်ကြောခြင်းများ၏ နောက်ကွယ်တွင်အကြောင်းအရင်းတစ်ခုရှိနေပါသည်။ ဘုရားသခင်သည် ထိုအခက်အခဲများနှင့် စစ်ကြောခြင်းများကိုအသုံးပြု၍ မိမိ၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့အသက်တာ၌ အထမြောက်ပြည့်စုံလာအောင် လုပ်ဆောင်ပါသည်။

*လူ့သဘောသဘာဝ*

ဘုရားသခင်သည် လူသားတို့၏ သဘောသဘာဝတို့ကို ထိန်းချုပ်ပိုင်သည်။ ဘုရားသခင်၏လူမျိုးဖြစ်သော ဣသရေလလူတို့သည် ဘုရားသခင်ကို မေ့လျော့ကျောခိုင်းခဲ့ကြသည်။

ဘုရားသခင်၏နှုတ်ကပတ် တော်အား လက်ခံနားထောင်ရန်ကိုလည်း တစိုက်မတ်မတ်ငြင်းဆန်ခဲ့ကြ သည်။ ဘုရားသခင်သည် သူတို့ကို ဒဏ်ခတ်စီရင်ရန်အလို့ငှါ တိုင်းတပါး လက်သို့ အပ်ခဲ့သည်။ သို့သော် တိုင်းတပါး၏လက်အောက်သို့ ရောက် နေချိန်၌ပင် ကြွင်းကျန်သောအနည်းငယ်သောလူတို့သည် ဘုရားသခင်ကိုဆက်လက်၍ပုန်ကန် ခဲ့ကြသည်။ တစ်နေ့တွင် ဘုရားသခင်သည် မိမိလူတို့၏နှလုံးသားထဲ၌ အလုပ်လုပ်တော့မည့်အကြောင်းကို ယေရမိအား ပြောပြခဲ့သည်။ ဘုရား သခင်၏ပြောဆိုချက်ကိုနားဆင်ကြည့်ပါ –

> ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သူတို့သိနိုင်သော စိတ်နှလုံးကို ငါပေးမည်။ သူတို့သည်ငါ၏လူဖြစ်ကြ၍ ငါသည် လည်း သူတို့၏ဘုရားသခင်ဖြစ်လိမ့်မည်။ ငါ့ထံသို့ စိတ်နှလုံး အကြွင်းမဲ့နှင့်ပြန်လာကြလိမ့်မည်။ (ယေရမိ ၂၄း၇)။

ပုန်ကန်ထကြွသော ဤလူမျိုးများသည် ချိုးဖဲ့ခြင်းကို ခံကြ ရ လိမ့်မည်။ ကျောက်ကဲ့သို့မာကျောသောသူတို့၏နှလုံးသားဟောင်းများကို အသစ်သောနှလုံးသားများနှင့် အစားထိုးပါလိမ့်မည်။ ဘုရားသခင် ပေးသနားတော်မူမည့် နှလုံးသားသစ်သည် ဘုရားသခင်ကို ဆာလောင်သောနှလုံးသားဖြစ်ပါလိမ့်မည်။ သူတို့သည် ဘုရားသခင်ကို ပုန်ကန်၍ဘယ်တော့မှ ကျောခိုင်းသွားကြမည်မဟုတ်တော့ပါ။ သူတို့၏ စိတ်နှလုံးသည် ဘုရားသခင်ထံသို့သာအစဉ်ဦးလှည့်နေမည်။ ဤအဖြစ်အပျက်သည် ထိုလူမျိုးတို့ ကိုယ်တိုင်ပြုလုပ်ခဲ့သော အဖြစ်အပျက် မဟုတ်ကြောင်းကို သတိပြုပါ။ သူတို့၏စိတ်နှလုံးကိုပြောင်းပစ်ခဲ့မည့်သူမှာ ဘုရားသခင်ဖြစ်သည်။ ဟေရှာယက ဤသို့ဆိုထားသည် –

> သို့ရာတွင် အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့ ၏အဘဖြစ်တော်မူ၏။ အကျွန်ုပ်တို့သည် အိုးမြေဖြစ်ပါသည်။ ကိုယ်တော်သည် အကျွန်ုပ်တို့၏အိုးထိန်းဖြစ်တော်မူ၏။

> အကျွန်ုပ်တို့ရှိသမျှသည် လက်တော် နှင့်ဖန်ဆင်း သော အရာဖြစ်ပါ၏။ (ဟေရှာယ ၆၄း၈)။

ကျွန်ုပ်တို့သည် မဟာအိုးထိန်းရှင်၏လက်ထဲရှိအိုးမြေ(ရွှံ့)ကဲ့သို့ ဖြစ်ကြသည်။ မိမိအလိုရှိသည့်အတိုင်း ကျွန်ုပ်တို့ကိုပုံသွင်းနိုင်သည်။ ကျွန်ုပ်တို့၏နှလုံးသားများကို ပြောင်းလဲပစ်နိုင်သည်။ အပြစ်ဒုစရိုက်နှင့်ပြည့်နေသော ကျွန်ုပ်တို့၏လူသဘောသဘာဝကိုလည်း ပြောင်းလဲပြင်ဆင်ဆုံးဖြတ်ပေးနိုင်သည်။ ဘုရားသခင်သည် အသင်းတော်အား ညှဉ်းပန်းနှိပ်စက်ခဲ့သူ ရှင်ပေါလုကိုရွေးကောက်၍ ထိုအသင်းတော်၏အရေးပါသောပြောရေးဆိုခွင့်ရှိသူများအနက်မှ တစ်ဦးအဖြစ်ပြုပြင်ဖန်တီးခဲ့သည်။ သားသမီးများ၏ပုန်ကန်တတ်သောစိတ်နှလုံးများကို အရည်ပျော်ကျသွားအောင် ဖန်တီးနိုင်သည်။ မိတ်ဆွေတစ်ဦး၏စာနာထောက်ထားမှုကင်းသောနှလုံးသားကိုလည်း ချိုးဖဲ့နိုင်သည်။ ဘုရားသခင်၏အကြွင်းမဲ့ထိန်းချုပ်ပိုင်ခွင့်သည် အပြစ်ဒုစရိုက်နှင့်ပြည့်နေသော ကျွန်ုပ်တို့၏ဖြစ်တည်နေမှုအပေါ်၌ပင် သက်ရောက်နေပါသည်။

*လူတို့၏အမျက်ဒေါသ*

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းနှင့် အကြွင်းမဲ့ထိန်းချုပ်ပိုင်ခွင့်တို့ ဆက်စပ်နေခြင်းနှင့် စပ်လျဉ်းလျှင်ဆာလံ ၇၆း၁၀ သည် အလွန်အရေးပါသောကျမ်းပိုဒ်ဖြစ်သည်။

> အကယ်စင်စစ် လူတို့၏ဒေါသသည် ကိုယ်တော်ကိုချီးမွမ်းလိမ့်မည်။ ကြွင်းသောဒေါသကိုလည်း ခါးပန်းစည်းတော်မူမည်။

လူသားတို့၏ဆိုးညစ်ဖောက်ပြန်မှုသည် ထိန်းချုပ်၍မရတော့သောအခြေအနေတွင် ရှိနေသည်ဟု ထင်ရသောအချိန်များ ရှိခဲ့ပါသည်။ သို့သော် ဆာလံ ၇၆ တွင် ကျွန်ုပ်တို့ကို သတိပေးထားသည် မှာ လူတို့၏ဒေါသသည် အဆုံးတွင်ဘုရားသခင်ထံသို့ ဘုန်းကြီးခြင်းကိုယူဆောင်လာလိမ့်မည် ဟူ၍ဖြစ်သည်။ ကမ္ဘာ့သမိုင်းတလျှောက်၌

အလွန်ကြောက်မက်ဖွယ်ကောင်းသော အပြုအမူများကို လူတို့ပြုလုပ်ခဲ့ကြ ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ကြပြီးဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့၏ ယုံကြည်ချက်ကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံရပြီး မာတုရအဖြစ်အဆုံး စီရင်ခြင်းကိုခံရကြသည်။ သို့သော် ထိုကဲ့သို့သောအခြေအနေများ၌ပင် ဘုရားသခင်သည် မိမိ၏အထွေထွေသော အကြံအစည်များကိုအကောင် အထည်ဖော်နေကြောင်းဆာလံဆရာက ပြောပြထားသည်။ ဤအချက်ကို အထက်၌ဖော်ပြခဲ့သော ယောသပ်၏ဘဝဇာတ်လမ်းတွင်အထင်အရှား တွေ့ရပါသည်။ ယောသပ်၏ညီအစ်ကိုတို့သည် မနာလိုခြင်းမှထွက်ပေါ် လာသောအမျက်ဒေါသကြောင့် ယောသပ်ကို ထိုသို့ပြုမူခဲ့ကြခြင်းဖြစ် သည်။ သို့သော် ဘုရားသခင်သည် မိမိဘုန်းအသရေတော်အတွက်၎င်း၊ လူမျိုးများ၏ကောင်းကျိုးအတွက်၎င်း၊ သူတို့၏ရက်စက်သောလုပ်ရပ်ကို အသုံးပြုခဲ့သည်။ ဤအဖြစ်အပျက်များသည် ကောင်းသောအကျိုးအလို့ငှါ မည်သို့ဆက်သွယ်၍ဖြစ်ပျက်ခဲ့ကြသည်ကို ကျွန်ုပ်တို့အမြဲတမ်းတော့ နားလည်နိုင်မည်မဟုတ်ပါ။ သို့သော် ဘုရားသခင်၏ထိန်းချုပ်ပိုင်ခွင့်နှင့် လွတ်ကင်းသောအခြေအနေအဖြစ်အပျက် တစ်ခုမျှမရှိကြောင်းကိုမူ အခိုင်အမာဆိုနိုင်ပေသည်။

*နိုင်ငံရေးခေါင်းဆောင်မှု*

ဘုရားသခင်၏အချုပ်အခြာထိန်းချုပ်ပိုင်ခွင့်သည် သမိုင်း စာမျက်နှာရှိနိုင်ငံရေးခေါင်းဆောင်များအပေါ် အထိပင် စိုးမိုးထားသည်။ ထွက်မြောက်ရာ ၉း၁၆ တွင် ဘုရားသခင်သည် အဲဂုတ္တုပြည်ရှင် ဖာရော ဘုရင်နှင့်စပ်လျဉ်း၍ပြောဆိုထားသည်မှာ –

အကယ်စင်စစ်ငါ့တန်ခိုးကို သင်၌ငါပြခြင်းငှါ၄င်း၊ ငါ့နာမကို မြေကြီးတစ်ပြင်လုံးတွင် ကျော်ဇောစေခြင်းငှါ၄င်း၊ သင့်ကို ငါချီးမြှောက်ခဲ့ပြီ။ (ထွက် ၉း၁၆)။

ဖာရောဘုရင်သည် ဘုရားသခင်၏လူမျိုးများအပေါ်၌ ဒုစရိုက်အမျိုးမျိုးကို ကျူးလွန်ခဲ့သည်။ သူသည်ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ ထွက်ခွါခွင့်ကို ငြင်းပယ်ခဲ့သည်။ သူသည် ဣသရေလလူမျိုးများ၏ ဘဝကို နှံချာစုတ်ပြတ်အောင်ပြုလုပ်ခဲ့သည်။ သတ်မှတ်ထားသောအချိန် ကို ရောက်ရှိလာသောအခါ ဘုရားသခင်သည် မိမိ၏လူတို့ကို ဖာရော ဘုရင်၏လက်ထဲမှ ကယ်နှုတ်ရန် မောရှေကိုဖာရောဘုရင်ထံသို့ စေလွှတ် ခဲ့သည်။ အဲဂုတ္တုပြည်ကြီးအပေါ်သို့ ကပ်ဘေးဒဏ်ကြီးများကို ထုတ်လွှတ်လိုက်သောအခါ ကမ္ဘာလောကကြီးသည် ဣသရေလလူများကိုးကွယ်သောဘုရားသခင်၏ကြီးမားသော တန်ခိုးတော်ကိုတွေ့မြင်ခဲ့ကြသည်။ ဣသရေလလူမျိုးများကိုးကွယ်သော ဘုရားသခင်၏တန်ခိုးတော်ရှေ့၌ ခမ်းနားကြီးကျယ်သော အဲဂုတ္တုပြည်ကြီး ဒူးထောက်ဦးညွှတ်ခဲ့ရသည်ကို ထိုသူတို့တွေ့မြင်ခဲ့ကြသည်။

ဖာရောဘုရင်သည် ဘုရားသခင်၏တန်ခိုးတော်ကိုထုတ်ဖော်ပြသဖို့ရန်အတွက်၄င်း၊ ဘုရားသခင်၏နာမတော်ကို မြေတစ်ပြင်လုံးတွင် ကျော်စေဖို့ရန်အတွက်၄င်း၊ ဘုရားသခင်သည် ဖာရောဘုရင်အား ချီးမြှောက်ခဲ့ကြောင်း ထွက်မြောက်ရာ ၉း၁၆တွင် ဖော်ပြထားသည်။ ဖာရောဘုရင် အထံ၌ဖြစ်ပျက်ခဲ့သောအရာသည် အခြားထင်ရှားသော ခေါင်းဆောင်ကြီးများအပေါ်တွင်လည်း အလားတူဖြစ်ပျက်နေပါသည်။ ဘုရားသခင်သည် အဆုံးတွင် မိမိ၏အကြံအစည်များကို အထမြောက် ပြည့်စုံလာစေဖို့ နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ ဆိုးညစ်မှုများကို အသုံးပြုနိုင်ပါသည်။

*သဘာဝတရားကြီး*

ဘုရားသခင်၏ထိန်းချုပ်ပိုင်ခွင့်သည် သဘာဝတရားကြီးအပေါ် အထိလည်း ကျယ်ပြန့်သည်။ သခင်ယေရှု၏အမိန့်ပေးသံအောက်တွင် မုန်တိုင်းလှိုင်းတံပိုးများ မည်သို့ငြိမ်သက်ရပ်တန့်သွားခဲ့ကြသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ပြီးဖြစ်သည်(မာကု ၄း၃၉)။ မိမိ၏လူမျိုးများအား ဖာရောဘုရင်၏လက်မှလွတ်မြောက်ရန်လမ်းကို ပင်လယ်နီကြီးအား နှစ်ခြမ်းခွဲခြင်းဖြင့် ပြင်ဆင်ပေးခဲ့သည်။ (ထွက် ၁၄)။ အခြားအဖြစ် အပျက်တစ်ခုတွင် ဘုရားသခင်သည် ဣသရေလလူမျိုးများ၏ ရေငတ်ခြင်းပြဿနာကိုကျောက်ထဲမှရေကိုထွက်စေခြင်းဖြင့် ဖြေရှင်းခဲ့ သည် (တော ၂၀း၈–၁၁)။ အခြား အဖြစ်အပျက်များစွာတွင်လည်း ဘုရားသခင်သည် မြုံနေ၍ကလေးမရနိုင်သောအမျိုးသမီးများကို ကလေးမွေးနိုင်အောင်ဖန်တီးပေးခဲ့သည်။ ဘုရားသခင်သည် သဘာဝ တရားကြီးတစ်ခုလုံးကို ထိန်းချုပ်ထားကြောင်း ဆာလံ ၁၀၄း၇–၁၀ တွင် ကျွန်ုပ်တို့ကို ပြောပြထားသည်မှာ –

> တစ်ဖန်ဆုံးမတော်မူ၍သူ(ရေ)တို့သည်ပြေးကြပါ၏။ မိုးချုန်း တော်မူသံကိုကြား၍ အလျှင်အမြန်ပြန်သွားကြပါ၏။ တောင် တို့သည်တက်လျှက်၊ ချိုင့်တို့သည်ဆင်းလျှက်၊ သူတို့ကိုခွဲခန့် တော်မူသောအရပ်သို့ ရောက်ကြပါ၏။ ရေတို့သည် ပြန်လာ ၍ မြေကြီးကိုမလွှမ်းမိုးစေခြင်းငှါ၊ မကျော်ရသောနယ်စပ်ကို ပိုင်းခြားတော်မူ၏။ ထာဝရဘုရားသည် ချိုင့်များထဲသို့ စမ်း ရေကိုလွှတ်တော်မူ၍ ရေသည်တောင်တွင်စီးလျက်၊ ရှိကြ သည်(ဆာလံ ၁၀၄)။

ဘုရားသခင်သည် ပင်လယ်သမုဒ္ဒရာတို့၏နယ်နမိတ်ကို သတ် မှတ်ပေးထားသည်။ ဘုရားသခင်၏အမိန့်တော်အောက်တွင် မိုးချုန်းခြင်း တို့သည် ၄င်းတို့၏အသံကိုပြုကြ၏။ ယနေ့ကျွန်ုပ်တို့တွေ့မြင်နေကြသော ကမ္ဘာကြီးသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဘုရားသခင်၏အချုပ်အခြာ

အာဏာထိန်းချုပ်မှုအားဖြင့် လည်ပတ်ရပ်တည်နေရပါသည်။ ၄င်းသည်ဘုရားသခင်၏ အသံတော်ကိုသာ နာခံတုန့်ပြန်လျှက်ရှိသည်။

*သမိုင်းလမ်းကြောင်း*

သမိုင်းအဖြစ်အပျက်များထွက်ပေါ်လာရာလမ်းကြောင်းသည်လည်း အချုပ်အခြာအာဏာပိုင်ဘုရားသခင်၏လက်တော်ထဲတွင်ရှိနေသည်။ ပရောဖက်ဟေရှာယက သူ၏ခေတ်ကာလတွင် ရေးသားခဲ့သည်မှာ –

> အဦးမှစ၍ အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှစ၍မဖြစ်သေးသော အမှုအရာတို့ကို၄င်း၊ ဖော်ပြလျှက် ငါ့အကြံတည်လိမ့်မည်။ ငါအလိုရှိသမျှကို ငါပြည့်စုံစေမည်။ (ဟေရှာယ ၄၆း၁၀)။

ဘုရားသခင်သည် အရာအားလုံးကို အစမှအဆုံးထိတိုင်သိနေပြီးဖြစ်သည်။ သူ့အတွက်အံ့ဩဖွယ်အရာဟူ၍မရှိပါ။ သမိုင်းရေစီးကြောင်းကြီးသည် ဘုရားသခင်လမ်းကြောင်းပေးသည့်အတိုင်း စီးဆင်းနေသည်။ တိုင်းနိုင်ငံကြီးများသည် ဘုရားသခင်၏အကြံအစည်အတိုင်းပေါ်ထွက်လာကြ၍ တဖန်ပြိုလဲကျရှုံးကြရသည်။ သခင်ယေရှုအား ကားတိုင်သတ်ခြင်းသည် ဘုရားသခင်၏အကြံအစည်နှင့်ရည်ရွယ်ချက်ကိုတိုက်ရိုက်ပြည့်စုံဖြည့်ဆည်းခြင်းသာဖြစ်ခဲ့သည်။

> ဟေရုဒ်မင်း၊ ပုန္တိပိလတ်မင်းမှစ၍ ဣသရေလအမျိုး၊ တပါးအမျိုးတို့သည်ကိုယ်တော်အလိုရှိသည်အတိုင်း၊ ရှေးမဆွကလက်တော်ဖြင့် ခွဲခန့်မှတ်သားတော်မူနှင့်သမျှတို့ကိုပြုခြင်းငှါဘိသိက်ပေးတော်မူသော သားတော်မြတ်ယေရှုကို ညှဉ်းဆဲခြင်းငှါ ရန်ဘက်ပြု၍ စုဝေးကြပြီ၊ အမှန်ဖြစ်ပါ၏။
>
> (တမန်တော် ၄း၂၇–၂၈)

မိမိ၏သားတော်သည် ဤလောက၏အပြစ်ဒုစရိုက်အတွက် အသေခံတော်မူမည့်အကြောင်းကို ဘုရားသခင်သည် ကနဦးကတည်းက ပင် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ သားတော်သခင်ယေရှုအသေခံခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အကြံအစည်ကို တိုက်ရိုက်ပြည့်စုံစေခဲ့ သောအရာဖြစ်သည်။ သမိုင်းကြောင်းသည် ဘုရားသခင်၏လက်တော် ထဲတွင်ရှိသည်။ တိုင်းနိုင်ငံကြီးများ၏ဦးတည်ရာနှင့် ထင်ရှားသောခေါင်း ဆောင်ကြီးများ၏လမ်းခရီးကို သတ်မှတ်ပေးသည်။ ကျွန်ုပ်ဘဝ၏အသေး စိတ်ကိုလည်း ဘုရားသခင်သိရှိထားသည်။

*မှောင်မိုက်တန်ခိုး*

အပယ်ငရဲ၏တန်ခိုးအာဏာစက်တို့သည် အချုပ်အခြာ အာဏာပိုင် ဘုရားသခင်၏လက်အောက်တွင်ရှိသည်။ ဘုရားသခင်ခွင့် ပြုထားသည့်အချက်များမှအပ စာတန်သည် ယောဘ၏အသက်တာ အပေါ်၌ သြဇာမရှိကြောင်း ယောဘဝတ္ထုအခန်းကြီး(၁)တွင် ကျွန်ုပ်တို့ တွေ့ရသည်။ ခရစ်ဝင်ကျမ်းများတွင်လည်း နတ်ဆိုးတို့သည် သခင်ယေရှု ၏မျက်မှောက်တော်မှရှောင်ပြေးခဲ့ကြသည်။ ကျွန်ုပ်တို့၏မဟာရန်သူစာတန် ၏ နောက်ဆုံးသွားရာနေရာကို ဗျာဒိတ် ၂၀း၁၁ တွင် ကျွန်ုပ်တို့အား ဖော်ပြပေးထားပါသည်။

> သူတို့ကို လှည့်ဖြားသောမာရ်နတ်ကိုလည်း သားရဲနှင့်မိစ္ဆာ ပရောဖက်ရှိရာ ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ချပစ်လျှင် သူတို့သည်နေ့ညဉ့်မပြတ်ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကိုခံရကြလတံ့။

ဤကျမ်းပိုဒ်များအားဖြင့် ဘုရားသခင်သည် ဘဝအခြေအနေ အားလုံးကို ထိန်းချုပ်ပိုင်သောသူဖြစ်ကြောင်း ကျွန်ုပ်တို့သိကြရမည်။ ဆိုးညစ်ဖောက်ပြန်တတ်သောလူတို့၏အမျက်ဒေါသကိုပင် အဆုံး၌ မိမိ၏နာမတော်အား ထင်ရှားစေဖို့အလို့ငှါ အသုံးပြုခဲ့သည်။

သဘာဝတရားကြီးသည် ဘုရားသခင်၏အမိန့်တော်ကို နာခံလျှက်ရှိသည်။ ဘုရားသခင်သည် သမိုင်းလမ်းကြောင်းကို သတ်မှတ်ပေး၍ အပယ်ငရဲ၏ တန်ခိုး အာဏာစက်တို့ကိုလည်း မိမိ၏ထိန်းချုပ်မှုအောက်တွင် ထားရှိသည်။ ဘုရားသခင်မထိန်းချုပ်သောအရာဟူ၍ မရှိပါ။ ဤအချက်၌ ကျွန်ုပ်တို့သည် ကြီးမားသောနှစ်သိမ့်ခြင်းနှင့် ခွန်အားတို့ကို ရယူနိုင်ကြပါသည်။

ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည် အကြွင်းမဲ့ ဩဇာအာဏာကိုင်း၊ အကြွင်းမဲ့လုပ်ပိုင်ခွင့်ကိုင်း၊ အကြွင်းမဲ့ ထိန်းချုပ်ပိုင်ခွင့်ကိုင်း၊ ပိုင်ဆိုင်ထားသောအချုပ်အခြာတန်ခိုးအာဏာ ရှင်ဘုရားဖြစ်သည်။ ထိုဘုရားသည် စည်းမျဉ်းဥပဒေသများကိုသတ်မှတ် ပြဋ္ဌာန်း၍ မိမိအလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူသည်။ ကျွန်ုပ် တို့၏အသက်ဇီဝနှင့် ထွက်သက် ဝင်သက်အတွက် ထိုဘုရားသခင်ကို အကြွင်းမဲ့မှီခိုနေကြရသည်။ ဘုရားသခင်လမ်းကြောင်းပေးသည့်အတိုင်း သာ သမိုင်းရေးစီးကြောင်းမှာလည်း စီးဆင်းရသည်။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း အယူဝါဒ ကို အနက်ဖွင့်ဆိုရှင်းပြရန်မှာ အလွန်လွယ်ကူပါသည်။ ခက်ခဲသည့် အပိုင်းမှာ ဤအယူဝါဒကိုနေ့စဉ်အသက်တာ၌ မည်သို့လက်တွေ့ အသုံးပြု ရှင်သန် ကြရမည်ဟူသောအချက်ဖြစ်သည်။ ဤစာအုပ်၏ကျန်အပိုင်းတွင် ဤအယူဝါဒအား ကန့်ကွက်ငြင်းပယ်ထားပုံအချို့ကို တင်ပြရင်း ဤအယူ ဝါဒအား နေ့စဉ်အသက်တာ၌မည်သို့အသုံးပြုရှင်သန်ကြရမည်ကို ကြိုးစား တင်ပြသွားပါမည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်၌ အကြွင်းမဲ့ထိန်းချုပ်ပိုင်ခွင့် ရှိသည်ဆိုသည်မှာ အဘယ်နည်း။ လူတစ်ဦးတစ်ယောက်၌အကြွင်းမဲ့ဩဇာအာဏာ နှင့် လုပ်ပိုင်ခွင့်တို့ရှိနေသော်လည်း ထိန်းချုပ်ပိုင်ခွင့်မရှိဘဲဖြစ်နိုင်ပါ

သလော။

- ဘုရားသခင်၌ ဤလောကကြီးတစ်ခုလုံးအပေါ်တွင် အကြွင်းမဲ့ ထိန်းချုပ်ပိုင်ခွင့်ရှိသည်ဟူသောအချက်တွင် မည်သို့သောနှစ်သိမ့်ခြင်း မျိုးကို သင်တွေ့ရှိခံစားရသနည်း။

## ဆုတောင်းရန်အချက်များ

- ဤလောကကြီးအား ထိန်းချုပ်ပိုင်ခွင့်ကိုရရှိထားသော ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ အရာအားလုံးကို မိမိ၏ဘုန်း အသရေ အတွက် နှင့် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် လုပ်ဆောင် သွား မည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်လိုက်ပါ။
- ဘုရားသခင်သည်အရာအားလုံးကို ထိန်းချုပ်ပိုင်သည်ဟူ သော အချက် ကို သိရှိနားလည်ရန်ပျက်ကွက်ခဲ့သည့် အချိန်များ အ တွက်ခွင့်လွှတ် ခြင်းကိုတောင်းလျှောက်ပါ။ ဘုရားသခင် ပြုလုပ်နေ သောအရာကို သင်နားမလည်နိုင်သောအချိန်၌ပင်ထိုအရာ ကို ယုံကြည်ကိုးစားနိုင်ရန် သင့်အားကျေးဇူးတော် ကိုထပ်လောင်း ပေးမည့်အကြောင်း တောင်းလျှောက်ပါ။

# အရှုပ်ထွေး အဖုအထစ်များကို ရှင်းလင်းခြင်း

# ၄
# လူသား၏ဂုဏ်တန်ဖိုး

ဘုရားသခင်သည် ဤစကြဝဠာကြီးအပေါ်၌အကြွင်းမဲ့ဩဇာအာဏာကိုင်း၊ အကြွင်းမဲ့လုပ်ပိုင်ခွင့်ကိုင်း၊ အကြွင်းမဲ့ ထိန်းချုပ်ပိုင်ခွင့်ကိုင်း ရရှိပိုင်ဆိုင်ထားသော မိမိ၏ဖြစ်တည်မှု လက္ခဏာများနှင့် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအကြောင်းကို ကျွန်ုပ်တို့ အနက်ဖွင့်ရှင်းလင်းခဲ့ပြီးဖြစ်သည်။ သမ္မာကျမ်းစာ၌ ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာပိုင်ဖြစ်ကြောင်း သွန်သင်ထားသည်ကို ကျွန်ုပ်တို့ယုံကြည်လက်ခံလျှင် ၎င်းအချက်သည်ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏အကြောင်းနှင့်စပ်လျဉ်းသည့် မည်သည့်အရာကို ပြောပြနေသနည်း။ ဤအယူဝါဒသည် လူသားတို့ထံမှ ၎င်းတို့၏ဂုဏ်တန်ဖိုးများကိုင်း၊ လုပ်ပိုင်ခွင့်များကိုင်း၊ ရွေးချယ်ခွင့်များကိုင်း ရုပ်သိမ်းသွားပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်လက်ခုပ်ထဲရှိ တိကျသေချာသောလုပ်ငန်းတာဝန်နှင့်ဘဝပန်းတိုင်တစ်ခုအတွက် အစီအစဉ်များရိုက်သွင်းထားသော စက်ပစ္စည်းများမျှသာဖြစ်နေကြသလော။ ဤမေးခွန်းများသည် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာပိုင်ခြင်းနှင့်ဆက်နွယ်နေသည့်အားလျော်စွာ ထိုမေးခွန်းများကိုလေ့လာရန်မှာ အလွန်အရေးပါ ပါသည်။

*လူသား၏ဂုဏ်တန်ဖိုး*

ကနဦးကတည်းကပင် ဘုရားသခင်သည် လူ့အသက်ကို အလွန်တန်ဖိုးထားခဲ့သည်။ ကမ္ဘာဦး ၉း၅ တွင် ဘုရားသခင်က မိမိ၏

လူမျိုးတို့အား ပြောပြထားသည်မှာ သူတပါး၏အသက်ကို ခွေသောသူသည် အသေသတ်ခြင်းကို စီရင်ခံရမည့်အကြောင်းဖြစ်သည်။ လူအသက်ကို နှုတ်ခွေသောသူတို့အတွက် အပြင်းထန်ဆုံးဒဏ်ခတ်စီရင်ခြင်းကို ဘုရားသခင်သီးသန့်ထားရှိခဲ့သည်။

ဘုရားသခင်၏ဖန်ဆင်းခြင်းကို ပြန်လည်ဆင်ခြင်ရာ၌ ဆာလံဆရာမှ ဆာလံ ၈ း၃–၆ တွင် ဖော်ပြထားသည်မှာ –

> လက်ညှိုးတော်အလုပ်တည်းဟူသော ကိုယ်တော်၏မိုးကောင်းကင်ကို၄င်း၊ ပြင်ဆင်တော်မူသောလနှင့်ကြယ်များကို၄င်း၊ အကျွန်ုပ်ဆင်ခြင်သော်၊ လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူသားသည် အဘယ်သို့သောသူဖြစ်၍ အကြည့်အရှု ကြွလာ တော်မူရသနည်း။ သူ့ကိုကောင်းကင်တမန်တို့အောက် အနည်းငယ်နှိမ့်တော်မူပြီး၊ သူ့ခေါင်းကိုဘုန်းအသရေနှင့်ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေ၍ ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီ။

အထက်ပါဆာလံကျမ်းပိုဒ်တွင် ဆာလံဆရာသည် ဖန်ဆင်းခြင်း၌ရှိသောလူသား၏အဆင့်အတန်းကို အံ့အားသင့်ချီးမွမ်းခဲ့သည်။ ဘုရားသခင်သည် လူသားကို မိမိဖန်ဆင်းထားသောအရာများအားလုံး၏အထက်တွင် အုပ်စိုးရန်ခွဲခန့်ထားခဲ့သည်။ မိမိဖန်ဆင်းထားသောအရာအားလုံးထက် ကျွန်ုပ်တို့အပေါ်၌ပို၍တန်ဖိုးထားခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်ဆင်းထားသောအရာများအားလုံး၏ဦးရစ်သရဖူဖြစ်ကြသည်။

၁တိ ၆း၁၇ ရှိ တမန်တော်ရှင်ပေါလု၏ရေးသားထားချက်ကို ဖတ်ရှုပါ။

ဤဘဝ၌ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍ မမြဲသောစည်းစိမ်ကို မကိုးစားဘဲ ငါတို့ခံစားဖို့ရာ အလုံးစုံတို့ကိုကြွယ်ဝစွာပေးသနားတော်မူသော အသက်ရှင်တော်မူသောဘုရားသခင်ကို ကိုးစားရမည်အကြောင်း ပညတ်လော။

ဤစကြဝဠာကြီး၏အလှအပနှင့် ကျယ်ဝန်းနက်ရှိုင်းပုံကို အချိန်အနည်းငယ်ယူ၍စဉ်းစားသုံးသပ်ကြည့်ပါ။ အလွန်ကြည်နူးဖွယ်ကောင်း၍ မင်္ဂလာရှိသောနံနက်အာရုဏ်တက်ချိန်ကို ရှုမြင်ခံစားကြည့်ပါ။ တောတောင်တို့၏အလှအပနှင့် ကမ်းခြေကိုလာရိုက်သော ပင်လယ်လှိုင်းတို့၏ အလှအပများဖြင့် သင့်စိတ်နှလုံးကိုဖြည့်စွက်ကြည့်ပါ။ ညဥ့်အချိန်ကောင်းကင်ယံသို့ ကြည့်၍ကြယ်နှင့်လတို့၏ဆန်းပြားမှုကို အံ့ဩစွာဖြင့် ခံစားကြည့်ပါ။ ဤစကြဝဠာကြီး၏အလှအပနှင့် ရှုပ်ထွေးဆန်းပြားမှုများအားဖြင့် သင့်နှလုံးသားထဲ၌ဝမ်းမြောက်ခြင်းနှင့်ချီးမွမ်းထောမနာပြုခြင်းများကို ပြည့်စေနေပါ။ ဤအရာများအားလုံးကို ကျွန်ုပ်တို့ပျော်ရွှင်ခံစားနိုင်ရန် ဘုရားသခင်ကပေးထားခြင်းဖြစ်သည်။ ဤလှပဆန်းကြယ်မှုများ၏ အတိုင်းအတာကို နှိုက်နှိုက်ချွတ်ချွတ်စုံစမ်းစစ်ဆေး၍ ကျွန်ုပ်တို့၏နှလုံးသားများကိုငှင်းတို့၏အံ့ဩဖွယ်ရာများနှင့်ပြည့်စေရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကို စိန်ခေါ်တိုက်တွန်းထားသည်။ ဤအရာများအားလုံးကို ကြည်နူးခံစားကြရန် ဘုရားသခင်ကကျေးဇူးကြီးစွာဖြင့် ကျွန်ုပ်တို့ကို ပေးအပ်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့လူသားများကို မည်သို့ရှုမြင်ခံစားကြောင်းကို အထက်ပါအချက်များကမည်သို့ပြောပြနေကြသနည်း။

သမ္မာကျမ်းစာရှိ အထင်ရှားဆုံးကျမ်းပိုဒ်ဖြစ်သော ယောဟန် ၃း၁၆ကို မည်သူမေ့လျော့နိုင်သနည်း။ ဤကျမ်းပိုဒ်တွင်သခင်ယေရှုက အဖဘုရားသခင်သည် ဤလောကီသားများကို အလွန်ချစ်သောကြောင့် သူတို့ကိုယ်စား မိမိ၏သားတော်ကို အသေခံရန်စေလွှတ်ခဲ့ကြောင်း၊ ထိုသို့အားဖြင့် ကျွန်ုပ်တို့အားလုံးသည် ထာဝရအသက်ကိုပိုင်ဆိုင်နိုင်ပြီး

ဘုရားသခင်နှင့် ထာဝရစံမြန်းကြမည့်အကြောင်းကို ပြန်လည် အသိပေးထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့်အတူ ထာဝရစံစားရန် အလိုရှိ သည်။ တဖန်ဤအချက်က ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအဘယ်မျှ ချစ်တော်မူကြောင်းကို၄င်း၊ တန်ဖိုးထား ကြောင်းကို၄င်း၊ နှစ်ထောင်းအားရကြောင်းကို၄င်း ဖော်ပြနေပါသည်။

သခင်ယေရှု ဤလောက၌လှုပ်ရှားကျင်လည်ခဲ့စဉ်က မနာ မကျန်းဖြစ်သူများနှင့် မရှိဆင်းရဲသားများကိုကူညီဖေးမခဲ့သည်။ အခြား သူများက အရေးမလုပ်ဘေးဖယ်ခြင်းခံထားရသောသူများကို သခင်ယေရှု က လက်ခံပေးခဲ့သည်။ သူသည် အပြစ်သားများ၏မိတ်ဆွေအဖြစ်ရှိနေခဲ့ သောကြောင့် ကဲ့ရဲ့ဝေဖန်ခြင်းကိုခံခဲ့ရသည်။ သူသည် လူသားအားလုံးကို တန်ဖိုးထား၍ ရိုသေစွာဆက်ဆံခဲ့သည်။ သခင်ယေရှုသည် မိမိအသက် ကရာနီကုန်းထက်ရှိ ကားတိုင်ပေါ်၌စွန့်လွှတ်ပေးဆပ်ရဲလောက်အောင်ပင် ကျွန်ုပ်တို့ကို အလွန်ချစ်ခဲ့သည်။ သူတပါးအတွက်မိမိအသက်ကိုပေးဆပ် ခြင်းဖြင့် ချစ်ခြင်းမေတ္တာကိုဖော်ကြူးခြင်းလောက်ကြီးမြတ်သော ဖော်ကြူး ခြင်း မရှိတော့ပါ။ ကျွန်ုပ်တို့အတွက် အသက်ကိုစတေးရန်လိုလိုလားလား ရှိနေသော သခင်ယေရှု၏ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့ကို သူအဘယ်မျှ တန်ဖိုးထားကြောင်းကို ညွှန်ပြနေသည်။

ရောမ ၈း၃၂ တွင် ရှင်ပေါလု၏မိန့်ဆိုထားချက်ကို ဖတ်ရှု ကြည့်ပါ–

> မိမိသားတော်ရင်းကိုမနှမြောဘဲ၊ ငါတို့ရှိသမျှအဖို့အလို့ငှါ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်း သောအရာ တို့ကို ငါတို့ အားမပေးဘဲ အဘယ်သို့နေ တော်မူမည်နည်း။

သခင်ယေရှုကားတိုင်ထက်၌ အသေခံသွားခြင်းနှင့်အတူ ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ဆက်နွယ်ပတ်သက်မှုသည် ရပ်တန့်

မသွားခဲ့ပါ။ ကျွန်ုပ်တို့၏လိုအပ်ချက်အသီးသီးကို ပံ့ပိုးမြဲပံ့ပိုးပေးလျှက်ရှိသည်။ မဿဲ ၆း၂၅–၃၀ တွင် သခင်ယေရှုက လူအုပ်ကြီးအား မိန့်ကြား ခဲ့သောအရာကို ကြည့်ပါ –

''ထို့ကြောင့် ငါဆိုသည်ကား အဘယ်သို့စားသောက်ရမည်ဟု အသက်အဖို့မစိုးရိမ်ကြနှင့်။ အဘယ်သို့ဝတ်ဖို့မစိုးရိမ်ကြနှင့်။ အစာထက် အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက်ကိုယ်မြတ်သည်မဟုတ်လော။ မိုးကောင်းကင်၌ ကျင်လည်သောငှက်များကို ကြည့်ရှုဆင်ခြင်လော့။ ထိုငှက်တို့သည် မျိုးစေ့ကိုမစိုက်မကြဲ၊ စပါးကိုမရိတ်၊ ကျီ၌မစုသွင်း။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သူတို့ကိုကျွေးမွေးတော်မူ၏။ ထိုငှက်တို့ထက် သင်တို့သည် အလွန်မြတ်သည်မဟုတ်လော။ အဘယ်သူသည်စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တစ်တောင်ခန့်မျှတိုးပွားစေနိုင်သနည်း။ အဝတ်အဖို့အဘယ်ကြောင့်စိုးရိမ်ရသနည်း။ တောနှင်းပန်းတို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်း မလုပ်၊ ချည်ဖြစ်စေခြင်းငှာ၊ မငင်မဝင့်။ သို့သော်လည်း ဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ ဤအဝတ်ကိုမမီဟု ငါဆို၏။ ယုံကြည်အားနည်း သောသူတို့ ယနေ့အသက်ရှင်လျက် နက်ဖြန်မီးဖိုထဲသို့ ရောက်သော တောမြက်ပင်ကိုဘုရားသခင်သည် ထိုသို့ သောအဝတ်နှင့် ဖုံးလွှမ်းတော်မူလျှင် ထိုမျှမက သင်တို့ကို အဝတ်နှင့်ဖုံးလွှမ်းတော်မူ မည်မဟုတ်လော့။

ထာဝရအရှင်ဘုရားသခင်သည် သင်နှင့်သင့်လိုအပ်ချက်များကို လေးလေးနက်နက်အလေးထားဂရုစိုက်နေပါသည်ဟူသော နိဂုံးကို မပြုလုပ်ဘဲ ဤကျမ်းပိုဒ်ကိုသင်မဖတ်ရှုနိုင်ပါ။ ဘုရားသခင်

ကျွန်ုပ်တို့အား အလေးပေး ဂရုစိုက်ခြင်းသည် တစ်ဦးချင်းစီအပေါ်၌ ဖြစ်သည်။ မဿဲ ၁၀း၃၀ တွင် သခင်ယေရှုကပြောပြထားသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ဦးခေါင်းရှိ ဆံပင်အရေအတွက်ကိုပင် သိနေသည်ဟူ၍ ဖြစ်သည်။

ဤကျမ်းချက်များအားဖြင့် ကျွန်ုပ်တို့အပေါ်၌ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ရှင်းလင်းသိသာနေသည်မဟုတ်ပါလား။ ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်ဆင်းခြင်း၏ဦးရစ်သရဖူဖြစ်ကြပြီး၊ ထိုသူတို့အတွက်ပင် သားတော်မှာအသေခံခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည်။ ကျွန်ုပ်တို့မှာ အလွန်တန်ဖိုးရှိပြီး နက်နက်နဲနဲအလေးထားဂရုစိုက်ခံကြရသည်။ ဖန်ဆင်းခြင်းတွင် လူ့အသက်လောက် တန်ဖိုးကြီးသောအရာမရှိပါ။ ဘုရားသခင်သည် သင်နှင့်ကျွန်ုပ်လောက်မည်သည့်အရာကိုမျှ မမြတ်နိုးပါ။

*ကိုယ်ရေးဘဝပန်းတိုင်*

ဘုရားသခင်၏ရှေ့တော်၌ ကျွန်ုပ်တို့သည်ကြီးမားသော တန်ဖိုးနှင့် ဂုဏ်သိက္ခာကိုရရှိထားကြကြောင်းကို လေ့လာခဲ့ကြပြီးဖြစ်သည်။ နောက်ထပ်ကျွန်ုပ်တို့ဖြေရှင်းကြရမည့်မေးခွန်းမှာ လူသားဖြစ်သော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘဝအခြေအနေကို၎င်း၊ ဂုဏ်သရေကို၎င်း၊ အနေအကြမ်းဖွဲ့စည်းပုံကို၎င်း၊ သတ်မှတ်ခွဲခန့်ပိုင်ခွင့် ရှိမရှိပင်ဖြစ်သည်။ ဘုရားသခင်သည်ကျွန်ုပ်တို့အား လွတ်လပ်သော ရွေးချယ်ခွင့်ကိုပေးပါသလား။

ကိုယ်ပိုင်လွတ်လပ်မှုသည် လူတစ်ဦး၏ဂုဏ်သိက္ခာအတွက် မရှိ မဖြစ်လိုအပ်သောအရာဖြစ်သည်။ ဥပမာ၊ ကျေးကျွန်တစ်ဦးကို လေး လေးစားစားမဆက်ဆံကြပါ။ ထိုကျေးကျွန်သည် လုပ်ပိုင်ခွင့်နှင့် အခွင့် အရေးများကို ရုပ်သိမ်းခံရသည်။ သူသည်ထိန်းချုပ်မှုတစ်ခု၏အောက်ရှိ အရာဝတ္ထုတစ်ခုလိုဖြစ်ခဲ့သည်။ သူလုပ်ချင်

သောအရာများကို ထည့်သွင်း စဉ်းစားပေးခြင်းမခံရပါ။ သူသည် သခင်၏အကျိုးအလို့ငှါ အဘယ်မျှကြိုး စားလုပ်ကိုင်သည်ဟူသော အချက်အားဖြင့် သူ၏တန်ဖိုးကိုတိုင်းတာ သတ်မှတ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို မည်သို့ပြုမူဆက်ဆံရန် ရွေးချယ်ခဲ့သနည်း။ ယောဟန် ၁၅း၁၅ တွင် သခင်ယေရှု တပည့်တော်တို့အား မည်သို့ပြောပြထားခဲ့သည်ကို နားဆင်ကြည့်ပါ –

> ယခုမှစ၍ ငါသည်သင်တို့ကို ကျွန်ဟူ၍မခေါ်၊ ကျွန်မူကား ကိုယ့်သခင်ပြုသောအမှုကိုမသိ။ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား ငါသည်ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။

သခင်ယေရှုက တပည့်တော်တို့ကို အစေခံကျွန်ကဲ့မဆက်ဆံဘဲမိတ်ဆွေကဲ့သို့ပြုမူဆက်ဆံရန်ရွေးချယ်ခဲ့ကြောင်း တပည့်တော်တို့အားပြောပြခဲ့သည်။ မိတ်ဆွေတစ်ဦးနှင့် အစေခံကျွန်တစ်ဦးတို့၏ဖြစ်တည်မှုချင်းတွင် ကြီးမားသောကွဲပြားမှုကြီးရှိနေသည်။ မိတ်ဆွေတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့်ရွေးချယ်မှုတို့မှာ အထူးအလေးအနက်ထားခံရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအစေခံကျွန်များသဖွယ်ပြုမူဆက်ဆံရန်လုပ်ပိုင်ခွင့်အပြည့်အဝရှိသော်လည်း ကျွန်ုပ်တို့ကိုမိတ်ဆွေများအဖြစ်ခေါ်ဆိုရန်ကိုသာရွေးချယ်ခဲ့သည်။
ဘုရားသခင်၏ မိတ်ဆွေများဖြစ်ကြသည်နှင့်အားလျော်စွာ ကျွန်ုပ်တို့သည်မိမိတို့၏ဆိုင်ရာဆိုင်ရာ တောင်းဆိုချက်များနှင့်အတူဘုရားသခင်အထံတော်သို့တိုးဝင်ချဉ်းကပ်ပိုင်သော အခွင့်ထူးများရှိနေကြသည်။ သခင်ယေရှုသည်လောက၌သက်တော်ထင်ရှားရှိခဲ့စဉ်ကလည်း အထံတော်သို့တိုးဝင်လာခဲ့ကြသော လူနာများအားအနာရောဂါငြိမ်းခြင်းကိုပေးခဲ့သည်။ မိမိ၏ရန်သူများကိုအပြတ်ချေမှုန်းရန်အတွက် နေမင်းကြီးရပ်တန့်သွားဖို့ ယောရှု ဆုတောင်းခဲ့သည် (ယောရှု ၁၀း၁၂–၁၄)။ ဆော်

လမုန်မင်းကြီးကလည်း မိမိ၏လူမျိုးများကို ပိုင်ပိုင်နိုင်နိုင်အုပ်ချုပ်နိုင်ရန် အတွက် ဘုရားသခင်အထံတော်၌ဆုတောင်းခဲ့သည်။ ဘုရားသခင်က လည်းထိုတောင်းချက်အပြင် အခြားအရာများကိုလည်းခွင့်ပြုပေးခဲ့သည် (၃ရာ ၃း၅–၁၀)။ ရှင်ယာကု ၄း၂ တွင်ကျွန်ုပ်တို့မှမတောင်းသောကြောင့် မရကြဟုဆိုထားသည်။

ဤနေရာတွင်ကျွန်ုပ်တို့သိ မြင်နားလည်ထားဖို့ လိုအပ် သောအရာမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အားမြောက်မြားစွာသော အရာများ ကိုပေးချင်သော်လည်း ထိုအရာများကိုကျွန်ုပ်တို့မှ မတောင်းသောကြောင့်မရရှိကြကြောင်းပင်ဖြစ်သည်။ ဤနေရာ တွင်ကျွန်ုပ်တို့ရွေးချယ်မှု တစ်ခုကိုပြုလုပ်ဖို့လိုသည်။ ကျွန်ုပ်တို့၏အသက် တာရှင်သန်ပုံကို ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာက နည်းလမ်း အမျိုးမျိုးဖြင့်တိုင်းတာမှတ်သားပေးသည်။ ကျွန်ုပ်တို့၏ဆုတောင်းသံ များကိုဖြေကြားပေးသည့်အနေဖြင့်ဘုရားသခင်၏ကောင်းကြီးမိုးများမှာ ကျွန်ုပ်တို့၏အပေါ်၌သွန်းဖြိုးလျှက်ရှိသည်။ ကျွန်ုပ်တို့သည်ကြီးမားသော ကောင်းကြီးမင်္ဂလာနှင့် ကြီးမားသောဆုံးရှုံးနစ်နာမှုကို တွေ့ကြုံနိုင်ပါ သည်။ ဘုရားသခင်၏ကောင်းကြီးမိုးများ ကျွန်ုပ်တို့အပေါ်၌သွန်းဖြိုးလာ အောင်တောင်းခံနိုင်သကဲ့သို့ ဘုရားသခင်နှင့်ဘုရားသခင်၏ရည်ရွယ် ချက်များကို မရှာကြံခြင်းဖြင့်လည်း ထိုကောင်းကြီးမိုးများကိုဟန့်တားနိုင် သည်။ ဤအကြောင်းအရာတွင်ကျွန်ုပ်တို့၌ရွေးချယ်ခွင့်ရှိသည်။

သက်ရှိလူသားများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည် ဘုရားသခင် ကိုနာခံရန် မနာခံ၌လွတ်လပ်စွာရွေးချယ်ခွင့်ရှိသည်။ ကမ္ဘာဦး ၂ တွင်ဘုရားသခင်သည် ဧဒင်ဥယျာဉ်ကြီးထဲ၌ အကောင်း အဆိုးကိုဝေဖန်ပိုင်ခြားစေနိုင်သောအသီးကိုသီးသည့်အပင်ကိုထားခဲ့ သည်။ ထိုအပင်မှအသီးကိုလည်းမစားဖို့ အာဒံအား ပညတ်ထားခဲ့ သည်။ ဘုရားသခင်သည် ထိုအပင်မှအသီးကိုလူသားအားမစားစေလို လျှင်အဘယ်ကြောင့်ထိုအပင်ကို ဥယျာဉ်ကြီးထဲ၌ထားရှိခဲ့သနည်း။ အ

# လူသား၏ဂုဏ်တန်ဖိုး

ဘယ့်ကြောင့်ဆိုသော် ထိုသို့ထားရှိခြင်းအားဖြင့် အာဒံနှင့်ဧဝ၌စစ်မှန်သောလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိလာမည်ဖြစ်သည်။

အစအဦးကတည်းကပင် လူသားတို့၌ နာခံရန် မနာခံရန်ကိုလွတ်လွတ်လပ်လပ်ရွေးချယ်ရန်အခွင့်ရှိနေခဲ့ကြပါသည်။ ယုံကြည်သူများဖြစ်ကြသည့်ကျွန်ုပ်တို့၏နေ့စဉ်အသက်တာသည် စုံစမ်းနှောက်ယှက်ခြင်းများနှင့်ပြည့်လျှက်နေသည်။ နာခံခြင်း၌လျှောက်လှမ်းမလား မနာခံခြင်း၌လျှောက်လှမ်းမလား ဆိုသည့်ဆုံးဖြတ်ချက်ကို နေ့စဉ်ချမှတ်ရန်တွန်းအားပေးခံကြရသည်။ ကျွန်ုပ်တို့အနေဖြင့်အသက်နှင့်နာခံခြင်းကိုရွေးချယ်ကြရန်မှာ ဘုရားသခင်၏အလိုတော်ဖြစ်သော်လည်း ထိုအရာကိုကျွန်ုပ်တို့အမြဲတမ်းတော့ မရွေးချယ်နိုင်ခဲ့ကြပါ။ မနာခံခြင်းကိုလည်းဘုရားသခင်က ခွင့်ပြုလျှက်ရှိသည်။

လူအသီးသီးက မိမိတို့၏အလိုအကျ ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြသည့် သာဓကများကျမ်းစာ၌ပြည့်နေသည်။ ၎င်းတို့အနက်မှအချို့သော ဆုံးဖြတ်ချက်များသည် ဘုရားသခင်ကို၎င်း၊ ဘုရားသခင်၏အလိုတော်ကို၎င်း၊ တိုက်ရိုက်ဆန့်ကျင်နေခဲ့ကြသည်။ ဒါဝိဒ်မင်းသည်ဗာသရှေဗနှင့်ဖောက်ပြန်ခဲ့သည်။ ဤလုပ်ရပ်မှာဘုရားသခင်၏အလိုတော်မဟုတ်ခဲ့သော်လည်း ဒါဝိဒ်မင်း၌လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိခဲ့သည်။ ဘုရားသခင်သည် ထိုသို့သောလွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ကိုကျွန်ုပ်တို့အားလည်းပေးထားသည်။ အကောင်း သို့မဟုတ် အဆိုးကိုကျွန်ုပ်တို့ရွေးချယ်နိုင်သည်။ ဤလောကနှင့် ၎င်း၏အစဉ်အလာများကို၎င်း၊ သို့တည်းမဟုတ် ဘုရားသခင်ကို၎င်း၊ ကျွန်ုပ်တို့ရွေးချယ်နိုင်သည်။

ဘုရားသခင်၌အကြွင်းမဲ့သောတန်ခိုးအာဏာ၊ လုပ်ပိုင်ခွင့်နှင့်ထိန်းချုပ်ပိုင်ခွင့်တို့ရှိနေသော်လည်း လူသား၌လည်းလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိနေကြောင်းကျမ်းစာတွင်ထင်ရှားလျှက်ရှိသည်။ ကျွန်ုပ်တို့အသက်တာ၏ပုံသဏ္ဍာန်နှင့်အနှံ့အရသာတို့သည် ကျွန်ုပ်တို့ပြုလုပ်သော ဆုံးဖြတ်

ချက်များပေါ်တွင်တည်မှီနေသည်။ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုနာခံဖို့ ရွေးချယ်နိုင်ကြသကဲ့သို့ ဘုရားသခင်ထံပါးမှအဝေးကိုထွက်သွားဖို့ကို လည်းရွေးချယ်ပြုလုပ်နိုင်ကြသည်။ ကောင်ကြီးမင်္ဂလာ သို့မဟုတ် ကျိန်ခြင်းအမင်္ဂလာကိုကျွန်ုပ်တို့ ရွေးချယ်နိုင်ပါသည်။ တရားဟောရာ ၃၀း၁၉-၂၀ တွင်မောရှေ၏ခေတ်ကာလမှလူများအားပြောကြားရာတွင် ဘုရာသခင်က သူတို့ကိုရွေးချယ်ခွင့်ပေးထားသည်မှာ-

> အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းကြီးပေးခြင်း၊ ကျိန်ခြင်းတို့ကိုသင့်ရှေ့၌ငါထားသည်ဟု သင့်တဘက်၌ ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။ သို့ဖြစ်၍သင်နှင့်သင့်အမျိုးအနွယ် အသက်ရင်မည်အကြောင်း---အသက်တရားကိုရွေးယူလော့။

ဘုရားသခင်က မောရှေ၏ခေတ်ကာလမှလူများအား အသက်ရှင်ခြင်းနှင့်သေခြင်း၊ ကောင်းကြီးပေးခြင်းနှင့် ကျိန်ခြင်းတို့မှနှစ်သက်ရာကိုရွေးချယ်ဖို့အခွင့်ပေးထားသည်။ ဘုရားသခင်သည် သူတို့ကို အသက်ရှင်ခြင်းအားရွေးချယ်ဖို့ပြောခဲ့သော်လည်း ထိုသို့ပြုလုပ်ဆုံးဖြတ်ရန်ကိုမူအတင်မတိုက်တွန်းခဲ့ပါ။

တစ်ကြိမ်တွင်တနင်္ဂနွေဥပုသ်နေ့စာသင်ခန်းတစ်ခုတွင် ယောရှုနှင့်ယေရိခေါမြို့တိုက်ပွဲအကြောင်းကိုသင်ပေးခဲ့ရဖူးသည်။ ထိုသို့သင်ကြားပေးနေစဉ်တွင်ကလေးတစ်ချို့ကမိမိတို့ထိုင်နေရာမှကောက်ကာငင်ကာမတ်တပ်ရပ်ကြပြီး ယေရိခေါမြို့ကြီးမပြိုလဲခင်၌ယောရှု၏စစ်တပ်ကြီးကထိုမြို့ကိုလှည့်ပတ်၍စစ်ချီတက်ခဲ့ကြသကဲ့သို့ စာသင်ခန်းအတွင်း၌လှည့်ပတ်ချီတက်ခဲ့ကြသည်။ ဤအဖြစ်အပျက်ကိုကျွန်ုပ်တွေ့မြင်နေရချိန်တွင် ကျွန်ုပ်၌ရွေးချယ်ဆုံးဖြတ်စရာနှစ်ခုရှိခဲ့သည်။ ကလေးများကိုသူတို့၏ကိုယ်စီထိုင်ခုံများ၌ချက်ချင်းပြန်ထိုင်ခိုင်းပြီး စည်းကမ်းရှိရှိနေကျဖို့နှင့်ကျွန်ုပ်ပြောပြနေသောအရာများကို နားထောင်ကြဖို့ပြောလိုက်နိုင်သကဲ့သို့ ဤအဖြစ်အပျက်ကို သင်ခန်းစာ၏သာဓကတစ်ခုအနေဖြစ်

လည်းအသုံးပြုနိုင်ပါသည်။ ဤအဖြစ်အပျက်ကိုမကြာခဏပြန်လည်မြင်ယောင်ကြည့်ပြီးဘုရားသခင်၏ အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအကြောင်းကိုစဉ်းစာမိသည်။ သင်နှင့်ကျွန်ုပ်သည်ကိုယ်စိတ်ထင်တိုင်းလုပ်တတ်သော ထိုကလေးငယ်များနှင့်တူသည်။ ကျွန်ုပ်တို့သည်တစ်ခါတစ်ရံအထိန်အကွပ်မရှိနှင့်မလေးမစားရှိုင်းရှိုင်းပျပျနေတတ်ကြသည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်၏စကားကိုနားမထောင်ပဲကိုယ်လုပ်ချင်ရာလုပ်နေကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ပြုလုပ်နေသောအရာများကိုမိမိ၏မဟာအကြံအစည်ကြီးအားဖြည့်စည်းပြည့်စုံလာစေဖို့နှင့် ကျွန်ုပ်တို့ကိုသင်ယူစေလိုသော ဘဝသင်ခန်းစာများကိုသွန်သင်ပေးဖို့ရန်အသုံးပြုနိုင်သောအစွမ်းရှိသူဖြစ်သည်။

အသင်းဖော်များအချင်းချင်းအချိတ်အဆက်မိမိမကစားလိုဘဲကိုယ်စိတ်ကြိုက်သာလွတ်လွတ်လပ်လပ် ကစားလိုကြသော အားကစားအသင်းတစ်သင်းကိုစိတ်ကူးယျာဉ်ကြည့်ပါ။ ဤအသင်း၏ရလာဒ်ကာမည်သို့ဖြစ်မည်နည်း။ အသင်းတစ်သင်းပြိုင်ပွဲတစ်ခု၌အနိုင်ရဖို့ဆိုလျှင်ကွင်းအတွင်း၌ယှဉ်ပြိုင်ကစားနေကြသောအားကစားသမားတစ်ဦးစီ၏အပြုအမူကိုတင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားဖို့လိုကြောင်း နည်းပြတိုင်းက သိထားကြသည်။ နည်းပြဖြစ်သူသည် ဘေးစည်းနားတွင်ရပ်လျှက်အားကစားသမားများအား လုပ်သင့်လုပ်ထိုက်သည်များကိုလုပ်ဖို့အော်ဟစ်အမိန့်ပေးပါလိမ့်မည်။ အားကစားသမားတစ်ဦးစီကနည်းပြဖြစ်သူ၏အော်ဟစ်အမိန့်ပေးသံကို လျစ်လျူရှုခဲ့ကြမည်ဆိုလျှင်မည်သည့်အခြေအနေများဖြစ်လာမည်နည်း။ကွင်းအတွင်း၌ကစဉ့်ကလျားအခြေအနေများသာဖြစ်လာပါမည်။ အသင်းဖော်များအချင်းချင်းအချိတ်အဆက်မိမိနှင့်စည်းစည်းလုံးလုံးမကစားလျှင် အသင်း၏အောင်မြင်ခြင်း ကိုမည်သို့မျှော်လင့်နိုင်ပါမည်နည်း။

စီးပွါးရေးလောကတွင်လည်း အလားတူပင်ဖြစ်သည်။ သင့်ရဲ့စီးပွါးရေးလုပ်ငန်း၌ဝင်ရောက်အလုပ်လုပ်နေကျသောသူများက

သင့်ကိုလုပ်ငန်းရှင်သူဌေးအဖြစ်အသိအမှတ်မပြုဘဲ သူတို့ကြိုက်ရာသာ လုပ်ဆောင်ကြဖို့ရွေးချယ်ဆုံးဖြတ်ကြမည်ဆိုလျှင် မည်သည့်အရာများ ဖြစ်လာမည်နည်း။ သူတို့သည်သင့်ရဲ့ငွေကြေးများကို စိတ်ကြိုက်သုံး ဖြုန်းကြမည်။ လုပ်ငန်းခွင်သို့သူတို့လာချင်သောအချိန်တွင်လာကြမည်။ သင့်ကိုမတိုင်ပင်ဘဲ လုပ်ငန်းခွင်ရှိဆုံးဖြတ်ချက်များကို မိမိတို့စိတ်ကြိုက် ဆုံးဖြတ်ကြမည်။ ဤပုံစံမျိုးဖြင့်စီးပွါးရေးလုပ်ငန်းတစ်ခုကို သင်လုပ်ကိုင် နိုင်ပါမလား။

ဤလောက၌ဖြစ်ပျက်နေသောအရာကို အချိန်အနည်းငယ် ယူ၍စဉ်းစားသုံးသပ်ကြည့်ပါ။ လူတို့သည်ဘုရားသခင်ကိုမတိုင်ပင်ဘဲ မိမိတို့အလိုအကျဆုံးဖြတ်ချက်များကိုနေ့စဉ်ချမှတ်နေကြသည်။ သူတို့ သည်ဘုရားသခင်ကိုကျောခိုင်း၍နှုတ်ကပတ်တော်ကိုလည်းလျှစ်လျူရှု နေကြပါသည်။ ပုန်ကန်လိုသောစိတ်နှလုံးဖြင့် ဘုရားသခင် ပေးထားသော လမ်းမှသွေဖည်လျှက်လျှောက်လှမ်းနေကြပါသည်။ အသင်းတော်များ၌ပင် ယုံကြည်သူအချင်းချင်း အတူတကွလက်တွဲလုပ် ဆောင်ရန်ငြင်းဆန်နေကြသည့်အဖြစ်များကို ကျွန်ုပ်တို့တွေ့မြင်နေကြရ ပါသည်။ တစ်ခါတစ်ရံတွင်အချင်းချင်းဆန့်ကျင်တိုက်ခိုက်ကြပြီး၊ တစ်ခါတစ်ရံတွင်မိတ်သဟာယဖွဲ့ဖို့ကိုသော်၄င်း၊ အတူတကွပူးပေါင် လုပ်ဆောင်ရန်ကိုသော်၄င်း၊ ငြင်းပယ်ကြသည်။ ထိုသို့သောဆုံးဖြတ် ချက်များကိုချမှတ်ရန် ဘုရာသခင်ကကျွန်ုပ်တို့ကိုခွင့်ပြုပေးထားသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့် များကိုရုပ်သိမ်း၍သူလုပ်စေလိုသော အရာများကိုလုပ်ဆောင်ကြဖို့လူ တို့ကိုအတင်းအကျပ်စေခိုင်းခဲ့လျှင် ဘုရားသခင်သည် မိမိ၏ အကြံအစည်များကိုမည်သို့အကောင်အထည်ဖော်ဆောင်နိုင်ကြောင်းကို အလွယ်တကူနားလည်၍ရသည်။ သို့သော် အကြွင်းမဲ့ထိန်းချုပ်ပိုင်သော အချုပ်အခြာတန်ခိုးအာဏာရှိလျှက်နှင့် အခြားတစ်ဘက်တွင် လူသား တို့အားကိုယ်ပိုင်ရွေးချယ်ခွင့်နှင့် မိမိတို့အလိုအကျမနာခံခြင်းများကို

ခွင့်ပြုထားသည်မှာ လူသားတို့နားလည်နိုင်ခြင်း၏တဘက်တွင်ရှိနေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်စွာရွေးချယ် ဆုံးဖြတ်ပိုင်ခွင့်မရုပ်သိမ်းပါ။ သို့သော် ဖြစ်ပျက်သမျှအရာအားလုံးကို မိမိ၏အကြံအစည်များ အထမြောက်ပြည့်စုံလာဖို့ အသုံးချပါသည်။ မကောင်းမှုဒုစရိုက်နှင့် မနာခံခြင်းမျာကိုပင် အဆုံးတွင်မိမိ၏ရည်ရွယ်ချက်များ အထမြောက်ပြည့်စုံလာဖို့ အသုံးချပါလိမ့်မည်။

လူသားများအနေဖြင့် ကျွန်ုပ်တို့၏မနာခံခြင်းများနှင့် ပုန်ကန်ခြင်းများ၏အကျိုးအဆက်ကိုကျွန်ုပ်တို့ပြန်လည်ခံစားကြရမည်ဖြစ်သော်လည်း တဘက်တွင်ဘုရားသခင်၏မဟာအကြံအစည်မှာ အထမြောက်ပြည့်စုံလာပါလိမ့်မည်။ ဘုရားသခင်သည်ကျွန်ုပ်တို့အားလွတ်လပ်စွာရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ကိုဆက်လက်ပေးထားသော်လည်း အဆုံးတွင်မိမိ၏ရည်ရွယ်ချက်များ အထမြောက်ပြည့်စုံလာဖို့ အရာအားလုံးကိုချိတ်ဆက်ဖြေရှင်းနိုင်စွမ်းရှိသောသူဖြစ်သည်။ ဤသည်မှာစစ်မှန်သောအချုပ်အခြာတန်ခိုးအာဏာရှိခြင်းပင်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဤအခန်တွင်ဘုရားသခင်သည် ကျွန်ုပ်တို့အားမိမိ၏သားသမီးများအဖြစ်နှင့်မည်သို့ရှုမြင်ခံစာကြောင်းနှင့်စပ်လျှင်း၍မည်သည့်အရာကိုကျွန်ုပ်တို့လေ့လာသင်ယူကြရပါသနည်း။
- ကျွန်ုပ်တို့၌လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်းသက်သေအထောက်အထားကျမ်းစာတွင်ရှိပါသလား။
- ဘုရားသခင်သည်သင့်ကိုအရေးကြီးသော သင်ခန်းစာများသွန်သင်ပေးဖို့ သင့်ရဲ့ကျရှုံးခြင်းများနှင့်မနာခံခြင်းများကို မည်သို့အသုံးပြုခဲ့ပါသနည်း။
- ဘုရားသခင်သည်ကျွန်ုပ်တို့၏ ကျရှုံးခြင်းများထက်သာ၍ကြီးမြတ်

ပါသည်ဟူသောအချက်သည် ကျွန်ုပ်တို့၏အပြစ်ကိုခွင့်ပြုပေးပါသလား။ သင့်အသက်တာ၌သင့်အပြစ်အတွက်သင်နောက်ဆုံးခံစားခဲ့ရသောအကျိုးအဆက်ကာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- မိမိ၏သားသမီးတစ်ဦးအဖြစ်နှင့် ဘုရားသခင်ကသင့်အပေါ်မှာထားရှိသောချစ်ခြင်းနှင့်ဆက်ကပ်အပ်နှံမှု့အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- ဘုရားသခင်ကို၄င်း၊ဘုရားသခင်၏အကြံအစည်များကို၄င်း၊ နာခံလိုက်လျှောက်နိုင်ရန်ကူညီမစပေဖို့တောင်းလျှောက်ပါ။ သင်ကျရှုံးနေသောအချိန်၌ပင် သင်ကိုဘဝသင်ခန်းစာများ သွန်သင်ပေးနိုင်သောကြောင့်ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်သည်သင့်ရဲ့ကျရှုံးခြင်းများအားလုံးနှင့်သင့်အပြစ်ဒုစရိုက်ထက် ကြီးမြတ်တော်မူသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ အပြစ်ဒုစရိုက်နှင့်မနာခံခြင်းများသည်ဤလောက အတွက်ထားရှိသောမိမိ၏အကြံ အစည်များကိုအကောင်အထည် ဖော်ခြင်းမှဘုရားသခင်ကို မဟန့်တားနိုင်ကြသောကြောင့်ကျေးဇူးတင်ချီးမွမ်းပါ။

# ၅
# အပြစ်ဒုစရိုက်

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း အကြောင်းကို လေ့လာသောသူတိုင်း အပြစ်ဒုစရိုက်အကြောင်းနှင့် စပ်လျဉ်းသောမေးခွန်း များကိုလည်း ကိုင်တွယ်ဖြေရှင်းပါမည်။ အကယ်၍ဘုရားသခင်သည် အကြွင်းမဲ့သန့်ရှင်းတော်မူလျက် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်လျက် အဘယ်ကြောင့် အပြစ်ဒုစရိုက်ဟူသောအရာရှိနေရသနည်း။ ဘုရားသခင် သည် အပြစ်ဒုစရိုက်ကို ဤလောကမှအလွယ်တကူဖယ်ရှားခြင်းမပြုနိုင် ပါသလော။ ကျွန်ုပ်တို့အထဲ၌ အပြစ်ဒုစရိုက်၏ အလွန်ဆိုးဝါးသော အကျိုးအဆက်ကို မတွေ့ကြုံဖူးသေးသောသူ မည်သူရှိမည်နည်း။ လူသတ်မှု၊ သူတပါး၏ သားမယားနှင့်အိမ်ထောင်ရေးဖောက်ပြန်မှု၊ ခိုးယူလုယက်မှု၊ မတရားမှုများသည် ကျွန်ုပ်တို့ဖတ်ရှုနေကြသော သတင်းစာများ၏ခေါင်းစဉ်ကြီး နေရာကို ယူထားကြသည်။ စစ်ပွဲများနှင့် လူထုအုံကြွမှုများ တစ်ကမ္ဘာလုံး၌အဆက်မပြတ်ဖြစ်ပွားနေသည်။ ကျွန်ုပ်၏စာအုပ်များကို လက်ခံရရှိခဲ့သောညီအစ်ကိုတစ်ယောက်က ၎င်းတို့နိုင်ငံ၏ရွေးကောက်ပွဲအငြင်းပွားမှုများကြောင့်ဖြစ်ပေါ်လာသော အကြမ်းဖက်လုပ်ရှားမှုများကြောင့် ၎င်း၏ နေအိမ်မှာပြာပုံကျမီးရှို့ ဖျက်ဆီးခံခဲ့ရကြောင်း စာပို့အကြောင်းကြားခဲ့သည်။ ၎င်းနှင့်၎င်း၏

မိသားစုဝင်များသည် အဝတ်တစ်ထည်ကိုယ်တစ်ထည်ဖြင့်သာ လွတ်မြောက်ခဲ့ကြသည်။ အပြစ်ဒုစရိုက်နှင့် ဆိုးညစ်ဖောက်ပြန်မှုများကြောင့် ၎င်းတို့ပိုင်ဆိုင်သမျှကို ဆုံး ရှုံးခဲ့ကြသည်။ အပြစ်ဒုစရိုက်သည် ဧဒင်ဥယျာဉ်ကြီးမှ တဆင့်ဤလောကသို့ဝင်ရောက်လာခဲ့ချိန်မှစ၍ ဤကမ္ဘာကြီးကိုဖျက်ဆီးနေခဲ့သော အလွန်ကြောက်စရာကောင်းသည့် အရာဖြစ်သည်။ ထိုသို့သော အပြစ်ဒုစရိုက်ကို အဘယ်ကြောင့်ဘုရားသခင် ခွင့်ပြုနေသနည်း။ ကျွန်ုပ်တို့၏အနီးပတ်ဝန်းကျင်၌တွေ့ကြုံနေရသော အလွန်ဆိုးဝါးသည့် ဤအပြစ်ဒုစရိုက်၏ဖြစ်တည်မှုအခြေအနေ၌ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို ကျွန်ုပ်မည်သို့နားလည်သဘောပေါက်ကြရမည်နည်း။

ဤမေးခွန်း၏အဖြေကိုနောက်ဆုံးသင်ခန်းစာတွင် ရှင်းလင်းဖြေကြားထားပါသည်။ ဘုရားသခင်သည် လူသားတို့အားဂုဏ်သိက္ခာအရ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးထားသောကြောင့် အပြစ်ဒုစရိုက်ဟူသောအရာရှိနေရသည်။ ကျွန်ုပ်တို့ကို ထိုသို့သော လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ပေးထားသောသူကို အပြစ်ဒုစရိုက်စတင် ဖန်တီးခဲ့သူဟု မဆိုနိုင်ပါ။ ဥပမာ သင်သည် သင့်ကားကို မိတ်ဆွေတစ်ဦး ငှားရမ်းထားသည်ဟု ဆိုကြပါစို့။ ထိုသို့သင့်ကားကို အသုံးပြုမောင်းနှင့် နေချိန်ကာလတွင် သူသည် သတ်မှတ်ထားသော မိုင်နှုန်းထက်ကျော်လွန်၍ မဆင်မခြင်မောင်းနှင်မှုကြောင့် ရဲများက သူ့ကိုရပ်တန့်၍စစ်ဆေးခဲ့ကြသည်။ ဤအဖြစ်အပျက်တွင် အပြစ်ရှိသောသူကား အဘယ်သူနည်း။ သင်သည် သင့်မိတ်ဆွေအား ထိုကားကိုငှားရမ်းအသုံးပြုခွင့်မပေးခဲ့လျှင် သူသည်ရဲများ၏ရပ်တန့်စစ်ဆေးခြင်းကိုခံရမည်မဟုတ်ကြောင်း မှန်ပါသည်။ သို့သော် သင့်မိတ်ဆွေသည် ကိုယ်ပိုင်ရွေးချယ်မှုတစ်ခုကို ပြုလုပ်ခဲ့သည်။ သူသည်သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေကိုမနာခံရန် ရွေးချယ် ခဲ့သောကြောင့် သူတစ်ဦးတည်းသာအပြစ်ရှိသည်။

ဤရာဇဝတ်မှုအတွက် သင်၌အပြစ်မရှိပါ။ သင့်ကားကို သူ့အားငှားရမ်းအသုံးပြုစေခဲ့ခြင်းဖြင့် သင်သည်အမှား မကျူးလွန်ခဲ့ပါ။

ဘုရားသခင်သည်လည်း ထိုနည်းငှင်းပင်ဖြစ်သည်။ ဘုရားသခင် သည် ကျွန်ုပ်တို့ကို အသက်ရှင်ခြင်းနှင့်ဂုဏ်သိက္ခာအရ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ပေးထားသည်။ ယောရှု ၂၄း၁၄– ၁၅ ၌တွေ့ရသော ဣသရေလတို့ထံ၌ နောက်ဆုံးပြောကြားခဲ့သည့် ယောရှု၏မိန့်ဆိုချက်များ ကို နားဆင်ကြည့်ပါ။

> ယခုမှာ ထာဝရဘုရားကို ကြောက်ရွံ့၍ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့်တကွ ဝတ်ပြုကြလော့။ မြစ်ကြီးတစ်ဘက်၌၄င်း၊ အဲဂုတ္တုပြည်၌၄င်း၊ ဘိုးဘေးတို့ဝတ်ပြုသောဘုရားများကို ပယ်၍ထာဝရဘုရားကိုသာဝတ်ပြုကြလော့။ သို့မဟုတ် ထာဝရဘုရားအား ဝတ်မပြုကောင်းဟု သင်တို့ထင်လျှင် မြစ်ကြီးတစ်ဘက်၌ ဘိုးဘေးတို့ဝတ်ပြုသောဘုရား၊ သင်တို့နေရာအာမောရိပြည်သားတို့၏ဘုရားများတွင် အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့။ ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။

ယောရှုသည် မိမိ၏လူမျိုးတို့အား ရွေးချယ်မှုတစ်ခုကိုပြုကြရန် ပြောဆိုနေကြောင်းကိုသတိပြုပါ။ "ထာဝရဘုရားအား ဝတ်မပြုကောင်းဟု သင်တို့ထင်လျှင် အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့"ဟု ပြောခဲ့သည်။ ဣသရေလလူမျိုးတို့သည် ရွေးချယ်မှုတစ်ခုကို ပြုလုပ်ကြရတော့မည်။ ဘုရားသခင်သည် မိမိ၏လူတို့အား မိမိကို၄င်း၊ မိမိပြဋ္ဌာန်းထားသော နည်းလမ်းစည်းမျဉ်းတို့ကို၄င်း၊ အတင်းအကျပ်ရွေးချယ်စေမည်မဟုတ်ခဲ့ပါ။ လူမျိုးတော်တို့ သည် အခြားသောဘုရားများကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိခဲ့ကြသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဥပဒေကြောင့်ပြု၍ကျွန်ုပ်တို့အလို ရှိသည့်အတိုင်းသာ လုပ်ဆောင်ကြရန် ကျွန်ုပ်တို့ ရွေးချယ်ကြလျှင် ဘုရားသခင်ကို ကျွန်ုပ်တို့အပြစ်တင်၍မရပါ။ ကနဦးကတည်းကပင် အပြစ် ဒုစရိုက်သည် လူသားတို့မှ ဘုရားသခင်ကို၄င်း၊ ဤလောကအတွက် ထားရှိသောဘုရားသခင်၏အကြံအစည်များကို၄င်း၊ လျစ်လျူရှုရန် ရွေးချယ်ခဲ့ခြင်း၏အသီးအပွင့်တစ်ခု အဖြစ်ရှိနေခဲ့ပြီးမဟုတ်ပါသလား။

ပရောဖက် ယောရှုနှင့် ၄င်း၏ခေတ်ကာလရှိ လူမျိုးတော်တို့အား ပြောဆိုခဲ့သည်မှာ –

> သင်တို့သည် ဘာသာနှစ်ပါးစပ်ကြားမှာ ဘယ်မျှကာလပတ်လုံး ယုံမှားသောစိတ်နှင့် နေကြလိမ့်မည်နည်း။ ထာဝရဘုရားသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကို ဆည်းကပ်ကြလော့။ ဗာလသည် ဘုရားသခင်မှန်လျှင် ထို ဘုရားကိုဆည်းကပ်ကြလော့ဟု ဆိုလျှင်လူတို့သည် တိတ်ဆိတ်စွာနေကြ၏(၃ရာ ၁၈း၂၁)။

ယောရှုသည် မိမိလူမျိုးတို့၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်ပြုခဲ့ပြီး၊ ၄င်းတို့အားရွေးချယ်မှုတစ်ခုကို ပြုလုပ်ကြရန် ဆင့်ခေါ်ခဲ့သည်။ ၄င်းတို့သည် ထာဝရဘုရားသခင်ကိုသော်၄င်း၊ ဗာလကိုသော်၄င်း လွတ်လပ်စွာကိုးကွယ်ဆည်းကပ်ခွင့် ရှိခဲ့ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဂုဏ်သိက္ခာအရ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးထားသောကြောင့် အပြစ်ဒုစရိုက်ဟူသော အရာရှိနေရသည်။ ဘုရားသခင်ကိုကျော်ခိုင်း၍ ကျွန်ုပ်တို့အလိုအတိုင်းသာ ပြုလုပ်စီရင်ကြရန် ဆုံးဖြတ်ရွေးချယ်ခဲ့ကြသောကြောင့် အပြစ်ဒုစရိုက်ဟူသော အရာရှိနေရသည်။ လူသားများသာလျှင် ဤအမှုကိစ္စအတွက် အပြစ်ရှိသည်။ ဤအချင်းအရာကို ကျွန်ုပ်တို့အပေါ်သို့ ကျွန်ုပ်တို့ဘာသာ ဆောင်ယူခဲ့ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်ပြုထားသော်လည်း ကျွန်ုပ်တို့လုပ်ရပ်များ၏အကျိုးအဆက်

ကိုမူ ကျွန်ုပ်တို့ပြန်လည်ပေးဆပ်ရပေမည်။

အပြစ်ဒုစရိုက်၏ ဤဖြစ်တည်မှုအခြေအနေထဲ၌ ဘုရားသခင်၏ အချုပ်အခြာတန်ခိုးအာဏာရှိခြင်းသည် မည်သို့အံ့ဝင်ဂွင်ကျစေ့စပ်နေ သနည်း။ အပြစ်ဒုစရိုက်နှင့် ပုန်ကန်ဖီဆန်ခြင်းသည် ဤလောက၌ပြည့် နေပြီး၊ ဤအခြေအနေတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်ပြုထားစဉ်တွင်ပင် ဘုရားသခင်သည် အပြစ်ဒုစရိုက်အပေါ်၌ အချုပ်အခြာတန်ခိုးအာဏာရှိကြောင်းကို သမ္မာကျမ်းစာက အတိအလင်းသွန်သင်ပေးထားသည်။ ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းနှင့် အပြစ်ဒုစရိုက်တို့အကြောင်းကို သမ္မာကျမ်းစာက မည်သို့သွန်သင်ပေးထားသည်ကို လေ့လာသုံးသပ်ကြည့်ကြပါစို့။

*ဘုရားသခင်သည် အပြစ်ဒုစရိုက်ကို ထိန်းချုပ်တားမြစ်သည်။*

ကမ္ဘာဦးကျမ်း ၂၀ တွင် အာဗြဟံနှင့် စာရာတို့က ၄င်းတို့၏ဆက်နွယ်ပတ်သက်မှုအား လိမ်ညာခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့ဖတ်ရှုရသည်။ အာဗြဟံသည် အဘိမလက်ထံ၌ စာရာသည် မိမိ၏နှမဖြစ်သည်ဟု ပြောခဲ့သည်။ ထိုသို့ပြောဆိုချက်ကို ကြားခဲ့သော အဘိမလက်သည် စာရာအား မိမိ၏မိန်းမဆောင်ထဲသို့ ခေါ်ဆောင်ခဲ့သည်။ ဤသို့သော လိမ်ညာမှုသည် သူ့မယားအားပြစ်မှားခြင်းအမှုကို ဖြစ်ပေါ်စေခဲ့နိုင်သည်။ သို့သော် ဘုရားသခင်သည် အဘိမလက်မင်းကြီးအိပ်မက် ၌ ကိုယ်ကိုကိုယ် ကိုယ်ထင်ပြခြင်းဖြင့် စာရာအားကွယ်ကာပေးခဲ့သည်။ ထိုအိပ်မက်တွင် စာရာအား၄င်း၏ခင်ပွန်းသည်အာဗြဟံထံသို့ ပြန်လည် ပို့ဆောင်ခြင်းမပြုလျှင် ၄င်း၏အသက်နုတ်ယူမည့်အကြောင်း ဘုရားသခင် က အဘိမလက်မင်းအား သတိပေးခဲ့သည်။ ထိုအခါ အဘိမလက်မင်းက စာရာကို မိမိလက်မျှဖြင့် မထိသေးကြောင်း ဘုရားသခင်အား ပြန်ပြောခဲ့သည်။ ဘုရားသခင်သည် အဘိမလက်မင်းအား

မည်သို့တုန့်ပြန် ထားသည် ကို ကမ္ဘာဦး ၂၀း၆ တွင် နားဆင်ကြည့်ပါ။

ထိုအိပ်မက်၌ဘုရားသခင်ကလည်း မှတ်ပေ၏။ သင်သည် ဖြောင့်မတ်သောသဘောနှင့် ပြုသည်ကို ငါသိ၏။ သင်သည် ငါ့ကို မပြစ်မှားစေခြင်းငှာ သင့်ကို ငါဆီးတားပြီ။ သို့ဖြစ်၍ ထိုမိန်းမနှင့်ပေါင်းဖော်ရသောအခွင့်ကို ငါမပေး။

ဘုရားသခင်သည် အဘိမလတ်မင်းကြီးအား အာဗြဟံ၏မယား စာရာကို ထိရခြင်းအခွင့် မပေးခဲ့ပါ။ စာရာသည် မုသာစကားကို ဆိုခဲ့လင့်ကစား ဘုရားသခင်သည် အဘိမလတ်မင်းကိုသူမအထံပါးမှ ဖယ်ရှားဆီးတားခြင်းဖြင့် သူမကိုကွယ်ကာပေးခဲ့သည်။

ဘုရားသခင်သည် အပြစ်ဒုစရိုက်အား ထိန်းချုပ်ဆီးတားသည့်အရာကို ဒါဝိဒ်မင်းကလည်း အသက်တာတွင်တွေ့ကြုံခဲ့သည်။ ဓမ္မရာဇဝင် ပထမစောင် ၂၅ တွင် ဒါဝိဒ်နှင့် သူ၏လူများသည် ရှောလုမင်းထံမှ ထွက် ပြေးတိမ်းရှောင်ခဲ့ကြသည့် အဖြစ်အပျက်ကို ကျွန်ုပ်တို့ ဖတ်ရှုရသည်။ ထိုသို့ထွက်ပြေးတိမ်းရှောင်နေကြရသောကြောင့် သူတို့သည် ပင်ပန်းနွမ်းနယ်ခဲ့ကြ၍ အစာရေစာပြတ်လပ်နေခဲ့ကြသည်။ ဒါဝိဒ်သည် နာဗလ အမည်တွင်သော ဥစ္စာကြွယ်ဝသည့် လူချမ်းသာတစ်ဦးအား ချဉ်းကပ်၍ အစာရေစာများကို ထောက်ပံ့ပေးကမ်းရန် ပြောခဲ့သည်။ နာဗလသည် ဒါဝိဒ်ကို မည်သည့်အကူအညီမျှ မပေးခဲ့ပေ။ ဒါဝိဒ်သည် အလွန်ဒေါသထွက်ခဲ့ပြီး၊ နာဗလနှင့် ၎င်း၏အိမ်သားများကိုသုတ်သင်ရန် မိမိ၏စစ်သား များကို စေလွှတ်ဖို့ဆုံးဖြတ်ခဲ့သည်။ နာဗလသည် ဒါဝိဒ်အား ထိုသို့တုန့်ပြန် ခဲ့သည့် အကြောင်းကို နာဗလ၏မယားဖြစ်သူ အဘိဂဲလ က ကြားသိခဲ့သောအခါ သူမသည် အစာရေစာများကို ချက်ချင်းပြင်ဆင်၍ ဒါဝိဒ်ကို တွေ့ဆုံရန်ထွက်သွားခဲ့သည်။ ဒါဝိဒ်သည် ထိုအစာရေစာများကို လက်ခံရရှိသောအခါ အဘိဂဲလအား ၁ရာ ၂၅း၃၂-၃၅ တွင် မည်သို့ပြောဆိုထားခဲ့သည်ကို နားဆင်ကြည့်ပါ။

ဒါဝိဒ်ကလည်း၊ ယနေ့ငါနှင့်တွေ့စေခြင်းငှာ၊ သင့်ကိုစေလွှတ်တော်မူသော ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ သင်ပေးသောအကြံလည်း မင်္ဂလာရှိစေသတည်း။ ယနေ့ငါသည် လူ့အသက်ကိုသတ်အံ့သောငှာ၊ မသွားဖို့ ကိုယ်လက်နှင့်ကိုယ်တိုင် ပြစ်ဒဏ်မပေးဖို့ ဆီးတားသော သင်သည်လည်း မင်္ဂလာရှိစေသတည်း။ အကယ်စင်စစ်သင့်ကို ငါမညှဉ်းဆဲဖို့ ဆီးတားတော်မူသော ဣသရေလအမျိုးဘုရားသခင်ထာဝရဘုရား အသက်ရှင်နေသမျှ သင်သည် ငါနှင့်တွေ့ခြင်းငှာ အလျှင်အမြန်မလာလျှင် အကယ်စင်စစ် နက်ဖြန်မိုးလင်းသောအခါနာဗလ၏ လူယောက်ျားတစ်စုံတစ်ယောက်ကိုမျှ ငါချန်မထားဟု အဘိဂဲလအား ပြောဆိုလျှက် သူဆောင်းခဲ့သော လက်ဆောင်ကို သူ၏လက်မှ ခံယူ၍ သင်နေရာအိမ်သို့ ငြိမ်ဝပ်စွာသွားလော့။ သင်၏စကားကို ငါနားထောင်ပြီ။ သင်၏မျက်နှာကိုလည်းထောက်၍ နေမည်ဟု ဆိုလေ၏။

မိမိ ကိုအပြစ်ကျူးလွန်မည့်အဖြစ်မှ ကွယ်ကာရန် အဘိဂဲလကို ပို့ဆောင်ပေးခဲ့သူသည် ဘုရားသခင်ဖြစ်ကြောင်းကို ဒါဝိဒ်ကောင်းကောင်း သိရှိနေခဲ့သည်။ အဘိဂဲလသာ ရောက်မလာခဲ့လျှင် ဒါဝိဒ်သည် နာဗလ၏ အိမ်ထောင်မိသားစုအားလုံးကိုသတ်ဖြတ်ခဲ့ခြင်းဖြင့် အပြစ်ကျူးလွန်ခဲ့ပါလိမ့်မည်။ ဘုရားသခင်သည် အဘိဂဲလအား ဒါဝိဒ်ထံသို့ ဆောင်ယူခဲ့ခြင်းဖြင့် ဒါဝိဒ်အား အပြစ်ကျူးလွန်မည့်အရေးမှ ကွယ်ကာပေးခဲ့သည်။

ပရောဖက်ဟောရှေသည် အိမ်ထောင်ရေးဖောက်ပြန်သော သစ္စာမရှိသည့်မယားဖြစ်သူ၏ ပုံဥပမာကို အသုံးပြု၍ ဘုရားသခင်သည် မိမိ၏လူမျိုးတို့အား အပြစ်လုပ်ခြင်းမှ ဆီးတားရန် ထိုလူမျိုးတော်တို့၏ အသက်တာ၌မည်သို့ လှုပ်ရှားလုပ်ဆောင်ခဲ့ကြောင်းကို ပြသထားသည်။ ဟော ရှေ ၂း၆–၇ ၌ ပရောဖက်ဟောရှေပြောကြားခဲ့သည်မှာ –

သို့ဖြစ်၍ သူ့ကို ဆူးဆောင်ရန်းနှင့် ကာထားမည်။ ထွက်စရာ မရှိစေခြင်းငှာ သူပတ်လည်၌ကျောက်ရိုးကိုလည်း တည်မည်။ သူသည် ရည်းစားတို့ကိုလိုက်သော်လည်း မမီ၊ ရှာသော်လည်း မတွေ့ဘဲ နေရသောအခါ လင်ဟောင်းထံသို့ ငါပြန်သွားမည်။ ယနေ့နေရာထက် အရင်နေရာ သာ၍ကောင်းသည်ဟု ဆိုလိမ့်မည်။

က္လာသရေလလူမျိုးတို့သည် အခြားသော ရည်းစားများနောက်သို့သာ တွင်တွင် လိုက်နေခဲ့သည်။ သူမ၏ခင်ပွန်းဖြစ်သူ ဘုရားသခင်ကို ကျောခိုင်းသွားခဲ့ပြီ။ သို့သော် ဘုရားသခင်သည် သူမအပေါ်၌လက်လျှော့သွားခဲ့မည်မဟုတ်ပါ။ သူမသွားရာလမ်း၌ ဆူးချုံပုတ်များကို တည်ထားခြင်းဖြင့် သူမကို ထိုသို့လမ်းသလားနေခြင်းမှ တားမြစ်ခဲ့ပါလိမ့်မည်။ ဘုရားသခင်သည် သူမ၏ချစ်သူရည်းစားများကို သူမအထံမှ ကွယ်ဝှက်ထားပြီး၊ သူမသည်လည်း ထိုသူတို့အပေါ်၌ သာယာမှုကို ရှာတွေ့တော့မည်မဟုတ်ခဲ့ပါ။ က္လာသရေလ လူမျိုးတို့၌လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ရှိနေလင့်ကစား ဘုရားသခင်သည် သူတို့အပေါ်၌လွယ်လင့်တကူ လက်လျှော့သွားခဲ့မည်မဟုတ်ပါ။ ဘုရားသခင်သည် က္လာသရေလလူမျိုးများကို မိမိအထံပါးသို့ ပြန်လည်ယူဆောင်လာရန် မိမိတတ်နိုင်သမျှကို စွမ်းဆောင်ခဲ့ပါလိမ့်မည်။ က္လာသရေလလူမျိုးတို့၏အတိုက်အခံပြုခြင်းသည် နောက်ဆုံးတွင် ပြိုကွဲသွားခဲ့ပြီး၊ ၎င်း၏ဘုရားသခင်အထံပါးသို့ ပြန်လှည့်လာရန် လိုလိုလားလား ရွေးချယ်ခဲ့ပါသည်။

ကမ္ဘာကြီးအပေါ်၌ မကောင်းမှုဒုစရိုက်လွှမ်းမိုးမည့်နေ့ရက်ရောက်ရှိလာနေသည့်အကြောင်းကို ရှင်ပေါလုပြောပြထားသည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ဘုရားသခင်သည် ထိုမကောင်းမှုဒုစရိုက်ကို တားဆီးထိန်းချုပ်ထားနေသေးသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ၂သက် ၂၇ တွင် ရှင်ပေါလု၏ပြောကြားချက်ကို နားဆင်ကြည့်ပါ။

အဘယ်သို့နည်းဟူမူကား၊ ဝှက်ထားလျက်ရှိသော ထိုဓမ္မအရာ

> သည် ယခုပင်ပြုပြင်ဆဲရှိ၏။ သို့သော်လည်းဆီးတားသောသူသည် ပယ်ရှင်းခြင်းသို့ မရောက်မီတိုင်အောင် ဆီးတားလိမ့်မည်။

အပြစ်ဒုစရိုက်ကို ကျူးလွန်နိုင်သော လွတ်လပ်မှုကို ဘုရားသခင်သည် လူသားတို့အား ပေးထားလင့်ကစား မိမိ၏ထိန်းချုပ်ပိုင်ခွင့်လက်တော်ကို မရုပ်သိမ်းခဲ့ပေ။ ဘုရားသခင်သည် အပြစ်ဒုစရိုက်ကို တားဆီးထိန်းချုပ်လျှက်ရှိသည်။ အပြစ်ဒုစရိုက်သည် ထကြွသောင်းကျန်းနေသော်လည်း ၎င်းသည် ဘုရားသခင်၏ထိန်းချုပ်မှု အောက်၌သာရှိလျှက် နေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမှန်သောလမ်း၌လျှောက်လှမ်း ကြရန် ကျွန်ုပ်တို့ကို ကွယ်ကာပေးရင်း တိုက်တွန်းနှိုးဆော်နေပါသည်။

*ဘုရားသခင်သည် အပြစ်ဒုစရိုက်ကိုဒဏ်ခတ်စီရင်သည်။*

အပြစ်ဒုစရိုက်တွင် စပ်လျဉ်း၍ဒုတိယမြောက်ပြောဆိုဆွေးနွေးရမည့်အချက်မှာ ဘုရားသခင်သည် အပြစ်ဒုစရိုက်ကို ကျူးလွန်သူတို့အား ဒဏ်ခတ်စီရင်တော်မူသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ရှောလမုန်မင်းကြီးသည် ၎င်း၏ခေတ်ရှိ လူပျိုလူရွယ်တို့အား အကြံပြုထားချက်ကို နားဆင်ကြည့်ပါ။

> အချင်းလူပျို၊ အသက်ပျိုသောအခါပျော်မွေ့လော့။ အသက်ပျိုစဉ်ကာလတွင် စိတ်ရွှင်လန်းခြင်းရှိလော့။ ကိုယ်အလိုရှိရာလမ်းနှင့် ကိုယ်ဉာဏ်ပြသောလမ်းကို လိုက်လော့။ သို့ရာတွင် ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍သင့်ကိုအပြစ်ပေးတော်မူမည်ဟု အောက်မေ့လော့(ဒေသနာ ၁၁း၉)။

အထက်ပါကျမ်းပိုဒ်တွင် ပညာရှိရှောလမုန်မင်းကြီးသည် ၎င်း၏ခေတ်ကာလရှိ လူပျိုလူရွယ်တို့အား လူ့ဘဝကြီးကို ပျော်ပျော်ရွှင်ရွှင် အသုံးပြုရှင်သန်သွားကြရန်ဖြစ်သော်လည်း၊

မိမိတို့၏လုပ်ရပ်များအတွက် ဘုရားသခင့်ရှေ့တော်၌ပြန်လည်၍ ရှင်းလင်းချက်ပေးရမည့်အကြောင်းကို ပြောခဲ့သည်။

မိမိတို့၏ကိုယ်စီလုပ်ရပ်များအတွက် ရှင်းလင်းချက်ကို ပေးရမည့် နေ့ရောက်လာဦးမည်ဖြစ်သည်။ ရောမ ၁၄း၁၈ တွင် ထိုအကြောင်းကို ရှင်ပေါလုမှ ကျွန်ုပ်တို့အား ပြောပြထားပါသည်။

> သင်သည် ညီအစ်ကိုချင်းကို အဘယ်ကြောင့်စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကို အဘယ်ကြောင့် မထီမဲ့မြင်ပြုသနည်း။ ငါတို့ရှိသမျှသည် ခရစ်တော်၏တရားပလ္လင်တော် ရှေ့သို့ရောက်ရကြမည်။

ဘုရားသခင်၏တရားစီရင်ခြင်းပလ္လင်တော်ရှေ့၌ ကျွန်ုပ်တို့အားလုံးရပ်ကြရလိမ့်မည်။ သခင်ယေရှုက ၄င်း၏နေ့ရက်ကာလရှိ လူတို့အား ၄င်းတို့ပြောကြားခဲ့သည့် အကျိုးမဲ့သောစကားများအတွက် ဖြေရှင်းချက်ပေးရမည့်အကြောင်းကို မဿဲ ၁၂း၃၆ တွင် ပြောပြထားသည်။

> ငါဆိုသည်ကား လူတို့သည် အကျိုးမဲ့သောစကားကို ပြောသမျှအတွက် တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကိုခံရကြလတံ့။ သင့်စကားများအားဖြင့် သင်သည်အပြစ်လွတ်လိမ့်မည်။

ဤလောက၌ရှိစဉ် ကျွန်ုပ်တို့ကျူးလွန်ခဲ့ကြသော အပြစ်ဒုစရိုက်အတွက်ဖြေရှင်းချက်ကို ဘုရားသခင်က ကျွန်ုပ်တို့အထံမှ တောင်းပါလိမ့်မည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ကို လွန်ကျူးနိုင်သော လွတ်လပ်မှုမျိုးရှိထားကြသော်လည်း ကျွန်ုပ်တို့ပြုလုပ်သောအပြစ်ဒုစရိုက်၏အကျိုးအဆက်များကို လည်း လက်ခံကြရလိမ့်မည်။ ကျွန်ုပ်တို့၏လုပ်ရပ်များအတွက် ဘုရားသခင်ကိုဖြေရှင်းချက်ပေးကြရပါမည်။

*ဘုရားသခင်သည် မိမိ၏နာမတော်ကို ဂုဏ်ကြီးစေပါလိမ့်မည်။*

နောက်ဆုံးအနေဖြင့် အချုပ်အခြာတန်ခိုးအာဏာရှိသော ဘုရား သခင်သည် မိမိ၏သာ၍ထူးကဲကြီးမားသော ရည်ရွယ်ချက်များကို အထ မြောက်စေဖို့ရန် အပြစ်ဒုစရိုက်ကိုပင် အသုံးပြုနိုင်သည်ဆိုသည့်အချက် ကို ကျွန်ုပ်တို့နားလည်ထားရန် လိုအပ်သည်။ ဤအချက်၏အရှင်းလင်း ဆုံး ပုံဥပမာမှာ သခင်ယေရှုအသေခံခြင်းပင်ဖြစ်သည်။ တမန်တော် ၂း၂၂-၂၄ ရှိ ပေတရုကို မိန့်ဆိုထားချက်ကို နားဆင်ကြည့်ပါ။

> ဣသရေလလူတို့၊ ငါ့စကားကိုနားထောင်ကြလော့။ သင်တို့ သိကြသည်အတိုင်း နာဇရက်မြို့သား ယေရှုသည် ထူးဆန်း သော တန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို သင်တို့ တွင် ပြုရသောအခွင့်နှင့် ဘုရားသခင်ပေးတော်မူသော သက် သေကို ရသောသူဖြစ်၍ ဘုရားသခင်ပြဋ္ဌာန်းတော်မူသောအလို တော်အားဖြင့်၎င်း၊ အနာဂတံသဉာဏ်တော်အားဖြင့်၎င်း၊ အပ်နှံ ခြင်းကိုခံသော ထိုယေရှုကို သင်တို့သည် ဖမ်းဆီး၍မတရားသော သူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ရိုက်၍ကွပ်မျက်ကြပြီ။ ထိုသူ ကို သေခြင်းဝေဒနာသည် အစဉ်ချုပ်နှောင်ချုပ်ကိုင်၍ မဖြစ်နိုင် သည်နှင့်၊ ထိုဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍ပြန်ရှင် စေတော်မူပြီ။

မတရားသောသူတို့သည် ပုန်ကန်ထကြွခြင်းနှင့် မုန်းတီးရွံ့ရှာ ခြင်းတို့ကြောင့် ကျွန်ုပ်တို့၏သခင်ကိုယ်တော်ကို အသေသတ်ခဲ့ကြသော် လည်း ဘုရားသခင်သည် ဤသူတို့၏အပြစ်ဒုစရိုက်အမှုကို မိမိလူမျိုးတို့ ၏ ကယ်တင်ခြင်းအထမြောက်ပြည့်စုံလာဖို့ရန်အတွက် အသုံးပြုခဲ့သည်။

ယောသပ်၏ညီအစ်ကိုများသည် ယောသပ်ကို ကျွန်အဖြစ်ရောင်း စားခဲ့ကြသည်။ ဘုရားသခင်သည် ဤအခြေအနေကို ဖန်ဆင်းပြန်လှည့် ၍ မိမိ၏ဘုန်းတော်ထင်ရှားဖို့ အသုံးပြုခဲ့သည်။ ယောသပ်သည် အဲဂုတ္တု ပြည်ကြီး၏ဒုတိယအာဏာရှင်ဖြစ်လာပြီး၊ မိမိ၏လူတို့အား အစာခေါင်း

ပါးခြင်းကပ်ဘေးကြောင့် သေဆုံးကြမည့်ဘေးမှ ကယ်တင်ရန်အသုံးပြုခံခဲ့ရသည်။

လုကာ ၁၅ တွင် နာခံခြင်းမရှိ၊ ပုန်ကန်တတ်သောလူငယ်ဖြစ်သည့် ပျောက်သောသားသည် မိမိအိမ်ကို စွန့်ခွါသွားခဲ့သည်။ အပြစ်ဒုစရိုက်အမှု၌ပျော်မွေ့ကျင်လည်ခဲ့သည်။ မိမိပိုင်ဆိုင်သော ငွေကြေးဥစ္စာများ ကုန်ခမ်းသွား၍ ဘဝ၏အဆိုးဆုံးအခြေအနေကို ရင်ဆိုင်ရသောအချိန်တွင် ပျောက်သောသားသည် မိမိ၏လုပ်ရပ်များ မှားယွင်းကြောင်းကို သိရှိလာခဲ့သည်။ ထိုသို့သောကြောင့် ပျောက်သောသားသည် မိမိ၏အဘထံသို့ ပြန်လာရန်ဆုံးဖြတ်ခဲ့ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ ပျောက်သောသားသည် မိမိ၏မိသားစုကို ယခင်ကလိုလက်တလုံးခြားအသုံးပြုတော့မည်မဟုတ်ကြောင်း ကျွန်ုပ်တို့အခိုင်အမာယုံကြည်နိုင်ပါသည်။ သူပြုခဲ့သောအပြစ်ဒုစရိုက်သည် သူ့ကို အလွန်တန်ဘိုးရှိသော ဘဝသင်ခန်းစာများကို သွန်သင်ပေးခဲ့ပါသည်။

ဘုရားသခင်သည် လူသားတို့အား လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးထားပါသည်။ ထိုလွတ်လပ်စွာလုပ်ကိုင်ခွင့်ကို ရယူ၍ ဘုရားသခင်ကို ဆန့်ကျင်လျှက် အပြစ်ဒုစရိုက်ကျူးလွန်ရန် ကျွန်ုပ်တို့အသုံးပြုကြပါသည်။ သို့သော် ဘုရားသခင်ထိန်းချုပ်ခြင်းအမှုကို ဆက်၍လုပ်ဆောင်လျှက်ပင်ရှိနေပြီး၊ အပြစ်ဒုစရိုက်ကို တားဆီးကာကွယ်၍ ဒဏ်ခတ်စီရင်တော်မူသည်။ ထိုအပြင် ဘုရားသခင်သည် မိမိ၏ဘုန်းအသရေတိုးဖို့ ရန်အတွက်၄င်း၊ ကျွန်ုပ်တို့ကို ဘဝသင်ခန်းစာများသွန်သင်ပေးရန် အတွက် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကိုအသုံးပြုပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်မှုရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်ပြုသော်လည်း ကျွန်ုပ်တို့၏ဆိုးညစ်သောရွေးချယ်မှုများကြောင့် အထိန်တလန့် ဖြစ်၍ ခြိမ်းခြောက်ခြင်းမျိုးကို မခံရပါ။ ကျွန်ုပ်တို့ပြုလုပ်သော ဆိုးညစ် သည့်ရွေးချယ်မှုများ၏အကျိုးအဆက်ကို ဤလောကကြီးက ခံစားနေရသော်လည်း၊

ဘုရားသခင်သည် မိမိ၏အကြံအစည်များအထမြောက်ပြည့် စုံလာဖို့ရန် ဆက်လက်၍လှုပ်ရှားလုပ်ဆောင်နေပါသည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- အပြစ်ဒုစရိုက်သည် မည်သည့်နေရာမှ ရောက်ရှိလာသနည်း။ ဤလောကကြီးထဲသို့ အပြစ်တရားဝင်ရောက်လာခြင်းအတွက် မည်သူ့ကို အပြစ်တင်ရမည်နည်း။
- ဘုရားသခင်မှ ကျွန်ုပ်တို့တစ်ဦးချင်းစီကို ပေးထားသောလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် အပြစ်ဒုစရိုက်တို့၏ ဆက်နွယ်ပုံကား အဘယ်နည်း။
- ဘုရားသခင်သည် အပြစ်ဒုစရိုက်ကို မည်သို့တားဆီးထိန်းချုပ်သနည်း။ သင့်အသက်တာ၌အပြစ်ဒုစရိုက်ကို မကျူးလွန်စေရန် ဘုရားသခင်က သင့်ကိုကွယ်ကာပေးသည့်အတွေ့အကြုံမျိုးရှိခဲ့ဖူးပါသလား။
- သင်ပြုသောအပြစ်ဒုစရိုက်နှင့်ပုန်ကန်ခြင်းတို့အားဖြင့် ဘုရားသခင်သည် သင့်ကိုမည်ကဲ့သို့သော ဘဝသင်ခန်းစာကို သွန်သင်ပေးခဲ့ပါသနည်း။ ထိုသွန်သင်မှုသည် သင့်အသက်တာကိုပြောင်းလဲစေခဲ့ပါသလား။
- သင့်အသက်တာ၌ အပြစ်ဒုစရိုက်၏အကျိုးအဆက်များကား အဘယ် အရာများဖြစ်ခဲ့ကြသနည်း။

## ဆုတောင်းရန်အချက်များ

- သင်သည်အပြစ်ဒုစရိုက်ပုန်ကန်တတ်ခြင်းတို့၌ မကျရောက်မည် အကြောင်း သင် သင်ယူမှတ်သားရန် လိုအပ်သောဘဝသင်ခန်းစာများကိုသွန်သင်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သင့်အား လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ပေးထားသော ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။ သင့်ကိုကွယ်ကာ၍

စောင်မပေးသနား တော်မူသောကြောင့်လည်း ကျေးဇူး တင်ချီးမွမ်းပါ။ သင်သည် ပုန်ကန်တတ်ခြင်း အရာ၌ မကျ ရောက်မည့်အကြောင်း ဘုရားသခင်၏လမ်းပြဦးဆောင်ခြင်း ကိုသိမြင်ခံစားနိုင်ရန် ကူညီမစပေးဖို့ ဘုရားသခင်ကိုတောင်း လျှောက်ပါ။

- လူသားတို့၏ပုန်ကန်တတ်ခြင်း၊ နှလုံးသားကို မမှုဘဲ မိမိ၏အကြံ အစည်များကို ဆက်လက်၍အကောင်အထည်ဖော်နေမည့်အတွက် ဘုရားသခင်ကို အချိန်အနည်းငယ်ယူ၍ ကျေးဇူးတင်ချီးမွမ်းပါ။ ဘုရား သခင်သည်အပြစ်ဒုစရိုက်နှင့်ပုန်ကန်ခြင်းအရာများထက် ကြီးမြတ် တော်မူသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

# ၆
# မတရားမှုနှင့် ဆင်းရဲဒုက္ခ

ပြီးခဲ့သည့်အခန်းတွင် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းနှင့် ဆက်စပ်လျက် အပြစ်ဒုစရိုက်နှင့်စပ်လျဉ်းသောမေးခွန်းကို ကျွန်ုပ်လေ့လာခဲ့ကြပြီးဖြစ်သည်။ ယခုကျွန်ုပ်တို့အပေါ်သို့ ကျရောက်လာသောမေးခွန်းမှာ မတရားမှုနှင့်ဆင်းရဲဒုက္ခတို့၏မေးခွန်းများပင်ဖြစ်သည်။ ဤလောကကြီးကို ဘုရားသခင်အမှန်တကယ်ထိန်းချုပ်နေလျှင် အဘယ်ကြောင့်မတရားမှုနှင့်ဆင်းရဲဒုက္ခသည် ဤကမ္ဘာပေါ်၌အလွန်များပြားနေရသနည်း။

ဤကမ္ဘာမြေကြီးသည် ၄င်း၏ဝမ်းနည်းဖွယ်အဖြစ်ဆိုးများနှင့် မတရားမှုဝေစုကြီးကို မျှဝေခံစားနေရပါသည်။ လူမျိုးစုတစ်စုလုံးကို အမြစ် ဖြုတ်သုတ်သင်ရန် အမိန့်ပေးသောလူမဆန်သည့် နိုင်ငံရေးခေါင်းဆောင် များကို ကျွန်ုပ်တို့သိမြင်ခဲ့ဖူးကြပါသည်။ စစ်ပွဲများသည် သန်းနှင့်ချီသော လူတို့၏ သက်ဇီဝိန်ကို ခြွေခဲ့ပါသည်။ ရောဂါဆန်းများ၊ အစာခေါင်းပါး ခြင်းများနှင့် သဘာဝဘေးဆိုးကြီးများကလည်း လူအသက်ပေါင်းများစွာကိုနှုတ်ယူခဲ့ပါသည်။ အကြမ်းဖက်လုပ်ရပ်များကလည်း အပြစ်မဲ့ပြည်သူများ၏ အသက်ကိုမတရားသဖြင့် နှုတ်ယူခဲ့သည်။ လူသတ်မှုများနှင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုခင်းများမှာလည်း အဆမတန်

တိုးမြင့်လာနေ သည်။ ကျွန်ုပ်တို့၏သတင်းစာများကလည်း ကိုယ့်ကိုယ်ကို သေကြောင်း ကြံခြင်းဖြင့် အဆုံးစီရင်သွားကြသည်။ စိတ်ပျက်၍မျှော်လင့်ချက်မဲ့နေသော လူငယ်လူရွယ်များ၏ဖြစ်ရပ်များကို အမြဲဖော်ပြနေသည်။ ကျွန်ုပ်နေထိုင် ရာ ကနေဒါနိုင်ငံတွင် စာသင်ကျောင်းများ၌သေနတ်ပစ်ခတ်မှုများကို အကြိမ်ပေါင်း များစွာကြားခဲ့ရသည်။ ရက်စက်ကြမ်းကြုတ်သော ဤဖြစ် အပျက်များမှ မည်သူမျှမလွတ်မပါ။ ကလေးငယ်များနှင့် ဆယ်ကျော်သက် များမှာ မတရားဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး၊ အဓမ္မပြုကျင့်ခံရသော အဆုံးတွင် အသေသတ်ခြင်းကိုပင် ခံကြရသည်။ သက်ကြီးရွယ်အိုများ သည် ၄င်းကိုနေထိုင်ရာအိမ်ထဲတွင်ပင် အဓမ္မလုယက်ခြင်းနှင့် ရိုက်နှက် ခြင်းကို ခံကြရသည်။ အိမ်ထောင်သည်မိန်းမများသည်လည်း ခင်ပွန်းသည် တို့၏အနိုင်ထက်စီးနင်းပြုခြင်းနှင့် သတ်ဖြတ်ခြင်းကို ခံကြရသည်။ အေအိုင်အက်စ်၊ ကင်ဆာနှင့်အခြားသောရောဂါဘယ များစွာကလည်း ကမ္ဘာ့လူဦးရေကို အမြစ်ဖြုတ်ရန်ခြိမ်းခြောက် နေပါသည်။ ဤသို့သော အဖြစ်အပျက်များတွင် ဘုရားသခင် ဘယ်ရောက်နေသနည်း။ အကယ်၍ ဘုရားသခင်သည် အချုပ်အခြာ တန်ခိုးအာဏာပိုင်သာဖြစ်လျှင် အဘယ်ကြောင့် ထိုအချင်း အရာများဖြစ်ပျက်နေရသနည်း။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်သည် ဟူသော အယူဝါဒသည် လူအချို့အတွက် အလွန်ကြီးမားသောပြဿနာ ကိုဖြစ်စေသည်။ ဘုရားသခင်သည် ဤစကြဝဠာကြီးကို ထိန်းချုပ်ထား ပြီး၊ ဤအချင်းအရာများပေါ်ပေါက်လာဖို့ အခွင့်ပေးလျှင် ထိုသို့သော ဘုရားသခင်ကို အလိုမရှိဟု သူတို့ဆိုကြသည်။ သမီးပျိုတစ်ဦးအား အဓမ္မပြုကျင့်ခံဖို့ရန်(သို့)သတ်ဖြတ်ခြင်းခံဖို့ရန် ခွင့်ပြုသောဘုရားသခင်သည် မည်သို့သောဘုရားသခင်ဖြစ်မည်နည်း။ သေနတ်တစ်လက်ကို ကိုင်ဆောင် လျက် စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်၍အပြစ်မဲ့လူငယ်များအား

၎င်းတို့၏အရွယ်ကောင်းအချိန်တွင် ပတ်ခတ်သတ်ဖြတ်ရန် မည်သို့သော ဘုရားသခင်ကခွင့်ပြုမည်နည်း။ လေယာဉ်ပျံတစ်စီးအပေါ်၌၎င်း၊ လူအများ နေထိုင်ရာအဆောက်အဦး၌ပုံးထောင်၍ရာနှင့်ချီသောအပြစ်မဲ့ပြည်သူတို့၏ အသက်ကိုနှုတ်ခြေသွားသော အကြမ်းဖက်သမားတစ်ဦးကို အခွင့်ပေး သော ဘုရားသခင်မျိုးကို ကျွန်ုပ်တို့ယုံကြည်ကိုးစား၍ ရမည်လော။ မတော် တဆယဉ်တိုက်မှုအားဖြင့် ကျွန်ုပ်၏ကလေး(သို့)ဇနီးမယား(သို့) လင်ယောကျ်ား၏ ဇီဝိန်ကိုခြွေခဲ့သောဘုရားသခင်ကို ကျွန်ုပ်တို့မည်သို့ တွေးထင်ယူဆကြမည်နည်း။ ကျွန်ုပ်ပိုင်ဆိုင်ထားသမျှကို လက်လွတ် ဆုံးရှုံးသွားအောင် ကျွန်ုပ်၏စီးပွါးရေးလုပ်ငန်း၌ ဒေဝါလီခံရအောင် အခွင့် ပေးသောဘုရားသခင်ကို ကျွန်ုပ်မည်သို့လက်ခံနိုင်မည်နည်း။

ကမ္ဘာ့တဝှမ်းရှိခရစ်ယာန်အတိုင်ပင်ခံပုဂ္ဂိုလ်(Counsellors) များသည် အထက်ပါမေးခွန်းများ၏သင့်တင့်လျောက်ပတ်သော အဖြေများ ကို ရှာကြံရင်း လုံးပန်းနေကြပါသည်။ ဘုရားသခင်၏စိတ်သဘောထား နှင့် အကြံအစည်များကို မည်သူက နှိုက်နှိုက်ချွတ်ချွတ်သိနိုင်မည်နည်း။ ဤမေးခွန်းများ၏အဖြေများ ကျွန်ုပ်၌ရှိနေပါသည်ဟုလည်း ကျွန်ုပ်ဟန် မဆောင်ချင်ပါ။ သို့သော်ဘုရားသခင်၏နှုတ်ကပတ်တော်သို့ ကျွန်ုပ်တို့ ဦးလှည့်အာရုံပြုကြဖို့ကိုတော့ လိုချင်ပါသည်။ ဆင်းရဲဒုက္ခများ၊ မတရား မှုများနှင့်ပြည့်နေသော ကမ္ဘာကြီး၌နှစ်သိမ့်ခြင်းနှင့်မျှော်လင့်ခြင်းကို ကျွန်ုပ် တို့စတင်တွေ့ရှိနိုင်သောနေရာသည် သမ္မာကျမ်းစာ တွင်သာဖြစ်သည်။

ဆင်းရဲဒုက္ခနှင့် မတရားမှုများနှင့် စပ်လျဉ်းသောပြဿနာသည် အသစ်အဆန်းတော့မဟုတ်ပေ။ အဲဂုတ္တုပြည်ရှင် ဖာရောမင်း၏ဖိနှိပ် ချုပ်ချယ်မှုအောက်၌ ဣသရေလလူမျိုးများသည် ဆင်းရဲခြင်းဒုက္ခကိုအကြီး အကျယ်ကြုံတွေ့ခံစားခဲ့ကြသည်။ ဖာရောဘုရင်သည် ဣသရေလလူမျိုး တို့၏နိုင်ငံကြီးတစ်နိုင်ငံကို

တည်ထောင်နိုင်လောက်သည့် လူဦးရေတိုးပွါး လာမှုကို သတိပြုမိခဲ့သည်။ ဣသရေလလူမျိုးတို့က ၄င်းအား တော်လှန်ပုန်ကုန်ကြမည့်အရေးကို စိုးရိမ်ခဲ့သည်။ ဤစိုးရိမ်စိတ်ကိုဖြေရှင်းရာတွင် ဘုရားသခင်၏လူမျိုးများသည် အဲဂုတ္တုလူမျိုးများ၏ရက်စက်ကြမ်းကြုတ်မှုအောက်သို့ ရောက်ရှိလာရသည်။ ဣသရေလလူမျိုးများသည် မတရားရိုက်နှက်ခြင်းနှင့်ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံကြရသည်။ သို့သော် ဣသရေလ လူမျိုးများဆက်လက်၍ တိုးပွားနေကြောင်း ထိုဖာရောဘုရင်သိရှိသော အခါ ဝမ်းဆွဲမတို့ကို ၄င်းတို့မွေးဖွားသန့်စင်ပေးသော ဟေဗြဲယောကျ်ား ကလေးငယ်များအားလုံးကို အသေသတ်ရန် အမိန့်ပေးခဲ့သည်။ သို့သော်အထက်ပါအစီအစဉ် အလုပ်မဖြစ်သောအခါ တွေ့သမျှဣသရေလ ယောကျ်ားကလေးငယ်များအားလုံးကို နိုင်းမြစ်အထဲ၌ နှစ်သတ်ရန် အဲဂုတ္တုလူမျိုးအားလုံးကို အမိန့်ထုတ်ခဲ့ပြန်သည်။ ဖာရောဘုရင်၏စိတ်နှလုံး သည် အလွန်ဆိုးညစ်ကောက်ကျစ်လှသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးခဲ့သည့်နည်းတူ ဖာရောဘုရင်ကိုလည်း လူသား ဂုဏ်သိက္ခာအရ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးခဲ့ပါသည်။

ဘုရားသခင်သည် ဖာရောဘုရင်၏အပြစ်ဒုစရိုက်ကို ဖန်တီးရေးဆွဲခဲ့သူမဟုတ်ပါ။ ဘုရားသခင်၏လူမျိုးတော်တို့အား ညှဉ်းပန်းနှိပ်စက်ရန်မှာ ဖာရောဘုရင်ကိုယ်တိုင် မိမိ၏အသိစိတ်ဖြင့် ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်သာဖြစ်သည်။ အဲဂုတ္တုပြည်၌ ဤအချင်းအရာများဖြစ်ပျက်နေချိန်တွင် ဘုရားသခင်ဘယ်ရောက်နေသနည်း။ ဤအချင်းအရာကို ကြားဝင်ဖြေရှင်းပေးရန် ဘုရားသခင်သည် အဘယ်ကြောင့် အချိန်ကြာမြင့်စွာ ယူခဲ့သနည်း။ ဘုရားသခင်သည် ထိုမတရားမှုနှင့်ဆင်းရဲဒုက္ခကို အဘယ်ကြောင့်ချက်ချင်းမရပ်တန့်ပစ်သနည်း။

သင့်ကိုသင် စစ်တပ်တစ်တပ်မှ တပ်မှူးတစ်ဦးဟု စိတ်ကူးကြည့်ပါ။ သင်လုပ်ရမည့်စစ်ဆင်ရေးမှာ ရန်သူခြေကုပ်စခန်းတစ်ခုကို

သိမ်းယူရန်ဖြစ်သည်။ ထိုစစ်ဆေးရေးကိုဆင်နွှဲဖို့ သင့်အား ကျွမ်းကျင်တတ်မြောက်သောစစ်သာတစ်စုကို ပေးအပ်ထားသည်ဟု ဆိုကြပါစို့။ သင်တို့အားလုံးက ထိုစစ်ဆင်ရေးတွင် အသေအပျောက်ရှိမည့်အကြောင်းကို သိထားကြသည်။ ထိုစစ်ဆေးရေးအထမြောက်နိုင်ဖို့ရန်သာ လက်အောက်ငှစစ်သားများကို တိုက်ပွဲဝင်စေပါလိမ့်မည်။ ထိုတိုက်ပွဲတွင် စစ်သားအချို့မှာ ဒဏ်ရာရ၍အချို့မှာ အသက်ဆုံးရှုံးခဲ့ကြပါလိမ့်မည်။ အသက်တစ်ချောင်း၏တန်ဖိုးကို သင်တို့အားလုံးက ကောင်းကောင်းနားလည်ထားကြသော်လည်း၊ သာ၍ကြီးမားသည့်အကျိုးအမြတ်တစ်ခုအတွက် စစ်သားများကို ထိုတိုက်ပွဲသို့စေလွှတ်ခဲ့ခြင်းတွင် သင့်ကိုမည်သူကမျှ အပြစ်တင်ကြမည်မဟုတ်ပါ။ အမှန်ဆိုရလျှင် မိမိတို့ကျရာတာဝန်ကို ထမ်းဆောင်ရာ၌ အသက်ကိုမစတေးလိုသောစစ်သားများကို ကျွန်ုပ်တို့ဂုဏ်ယူကြပါသည်။ ကျွန်ုပ်တို့အသက်ကိုစတေးထိုက်သော အကြောင်းအရာမြောက်မြားစွာရှိနေပါသည်။

အသက်သေဖို့ သေချာသလောက်ရှိနေသော သေတွင်းထဲသို့ ကျွန်ုပ်တို့၏သားသမီးများကိုစေလွှတ်နေသော ကျွန်ုပ်တို့၏တပ်မှူးများကို ခွင့်လွှတ်ပေးရန် အဆင်သင့်ရှိနေကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့တိုက်ပွဲဝင်နေရသည့်အကြောင်းအရင်းကို ကျွန်ုပ်တို့ယုံကြည်လက်ခံ ကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည်လည်း လူသားတို့အတွက် သာ၍ကြီးမြတ်သောအကျိုးတရားကို ရှာကြံနေပါသည်။ ဘုရားသခင်၏ တိုက်ပွဲမှာ အပြစ်ဒုစရိုက်နှင့်စာတန်မာရ်နတ်ကို ဆန့်ကျင်၍ပြုရသော တိုက်ပွဲဖြစ်သည်။ မရေတွက်နိုင်အောင် များပြားသော လူ့ဝိညာဉ်များသည် အလွန်အရေးကြီးသောအခြေအနေတွင် ရှိနေကြသည်။ အချို့မှာ ရန်သူ၏ဖမ်းဆီးခြင်းကိုခံကြရပြီး၊ အချို့မှာ ငရဲတည်းဟူသော ထာဝရညှဉ်းပန်းခံရမည့်စခန်းသို့ တိုက်ရိုက်ပို့ဆောင်ခြင်းကို ခံကြရတော့မည်။ ကျွန်ုပ်တို့၏တပ်မှူးကြီးဖြစ်သော ဘုရားသခင်သည် ကျွန်ုပ်တို့၏ရန်သူ

စာတန်နှင့်စစ်ခင်းနေသည်။ ဘုရားသခင်၏အဓိကရည်ရွယ်ချက်မှာ မိမိလူတို့အား ရန်သူ့လက်မှလွတ်မြောက်စေရန်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သားတော်သခင်ယေရှု၏ ငြိမ်သက်ခြင်းထဲ၌ ရှင်သန်ကြရန် အလိုရှိသည်။ မျက်မှောက်တော်၌နေရခြင်းဟူသော ထာဝရအမွေအနှစ် ကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးလိုသည်။ ကျွန်ုပ်တို့သည်အပြစ် ဒုစရိုက်နှင့်၄င်း၊ စာတန်မာရ်နတ်နှင့်၄င်း၊ ယှဉ်ပြိုင်၍စစ်ပွဲဆင်နွှဲရာတွင် ကျွန်ုပ်တို့အထဲမှ အချို့သည် ထိခိုက်ဒဏ်ရာရရှိခဲ့ကြလိမ့်မည်။ ကျွန်ုပ်တို့၏ဝိညာဉ်များကိုလွတ်မြောက်စေဖို့အလို့ငှါ၊ သခင်ယေရှုကိုယ်တိုင်ပင် မိမိအသက်ကိုစတေးခဲ့ပြီးဖြစ်သည်။ စာတန်မာရ်နတ်သည် အလွယ်တကူ လျှော့ပေးမည်မဟုတ်ပါ။ ကျဆုံးခြင်းများကို ရင်ဆိုင်တွေ့ကြုံရမည့်တိုက်ပွဲ ၏အပြင်းထန်ဆုံးနေရာသို့ ဝင်ရောက်ကြရန် ဘုရားသခင်သည် ကျွန်ုပ်တို့ အထဲမှ အချို့ကိုဆင့်ခေါ်နေပါသည်။ ဤအရာမှာ စစ်၏သဘောသဘာဝ ပင်ဖြစ်သည်။

ဖာရောဘုရင်အား မိမိလူမျိုးတို့၏ရန်သူကြီးအလား သတ်မှတ် ၍ ထွက်မြောက်ရာ ၉း၁၆ ၌ ဘုရားသခင်မိန့်ထားသည်မှာ –

> အကယ်စင်စစ် ငါ့တန်ခိုးကို သင်၌ငါပြခြင်းငှါ၄င်း၊ ငါ့နာမကို မြေကြီးတစ်ပြင်လုံးတွင် ကျော်စောစေခြင်းငှါ၄င်း၊ သင့်ကို ငါချီးမြှောက်ခဲ့ပြီ။

ဖာရောဘုရင်သည် ဘုရားသခင်၏လူမျိုးတို့အား ညှဉ်းပန်းနှိပ်စက်ရန် မိမိ၏အသိစိတ်မှလာသော ဆုံးဖြတ်ချက်တစ်ခုကိုပြုခဲ့သော်လည်း၊ ဘုရားသခင်ကလည်း မိမိနာမတော်ကြီးမြတ်တော်မူသည့် အကြောင်းကို ကြွေးကြော်ဖို့ရန်အတွက် ဖာရောဘုရင်ကို အသုံးပြုခဲ့သည်။ အဲဂုတ္တုပြည်ကြီး၌ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်တွင်

အသေအပျောက်များ များစွာရှိခဲ့သော်လည်း ထိုသို့ဖြစ်ပျက်ခဲ့ခြင်းတွင် ရည်ရွယ်ချက်တစ်ခုလည်း ရှိနေခဲ့ပါသည်။ ဤကမ္ဘာလောကကြီးက ဘုရားသခင်၏သာ၍ကြီးမား သော တန်ခိုးတော်နှင့်ချစ်ခြင်းမေတ္တာကို နားလည်နိုင်ဖို့ရန်အတွက် ဖာရောဘုရင်၏တန်ခိုးသြဇာ နှင့်ဆိုးညစ်မှုကိုလည်း တွေ့မြင်နားလည်ရန် လိုအပ်ခဲ့သည်။ ဘုရားသခင်၏လူမျိုးများ ရင်ဆိုင်တွေ့ကြုံခဲ့ရသော ဆင်းရဲဒုက္ခသည် အလကားသက်သက်မဟုတ်ခဲ့ပါ။ ထိုအချင်းအရာသည် ဘုရားသခင်၏သာ၍ကြီးမားသော်တန်ခိုးတော်ကိုထုတ်ဖော်ခဲ့သည်။ ဣသရေလလူမျိုးတို့သည် ဖာရောဘုရင်၏ရက်စက်ကြမ်းကြုတ်မှုကို ပထမဦးစွာ မခံစားခဲ့လျှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတရားကို ဘယ် သောအခါတွင်မျှ နားလည်ခဲ့မည်မဟုတ်ပါ။ သြဇာ အရှိန်ကြီးသော ဖာရော ဘုရင်၏ဖိနှိပ်ချုပ်ချယ်ခြင်းလက်ကို ဆန့်ကျင်၍တိုက်ခိုက်သောဘုရားသခင် ၏တန်ခိုးတော်ကို မတွေ့မြင်ခဲ့လျှင် ဘုရားသခင်၏တန်ခိုးတော်ကို သူတို့ နားလည်ခဲ့ကြမည်မဟုတ်ပါ။

ဖာရောဘုရင်အား အနိုင်ယူခဲ့သော ဣသရေလလူမျိုးတို့၏ သမိုင်းရာဇဝင်သည် သမိုင်းတလျှောက်၌မြောက်မြားစွာသော လူတို့၏ အသက်တာ၌အကျိုးသက်ရောက်မှုများကို ဖြစ်စေခဲ့ပါသည်။ ဘုရားသခင် ၏အကြောင်းကို သွန်သင်ပေးသော ဤသမိုင်းရာဇဝင်နှင့် ၎င်း၏ သင်ခန်းစာများသည် ဘဝခရီးလမ်း၌အခက်အခဲများ ရင်ဆိုင်တွေ့ကြုံရ သောအခါ ကျွန်ုပ်တို့အထဲမှ မည်သူ့ကိုများ ခွန်အားမပေးဘဲနေခဲ့သနည်း။ ဘုရားသခင်၏လူမျိုးများ၏ အဲဂုတ္တုပြည်အတွေ့အကြုံသည် အချည်းအနှီး သက်သက် တော့မဟုတ်ခဲ့ပါ။ ထိုအတွေ့အကြုံသည် သာ၍ကြီးမားသော ကောင်းကျိုးကိုဖြစ်စေခဲ့ပါသည်။ ဣသရေလလူမျိုးတို့၏သမိုင်းရာဇဝင် သည် နောင်လာမည့်မျိုးဆက်သစ်များအတွက် ကမ္ဘာတစ်ဝှမ်းရှိ

ယောက်ျား၊ မိန်းမတို့ကိုခွန်အားပေးခဲ့ပါလိမ့်မည်။ သူတို့သည် ဘုရားသခင်၏တန်ခိုးတော်ကို တွေ့မြင်ခဲ့ကြ၍ခွန်အားစစ်များကို ရယူခဲ့ကြပါလိမ့် မည်။ သူတို့တွေ့ကြုံခံစားရသော ဖိနှိပ်ညှဉ်းပန်းခြင်းများတွင် ဣသရေလ လူမျိုးတို့အား အဲဂုတ္တုပြည်ကြီးမှကယ်တင်ခဲ့သောဘုရားသခင်အပေါ်၌ ယုံကြည်စိတ်ချလျှက် ထိုအခက်အခဲများတွင် ကြံ့ကြံ့ခံရပ်တည်ခဲ့ကြပါလိမ့်မည်။ ဤသမိုင်းရာဇဝင်အားဖြင့် ခွန်အားသစ်များကိုရယူခဲ့ကြသော ယောက်ျား၊ မိန်းမများအားဖြင့် ဘုရားသခင်၏နိုင်ငံတော်ကြီးကျယ်ပြန့်လာခဲ့ပါလိမ့်မည်။

လူသားတို့၏မှားယွင်းဆိုးညစ်သော ရွေးချယ်မှုများကြောင့် ဤကမ္ဘာလောကကြီးတွင် မတရားမှုနှင့်ဆင်းရဲဒုက္ခများဖြစ်ပေါ်နေရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ရုပ်သိမ်းပစ်နိုင်သော်လည်း ထိုသို့ပြုလုပ်ရန် မရွေးချယ်ခဲ့ပါ။ ကျွန်ုပ်တို့တစ်ဦးချင်းစီတိုင်းသည် အကောင်း(သို့)အဆိုးကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိကြပါသည်။ ကျွန်ုပ်တို့၏ရွေးချယ်ဆုံးဖြတ်မှုများသည် အလွန်ဆိုးဝါး သောဆင်းရဲခြင်းဒုက္ခကို ဤလောကဆောင်ယူခဲ့ပါသည်။ ဘုရားသခင် သည် ကျွန်ုပ်တို့အား လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့် လူသားဂုဏ်သိက္ခာ အရ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်များကို ခွင့်ပြုထားသော်လည်း မိမိ၏ အချုပ်အခြာတန်ခိုးအာဏာအောက်၌ ကျွန်ုပ်တို့ပြုလုပ်သောဆုံးဖြတ်ချက် အားလုံးကို သာ၍ကောင်းသောအရာများကို ဖြည့်ဆည်းပြည့်စုံစေရန် အတွက်၄င်း၊ ကျွန်ုပ်တို့သင်ကြားရန်လိုအပ်သော သင်ခန်းစာများသွန်သင်ပေးရန်အတွက်၄င်း၊ အသုံးပြုနိုင်ပါသည်။

ဓမ္မသစ်ကျမ်းရှိ တမန်တော်များသည် ၄င်းတို့၏ခေတ်ကာလရှိခေါင်းဆောင်များက ဘုရားသခင်နှင့်၄င်း၊ ဘုရားသခင်၏အကြံအစည်များနှင့်၄င်း၊ ဆန့်ကျင်လျှောက်လှမ်းရန်ရွေးချယ်ဆုံးဖြတ်ခဲ့မှုကြောင့်

အကြီးအကျယ်ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ တမန်တော်များသည့် သတင်းကောင်းတရားတော်ကို ဟောပြောသွန်သင်ခြင်းကြောင့် ထောင်သွင်းအကျဉ်းချခံခဲ့ကြသည်။ တမန်တော်များသည် ၄င်းတို့၏ ခေတ်ကာလရှိဘာသာရေးခေါင်းဆောင်များ၏ကျောက်ခဲ့နှင့်ပေါက်ခြင်း၊ ပြက်ရယ်ပြုခြင်း၊ ခြိမ်းချောက်ခြင်းတို့ကို ခံခဲ့ကြသည်။ ယုဒအုပ်ချုပ်ရေး အာဏာပိုင်များက ၄င်းတို့အားနှုတ်ကပတ်တရားတော်ကို ဟောပြော သွန်သင်ခြင်းမပြုရန် အမိန့်ထုတ်သောအခါ တမန်တော် ၅း၄၁–၄၂ ရှိ တမန်တော်တို့၏တုန့်ပြန်သံကိုနားဆင်ကြည့်ပါ –

> တမန်တော်တို့သည်လည်း သခင်ယေရှု၏နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကို ခံထိုက်ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍ လွှတ်တော်မှထွက်သွားကြ၏။ ဗိမာန်တော်၌၄င်း၊ အိမ်၌၄င်း၊ နေ့တိုင်းအစဉ် ဆုံးမသွန်သင်လျှက် ယေရှုသည်ခရစ်တော်ဖြစ်၏ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျှက်နေကြ၏။

တမန်တော်တို့သည် မြင့်မြတ်သောစစ်သည်တော်များကဲ့သို့ မိမိတို့၏အနာဒဏ်ရာများကို ဂုဏ်ယူစရာအဖြစ် မှတ်ယူခဲ့ကြသည်။ ဤအနာဒဏ်ရာများသည် သာ၍ကောင်းမြတ်သောအရာအတွက် ၄င်းတို့ မည်မျှပေးဆပ်နေကြသည်ကို ပြသောလက္ခဏာများပင်ဖြစ်သည်။ သခင် ယေရှု၏နာမတော်အတွက်၄င်း၊ အပြစ်ဒုစရိုက်၏ကြောက်မက်ဖွယ် အမှောင်ဖုံးမှု အလယ်၌ နိုင်ငံတော်ကိုချဲ့ထွင်ရန်အတွက်၄င်း၊ ဆင်းရဲခြင်း ဒုက္ခတွေ့ကြုံခံစားရန် သခင်ခရစ်တော်၏မြင့်မြတ်သောစစ်သည်တော်များ အဖြစ် သတ်မှတ်ခြင်းခံရမည့်အရေးကို အခွင့်အရေးကောင်းတစ်ခုအဖြစ် သူတို့မှတ်ယူခဲ့ကြသည်။

ဆာလံ ၁၁၉း၇၁ ရှိ ဆာလံဆရာ၏ရေးသားချက်ကို နားဆင်

ကြည့်ပါ –

> အထုံးအဖွဲ့တော်တို့ကို သွန်သင်စေခြင်းငှါ၊ အကျွန်ုပ်ဒုက္ခ ဆင်းရဲခံရသောကျေးဇူးသည်ကြီးပါ၏။

ဆာလံဆရာသည် မိမိတွေ့ကြုံခံစားခဲ့ရသော ဆင်းရဲဒုက္ခများကို ပြန်လည်တွေးတောဆင်ခြင်ခဲ့ရာတွင်၊ ၄င်းတို့သည် မိမိ၏အသက်တာ၌ဘုရားသခင်၏သာ၍ကြီးမားသောအကြံအစည်များကို အထမြောက်ပြည့်စုံစေခဲ့ကြောင်း သိရှိလာခဲ့သည်။ ကလေးရတော့မည့်မိခင်သည် ကလေးမွေးဖွားရာ၌တွေ့ကြုံခံစားရမည့်နာကျင်ဝေဒနာများကို သာယာကြည်နူးဖွယ်အရာတစ်ခုအဖြစ် မမှတ်ယူပါ။ သို့သော် မွေးစကလေးငယ်ကို သူမလက်ထဲ၌ပွေ့ယူထားချိန်တွင် ထိုနာကျင်ဝေဒနာများမှ အလိုအလျောက်မေ့ပျောက်သွားကြပါသည်။ ဆာလံဆရာ၏ဒုက္ခဝေဒနာသည် ဆာလံဆရာအား ဘုရားသခင်၏အကြံအစည်များကို ပိုမိုနားလည်လာစေ ခဲ့သည်။ မိမိခံစားရသောဒုက္ခဝေဒနာအားဖြင့် ဘုရားသခင်၏နည်းလမ်း များနှင့် ရည်ရွယ်ချက်များကို အသစ်သောနည်းလမ်းဖြင့် တန်ဖိုးထားရင်း ကျေးဇူးဥပကာရတင်ရှိလာသည်။

ယောဘမှမိမိ၏ကြီးလေးသောဆင်းရဲဒုက္ခနှင့်စပ်လျဉ်း၍ ယောဘ ၄၂း၅ တွင် ဘုရားသခင်အား ပြောပြထားသည်မှာ –

> သတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူးပါပြီ။ ယခုမူကား ကိုယ်တော့်ကိုမျက်စိနှင့်မြင်ရပါပြီ။

ယောဘ၏ဝေဒနာနှင့်ဆင်းရဲဒုက္ခသည်ယောဘကို ဘုရားသခင်ပို၍နီးစပ်ရင်းနှီးလာသောဆက်နွယ်ပတ်သက်မှုထဲသို့ ဆောင်ခဲ့ပါသည်။ ဘုရားသခင်သည် ယောဘနှင့်အဝေးတစ်နေရာတွင် ရှိမနေတော့ပါ။ ယောဘအပါးတွင် ရှိနေပါသည်။ ယောဘ၌ ဖြစ်ပျက်ခဲ့

သောအရာများကို ယောဘ၏အကျိုးအလိုငှါ ဘုရားသခင်အသုံးပြုခဲ့သည်။ ဘုရားသခင် သည် ယောဘကို ၄င်း၏ဒုက္ခဝေဒနာများအားဖြင့် အထံပါးသို့ ဆွဲသွင်းခဲ့ပါသည်။

မောရှေမှ လူမျိုးတော်တို့၏ကန္တာရတောကြမ်းထဲ၌ခံစားခဲ့ရသောဆင်းရဲဒုက္ခနှင့်စပ်လျဉ်း၍၄င်းတို့အား တရားဟော ၈း၂-၃တွင် ပြောင်းချက်ကို နားဆင်ကြည့်ပါ -

> သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍ ပညတ်တော်တို့ကို ကျင့်ချင်သောစိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီးသောနှစ်လေးဆယ်ပတ်လုံး တော၌ပို့ဆောင်တော်မူသော လမ်းခရီးတစ်လျှောက်လုံးကို အောက်မေ့ရမည်။ ထိုသို့သင့်တို့နှိမ့်ချ၍ ငတ်မွတ်ခံစေတော်မူသောအခါ သင်သည်ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဖူးသော မန္နနှင့်ကျွေးမွေးတော်မူသဖြင့် လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်မွေးရသည်ကို သိစေတော်မူ၏။

လူမျိုးတော်တို့ ကန္တာရတော၌ကျင်လည်နေစဉ် အတွင်း၌ ဘုရားသခင်သည် ၄င်းတို့အား ဘဝသင်ခန်းစာအမြောက်အမြားကို သွန် သင်ပေးခဲ့သည်။ လူမျိုးတော်တို့အပေါ်၌ထားရှိသော မိမိ၏နက်နဲသည့် ဂရုဏာတရားကို လူမျိုးတော်တို့ နားလည်ကြမည့်အကြောင်းကို ဘုရား သခင်အလိုရှိခဲ့သည်။ ထို့အပြင် ဤလောကရှိ မတည်မြဲသောအရာများ အပေါ်၌ မဟုတ်ဘဲ၊ ထာဝရတည်သောအရာများအပေါ်၌သာ စိတ်နှလုံး များကိုရည်စူးထားကြရန်ကိုလည်း အလိုရှိခဲ့သည်။ ဤအချင်းအရာများ အထမြောက်ပြည့်စုံလာဖို့ လူမျိုးတော်တို့ကို ကန္တာရတော၌ စစ်ကြောစုံစမ်း ခြင်းသည် လူမျိုးတော်တို့ကို မိမိအထံပါးသို့ဆွဲသိမ်းယူသိမ်းသွားရန် အတွက် ခွန်အားပေးဖို့ ရည်ရွယ်ခဲ့သည်။

အားကစားသမားများသည် ပြိုင်ပွဲအတွင်းသို့ မိမိတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဆိုလျှင် အပြင်းအထန်လေ့ကျင့်ရန် လိုအပ်ကြောင်းကို သိထားကြသည်။ လေ့ကျင့်ခန်းဆင်းခြင်းသည် လွယ်ကူသည့်အရာတော့ မဟုတ်ပါ။ အားကစားသမားများသည် ၄င်းတို့၏ကာယခွန်အား၊ ဉာဏခွန်အားတို့ကို မိမိတို့တတ်နိုင်ခြင်း၏တဖက်အလွန်ထိ ဆန့်ထုတ်ကြရသည်။ ကျွန်ုပ်တို့သည် ထိုအားကစားသမားများက ကိုယ်ကိုယ်ကို စည်းကမ်းဖြင့် ထိန်းချုပ်ကြရန်ကိုလည်း မျှော်လင့်ထားကြသည်။ ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ဖို့ရန် ၄င်းတို့တတ်နိုင်သည့် အတိုင်းအတာအလွန်အထိ ကိုယ်ကိုယ်ကို ကြိုးစားတွန်းပို့ကြမည့်အကြောင်းကိုလည်း ကျွန်ုပ်တို့ မျှော်လင့်ထားကြသည်။ ကိုယ်ခန္ဓာကြွက်သားများ နာကျင်ကိုက်ခဲခြင်းနှင့် အချိန်ကာလတစ်ခု အထိကြိုးစားလေ့ကျင့်ခြင်းများ ရှိခဲ့လိမ့်မည်။ ဝိညာဉ်ရေးရာလေ့ကျင့်ခန်းဆင်းရာတွင်လည်း ထိုသို့သောနာကျင်ခြင်းများ ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့မျှော်လင့်ထားကြပါသလား။

နာကျင်ခြင်းသည် မကောင်းသောအရာအဖြစ် အမြဲတမ်းတော့ ရှိမနေပါသည်။ သားသမီးရတနာကိုမွေးဖွားသန့်စင်တော့မည် မိခင်သည် နာကျင်ခြင်းအား မကြာမီရောက်ရှိလာတော့မည့်အလွန်ကြီးမြတ်သော အရာ၏ ရှေ့ပြေးလက္ခဏာအဖြစ်မှတ်ယူပါသည်။ အားကစားသမားများကလည်း နာကျင်ခြင်းကို ၄င်းတို့တိုးတက်ကျွမ်းကျင်လာခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာအဖြစ် ရှုမြင်ကြသည်။ အလုပ်သမားတစ်ဦး၏ ကျောနာ၊ ခါးနာခြင်းနှင့် အရိုးအကြောများ ကိုက်ခဲခြင်းသည် မိသားစုကို အစားအသောက်ပံ့ပိုးပေးသောအရာဖြစ်သည်။ ဝိညာဉ်ရေးရာတွင်လည်း အလားတူအခြေအနေမျိုးကို ကျွန်ုပ်တို့ မျှော်လင့်ကြရမည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်တာတွင် ဆင်းရဲခြင်းဒုက္ခနှင့်နာကျင်ခြင်း များရှိပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နိုင်ငံတော်အား ရှေ့တက်ချဲ့ထွင်ကြမည်ဆိုလျှင် နာကျင်ခြင်းကို ကျွန်ုပ်တို့ ရင်ဆိုင်တွေ့ကြုံကြရမည်။

ကျွန်ုပ် ပို၍ရှင်းအောင်ပြောချင်ပါသည်။ ဘုရားသခင်သည် လူသား၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်ပြုထားသော်လည်း မိမိ၏တရားမျှတမှုကို ချက်ချင်းဖော်ဆောင်နိုင်ခဲ့ပါသည်။ သို့သော် ထိုသို့ပြုလုပ်ခဲ့ပါက သင်နှင့် ကျွန်ုပ်သည် ဘုရားသခင်ကိုဘယ်သောအခါတွင်မျှ သိရှိခဲ့ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့အတွက် ထားရှိသောဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်ကို တွေ့ကြုံခံစားရန်အခွင့်ကောင်းကို ဘယ်သောအခါတွင်မျှ ရရှိခဲ့ကြမည်မဟုတ်ပါ။

ဗျာဒိတ် ၆း၉–၁၁ တွင် တွေ့ရသည့်အတိုင်း တမန်တော်ယောဟန်သည် ကောင်းကင်ထက်ရှိ သူတော်စဉ်တို့မှ တရားမျှတမှုအတွက် ဘုရားသခင်ကိုတိုင်တန်၍ ဟစ်အော်နေကြသည်မှာ –

> ပဉ္စမတံဆိပ်ကိုဖွင့်သောအခါ ဘုရားသခင်၏ နှုတ်ကပတ်တော် ကြောင့်၄င်း၊ မိမိတို့သက်သေခံ ချက်ကြောင့် ၄င်း၊ အသေသတ် ခြင်းကိုခံရသောသူတို့၏ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ငါမြင်၏။ သူတို့ကလည်း သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကို သွန်းကြသော အပြစ်နှင့် အလျောက်ဒဏ်မပေးဘဲ၊ အဘယ်မျှကာ ပတ်လုံးနေတော်မူမည်နည်းဟု ကြီးသောအသံနှင့်ကြွေး ကြော် ကြ၏။ ထိုသူတို့၌ဖြူသောဝတ်လုံကိုပေးတော်မူ၏။
> သူတို့နည်းတူ အသေသတ်ခြင်းကို ခံရလတံ့သော မိမိလုပ်ဖော်ဆောင်ဖက်ညီအစ်ကို တို့သည်ပြည့်စုံခြင်းသို့မရောက်မီ ခဏငြိမ်သက်စွာနေရကြဦးမည်ဟု သူတို့အားမိန့်တော်မူ၏။

အထက်ပါကျမ်းပိုဒ်တွင် သေဆုံးသွားခဲ့ကျသောသူတော်စင်များက ဘုရားသခင်အား ဤလောကရှိ မတရားမှုများကို ရပ်တန့်ရန် အဘယ်ကြောင့်ကြန့်ကြာနေရသည့်အကြောင်းကို မေးခွန်း

ထုတ်ခဲ့ကြသည်။ ဘုရားသခင်ကလည်း မိမိမှထိုသို့ ကြန့်ကြာနေစေခြင်းဖြင့် အခြားသော သူများသည် နိုင်ငံတော်ထဲသို့ ဆောင်ယူခြင်းကို ခံကြရမည့်အကြောင်း သူတို့ကို ပြန်ပြောပြခဲ့သည်။ ဘုရားသခင်၏သားသမီးအားလုံး ဘုရား သခင်အထံသို့ ရောက်ရှိမလာခဲ့ကြသေးပေ။ ထိုသူအဖို့အလို့ငှါ မိမိ၏ နောက်ဆုံးတရားစီရင်ခြင်းကို ဘုရားသခင်က ကြန့်ကြာနေစေခြင်းဖြစ်သည်။

ဘုရားသခင်သည် ဆင်းရဲခြင်းဒုက္ခနှင့်မတရားမှုများတွင် သာယာကြည်နူးမနေပါ။ ယေဇကျေလ ၃၃း၁၁ တွင် ဘုရားသခင်မှ မိမိ၏ပရောဖက်ကြီးအား မည်သို့ပြောဆိုထားသည်ကို နားဆင်ကြည့်ပါ။

> အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည် အတိုင်း ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည် မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။ အို ဣသရေလ အမျိုးတို့ သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ အဘယ် ကြောင့် အသေခံလိုကြသနည်း။

ဘုရားသခင်သည် မည်သည့်လူသားတစ်ဦးတစ်ယောက်၏ သေခြင်းတွင်မျှ ကျေနပ်ဝမ်းသာကြည်နူးမှုကို မခံစားရပါ။ သဘာဝ အန္တရာယ်ကြီးများတွင်လည်း ဝမ်းမြောက်ခြင်းအလျဉ်းမရှိပါ။ ဆင်းရဲခြင်း ဒုက္ခနှင့် မတရားမှုများသည် ဘုရားသခင်၏စိတ်ကိုနာကျင်စေပါသည်။ ဘုရားသခင်သည် နောက်ဆုံးတွင် အပြစ်ဒုစရိုက်ကိုအပြီးသတ်ကို စစ်ဆင်ချေမှုန်းမည်ဖြစ်သော်လည်း အချိန်မရောက်သေးပါ။ ဘုရားသခင်၏ သားသမီးများအားလုံးအထံပါးသို့ ရောက်မလာကြသေးပါ။ ထိုသူတို့ကို စိတ်ရှည်စွာဖြင့်စောင့်စားနေပါသည်။ ထိုသားသမီးများအနက်မှ မည်သူကိုမျှ လက်လွှတ်ခံမည်မဟုတ်ပါ။ နောက်ဆုံးထိုးစစ်ကြီးမဆင်မီတွင် ထိုသားသမီးများအားလုံးကို ကယ်တင်သွားမည်ဖြစ်သည်။

နောက်ဆုံးတရားစီရင်ခြင်းကို ဘုရားသခင်မပြုမချင်း၊ လူသားတို့၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်တို့မှ ဖြစ်ပေါ်ဖန်တီးလာသော ဆင်းရဲခြင်းဒုက္ခနှင့် မတရားမှုများအကြားတွင် ကျွန်ုပ်တို့ ရှင်သန်သွားကြ ရပါမည်။ လောလောဆယ်တွင် ဤလောကကြီးရှိ နာကျင်မှုဝေဒနာ များနှင့် ဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ ကူညီမစပေးရန် ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့် ကျေးဇူးတော်သည် ကျွန်ုပ်တို့အတူ ရှိကြောင်းကို အခိုင်အမာ ဆိုနိုင်ကြသည်။ ယခုကာလတွင် ကျွန်ုပ်တို့၏ အသက်တာများကို တည်ဆောက်ကြဖို့ အရိပ်အာဝါသနှင့် ခိုင်မာသော အုတ်မြစ်ကို ကျွန်ုပ်တို့လိုအပ်သည်။ သမ္မာကျမ်းရှိ အချုပ်အခြာတန်ခိုး အာဏာရှိ နာကျင်မှုဝေဒနာများနှင့် ဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံရင်ဆိုင် နိုင်ဖို့ ကူညီမစပေးရန် ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့် ကျေးဇူးတော်သည် ကျွန်ုပ်တို့အတူရှိကြောင်းကို အခိုင်အမာဆိုနိုင်ကြသည်။ ယခုကာလ တွင် ကျွန်ုပ်တို့၏အသက်တာများကို တည်ဆောက်ကြဖို့ အရိပ်အာဝါသ နှင့် ခိုင်မာသောအုတ်မြစ်များကို ကျွန်ုပ်တို့လိုအပ်သည်။ သမ္မာကျမ်းရှိ အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်သော ခိုင်မာသည့်အုတ်မြစ်နှင့်မျှော်ကိုးရာဖြစ်သည်။ ဘုရားသခင်နှင့် ဘုရား သခင်၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့ ယုံကြည်အားထားနိုင်ပါသည်။ အရာအားလုံး ဆင်သင့် ဖြစ်ကြသောအခါ ဘုရားသခင်ပေါ်ထွက်လာပြီး၊ နောက်ဆုံးအောင်ပွဲ ကိုဆောင်ယူလာမည်ဖြစ်သည်။ ထိုနောက်တွင်မူ မတရားမှုများနှင့် ဆင်းရဲခြင်းဒုက္ခတို့ကိုချိုးနှိမ်အောင်နိုင်ကာ အပြစ်ဒုစရိုက် ဆင်းရဲခြင်းနှင့် မတရားမှုများနှင့်ကင်းသော ထာဝရကာတွင် ကျွန်ုပ်တို့ သည် ဘုရားသခင်နှင့်အတူ စံမြန်းကြမည်ဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့သည်ကြီးမားသောနှစ်သိမ့်ခြင်းနှင့် အာမခံချက်တို့ကို တွေ့ကြုံ ခံစားကြရပေမည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်သည် မတရားမှုကို ဖန်တီးရေးဆွဲသူလော။ အပြစ်ဒုစရိုက်နှင့် မတရားမှုများ မည်သည့်နေရာက ရောက်လာကြသနည်း။
- ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံရမည့်ဝိညာဉ်ရေးရာ စစ်ပွဲများတွင် ဆင်းရဲခြင်းဒုက္ခရှိလိမ့်မည်မဟုတ်ဟု မျှော်လင့်သင့်ပါသလား။ ရှင်းပြပေးပါ။
- ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် မတရားမှုနှင့်ဆင်းရဲဒုက္ခကို မည်သို့အသုံးပြုသနည်း။ သင်၏ဖြေကြားချက်တွင် ယောဘ၏ပုံဥပမာကို ထည့်သွင်းဖော်ပြပေးပါ။
- ဘုရားသခင်သည် တရားစီရင်ခြင်းကိုအဘယ်ကြောင့်ကြန့်ကြာနေစေသနည်း။

## ဆုတောင်းအချက်များ

- မတရားမှုများနှင့် ဆင်းရဲခြင်းဒုက္ခအားလုံးအဆုံးသတ်သွားမည့်အချိန် ရောက်ရှိလာမည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။
- အပြစ်ဒုစရိုက်နှင့်ပြည့်နေသော ဤလောကကြီး၌အလွန်များပြားလှသည့် မတရားမှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရန် ခွန်အားသစ်များပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။ အဘယ်သို့သောအရာများဖြစ်ပျက်နေစေကာမူ ဘုရားသခင်အထံ၌၎င်း၊ နာခံခြင်း၌၎င်း ကိုယ်ကိုယ်ကို ဆက်ကပ်ထားပါ။
- ဘုရားသခင်ပြန်လည်ဆင်းကြွလာသည့်တိုင်(သို့)သင့်ကိုသူနှင့် အတူထာဝရစံမြန်းရန်ယူဆောင်သွားသည့်အချိန်အထိတိုင် ဝိညာဉ်ရေးရာစစ်ပွဲများနှင့်ထိုစစ်ပွဲများ၏မတရားမှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရန် သင့်အားရဲရင့်ခြင်းသတ္တိများကိုပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။

- မတရားမှုများနှင့်ဆင်းရဲခြင်းဒုက္ခကို ယခုရင်ဆိုင်နေကြသော သူတို့အား ကောင်းချီးပေးရန်နှင့် ကူညီစောင်မပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ ဤပုဂ္ဂိုလ်များသည် မိမိ၏အကြံအစည်များကို အကောင်အထည်ဖော်မည် ထာဝရဘုရားသခင်အထံ၌ခွန်အားသစ်များနှင့် နှစ်သိမ့်ခြင်းများကို တွေ့မြင်ခံစားကြမည့်အကြောင်း ဆုတောင်းပေးပါ။
- အပြစ်ဒုစရိုက်နှင့် မတရားမှုများကို နောက်ဆုံးထိုးစစ်ဆင် အမြစ်ဖြုတ်ချေမှုန်းခြင်းမပြုမီတွင် မိမိ၏သားသမီးများအားလုံး မိမိအထံပါးသို့ စောင့်စားတော်မူနေသော ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။

# ၇
# ဆုတောင်းခြင်းနှင့် အမှုတော်ဆောင်ခြင်း

ဤအယူဝါဒ၏သဘော သဘာဝကို ကျွန်ုပ်တို့လေ့လာသုံးသပ် ကြရာ၌ အခြားအရေးကြီးသောမေးခွန်းများကိုလည်း လေ့လာသုံးသပ်ရန် လိုအပ်သည်။ ဘုရားသခင်သည် မိမိ၏အကြံအစည်များကို အကောင် အထည်ဖော်နေလျှင် ဆုတောင်းခြင်း၏ရည်ရွယ်ချက်ကားအဘယ်နည်း (အဘယ်ကြောင့် ဆုတောင်းကြရသနည်း)။ ဘုရားသခင်သည် အချုပ် အခြာတန်ခိုးအာဏာရှင်ဖြစ်လျှင် ဤလောကကြီးအတွက်ထားရှိသော မိမိ၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့မပါဘဲ အကောင်အထည်မဖော်ခဲ့နိုင်ဘူးလော။ ဤလောကကြီးအတွက် ထားရှိသောမိမိ၏ရည်ရွယ်ချက်များကို ဘုရားသခင်အားအကောင်အထည်ဖော်စေ၍ ကျွန်ုပ်တို့မှာမူ စိတ်အေးလက်အေးထိုင်နေ၍မရဘူးလော။

အထက်ပါမေးခွန်းများသည် လောက၏အလင်းဖြစ်ကြလော့ ဟူသောကျွန်ုပ်တို့အား ဘုရားသခင်မိန့်မှာထားသည့်အမိန့်တော်၏နှလုံးသားတည့်တည့်ကို ထိုးနှက်ရိုက်ခတ်သွားပါသည်။ ဤအယူအဆကို အစွန်းရောက်စွာ စွဲကိုင်ခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့ဝိညာဉ်ရေး ရာ၌ ပျင်းရိသောသူများ၊ မသိလိုက်မသိဘာသာနေ လိုသောသူများ

ဖြစ်စေပါလိမ့်မည်။ ထိုအပြင် အထက်ပါအယူအဆသည် မိမိ၏ကြီးမြတ်သောရည်ရွယ်ချက် များကို အကောင်အထည်ဖော်ရာ၌ ကျွန်ုပ်တို့လူသားများကို အသုံးပြုရာ ၌ အားရကျေနပ်နေသောပုဂ္ဂိုလ်ဖြစ်ဘုရားသခင်အား ကျွန်ုပ်တို့နားလည် သဘောပေါက်ထားချက်ကို ယုတ်လျော့သွားစေရန် ခြိမ်းခြောက်နေပါ သည်။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအား သွန်သင်ပေးရာတွင် သမ္မာကျမ်းစာသည် အလွန်ရှင်းလင်းလှသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်အား အကြွင်းမဲ့သောဩဇာအာဏာရှိသူဟူ ၍၎င်း၊ အကြွင်းမဲ့သောလုပ်ပိုင်ခွင့်ရှိသူဟူ၍၎င်း၊ အကြွင်းမဲ့သောထိန်းချုပ်ပိုင်ခွင့်ရှိသူဟူ၍၎င်း၊ သရုပ်ဖော်ညွှန်းဆိုထားပြီး အခြားတဖက်တွင်လည်း ကျွန်ုပ်တို့အား ဆုတောင်းကြရန်နှင့် ခရစ်ယာန်အမှုတော်ကို ဆောင်ကြရန် ဆင့်ခေါ်ထားပြန်သည်။

သခင်ယေရှုသည် တပည့်တော်တို့အား ဆုတောင်းခြင်း၏အရေးပါပုံကို သွန်သင်ပေးခဲ့သည်။ မဿဲ ၆း၅–၁၅ တွင် သခင်ယေရှုသည် တပည့်တော်တို့အား ဆုတောင်းသောအခါ၌ထားရှိရမည့် စိတ်နေသဘောထားများကိုဖော်ပြပေးခဲ့ပြီး၊ ဆုတောင်းရာ၌လိုက်နာဆောင်ကျဉ်ရမည့် စံနမူနာကိုလည်း ပြသပေးခဲ့သည်။ မဿဲ ၅း၄၄ တွင် တပည့်တော်တို့အား ၎င်းတို့၏ရန်သူများအတွက် ဆုတောင်းမေတ္တာပို့သပေးရန် သွန်သင်ပေးခဲ့သည်။ မဿဲ ၂၆း၄၁ တွင် ရန်သူတို့၏စုံစမ်းနှောက်ယှက်ခြင်းများကို အောင်မြင်ကျော်လွှားနိုင်မည့် နည်းလမ်းသည် ဆုတောင်းခြင်းအားဖြင့် ရောက်ရှိလာမည့်အကြောင်းကို တပည့်တော်တို့အား ပြန်လည်အသိပေးခဲ့သည်။ ဤလောကရှိဝိညာဉ်ရေးရာစပါးခင်း များသို့ ရိတ်သိမ်းသူများကိုစေလွှတ်ရန် အထက်ကောင်းကင်ရှိဘုရား သခင်ထံသို့ တောင်းပန်တိုးလျှိုကြရန် တပည့်တော်တို့ကိုစိန်ခေါ်ထားခဲ့သည်(မဿဲ ၉း၃၈)။ တမန်တော်ရှင်ပေါလုမှလည်း

၂သက် ၃း၁ တွင် ဆုတောင်းခြင်းအတွက် နှိုးဆော်တိုက်တွန်းထား သည်မှာ –

> ညီအစ်ကိုတို့ ဘုရားသခင်၏နှုတ်ကပတ်တရားသည် သင်တို့တွင်ပျံ့နှံ့၍ဘုန်းထင်ရှားခြင်းရှိသကဲ့သို့ အရပ်ရပ်၌ ထင်ရှားမည်အကြောင်း “ငါတို့အဖို့ဆုတောင်းကြလော့”။

သူတော်စင်များ ဆုတောင်းသောအခါ တစ်စုံတရာဖြစ်ပျက်ကြောင်းကို ရှင်ပေါလုနားလည်သဘောပေါက်ထားသည်။ သူတော်စင်တို့၏ဆုတောင်းပေးခြင်းဖြင့် မိမိလုပ်ဆောင်နေသော အမှုတော်သည် တန်ခိုးအာဏာရှိလာမည့်အကြောင်းကို ရှင်ပေါလုယုံကြည်ခဲ့သည်။

တမန်တော် ယောဟန်မှလည်း အပြစ်နွံထဲ၌နစ်နေသူတို့အတွက် ဆုတောင်းပေးရန်စာဖတ်သူတို့ကိုတိုက်တွန်းစိန်ခေါ်ခဲ့သည်။ သူတို့၏ဆုတောင်းသံသည် ညီအစ်ကိုတို့အား အသက်ရှင်ခြင်းကို ဖြစ်စေ၍၊ ယုံကြည်ခြင်း၌ပြန်လည်ပြုပြင်တော်မူမည့်အကြောင်းကို ပြောပြခဲ့သည်။

> ညီအစ်ကိုချင်းသည် သေပြစ်မသင့်သောဒုစရိုက်ကို ပြုမိသည်ကို တစ်စုံတစ်ယောက်သောသူသည် မြင်လျှင် ထိုသူသည် ဆုတောင်းရမည်။

ယာကုပ် ၅း၁၃–၁၆ ရှိ တမန်တော်ယာကုပ်၏ဆုံးမသွန်သင်ချက်ကို နားဆင်ကြည့်ပါ။

သင်တို့တွင် ဒုက္ခဆင်းရဲခံရသောသူ ရှိလျှင် ဆုတောင်းစေ။ ရွှင်လန်းသောသူရှိလျှင် ဆာလံသီချင်းကိုဆိုစေ။ နာသောသူရှိလျှင် သင်း အုပ်တို့ကိုခေါ်၍

သူတို့သည် ဘုရားသခင်၏နာမတော်ကို အမှီပြုလျက်၊ လူနာ

ကို ဆီနှင့်လူး၍ သူ့ပေါ်မှာဆုတောင်းကြစေ။ ထိုသို့ပြုလျှင် ယုံကြည်ခြင်း၏ ပဌနာသည် လူနာကိုကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကိုပြန်ရှင်စေတော်မူမည်။ သူသည်အပြစ်ပြုမိသော်လည်း ထိုအပြစ်ကိုလွှတ်တော်မူမည်။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်ကိုယ်အပြစ်ကို ဖော်ပြတောင်းပန်ကြလော့၊ ချမ်းသာရမည့်အကြောင်း အချင်းချင်းတို့အဖို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။

ဆုတောင်းခြင်းတွင် တန်ခိုးရှိသည်။ ဆုတောင်းခြင်းအားဖြင့် ဖျားနာသောသူတို့မှာ အနာရောဂါငြိမ်းခြင်းကိုရ၍ အပြစ်ရှိသောသူတို့မှာ အပြစ်လွှတ်ခြင်းကို ခံကြရသည်။ ဝေဒနာဖိစီးခံနေရသောသူတို့သည် ဆုတောင်းခြင်းအားဖြင့် လွတ်မြောက်ခြင်းကို ရရှိပြီး၊ အသက်တာရှိ စုံစမ်းနှောက်ယှက်ခြင်းများကို အောင်နိုင်ရန် ခွန်အားသစ်များကို ရရှိခံ စားခဲ့ကြသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ရိတ်သိမ်းသူတို့သည် စပါးခင်းများသို့ စေလွှတ်ခြင်းကိုခံရပြီး၊ လမ်းပျောက်နေသောအပြစ်သားများမှာ လမ်းမှန်သို့ပြန်လည်ပြုပြင်ဆောင်ယူခြင်းကို ခံကြသည်။ အချုပ် အခြာတန်ခိုးအာဏာရှိသော ကျွန်ုပ်တို့၏ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆုတောင်းပဌနာပြုကြရန် ဆင့်ခေါ်ထားသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။

ထိုဘုရားကပင် မိမိ၏အကြံအစည်များ ဤလောက၌ အကောင်အထည်ဖော်ရာ၌ သူနှင့်အတူပူးပေါင်းဆောင်ရွက်ရန် ကျွန်ုပ်တို့ကို ဆင့်ခေါ်ထားခဲ့ပါသည်။

သင်တို့သည် သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင် တို့အား

ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည် တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်။

တမန်တော် ၁း၈ တွင် သခင်ယေရှုက တပည့်တော်တို့အား ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် မိမိ၏သက်သေများဖြစ်ကြရမည့်အကြောင်းကို ပြောထားသည်။ တမန်တော်ရှင်ပေါလုမှ ရောမ ၁၀း၁၄တွင် ထိုထက်ပင်ပို၍ရေးသားပြောဆိုထားသည်မှာ –

သို့ရာတွင် မယုံကြည်လျှင် အဘယ်သို့ပဌနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ယုံကြည်နိုင်မည်နည်း။ ဟောပြောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း။

ကျွန်ုပ်တို့ဘက်ဟောကြားသွန်သင်ခြင်းမရှိလျှင် သတင်းကောင်းတရားတော်ကို ဘယ်သောအခါတွင်မျှ မကြားလိုက်ရဘဲ ရှိမည့်သူများရှိနေမည်။ ဆုတောင်းပဌနာပြုရန်နှင့် ခရစ်ယာန်အမှုတော်ကို ဆောင်ရန် သမ္မာကျမ်းစာ၏စေခိုင်းချက်မှာ ထင်ရှားနေပါသည်။

ဘုရားသခင်သည် ဤစကြဝဠာကြီးကို အကြွင်းမဲ့ထိန်းချုပ်ထားလျှင် အဘယ်ကြောင့်ကျွန်ုပ်တို့ဆုတောင်းပဌနာပြုရန် (သို့) အမှုတော်ဆောင်ရန်စေခိုင်းနေသနည်း။ သခင်ယေရှုယေရုရှလင်မြို့သို့ ဝင်ရာလမ်း၌ လူထုကြီးက အော်ဟစ်ချီးမွမ်းကြသည်ကို ဖာရိရှဲများကတိတ်ဆိတ်ငြိမ်သက်ကြဖို့ သခင်ယေရှုအား မိန့်တော်မူရန် ပြောကြသည်။ သခင်ယေရှုက ဖာရိရှဲတို့အား လုကာ ၁၉း၄၀ တွင် ပြန်လည်ဖြေကြားခဲ့သည်မှာ –

ယေရှုကလည်း ငါဆိုသည်ကား ဤသူတို့သည် တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည် ချက်ချင်းကြွေးကြော်လိမ့်မည်

ဟု မိန့်တော်မူ၏။

ဘုရားသခင်သည် ကျောက်တုံးကျောက်ခဲတို့အား မိမိ၏ကယ်တင်ခြင်းတရားအကြောင်းကို မြေကြီးစွန်းတိုင်အောင် ကြွေးကြော်စေနိုင်သည်။ သို့သော် မိမိ၏အချုပ်အခြာတန်ခိုးအာဏာတော်မြတ်၌ အကြံအစည်တော်များကို အထမြောက်ပြည့်စုံခြင်းကို ကျွန်ုပ်တို့နှင့်လက်တွဲ၍လုပ်ဆောင်ရန်ရွေးချယ်ခဲ့သည်။

နာခံခြင်းမရှိ၊ ပုန်ကန်တတ်သောလူငယ်တစ်စုတို့နှင့်အတူလက်တွဲလုပ်ဆောင်ခဲ့သော ဆရာတစ်ဦး၏အကြောင်းကို ကျွန်ုပ်တစ်ခါကကြားခဲ့ဖူးသည်။ ထိုလူငယ်များအထဲက တစ်ဦးကဆရာ့ကို အတော်လေးစိတ်ဆင်းရဲအောင် လုပ်ခဲ့သည်။ ထိုလူငယ်သည် အဖွဲ့၏လှုပ်ရှားမှုများတွင် လက်တွဲပါဝင်ခြင်းမရှိခဲ့ပါ။ ဤအဖွဲ့ထဲသို့ရောက်လာရခြင်းမှာလည်း အတင်းတိုက်တွန်းခံရ၍ရောက်လာခြင်းဖြစ်သည်။ အစည်းအဝေးများကို ဟန့်တားနှောက်ယှက်လေ့ရှိပြီး၊ ခေါင်းဆောင်ကိုသော်၎င်း၊ အခြားသောအဖွဲ့ဝင်များကိုသော်၎င်း လေးစားမှုမပြပါ။ များစွာသော ဆုတောင်းခြင်းကိုပြုလုပ်ပြီးနောက်တွင် ခေါင်းဆောင်ဖြစ်သူသည် ထိုလူငယ်အား အဖွဲ့၏စည်းကမ်းထိန်းသိမ်းရေးမှူးအဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့သည်။ ထိုလူငယ်ကလည်း ဤသို့ခန့်အပ်ခြင်းကို လက်ခံခဲ့ပြီး၊ အခွင့်အရေးတစ်ခုအဖြစ် အသုံးချခဲ့သည်။ သို့သော် ထိုလူငယ်သည် သူ့အပေါ်၌ထားရှိသော အသင်းဝင်များ၏ယုံကြည်အားထားမှုကြောင့် စိတ်နှလုံးကိုတို့ထိခံရပြီး၊ ထိုစိန်ခေါ်ချက်ကိုဆုပ်ကိုင်၍ ကိုယ်ကိုယ်ကို သစ္စာရှိ၍ လုံ့လဝီရိယရှိသောသူအဖြစ် သက်သေပြခဲ့သည်။ နောက်ဆုံးတွင်အဖွဲ့အတွင်း၌ရာနှုန်းပြည့်ပါဝင်လှုပ်ရှားသောသူဖြစ်လာခဲ့သည်။

အထက်ကအဖြစ်အပျက်အတိုင်းပင် ဘုရားသခင်ကလည်း ကျွန်ုပ်တို့ကို ပြုတော်မူသည်။ ဘုရားသခင်သည် နာခံခြင်းမရှိ၊ ပုန်ကန်တတ်သောအပြစ်သား ကျွန်ုပ်တို့ကိုခေါ်ယူ၍ သားတော်မြတ်၏အရေးကိစ္စအတွက် ကမ္ဘာစွန်းတိုင်အောင် သတင်းကောင်းတရားကြဲဖြန့်ရမည်

ဟူသော တာဝန်ကိုပေးထားခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်နှင့်နပန်းလုံးနေကြရသည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့သည် နာခံခြင်း၌နှေးကွေးကြပြီး၊ အရာရာတိုင်းကို ကိုယ့်အလိုအတိုင်းသာ လုပ် ဆောင်လိုကြသည်။ ကိုယ်အလိုဆန္ဒဟူ၍ မရှိသောကျောက်တုံး ကျောက် ခဲတို့အား မိမိ၏အမည်နာမတော်ကို ဟစ်ကြွေးကြရန် စေခိုင်းခြင်းသည် ဘုရားသခင်အတွက် အဘယ်မျှလွယ်ကူ ခဲ့ပါ မည်နည်း။

ဤနေရာတွင် အလွန်လျှို့ဝှက်နက်နဲသောအရာတစ်ခုရှိနေ သည်။ ဤလောက စပါးခင်းတွင်ကြီးမားသော ရုပ်ထွေးမှုကြီးတစ်ခုရှိ သည်။ အစေခံတစ်ဦးသည် သခင်ဖြစ်သူ၏ဆင့်ခေါ်သံကို ဥပေက္ခာပြု လျှက် ငြင်းဆန်တတ်သောစိတ်သဘောနှင့် မိမိလိုရာလမ်းကို ရွေးချယ် ၍လုပ်ဆောင်သည်။ အခြားတစ်ဦးသည် အလုပ်ခွင်တွင် အိပ်မောကျနေ လျှက် ပတ်ဝန်းကျင်ရှိလိုအပ်ချက်များကိုစိတ်ဝင်စားမှုမပြဘဲ ရှိနေသည်။ အချို့သောသူများက လုပ်နည်းလုပ်ဟန်နှင့်ပတ်သက်၍ အကြီးအကျယ် အငြင်းပွားနေကြသည်။ အခြားနှစ်ယောက်ကလည်း လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ရန်ဖြစ်နေကြသည်။ အနည်းငယ်သောအစေခံများကသာ အဖော်ပြုတတ်ကြသော်လည်း အခြားများနှင့် ပူးတွဲလုပ်ဆောင်ရန် ငြင်းဆန်ကြသည်။ အကြောင်းမှာ ထိုသူတို့၏လုပ်နည်းလုပ်ဟန်ကို မနှစ် သက်သောကြောင့်ဖြစ်သည်။ အခြားအုပ်စုကလည်း ဘေးစည်းပေါ်တွင် ရပ်လျှက်စပါးခင်းထဲ၌ဖြစ်ပျက်နေသော အရာများကို သုံးသပ်ဝေဖန်နေ ကြသော်လည်း လက်လေးတစ်ချောင်းမျှပင် ပါဝင်၍လုပ်ဆောင်ခြင်း မပြုကြပေ။ ဤရှုပ်ထွေးမှုကြီးတစ်ခု လုံး၌ဖြန့်ကြဲနေသည့်သူများမှာ အလုပ် ပြီးမြောက်ရန်အတွက် အပတ်တကုတ်ကြိုးစားအားထုတ်နေကြသော အလုပ်ကြိုးစားပြီး၊ သစ္စာရှိသောအစေခံအချို့ပင်ဖြစ်သည်။ ဤသည်ကား ဘုရားသခင်ကအသုံးပြုရန်ရွေးချယ်ထားသော အလုပ်သမားအဖွဲ့ပင်ဖြစ် သည်။ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များအထမြောက်စေလာဖို့

ရန်အတွက် ထိုသူတို့၏အားသာချက်များနှင့် အားနည်းချက်များကို အသုံး ပြုသည်။ ဤကဲ့သို့သောယောကျ်ား၊ မိန်းမများကို မိမိ၏သာ၍ကြီးမြတ် သော ရည်ရွယ်ချက်များကို အထမြောက်ပြည့်စုံလာစေဖို့ အသုံးပြုနိုင် သော ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကိုသာ အံ့ဩ မှင်သက်လျှက်ရှိနေရပါတော့သည်။

မကြာသေးမီက ကျွန်ုပ်သည်နေထိုင်ရာအိမ်၌အလုပ်အချို့ကို ပြုလုပ်ခဲ့သည်။ ကျွန်ုပ်၏တစ်နှစ်သားအရွယ်မြေးကလေးက ကျွန်ုပ်ကို ကူညီချင်ခဲ့သည်။ သို့သော်လည်း အမှန်စင်စစ်အားဖြင့် ထိုမြေးလေး၏ ကျွမ်းကျင်မှုမှာ ကျွန်ုပ်ကိုအကူအညီပေးနိုင်လောက်သည်အထိ မရှိခဲ့သေး ပါ။ သို့ဖြစ်လင့်ကစား ကျွန်ုပ်တို့နှစ်ဦးသည် အချိန်ကောင်းတစ်ခုကို အသုံးပြုခွင့်ရရှိခဲ့သည်။ ကျွန်ုပ်သည် မြေးလေး၏လက်ကလေးများကို ကူမ ပေးရင်း သူ့ဘာသာသူ မလုပ်နိုင်သောအလုပ်များကို လုပ်နိုင်ဖို့ ကူညီ ပေးခဲ့သည်။ ကျွန်ုပ်တို့ နှစ်ဦးသည် အချိန်ကောင်းတစ်ခုကို မျှဝေခဲ့ကြ ပြီ၊ ထိုအရာသည် ကျွန်ုပ်တို့နှစ်ဦး၏ဆက်ဆံရင်းနှီးမှုကို ခိုင်မာစေခဲ့သည်။

တစ်နှစ်သားအရွယ်ကလေးငယ်တစ်ဦးနှင့် သင်စကား ပြောဖူးပါသလား။ သူတို့၏ပြောဆိုဆက်ဆံနိုင်စွမ်းသည် ပညာသား ပါသော ဆွေးနွေးမှုများပြုလုပ်နိုင်သောအဆင့်တွင် မရှိသေးပါ။ သို့သော်လည်း သားငယ်လေးအားငှင်း၊ သမီးငယ်လေးအားငှင်း၊ မြေး ငယ်လေးအား ငှင်း ''စကားတတွတ်တွတ်ပြောဆိုလျှက်'' သူတို့၏ ပြန်လည်တုန့်ပြန်ပြောဆို ခြင်းကို မနှစ်သက်သောသူ ကျွန်ုပ်တို့အ ထဲ၌မည်သူရှိမည်နည်း။

ဘုရားသခင်သည် သူ၏အကြံအစည်များကို အကောင် အထည်ဖော်ရာ၌ ကျွန်ုပ်တို့ကို မလိုအပ်ပါ။ ထိုသို့အကောင်အထည်ဖော်

ရာ၌ ကျွန်ုပ်တို့ကို အသုံးပြုရန် ရွေးချယ်ခဲ့ခြင်းမှာ ကျွန်ုပ်တို့ကိုချစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အချိန်ယူရခြင်းကို ၄င်း၊ ကျွန်ုပ်တို့ပြောဆိုတုန့်ပြန်သံအား နားထောင်ရခြင်းကိုနှစ်သက်လှ သည်။ ကျွန်ုပ်တို့အား ပေးသနားထားသောဝိညာဉ်စွမ်းရည်အသုံးပြုတတ် ရန် ကျွန်ုပ်တို့သင်ယူနေကြသည်ကို ရှုမြင်နေရခြင်းသည် ဘုရားသခင်၏ စိတ်နှလုံးကိုဝမ်းမြောက်စေသည်။ ကျွန်ုပ်တို့၏တောင်းဆိုချက်ကိုလည်း နားညောင်းမည်ဟု ဂတိတော်ပေးထားပြီး ကျွန်ုပ်တို့အတွက်ခွဲခန့်မှတ်သားထားသော အမှုတော်ကို ထမ်းဆောင်ရာ၌ လိုအပ်သောအရာများကို တောင်းလျှောက်သောအခါတွင်လည်း နားညောင်းမည့်အကြောင်း ဂတိပေးထားသည်။ ကျွန်ုပ်တို့မှာကား ထိုအမှုတော်နှင့် နှပန်းလုံးနေကြရသည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့ရှုံးနိမ့်ကြသည်။ သို့သောဘုရားသခင်သည် ကျွန်ုပ်တို့၏ချည်နဲ့နေသောကြိုးစားအားထုတ်မှုကို မိမိ၏နိုင်ငံတော် အား အံ့ဩလောက်သောနည်းလမ်းဖြင့်ချဲ့ထွင်းရန် အသုံးပြုပါသည်။ ထို့အပြင်ဘုရားသခင်သည် ကျွန်ုပ်တို့၏သစ္စာရှိရိုးသားသောကြိုးစား အားထုတ်မှုကို သူ့အထံပါးသို့ ကျွန်ုပ်တို့အား ဆွဲယူရန်အသုံးပြုပြန်သည်။

သမိုင်းရာဇဝင်၏အသွင်အပြင်သည် ဆုတောင်းခြင်းကြောင့် ၄င်း၊ ဘုရားသခင် လူတို့၏ပြုမူကျင့်ကြံပုံများကြောင့် ပြောင်းလည်းခဲ့ရသည်။ မောရှေသည် ဣသရေလလူမျိုးများနှင့်အတူ ကန္တာရတောကြမ်းထဲ၌ လှည့်လည်သွားလာသောအခါတွင် ဘုရားသခင်က သူတို့နှင့် အတူမလိုက်မည့်အကြောင်းမောရှေကို ပြောပြခဲ့သည့်အဖြစ်ကို ထွက်မြောက် ၃၃း၁၂–၁၇ တွင်တွေ့ရသည်။ မောရှေကလည်း ဘုရားသခင်ကို သူတို့နှင့် အတူလိုက်ပါမည့်အကြောင်း တောင်းပန်သောအခါ ဘုရားသခင်က မောရှေ၏ဆုတောင်းသံကို အဖြေပေးခဲ့သည်။ မောရှေ၏ဆုတောင်းသံကြောင့် ဣသရေလလူမျိုးတို့၏ သမိုင်းလမ်းကြောင်းမှာ ပြောင်းသွားခဲ့

သည်။

အခြားဖြစ်ပျက်တစ်ခုတွင် ဘုရားသခင်က ဣသရေလလူမျိုးအားလုံးကို အမြစ်ဖြုတ်သုတ်သင်၍ အခြားလူမျိုးတစ်စုကို မောရှေအားဖြင့် တည်ထောင်မည့်အကြောင်းကို မောရှေအား ပြောပြခဲ့သည်(ထွက်မြောက် ၃၂း၁၀)။ ဘုရားသခင်သည် မိမိ၏ရည်မှန်းချက်များကို မိမိကြိုက်နှစ်သက် ရာနည်းလမ်းဖြင့် အထမြောက်စေနိုင်သည်။ ဘုရားသခင်သည် ရေလွှမ်း မိုးခြင်းဖြင့် ကမ္ဘာကြီး တစ်ခုလုံးကိုဖျက်ဆီးဆေးကြောခဲ့ပြီး၊ နောအားဖြင့် လူတစ်စုကို ထူထောင်ခဲ့သည်။ အလားတူ အချင်းအရာကို ဘုရားသခင် သည် မောရှေအားဖြင့် ပြုလုပ်မည်ဖြစ်သည်။ မောရှေသည် ဘုရားသခင် ကို အသနားခံတောင်းပန်သောအခါ ဘုရားသခင်သည် မောရှေ၏ ဆုတောင်းသံကို ဖြေကြားခဲ့ပြီး၊ လူမျိုးတော်တို့၏ အသက်ကိုကယ်တင်ခဲ့ သည်။ မောရှေကသာ ထိုသို့အသနား ခံတောင်းပန်ခြင်းမပြုလုပ်ခဲ့လျှင် မည်သို့ဖြစ်ခဲ့မည်နည်း။ ဣသရေလလူမျိုးတို့၏ သမိုင်းလမ်းကြောင်းမှာ ပြောင်းလဲသွား ခဲ့သော်လည်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များမှာ ဆက်၍ ပင်အ ကောင်အထည်ပေါ်လာမည်ဖြစ်သည်။ မောရှေ၏ကြားဝင် တောင်း လျှောက်ပေးခြင်းကြောင့် မြောက်များစွာသော အသက်မှာချမ်းသာ ရာရခဲ့ကြသည်။

ကျွန်ုပ်တို့၌မရှိရခြင်းမှာ မတောင်းလျှောက်ခြင်းကြောင့်ဖြစ် သည်ဟု တမန်တော်ရှင်ယာကုပ်ကပြောထားသည်(ယာကုပ် ၄း၂)။ ဆုတောင်းခြင်းသည် ပြောင်းလဲမှုတစ်ခုကိုဖန်တီးပေးပါသည်။ ဘုရား သခင်သည် ဤလောက၌မိမိ၏အကြံအစည်များကို အကောင်အထည် ဖော်လျှက်ရှိသည်။ ယောကျ်ား၊ မိန်းမတို့ကို အထံပါးသို့ ဆွဲယူနေ ပါသည်။ ဘုရားသခင်သည် ထိုအရာကို သင်နှင့်ကျွန်ုပ် ကဲ့သို့သောလူများအားဖြင့် လုပ်ဆောင်နေပါသည်။ ဤလောက

ကြီးအပေါ်၌ ကျွန်ုပ်တို့ပြုလုပ်မည့် သက်ရောက်မှုကြီးသည် ကျွန်ုပ်တို့အပေါ်၌ အတိုင်းအတာတစ်ခုအထိ မူတည်သည်။ ဘုရားသခင်၏အသုံးတော်ကို ကျွန်ုပ်တို့ခံကြမည်လော။ ဘုရားသခင်၏အကြံအစည်များ၌ပါဝင်နိုင်သော အခွင့်ကောင်းများအတွက် ခွန်အားသစ်များနှင့် အရင်းအမြစ်အသစ်များကိုရရှိဖို့ရန် ဘုရားသခင် ကိုယုံကြည်ကိုးစားကြမည်လော။ ကျွန်ုပ်တို့မပါဝင်လျှင်လည်း ဘုရားသခင် သည်အခြားသူများ ကိုအသုံးပြုနိုင်ပါသည်။ သို့သော်ကောင်းချီးမင်္ဂလာ များကိုတော့ ကျွန်ုပ်တို့လက်လွှတ်ဆုံးရှုံးရပါလိမ့်မည်။

သခင်ဖြစ်သူသည် အခြားမြို့တစ်မြို့သို့ ခရီးထွက်သွားရ၍ မိမိ၏တိုင်းပြည်ကြီးအား အစေခံတို့၏လက်၌အပ်နှံထားခဲ့သည့် ပုံဥပမာကို သခင်ယေရှုကပြောပြခဲ့ပါသည်။ သခင်ဖြစ်သူသည် အစေခံကျွန်များလက်၌ငွေကြေးအတိုင်းအတာတစ်ခုစီကို စီးပွါးရေးလုပ်ငန်း၌မြှုပ်နှံကြရန် ပေးအပ်ထားခဲ့သည်။ သခင်ပြန်ရောက်လာသောအခါ အစေခံများအနက်မှ တစ်ဦးပေးအပ်ထားခဲ့သောငွေကြေးများကို စီးပွါးရေးလုပ်ငန်း၌မြှုပ်နှံခြင်းမပြုခဲ့သည်ကို သိရှိခဲ့သည်။ လုကာ ၁၉း၂၄–၂၆ ရှိသခင်ဖြစ်သူမှ ထိုအစေခံအား ပြောဆိုတုန့်ပြန်ခဲ့ပုံကို နားဆင်ကြည့်ပါ။

အခြွေအရံတို့အား ငွေတစ်ပိဿာကို သူ့လက်မှနှုတ်ကြ။
ခွက်တစ်ဆယ်ရှိသောသူအား ပေးကြဟုမိန့်တော်မူ၏။
အခြွေအရံ တို့ကလည်းသခင်၊ ထိုသူ၌ခွက်တစ်ဆယ်ရှိပါ၏
ဟု လျှောက်ကြလျှင် ငါဆိုသည်ကား၊ အကြင်သူသည်ရ
တတ်၏။ထိုသူအားပေးဦးမည်။ အကြင်သူသည် ဆင်းရဲ၏။
ထိုသူ၌ရှိသမျှကိုပင် နုတ်လိမ့်မည်။

သခင်ဖြစ်သူသည် သစ္စာမရှိသော ထိုအစေခံထံမှ ငွေများကို ပြန်လည်သိမ်းယူ၍ သစ္စာရှိသောအခြားသူတစ်ဦးအား ပေးခဲ့သည်။

ဘုရား သခင်သည် မိမိ၏ရည်ရွယ်ချက်ကို အမှန်တကယ်ပြည့်စုံစေပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သောကြောင့် သူ၏လုပ်ဖော်ကိုင်ဖက် ဖြစ်ရသောအခွင့်ကို ကျွန်ုပ်တို့အားပေးခဲ့သည်။ သို့သော် ကျွန်ုပ်တို့ဘက် က သစ္စာမရှိခဲ့လျှင် အခြားသူတစ်ယောက်ကို အသုံးပြုမည်ဖြစ်ပြီး၊ ဤအံ့ဖွယ်အခွင့်ထူးကိုမူ ကျွန်ုပ်တို့လက်လွတ်ကြရပေမည်။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း၊ အယူဝါဒသည် ဤလောကကြီးအား သခင်ခရစ်တော်အတွက် လုမ်းမိဖမ်းဆုပ်ရမည်ဟူသော တာဝန်ကြီးမှကျွန်ုပ်တို့ကို မည်သည့်နည်းနှင့်မျှသက်သာချမ်းသာခွင့်မပေးပါ။ ပေးမည်ဆိုလျှင်လည်း အမှုတော်မြတ်ကို ထမ်းဆောင် ရန် သာ၍ကြီးမားသောရဲရင့်သတ္တိနှင့်တိုက်တွန်းလှုံ့ဆော်မှုကိုသာ ပေးရပါ လိမ့်မည်။ ဘုရားသခင်သည် မိမိ၏အလိုတော်ကိုဖွင့်ဟပြသနာ၌အသုံး ပြုရန် ကျွန်ုပ်တို့ကိုရွေးချယ်ထားသည်ဆိုသည့်အချက်သည် မယုံနိုင်စရာ မကောင်းပေဘူးလား။ ဘုရားသခင်သည် မိမိ၏အကြံအစည်များကို မည်သည့်နည်းလမ်းနှင့်မဆိုအကောင်အထည်ဖော်ဆောင်နိုင်သော်လည်း ကျွန်ုပ်တို့ကို အသုံးပြုရန်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အံ့သြဖွယ်မကောင်းပေ ဘူးလား။ ကျွန်ုပ်သည် အဘယ်မျှပင် အားနည်းချည့်နဲ့နေပေစေ၊ ကျွန်ုပ်အပါး၌ဘုရားသခင်ရှိနေလျှင် မဖြစ်နိုင်သောအရာဟူ၍ ရှိမည်မဟုတ်ပါ။ ကျွန်ုပ်သည် ဘုရားသခင်အတွက် ကြီးမားသောအရာများကို ကြိုးစားစွမ်း ဆောင်နိုင်ပါသည်။ ဘုရားသခင်အထံသို့ တောင်းဆိုချက်များနှင့်အတူ ရောက်ရှိလာနိုင်ပြီး၊ သူသည်ကျွန်ုပ်၏ တောင်းဆိုချက်များကို ကြားနာ၍ အဖြေပေးမည်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်များ အထမြောက် လာစေရန်အလိုငှာ ကျွန်ုပ်လိုအပ်သမျှကိုဘုရားသခင်ထောက်ပံ့ပါလိမ့် မည်။ တန်ခိုးတော်သည် ကျွန်ုပ်လက်ထဲ၌ရှိနေသည်ကို သိရလျှင် ကျွန်ုပ် လက်ရှိကြုံတွေ့နေ ရသောအရာ

ထက်သာ၍ကြီးမြတ်သောအရာအတွက် ဘုရားသခင်ကိုရှာကြံရန် လှုံ့ဆော်တိုက်တွန်းခံရမည်မဟုတ်လော။ ဤလောက၌ဘုရားသခင်၏အကြံအစည်များကို အကောင်အထည်ဖော်ရာ၌ဘုရားသခင်နှင့်အတူ လက်တွဲ၍လုပ်ဆောင်ရခြင်းသည် ကျွန်ုပ်၏ အခွင့်ထူးဖြစ်ကြောင်းကိုသိလျှက်နှင့် အခြားလမ်းကိုလိုက်၍ကျောခိုင်းသွား လျှင် ထိုအပြုအမူသည် ကျွန်ုပ်အတွက် ရှက်စရာမဟုတ်ပေဘူးလား။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်သည် မိမိ၏အကြီးမြတ်ဆုံးအကြံအစည်ကို ဖြေချအကောင်အထည် ဖော်ရာ၌ ကျွန်ုပ်တို့ကိုအသုံးပြုလိုသောအချက်နှင့်စပ်လျဉ်း၍မည်သည့်အရာကို ကျွန်ုပ်တို့သင်ယူမှတ်သားရပါသည်။
- ဘုရားသခင်သည် မိမိ၏အကြံအစည်အခြားသောနည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ခဲ့နိုင်သော်လည်း သင်နှင့်ကျွန်ုပ်အားဖြင့် ထိုအကြံအစည်ကို အကောင်အထည်ဖော်ဖို့ ရွေးချယ်ခဲ့ခြင်းနှင့် ပတ်သက်၍မည်သို့သော ခွန်အားပေးတိုက်တွန်းခံရမှုမျိုးကို သင်ခံစားရပါသလဲ။
- သင်နှင့်ကျွန်ုပ်ကဲ့သို့သော ယုံကြည်သူများကို အသုံးပြုရန် ဘုရားသခင် ကမည်သို့ရွေးချယ်ခဲ့ပုံကို အချိန်အနည်းငယ်ယူ၍ စဉ်းစားဆင်ခြင်ကြည့်ပါ။ဘုရားသခင်နှင့်အတူ သစ္စာရှိရှိလက်တွဲ လျှောက်လှမ်းရန် မကြာခဏပျက်ကွက်ခဲ့ကြပုံကိုစဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့၏အားနည်း ချက်များအားဖြင့် ဘုရားသခင်သည် မိမိ၏အချုပ်အခြာတန်ခိုးအာဏာကို မည်သို့ခင်းကျင်းပြသ သနည်း။ ကျွန်ုပ်တို့၏ပျက်ကွက်မှုများကို အမှုမထားဘဲကျွန်ုပ်တို့ကိုအသုံးပြုရန်ရွေးချယ်ဆုံးဖြတ်ခဲခြင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြားရှိဆက်ဆံရင်းနှီးမှုနှင့်စပ်လျဉ်း၍ မည်သို့သော အကြောင်းအရာကိုသွန်သင်ပေးပါသနည်း။

**ဆုတောင်းအချက်များ**

- ဘုရားသခင်သည် အခြားသောနည်းလမ်းမျိုးစုံဖြင့် မိမိ၏အကြံ အစည်ကို အကောင်အထည်ဖော်ခဲ့နိုင်သော်လည်း ထိုအကြံ အစည်ကိုအကောင်အထည်ဖော်ဖို့ သင့်ကိုရွေးချယ်ခဲ့ခြင်း အတွက် ဘုရားသခင်ကိုအချိန်အနည်းငယ်ယူ၍ ကျေးဇူးတင်ချီးမွမ်းပါ။
- ဤလောက၌ ဘုရားသခင်မှ မိမိ၏အကြံအစည်များကို ဖြေချ အကောင်အထည်ဖော်ရာ၌ သူနှင့်အတူလက်တွဲ၍ပါဝင်နိုင်သော အခွင့် ထူးများ သင့်၌ရှိနေခြင်းကို နားမလည်ခဲ့သည့်အချိန်များ အတွက် ဘုရားသခင်ကို ခွင့်လွှတ်ပေးဖို့တောင်းပန်ပါ။
- ဘုရားသခင်နှင့်အတူ သစ္စာရှိရှိလက်တွဲလျှောက်လှမ်းနိုင်ရန် ကူညီ မစဖို့တောင်းလျှောက်ပါ။ ဘုရားသခင်၏ကြီးမားသောအကြံအစည် ထဲ၌ တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်နေသော သင့်အခွင့်ထူးများကို နားလည်သဘောပေါက်နိုင်ရန် ကူညီမစဖို့တောင်းလျှောက်ပါ။

# ၈
# အပြစ်ဒုစရိုက်၌ဆက်လက်ကျင်လည်နေခြင်း

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း၊ အယူဝါဒတွင် အပြစ်ဒုစရိုက်ကိုကျူးလွန်ရန် ခွင့်ပြုမိန့်(လိုင်စင်)ကို ရှာတွေ့ကြသည့် လူအချို့လည်းရှိနေသည်။ ထိုသူတို့က ''ဘုရားသခင်ဟာအချုပ်အခြာ တန်ခိုးအာဏာရှင်သာဖြစ်ခဲ့မယ်ဆိုရင် အရာအားလုံးကိုအဆုံးသတ်မှာ အကောင်းဘက်ကနေလုပ်ဆောင်သွားမှာဘဲ၊ ဒါကြောင့် ကျွန်ုပ်ဘာ လုပ်လုပ် ဘာထူးခြားမှုရှိမှာလဲ'' ဟုပြောကောင်းပြောကြမည်။ အခြား သူများကလည်း ''အကယ်၍ဘုရားသခင်ဟာ ကျွန်ုပ်ကို အမှန်တကယ် အပြစ်မကျူးလွန်စေချင်ဘူးဆိုရင် ကျွန်ုပ်ကို ပိတ်ဆို့တားမြစ်ခဲ့မှာဘဲ'' ဟု ဆိုကောင်းဆိုကြမည်။ မယုံကြည်သူတစ်ဦးနှင့် လက်ထပ်ထိမ်းမြားရန် အကြံအစည်ရှိနေသော ခရစ်ယာန်လူငယ်တစ်ဦး၏ပြောဆိုချက်ကို သုံးသပ်ကြည့်ပါ။ ''ဘုရားသခင်အမှန်တကယ်အလိုတော်ရှိခဲ့ရင် ကျွန်ုပ်၏ ရည်းစားကိုထိမ်းမြားလက်ထပ်ဖို့ ပိတ်ဆို့တားမြစ်မှာဘဲ၊ ဒါပေမယ့် အဲဒီလိုပိတ်ဆို့တားမြစ်ခြင်းကို မလုပ်တဲ့အတွက် ကျွန်ုပ်ရဲ့လုပ်ရပ်ကို သဘောတူလို့ဘဲဖြစ်မှာပေါ့။'' စိတ်ဆိုးလွယ်သောလူတစ်ဦးကိုစဥ်းစားကြည့်ပါ။ သူဒေါသအထွဋ်အထိပ်ရောက်သောအခါ၌ ''ဒါငါ့ရဲ့ပင်ကို သဘာဝဘဲ၊ ငါဘာမှမတတ်နိုင်ဘူး။ ဘုရားသခင်က ငါ့ကိုဒီလိုဖြစ်အောင် ဖန်ဆင်းခဲ့တာဘဲ'' ဟုပေါက်ကွဲခဲ့ပေမည်။

ကျွန်ုပ်တို့၏အပြစ်ကိုဖုံးဖိဆေးကြောဖို့ ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို လက်တစ်လုံးခြား အသုံးပြုခြင်းသည် ဘုရားသခင်ကိုအဘယ်မျှစော်ကားရာရောက်သနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့အပြစ်များကိုဖန်တီးသူ၊ ကျွန်ုပ်တို့အပြစ်များ၏ အရင်းအမြစ်အဖြစ်စွပ်စွဲပြောဆိုနေကြခြင်းဖြစ်သည်။ အပြစ်ဒုစရိုက်နှင့် ပတ်သက်၍တာဝန်ယူရမည့်သူမှာ ဘုရားသခင်မဟုတ်၊ ကျွန်ုပ်တို့သာဖြစ်သည်။ ဤအချင်းအရာသည် ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်ရန် ကျွန်ုပ်တို့လွတ်လပ်စွာ ရွေးချယ်မှု၏ရလာဒ်ပင်ဖြစ်သည်။

ဒေင်ဥယျာဉ်ကြီးဆီကိုပြန်သွားကြည့်ကြပါစို့။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို ထိုဥယျာဉ်ကြီးထဲ၌နေရာချပေးခဲ့သည်။ အစပထမပိုင်းတွင် အာဒံနှင့် ဧဝသည် သူတို့နှစ်ဦးအကြား၌၄င်း၊ ဘုရားသခင်နှင့် ၄င်းပြည့်စုံသောပေါင်းသင်းဆက်ဆံရေးကို ရရှိခံစားခဲ့ကြသည်။ တစ်နေ့တွင် ဧဝသည်တားမြစ်ထားသောအပင်မှ အသီးကို ဆွတ်ခူးခဲ့သည်။ အာဒံနှင့်ဧဝတို့သည် ထိုအပင်မှအသီး စားခဲ့ကြပြီး၊ မိမိတို့ကိုယ်ကို၄င်း၊ နောင်လာမည့်မျိုးဆက်များကို၄င်း၊ ဝိညာဉ်ရေးရာသေခြင်းနှင့်ရုပ်ပိုင်းဆိုင်ရာသေခြင်းဖြင့် ဒဏ်ခတ်ခဲ့ကြသည်။ ဖန်ဆင်းခြင်းသည် ချက်ချင်းဆိုသလိုပင် အပြစ်ဒုစရိုက်၏အမှောင်ထဲသို့ နစ်ဝင်ကျရောက်သွားခဲ့သည်။ ကမ္ဘာလောကကြီးအပေါ်၌ရောက်ရှိလာသော ဤပုန်ကန်ခြင်းလုပ်ရပ်၏ အကျိုးသက်ရောက်မှုကို အချိန်အနည်းငယ်ယူ၍စဉ်းစားကြည့်ပါ။ စစ်ပွဲများ၊ ဒုစရိုက်မှုခင်းများ၊ ရောဂါဝေဒနာများသည် ဤကမ္ဘာကြီးကို ပြည့်နေစေကြသည်။ ဝမ်းနည်းပူဆွေးခြင်းများနှင့် ဝရုန်းသုန်းကား အခြေအနေများသည် လူမှုဆက်ဆံရေးများ၌ဝင်ရောက်လာကြသည်။ လူသားမျိုးနွယ်တစ်စုလုံးသည် ထာဝရဘုရားသခင်နှင့်အစဉ်ကင်းကွာသွားရန် ဒဏ်ခတ်စီရင်ခံရသည်။ ယနေ့ကျွန်ုပ်တို့တွေ့မြင်နေရသော မကောင်းမှုဒုစရိုက်အားလုံးသည် ဒေင်ဥယျာဉ်ကြီးထဲ၌ ပုန်ကန်ဆန့်ကျင်၍ မနာခံခြင်းလုပ်ရပ်တစ်ခုတွင် အမြစ်တွယ်ထားကြသည်။ အာဒံနှင့်ဧဝ၏မနာခံခြင်းလုပ်ရပ်

သည် ကမ္ဘာကြီးကိုဖျက်ဆီးခဲ့ပြီး၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ရင်းနှီးဆက်ဆံရေးကိုလည်း ချိုးဖျက်ခဲ့သည်။ ဤသည်ကား ကျွန်ုပ်တို့ကမ္ဘာမြေကြီးကြုံတွေ့ခဲ့သမျှသောအရာအားလုံး၌ဝမ်းနည်းဖွယ်အကောင်းဆုံးအဖြစ်ဆိုးကြီးဖြစ်သည်။ ထိုအထဲ၌ အံ့သြစရာအကောင်းဆုံးမှာ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့၏လုပ်ရပ်ကြောင့်ဖြစ်ပေါ်လာမည့်အရာအားလုံးကို သိရှိနားလည်ထားခဲ့သော်လည်း၊ ထိုလုပ်ရပ်ကို မရပ်တန့်ခဲ့ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် မနာခံခြင်းကို လွတ်လပ်စွာရွေး ချယ်ရန်ခွင့်ပြုခဲ့သည်။

အခြားအဖြစ်အပျက်တစ်ခုတွင် ထာဝရဘုရားသခင်၏စိတ်နှလုံးတော်နှင့်ညီညွတ်သောသူ ဒါဝိဒ်မင်းသည် ဥရိယ၏ဇနီးဖြင့် သူ့အားသူမ၏အဆောင်၌ ရေချိုးနေသည်ကိုတွေ့မြင်ခဲ့သည်။ ဒါဝိဒ်မင်းသည် သူမအပေါ်၌ ကာမဂုဏ်တပ်မက်စိတ်များပွားလာခဲ့သည်။ ဒါဝိဒ်သည် အစေခံတစ်ဦးစေလွှတ်၍ သူမကို ပင့်ဆောင်စေ၍ မိမိနေထိုင်ရာနန်းတော်၌ ကာမပိုင်ရှိသူနှင့်ဖေါက်ပြန်ခြင်းအပြစ်ကြီးကိုကျူး လွန်ခဲ့သည်။ အမှန် တရားကိုဖုံးကွယ်ရန်အလိုငှာ သူမ၏ခင်ပွန်းကိုလည်း သုတ်သင်ရှင်းလင်းပစ်ခဲ့သည်။ ဘုရားသခင်သည် ဒါဝိဒ်မင်းကို မရပ်တန့်ခဲ့ပါ။ အလွန်ဆိုးဝါး သောအပြစ်ဒုစရိုက်များကို ကျူးလွန်ရန်ဘုရားသခင်ကိုကျောခိုင်းခဲ့ကြ သော သူများ၏ပုံဥပမာများသည်သမ္မာကျမ်းစာ၌ပြည့်နေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်မကျူးလွန်မိအောင်အမြဲတမ်းတော့ ပိတ်ပင်ရပ်တန့်ခဲ့လိမ့်မည်မဟုတ်ပါ။ ခေတ်ကာလအသီးသီးရှိယောကျ်ား၊ မိန်းမများသည် အပြစ်ဒုစရိုက်ကိုကျူးလွန်ရင်းငှင်းတို့၏ဘဝကိုဖျက်ဆီးခဲ့ကြပါသည်။ မြောက်များစွာသော သူတို့ကဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြသည်။ ဘုရားသခင်ကလည်း သူတို့ရွေးချယ်ရာလမ်းကိုလျှောက်လှမ်းကြဖို့ ခွင့်ပြုပေးခဲ့သည်။ ရောမ ၁း၂၂–၂၇ တွင် ရှင်ပေါလု၏ပြောဆိုထားချက်ကို

နားဆင် ကြည့်ပါ –

ပညာရှိယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌တည်ကြသည် ဖြစ်၍ မဖောက်ပြန်မပျက်စီးနိုင်သော ဘုရားသခင်၏ဂုဏ် တော်ကို ပယ်လျှက် ဖောက်ပြန်ပျက်စီးတတ်သော လူ၏ ရုပ်တု၊ သားငှက်အစရှိသော တွားတတ်သော တိရိစ္ဆာန်၏ ရုပ်တုတို့ကို ဘုရားသခင်အရာ၌ချီးမြှောက်ကြ၏။ ထို့ကြောင့် သူတို့သည် မိမိတို့ကိုယ်ကာယ၏အသရေကို အချင်းချင်း ရှုတ်ချမည့်အကြောင်း၊ ဘုရားသခင်သည် သူတို့ကို သူတို့၏ ကိလေသာစိတ်ညစ်ညူးခြင်းလက်သို့ အပ်လိုက်တော်မူ၏။ သူတို့သည်မှန်သောဘုရားသခင်အရာ၌ အမှားကိုထားလျှက် ဖန်ဆင်းတတ်သောသခင်ကို ပယ်၍၊ ဖန်ဆင်းခံအရာကို ဝတ်ပြုကိုးကွယ်သူဖြစ်ကြ၏။ ထိုသခင်သည်ထာဝရ မင်္ဂလာရှိတော်မူ၏။ အာမင်။ ထိုသို့ပြုသောကြောင့်ဘုရား သခင်သည် သူတို့ကိုရှောက်ကြောက်ဖွယ်သောကိလေသာ လက်သို့ အပ်လိုက်တော်မူ၏။ အဘယ်သို့နည်းဟူမူကား မိန်းမတို့သည်ပကတိထုံးစံကိုစွန့်၍ ပကတိနှင့်ဆန့်ကျင် ဘက်ထုံးစံကိုလိုက်ကြ၏။ ထို့အတူယောကျ်ားတို့ သည် လည်းမိန်းမနှင့်ဆက်ဆံခြင်းပကတိထုံးစံကိုစွန့်၍ အချင်း ချင်းကိလေသာစိတ်ပူလောင် သဖြင့်ရှက်ကြောက်ဖွယ်အမှုကို ယောကျ်ားချင်း ပြုလျှက်၊ မိမိတို့မှားယွင်းခြင်းနှင့် အ လျောက် မိမိတို့အပြစ်ဒဏ်ကို ခံရကြ၏။

အထက်ပါကျမ်းပိုဒ်ရှိ ပုဂ္ဂိုလ်များသည် အခြားဘုရားများကို ရှာကြံကိုးကွယ်ရန်ရွေးချယ်ခံကြသည်။ သူတို့သည်အမျိုးမျိုးသော ကိလေသာညစ်ညူးခြင်းများ၌ပါဝင်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ အား သူတို့၏ကိလေသာညစ်ညူးခြင်းလက်သို့ အပ်လိုက်သည်ဟု

ရှင်ပေါလုကပြောပြထားသည်။ ဘုရားသခင်သည် သူတို့အား သူတို့၏ ဆိုးညစ်သောလမ်းများ၌ဆက်လက်၍ကျင်လည်ရန် အခွင့်ပေးခဲ့ပြီး သူတို့ ၏ မှားယွင်းသောရွေးချယ်ဆုံးဖြတ်ချက်များ၏ အကျိုးအဆက် များကို ခံစားစေခဲ့သည်။

"ဘုရားသခင်က ငါ့ကိုအပြစ်မကျူးလွန်စေချင်ဘူးဆိုရင် သူ ငါ့ကိုတားဆီးရပ်တန့်ခဲ့မှာဘဲ"ဟု အဘယ်သူကမျှမပြောနိုင်ပါ။ ဘုရား သခင်သည် အပြစ်ဒုစရိုက်ကို ရွံ့မုန်းကြောင်း ကျွန်ုပ်တို့ရှင်းရှင်း လင်းလင်း သိထားကြစို့။ ဘုရားသခင်သည် အပြစ်ဒုစရိုက် ရွံ့မုန်းသော်လည်း၊ ကျွန်ုပ်တို့ကိုလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ဆက်၍ပေးထားဆဲဖြစ်သည်။ ဤလောက၌ အပြစ်ဒုစရိုက်အ လွန်များပြားနေရခြင်းသည်လည်း ကျွန်ုပ်တို့ အား လွတ်လပ်စွာရွေး ချယ်ပိုင်ခွင့်ကို ခွင့်ပြုထားသောဘုရားသခင်၏ ကျေးဇူးတော် နှင့်ဂရုဏာတော်အဘယ်မျှကြီးမားကြောင်း သက်သေခံချက် ပင်ဖြစ် သည်။ ကျွန်ုပ်တို့အားလုံးကို အမြိုးဖြုတ်ဖျက်ဆီးရှင်းလင်းပစ်ရန် မှာ ဘုရားသခင်အတွက်အလွန်လွယ်ကူပါသော်လည်း ထိုသို့ပြုမည့်အစား ကျွန်ုပ်တို့အပေါ်၌စိတ်ရှည်သည်းခံပြီး၊ တရားစီရင်ခြင်းကိုလည်း နှောင့်နှေး စေကာ နောင်တရကြရန် ကျွန်ုပ်တို့ကိုတောင်းခံနေပါသည်။

ဤပြဿနာရပ်၏အဓိကအချက်မှာ ဘုရားသခင်ပေးသနား ထားသော လွတ်လပ်စွာလုပ်ပိုင်ခွင့်ပင်ဖြစ်သည်။ ကောင်းမွန်သောဆက်ဆံ ရင်းနှီးမှုတိုင်း၏အဓိကအရာမှာ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ပင် ဖြစ်သည်။ သင်သည် တစ်စုံတစ်ယောက်ကို သင့်မိတ်ဆွေဖြစ်လာရန် (သို့) သင့် ကိုချစ်လာရန် အတင်းအဓမ္မတိုက်တွန်း၍မရနိုင်ပါ။ ဤအရာများသည် သူတို့ကိုယ်တိုင်ရွေးချယ်ရမည့်အရာဖြစ်သည်။ ဟေရှာယ ၂၉း၁၃တွင် လူမျိုးတော်တို့၏နှလုံးသားများသည် မိမိနှင့်အလွန်ကွာလှမ်းနေသော အဖြစ်အပေါ်၌ ဘုရားသခင်ဝမ်းနည်းကြေကွဲခဲ့ရသည်။

ထာဝရဘုရားကလည်း ဤလူမျိုးသည်နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍နှုတ်ခမ်းနှင့် ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သောပညတ်တို့ကို အမှီပြု၍ ငါ့ကိုကြောက်ရွံ့ကြ၏။

အထက်ပါကျမ်းပိုဒ်တွင် ဘုရားသခင်၏နက်နဲသောစိတ်သဘောကို သင်တွေ့မြင်ပါသလား။ ဘုရားသခင်သည် သူ့အားကိုးကွယ်ဆည်းကပ်ကြရန် ကျွန်ုပ်တို့ကိုအတင်းအဓမ္မပြုမူနိုင်ပြီး၊ ကျွန်ုပ်တို့မှလည်း အခြားရွေးချယ်စရာမရှိတော့သောကြောင့် ဘုရားသခင်ပြုသည့်အတိုင်း လိုက်လျှောက်ခဲ့ကြပါမည်။ သို့သော ဤသည်ကား ဘုရားသခင်လိုချင်သောအရာမဟုတ်ပါ။ ဘုရားသခင်သည် သူ့ကိုကျွန်ုပ်တို့၏စိတ်နှလုံးသားမှ ကိုးကွယ်ဆည်းကပ်ခြင်းကို အလိုရှိသည်။ သူ့ကို လွတ်လွတ်လပ်လပ်ရွေးချယ်ကြရန် အလိုရှိသည်။ ဤအတွက်ကြောင့်ပင် ကျွန်ုပ်တို့ကိုလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးထားခြင်းဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ဘုရားသခင်နှင့် အဝေးတစ်နေရာသို့လျှောက်သွားကြရန် အသုံးပြုခဲ့ကြခြင်းပင်ဖြစ်သည်။

သင်သည် ''ကောင်းပါတယ်၊ ဘုရားသခင်က ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ်အပြစ်ကျူးလွန်ခွင့်ပေးလိုနေမှာပေါ့။ ဒါပေမယ့် ဒီအရာကိုကျွန်တော်တို့ ကောင်းဖို့ သူအသုံးပြုမှာမဟုတ်လား။ ကျွန်တော်အပြစ်ကိုကျူးလွန်မိခဲ့ရင်တောင်မှ အဲဒီအချင်းအရာကနေ ကျွန်တော်ကို သင်ခန်းစာတွေသင်ပေးမှာမဟုတ်ဘူးလား။ နောက်ဆုံးမှာဒါတွေအားလုံးကို ကျွန်တော်တို့တောင်းဖို့ဘဲ သူလုပ်ခဲ့မှာမဟုတ်ဘူးလား၊ ဒါကြောင့် ဘာဘဲလုပ်လုပ် ပြဿနာမရှိပါဘူး''ဟု တုန့်ပြန်ကောင်း တုန့်ပြန်ခဲ့ပေမည်။

ဘုရားသခင်သည် မိမိ၏အချုပ်အခြာတန်ခိုးအာဏာအားဖြင့် အဆိုးကိုအကောင်းအဖြစ်သို့ ပြောင်းလဲနိုင်သည်။ ဤအချင်းအရာကို

သခင်ယေရှုအား ကားတိုင်တင်သတ်ခြင်း၌ ရှင်းရှင်းလင်းလင်းပြသခဲ့ပါသည်။ ဆိုးညစ်သောလူတို့သည် သခင်ယေရှုကို ကားတိုင်တင်သတ်ခဲ့သော်လည်း ဘုရားသခင်သည် သူတို့၏လုပ်ရပ်ကို ကျွန်ုပ်တို့၏ကယ်တင် ခြင်းအထမြောက်လာဖို့ရန်အတွက် အသုံးပြုခဲ့သည်။ ယောသပ်၏ ညီအစ်ကိုများက ယောသပ်ကို အဲဂုတ္တုပြည်၌ ကျေးကျွန်တစ်ဦးအဖြစ် ရောင်းစားခဲ့သော်လည်း၊ ဘုရားသခင်သည် ဤအပြစ်ဒုစရိုက်အမှုကြီး ကို ဣသရေလပြည်ကြီးကို ကယ်တင်ရန်အသုံးပြုခဲ့သည်။

ယေရမိ ၂၇း၅–၈ ၌ ဘုရားသခင်က ဗာဗုလုန်ပြည့်ရှင် နေဗုခဒ်နေဇာမင်းအကြောင်းကို မည်သို့ပြောဆိုထားကြောင့် နားဆင်ကြည့်ပါ။

> ငါသည်မဟာတန်ခိုးနှင့် လက်ရုံးကိုဆန့်လျှက် မြေကြီးကိုငှင်း၊ မြေကြီးပေါ်မှာရှိသောလူနှင့် တိရိစ္ဆာန်တို့ကိုငှင်း၊ ဖန်ဆင်းသည်ဖြစ်၍ ငါသည်ပေးလိုသောသူတို့အား ပေး၏ ယခုမှာ ဤပြည်ရှိသမျှတို့ကို ငါ့ကျွန်ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာလက်သို့ ငါအပ်ပေး၏။ သူစေစားဖို့ရာ တောတိရိစ္ဆာန်များကိုလည်း ငါပေးပြီး။ သူ၏နိုင်ငံဆုံးချိန်မရောက်မီတိုင်အောင် ဤပြည်သားအပေါင်းတို့သည် သူ၏အမှုနှင့် သူ၏သားမြေးအမှုကို ဆောင်ရွက်ကြရမည်။ ထိုအချိန်ရောက်မှ များစွာသောလူမျိုးတို့နှင့် ကြီးသောရှင်ဘုရင်တို့သည် သူ့ကိုစေစားကြလိမ့်မည်။

နေဗုခဒ်နေဇာမင်းသည် ဤလောကကိုတရားစီရင်ရန်အတွက် ဘုရားသခင့်လက်တော်ရှိအသုံးတော်ခံတန်ဆာဖြစ်ကြောင်း အထက်ပါကျမ်းပိုဒ်အားဖြင့် ရှင်းလင်းထင်ရှားနေပါသည်။ အခန်းငယ်(၆)တွင် သူ့ကိုဘုရားသခင်၏ကျွန်ဟု ညွှန်းဆိုထားသည်။ ဘုရားသခင်သည် နေဗုခဒ်နေဇာမင်းအား လူမျိုးတော်တို့ကို အနိုင်ယူသိမ်းပိုက်ရန် အခွင့်ပေး

ခဲ့သော်လည်း၊ ထိုသို့သောလုပ်ရပ်အတွက် ဘုရားသခင်အထံ၌ရှင်းလင်းချက်တင်ပြရန်တာဝန်ကိုလည်း ယူရမည်ဖြစ်သည်။ ယေရမိ ၅၀း၁၇–၁၈ တွင် ဘုရားသခင်က ဤထင်ရှားသောဘုရင်ကြီးကို မည်သို့ပြောခဲ့သည်ကို နားဆင်ကြည့်ပါ။

> ဣသရေလသည် အရပ်ရပ်သို့လွင့်ပြေးရသောသိုးဖြစ်၏။ ခြင်္သေ့တို့သည်နှောက်ယှက်ကြပြီ။ အာရှုရိရှင်ဘုရင်သည် ရှေ့ဦးစွာ ကိုက်စားပြီ။နောက်မှ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် သူ၏အရိုးတို့ကို ချိုးဖဲ့ပြီ။ ထို့ကြောင့် ဣသရေလအမျိုး၏ဘုရားခင်ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ငါသည် အာရှုရိဘုရင်ကိုဒဏ်ပေးသည်နည်းတူ၊ဗာဗုလုန်ရှင်ဘုရင်နှင့် သူ၏နိုင်ငံကို ဒဏ်ပေးမည်။

နေဗုခဒ်နေဇာမင်းအား မိမိ၏လူမျိုးတို့ကိုသိမ်းပိုက်အောင်နိုင်ဖို့ ဘုရားသခင်က ခွင့်ပြုပေးခဲ့သော်လည်း အခြားတဘက်တွင် ထိုသို့သောလုပ်ရပ်ကြောင့် နေဗုခဒ်နေဇာမင်းကြီးတရား စီရင်ခြင်းခံရမည်ဆိုသည်မှာအတော်ထူးဆန်းသောအရာဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့နားလည် ရန်လိုအပ်သောအချက်မှာ နေဗုခဒ်နေဇာမင်းသည် လွတ်လပ်စွာရွေးချယ် မှုကို ပြုလုပ်ခဲ့သည်ဟူသော အချက်ပင်ဖြစ်သည်။ သခင်ယေရှု၏နေ့ရက် ကာလရှိ ဘာသာရေးခေါင်းဆောင်များက သခင်ယေရှုကို ကားတိုင်တင် သတ်ရန် ရွေးချယ်ခဲ့သကဲ့သို့ပင် နေဗုခဒ်နေဇာမင်းကလည်း ဘုရားသခင် ၏ လူမျိုးတို့ကိုဒုက္ခပေး ရန်ရွေးချယ်ခဲ့သည်။ ဘုရားသခင်သည် နေဗုခဒ် နေဇာမင်းအား လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးခဲ့သည်။ နေဗုခဒ်နေဇာ မင်းသည် ယုတ်ညံ့သော ဆုံးဖြတ်ချက်များကို ပြုလုပ်ခဲ့လင့်ကစား၊ ဘုရားသခင်သည် ထိုယုတ်ညံ့သောဆုံးဖြတ်ချက်များကို မိမိ၏ အကြံ အစည်များ အထမြောက်လာဖို့ နောက်ဆုံးတွင်အသုံးပြုခဲ့ပါသည်။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာပိုင်ဖြစ်သော ကြောင့် အရာအားလုံးကို အကောင်းအဖြစ်သို့ ပြောင်းလဲနိုင်သည်။ ကျွန်ုပ် တို့ ဖန်တီးခဲ့သော အရှုပ်အထွေးပြဿနာများကို ပြုပြင်ဖြေရှင်း နိုင်ပြီး၊ ကျွန်ုပ်တို့ပေးခဲ့သော အနာဒဏ်ရာများကိုလည်း ပျောက်ကင်း စေနိုင်သော် လည်း၊ ကျွန်ုပ်တို့၏လုပ်ရပ်ကိုတော့ အကြောင်းမဲ့ လွတ်ငြိမ်းခွင့်ပေးမည် မဟုတ်ပါ။ သင်ပြုလုပ်ခဲ့သော အရာတစ်ခုခု ကြောင့် သင့်မိတ်ဆွေ၏နေအိမ် မီးလောင်ပြာကျသွားပြီး၊ ထိုမိတ်ဆွေ သည် ရှိရှိသမျှဆုံးရှုံးခဲ့သည်ဟု စိတ်ကူးကြည့်ပါ။ ထိုသို့သော အခြေအနေသို့ရောက်ရှိသွားသော သင့်မိတ်ဆွေ၏လိုအပ်ချက်ကို တွေ့ကြရသောပတ်ဝန်းကျင်ရှိလူများသည် အတူကွစုရုံးကြ၍ သင့်မိတ်ဆွေအတွက် အိမ်အသစ်တစ်ဆောင်ကို တည်ဆောက်ပေး ကြကာ၊ ထိုမိတ်ဆွေပြန်လည်နလန်ထူလာအောင် လိုအပ်သည့်အရာ များအားလုံးကိုလည်း ထောက်ပံ့ပေးကြသည်ဟု ဆိုကြပါစို့။ သင့်အသိုင်း အဝန်းရှိ လူထုကြီး၏ သနားကြင်နာစိတ်သည် ပြဿနာကိုဖြေရှင်း ခဲ့သော်လည်း၊ ထိုအရာသည် သင့်အပြစ်ကိုလျော့ မသွားစေပါ။ သင်သည် သင့်မိတ်ဆွေ၏အိမ်ကို မီးလောင်ပြာကျစေသော သူပင်ဖြစ် လျက်ရှိနေပြီး၊ သင့်လုပ်ရပ်အတွက် ဖြေရှင်းချက်များကို ပေးရ ပါမည်။ အလားတူအချင်းအရာသည် ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့၏ ဆက်ဆံရင်းနှီးမှုတွင်လည်း ထပ်တူပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ဖန်တီးခဲ့သောပြဿနာအရှုပ်အထွေးများကို ပြန်လည်ဖြေရှင်း ပြုပြင်ပေးနိုင်ပြီး၊ ကျွန်ုပ်တို့မှ အနာတရဖြစ်စေခဲ့သောသူများ၏ အနာဒဏ် ရာများကိုလည်း ပျောက်ကင်းစေနိုင်သော်လည်း ကျွန်ုပ်တို့၏ အပြုအမူ များနှင့်စပ်လျဉ်း၍ ဘုရားသခင်အားဖြေရှင်းချက်များ ပေးရပါမည်။

ကျွန်ုပ်တို့တစ်ဦးချင်းစီသည် မိမိတို့၏အပြုအမူအတွက် ဘုရား

သခင်ကိုရှင်းလင်းချက်ပေးရန်တာဝန်ရှိသည်။ ကျွန်ုပ်တို့အားလုံးသည် ယခု ဘဝတွင် ရွေးချယ်မှုတစ်ခုကို ပြုလုပ်ကြရမည်။ ကျွန်ုပ်တို့သည် ဘုရား သခင်နှင့်လက်တွဲလျှောက်လှမ်း၍ဘုရားသခင်၏ မိသဟာရဖွဲ့ခြင်းကို ခံစားမွေ့လျော်ရန် ရွေးချယ်နိုင်သကဲ့သို့ ဘုရားသခင်ကို ကျောခိုင်း၍ ကြုံတွေ့လာမည့် အကျိုးအဆက်များကို ရင်ဆိုင်ခံစားရန်လည်း ရွေးချယ် နိုင်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ဖန်တီးခဲ့သော အပျက်အဆီး အနာအဆာများကို ပျောက်ကင်းစေနိုင်ပြီး၊ ပြန်လည်ပြုပြင်ပေးနိုင်သကဲ့သို့ အသုံးလည်းပြုနိုင်သော်လည်း ထိုသို့သောလုပ်ရပ်အတွက် ဘုရား သခင်ကို ဖြေရှင်းချက်ပေးရပါမည်။ ဘုရားသခင်၏အချုပ်အခြာတန်ခိုး အာဏာရှိခြင်းအယူဝါဒသည် အပြစ်ဒုစရိုက်နှင့်ပြည့်နေသော ဤလောက၌နေထိုင်စဉ်တွင် ကျွန်ုပ်ကိုခွန်အားသစ်များပေးပါသည်။ ကျွန်ုပ်၏အနီးပတ်ဝန်းကျင်ရှိယောကျ်ား၊ မိန်းမတို့ကမှားယွင်းဖောက်ပြန်သော ရွေးချယ်မှုများကို ပြုလုပ်နေကြလင့်ကစား၊ ဘုရားသခင်သည် မိမိ၏အကြံအစည်များကို နောက်ဆုံးတွင် အထမြောက်အောင်မြင်စေမည်ဟူသော မျှော်လင့် ချက်နှင့် စိတ်ချယုံကြည်မှုတို့ ကျွန်ုပ်၌ရှိနေပါသည်။ ထို့အပြင် ဤအယူဝါဒ မှ ကျွန်ုပ်တို့အသိပေးနေသောအချက်မှာ လူသားတို့၏ဆန့်ကျင်ပုန်ကန်ခြင်းကြားမှပင် ဘုရားသခင်၏ အကြံ အစည်များသည် နောက်ဆုံးတွင် အထမြောက်ပြည့်စုံလာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အားလုံးသည်လည်း ကျွန်ုပ် တို့၏လုပ်ရပ်အသီးသီးအတွက် ဘုရားသခင်ရှေ့တော်တွင် ရှင်းလင်းချက် များကို ပေးကြရမည်ဟူသော အချက်ပင်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်သည် မိမိ၏သာ၍ကြီးမားသောအကြံအစည်ကို အထမြောက်စေရန် လူသားတို့၏ဆိုးညစ်မှုများကိုပင် အသုံးပြုနိုင်

သည့်ဟူ သောအချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထားများက အဘယ်နည်း။

- ဘုရားသခင်သည် ကျွန်ုပ်တို့၏ပျက်ကွက်မှုများကို ကုစား၍သာ၍ပြည့်စုံသောအကျိုးတရားအတွက် အသုံးပြုနိုင်သည် ဟူသောအချက်သည်ကျွန်ုပ်တို့၏အပြစ်တရားကိုအကြောင်း မဲ့လွတ်ငြိမ်းခွင့်ပေးပါ
သလား။

- ဤလောကရှိ ယောက်ျား၊ မိန်းမတို့၏အပြစ်ဒုစရိုက်များသည် မဟုတ် သည့်အပြင် ဘုရားသခင်သည် လူသားတို့၏ဆိုးညစ်မှုအပေါ်၌ အချုပ်အခြာတန်ခိုးအာဏာရှိပါသည်ဟူသောအချက်တွင် မည်သို့ သောနှစ်သိမ့်ခြင်းမျိုးကို သင်ရရှိခံစားပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် သင်၏အပြစ်ဒုစရိုက်များနှင့် ရှုံးနိမ့်ပျက်ကွက်မှုများထက်သာ၍ကြီးမြတ်တော်မူသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်သည် အပြစ်ဒုစရိုက်နှင့် ဆိုးညစ်ဖောက်ပြန်မှုများကို အောင်နိုင်ခဲ့မည်ဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အပြစ်ဒုစရိုက်များကိုဆင်ခြေပေးခွင့်ပြုနေခြင်းအတွက် ဘုရားသခင်အားခွင့်လွှတ်ပေးရန်တောင်းပန်ပါ။ သင်၏လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ဘုရားသခင်နှင့် ဘုရားသခင်၏အကြံအစည်များအတွက်သာ အသုံးပြုရန် ကျေးဇူးတော်ထပ်လောင်းပေးသနားတော်မူမည့်အကြောင်း တောင်းလျှောက်ပါ။

# လက်တွေ့အသုံးချမှု

# ၉
# အတ္တဇာတိသဘော၌သေခြင်း

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း၊ အယူဝါဒကို သဘောမတူသောဆန့်ကျင်ကန့်ကွက်ချက်အချို့ကို ကျွန်ုပ်တို့အနက်ဖွင့် ၍လေ့လာသုံးသပ်ကြပြီးနောက် ယခုကျွန်ုပ်တို့လေ့လာသုံးသပ်သွားကြ ရမည့်အကြောင်းအရာမှာ ကျွန်ုပ်တို့တစ်ဦးစီ၏ အသက်တာကို ယင်းအယူဝါဒကမည်သို့ အကျိုးသက်ရောက်စေသနည်းဟူသောအချက် ပင်ဖြစ်သည်။ ဘုရားသခင်၌အကြွင်းမဲ့သောလုပ်ပိုင်ခွင့်ရှိသည်ဟု ပြောဆိုဆွေးနွေးခြင်းဖြင့် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို အနက်ဖွင့်လေ့လာခဲ့သည်။ ထိုအချက်အတွက် ရောမ ၉း၂၀–၂၁ ရှိ အိုးထိန်းသမားပုံသာဓကကို ကျွန်ုပ်တို့အသုံးပြုခဲ့ကြသည်။

> ဘုရားသခင်ကို ငြင်းဆန်သောအချင်းလူ၊ သင်သည်ကား အဘယ်သူနည်း။ လုပ်ခံရသောအရာသည် လုပ်တတ်သောသူအား အဘယ်ကြောင့် ငါ့ကိုဤသို့လုပ်သနည်းဟု ဆိုရမည်လော။ အိုးထိန်းသမားသည် အိုးမြေကိုပိုင်သည်မဟုတ်လော။ အိုးမြေတစ်ပုံတည်းနှင့် အိုးမြတ်၊ အိုးယုတ်ကိုလုပ်ပိုင်သည်မဟုတ်လော။

အိုးထိန်းသမားသည် ကျွမ်းကျင်သောလက်မှုပညာရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ သူသည်အိုးမြေ(ရွှံ့)ကို မိမိနှစ်သက်ရာပုံသဏ္ဌာန်အဖြစ်သို့ ပုံသွင်းပါသည်။ အိုးမြေ(ရွှံ့)၏ထွက်ပေါ်လာသော ပုံသဏ္ဌာန်သည် အိုးထိန်းသမား၏စိတ်ဆန္ဒပေါ်တွင် လုံးလုံးလျားလျားမူတည်နေသည်။ အိုးမြေသည် အိုးစက်ပေါ်တွင် လည်ပတ်နေပြီး၊ အိုးထိန်းသမားသည် မိမိလိုချင်သောပုံသဏ္ဌာန်ရရှိလာအောင် လိုအပ်သောနေရာများတွင် ဖိအားများဖြင့် ဖိ၍လုပ်ဆောင်သည်။ အိုးထိန်းသမားသည် အိုးစက်ပေါ်ရှိ အိုး၏ပုံသဏ္ဌာန်နှင့်အသုံးပြုမည့်နေရာကို ဆုံးဖြတ်ရန်လုပ်ပိုင်ခွင့်အပြည့်ရှိသည်။ အချို့သောအိုးများသည် ရှင်ဘုရင့်နန်းတော်နှင့်ထိုက်တန်သောဖန်တီးထားပြီး၊ အခြားသောအိုးများနှင့် သူဆင်းရဲတို့၏ အိမ်၌နိမ့်ကျသောရည်ရွယ်ချက်များကို လုပ်ဆောင်ကြသည်။ အိုးများ၏ရည် ရွယ်ချက်နှင့် အသုံးဝင်ပုံကို အိုးထိန်းသမားက တိုင်းတာသတ်မှတ်သည်။

ကျွန်ုပ်တို့သည် ကောင်းကင်ဘုံရှိမက အိုးထိန်းသမား၏ လက်ထဲရှိအိုးမြေဖြစ်ကြသည်။ ထိုအိုးထိန်းသည် မိမိလိုချင်သောရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့ကို ပတ်ဝန်းကျင်အခြေအနေများနှင့် ဘဝအတွေ့အကြုံ များအားဖြင့် ပုံစံသွင်းနေပါသည်။ ကျွန်ုပ်တို့အသက်တာ၌အဖြစ်အပျက် များကို ဖြစ်လျက်ကြရန် ခွင့်ပြုထားပြီး၊ နိုင်ငံတော်၏အမှုတော်တွင်ပို၍ထိရောက်သောသူများဖြစ်လာရန် ဖန်တီးဖို့ ထိုအဖြစ်အပျက်များကို အသုံးပြုလျှက်ရှိသည်။ အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် အထက်ပါဖြစ်စဉ်သည် သာယာချောမွေ့သောအရာတော့မဟုတ်ပါ။ ကျွန်ုပ်တို့အားလုံး၌ ခါးသီးသောဘဝအတွေ့အကြုံကိုယ်စီပြောရန် ရှိကြသည်။ ကျွန်ုပ်တို့ ကြုံတွေ့ရသောဘဝအတွေ့အကြုံများကိုကြည့်ပြီး ''ကိုယ်တော်၊ ကျွန်တော်ကိုဘာကြောင့် ဒီလိုဖြစ်အောင်လုပ်တာလဲ၊ ကျွန်တော် အသက်တာမှာ

ဘာကြောင့်ဒီလိုနှိပ်စက်စော်ကားခံရဖို့နဲ့ ဆင်းရဲဒုက္ခတွေ ခံရဖို့ အခွင့်ပေးခဲ့တာလဲ''ဟု အော်ဟစ်မြည်တမ်းခဲ့သောအချိန်များ ရှိခဲ့ပါမည်။

အထက်ပါမေးခွန်းများကို အလွယ်တကူဖြေကြားဖို့တော့ မလွယ် ပါ။ ဘုရားသခင်သည် မတူသောနည်းလမ်းများဖြင့် ကျွန်ုပ်တို့တစ်ဦးချင်း စီ၌အလုပ်လုပ်နေပါသည်။ သို့သော် သေချာသည့်အရာတစ်ခုတော့ ရှိ သည်။ ၄င်းမှာ မဟာအိုးထိန်းရှင်သည် မိမိ၏ဂုဏ်သိက္ခာအတွက် သင့် ကို မိမိလိုရာအိုးအဖြစ်သို့ ပုံသွင်းနေသည်ဟူသော အချက်ပင်ဖြစ်သည်။ ဘုရားသခင်၌ သတ်မှတ်ထားသောရည်ရွယ်ချက်ကောင်းတစ်ခု သင့် အတွက်ရှိနေပါသည်။ ပုံစံသွင်းခြင်းကာလတစ်လျှောက်တွင် နာကျင်ခြင်း များ ရှိပါမည်။ သို့သော် အဆုံးသတ်ရလာဒ်မှာ ပြည့်စုံကောင်းမွန်ပါသည်။ လောကီအိုးထိန်းသမားနှင့် မတူသော ကောင်းကင်ဘုံရှိမဟာအိုးထိန်းရှင်သည် ဘယ်သောအခါမျှ အမှားမလုပ်မိပါ။

ဤသို့ပြောဆိုရင်း သင့်ကို အရေးကြီးသည့်အချက်နှစ်ချက်အားဖြင့် အသိပေးပြောကြားလိုသည်။ ပထမအချက်မှာ မဟာအိုးထိန်းရှင်သည် သင့်ကိုနက်နက်နဲနဲချစ်ပါသည်ဟူသောအချက်ဖြစ်သည်။ ဘုရား သခင်သည် မိမိလုပ်ဆောင်နေသောအရာ၌အလွန်ဂုဏ်ယူသည်။ ဣသရေလလူမျိုးများ ပြင်းထန်သောကြပ်မတ်မှုကို ရင်ဆိုင်တွေ့ကြုံစဉ်က ဘုရားသခင်မှ သူတို့အားပြောဆိုခဲ့သည့် ဟေရှာယ ၄၉း၁၅–၁၆ ရှိမိန့်ထားချက်ကို နားဆင်ကြည့်ပါ။

> မိန်းမသည် မိမိမွေးသောသားကို မသနားသည်တိုင်အောင် မိမိနို့စို့သူငယ်ကိုမေ့လျော့နိုင်သလော။ အကယ်၍မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့။ ငါသည်မိမိလက်ဝါး၌

သင့်ကိုထွင်းထိုးထားပြီး၊ သင်၏မြို့ရိုးသည် ငါ့ရှေ့မှာ အစဉ်ရှိ၏။

ဘုရားသခင်သည် မိမိ၏လူမျိုးတော်တို့ကို မေ့လျော့ခြင်းထက် မိခင်ဖြစ်သူမှ မိမိ၏နို့စို့သားငယ်ကိုမေ့လျော့ရန်မှာ ပို၍လွယ်ကူပါလိမ့်မည်။ ဘုရားသခင်က သင့်အပေါ်၌ထားရှိသောချစ်ခြင်းမေတ္တာသည် မိခင် နှင့် သူမ၏သားငယ်ကြားရှိ ချစ်ခြင်းမေတ္တာထက် သာ၍ကြီးမြတ်ပါသည်။ ဘုရားသခင် အစဉ်ရှေ့ရှုနေသောအရာမှာ သင်ကောင်းစားရေးပင်ဖြစ် သည်။ သင့်ကိုနက်နက်နဲနဲမြတ်နိုး လျှက်ရှိသည်။ ထိုသို့ သင့်ကိုနက်နက် နဲနဲ မြတ်နိုးအလေးထားသောကြောင့် သင့်ကောင်းကျိုးအတွက် သင့်ကို စည်းကမ်းနှင့် ကြပ်မတ်နေခြင်းဖြစ်သည်။ ဤသည်ကား ဟေဗြဲ ၁၂း၅–၇ ၏ ထင်ရှားသောသွန်သင်ချက်ဖြစ်သည်။

> ထိုမှတပါး၊ ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲ မနေနှင့်။ သင်၏အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်နှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ လက်ခံတော်မူသမျှသော သားတို့ကို ဒဏ်ခတ်တော်မူတတ်၏ ဟု သူငယ်တို့ကို ဆိုသကဲ့သို့ သင်တို့ကို ပြောဆိုသောဩဝါဒစကားကို မေ့လျော့ကြသလော။ သင်တို့သည် ဆုံးမတော်မူခြင်းကို ခံလျှင် သားတို့ကိုပြုသကဲ့သို့ ဘုရားသခင်သည် သင်တို့ကိုပြုတော်မူ၏။ အကြောင်းမူကား အဘမဆုံးမသော သားတစ်စုံတစ်ယောက်ရှိသလော။

အိုးစက်ပေါ်၌ ကျွန်ုပ်တို့နာကျင်ခြင်းဝေဒနာများကို ခံစားရခြင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်ချစ်သောကြောင့်ဖြစ်ပြီး၊ မိမိ ၏ ဂုဏ်သိက္ခာအတွက် အသုံးဝင်မည့်အိုးများအဖြစ် ကျွန်ုပ်တို့ကို ပုံသွင်း လိုသောကြောင့်ဖြစ်သည်။ ကျွမ်းကျင်သောလက်မှုပညာရှင်ဖြစ်သည့် အားလျော်စွာ အသေးငယ်ဆုံးသောအစိတ်အပိုင်းလေးကိုပင်

သတိ မလွတ်စေပါ။ အိုးထိန်းရှင်သည် မိမိ၏လုပ်ရပ်အပေါ် အလွန်ဂုဏ်ယူ၏။ သူဖန်တီးသောအစိတ်အပိုင်းတစ်စုစီအပေါ်ရှိ စိတ်ရှည်ပြီး အပတ်တကုတ် ကြိုးစားလုပ်ဆောင်သည်။ ဖန်တီးချက်များအားလုံးသည် အလွန်ထူးခြား ကောင်းမွန်လှသည်။

ဒုတိယအချက်အနေဖြင့် ကျွန်ုပ်တို့မှတ်သားထားရမည့် အချက်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခံနိုင်ရည်ကိုလွန်၍ပုံသွင်းကြပ်မတ်မည်မဟုတ်ပါဟူသောအချက်ဖြစ်သည်။ ၁ကော ၁၀း၁၃ ရှိ ရှင်ပေါလု၏ ပြောဆိုချက်ကို နားဆင်ကြည့်ပါ။

> လူ၌ဖြစ်တတ်သောစုံစမ်းနှောင့်ယှက်ခြင်းကိုသာ သင်တို့သည်ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍သင်တို့မခံနိုင်သောစုံစမ်းနှောက်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောက်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်ရာလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။

အိုးထိန်းရှင်၏အိုးစက်ပေါ်၌ ကျွန်ုပ်တို့တွေ့ကြုံခံစားရသောနာကျင်မှုများကို ကျွန်ုပ်ကြည့်ရှုသောအခါ ဘယ်သောအခါမျှ ထိုနေရာမှ အသက်ရှင်လျှက် လွတ်မြောက်ပါမည်လောဟု အံ့အားသင့်ခဲ့ရသောအချိန် များရှိခဲ့ပါသည်။ အချုပ်အခြာတန်ခိုးအာဏာရှိသော အိုးထိန်းရှင်သည် ကျွန်ုပ်တို့၏ခံနိုင်ရည်အတိုင်းအတာကို သိသည်။ ကျွန်ုပ်တို့မှ ကိုယ်ကိုကိုယ် သိကြသည်ထက် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပို၍သိသည်။ ကျွန်ုပ်တို့၏ခံနိုင်ရည်ကိုကျော်လွန်၍ စုံစမ်းခြင်းနှင့် ပုံသွင်းကြပ်မတ်ခြင်းကို ဘယ်သောအခါတွင်မျှ ပြုလုပ်မည်မဟုတ်ပါ။ သို့သော် ဤသို့ပြောဆို ရာ၌ ကျွန်ုပ်တို့သည် ပြဿနာများနှင့် စစ်ကြောခြင်းများကို အသက်တာ ၌တွေ့ကြုံရမည်

မဟုတ်ဟု မသိလိုပါ။ ၂ကော ၄း၈–၉ တွင် မိမိဘဝ ဇာတ်ကြောင်းကို ရေးသားရင်း ရှင်ပေါလုပြောကြားထားသည်မှာ –

> ငါတို့သည် အမျိုးမျိုးသောနှောက်ယှက်ခြင်းကိုခံရသော်လည်း၊ အကျိုးနည်းခြင်းသို့မရောက်၊ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက်၊ ညှဉ်းဆဲခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ၊ အောက်သို့လှဲခြင်းခံရသော်လည်း ဆုံးရာသို့မရောက်။

မဟာအိုးထိန်းရှင်၏လက်တော်မှ ထွက်လာသောဖိအားများ၏ ပုံသွင်းပြုပြင်ခြင်းကို ရှင်ပေါလုခံခဲ့ရသည်။ သို့သော် ရှင်ပေါလုမှ သူ၏စာစောင်ကိုဖတ်ရှုသူတို့အား ပြန်လည်သတိပေးထားသည်မှာ သူသည် ထိုဖိအားကို အဖက်ဖက်မှ ခံခဲ့ရသော်လည်း တစ်စစီကျိုးပဲ့မသွားကြောင်း အကြိမ်ပေါင်းများစွာ ထင်ယောင်ထင်မှားနှင့် ရှိနေခဲ့သော်လည်း မျှော်လင့် ချက်ပျက်သုဉ်းမသွားခဲ့ကြောင်း အခက်အခဲဒုက္ခမျိုးစုံကို တွေ့ကြုံရင်ဆိုင် ခဲ့သော်လည်း ဘုရားသခင်၏စွန့်ပစ်ခြင်းကို မခံခဲ့ကြောင်း ထုရိုက်ချိုးနှိမ် ခြင်းကို ခံရသော်လည်း ပျက်စီးခြင်းသို့ မရောက်ခဲ့ကြောင်းပင်ဖြစ်သည်။

အချုပ်အခြာတန်ခိုးအာဏာပိုင်သူ ဘုရားသခင်သည် မိမိ ဆီလျော်သည်ဟု မှတ်ယူသည့်အသွင်သဏ္ဌာန်အဖြစ်သို့ ပုံသွင်းရန် လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်။ သူသည် ကျွန်ုပ်တို့၏ဖြစ်တည်မှုအစအဆုံးကို သိနေပြီး၊ ကျွန်ုပ်တို့၏ သာ၍ကြီးမြတ်သောကောင်းကျိုးအတွက်၄င်း၊ မိမိ၏နာမတော်ကို ဂုဏ်တင့်စေရန်၄င်း အရာအားလုံးကိုပြုလုပ်ကြံစည်ခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့တတ်နိုင်သောအတိုင်းအတာကို သိပြီး၊ ကျွန်ုပ်တို့ခံနိုင်သည်အတိုင်းအတာအထိသာ ကျွန်ုပ်တို့ကိုဆွဲဆန့်ပါလိမ့်မည်။

ထိုသို့သော မဟာအိုးထိန်းရှင်အတွက် ကျွန်ုပ်တို့၏တုန့်ပြန်မှုကား အဘယ်နည်း။ ရှင်ပေါလုမှ မိမိ၏စာဖတ်ပရိသတ်အား ရောမ ၁၂း၁–၂တွင် ပြောဆိုထားသည်မှာ –

> ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်လက္ခဏာ၊ ဘုရားသခင်နှစ်သက်မှုဖွယ် သောလက္ခဏာနှင့်ပြည့်စုံ သောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည့်အကြောင်း ဘုရားသခင်၏ ဂရုဏာတော်ကိုထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုး ဆော်ပေ၏။သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊နှစ်သက် ဖွယ်သောအရာ၊ စုံလင်သော အရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည့်အကြောင်း၊ စိတ်နှလုံးကိုအသင့်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့။

အမိဝမ်းတွင်းမှ သင်ဖွားမြင်လာစဉ်ကတည်းကပင် ဘုရားသခင်သည် သင့်အသက်တာ၌ အလုပ်လုပ်နေခဲ့ပြီဖြစ်သည်။ မိမိကို ဂုဏ်တင့်စေ၍ ဘုန်းကြီးစေတော်မူမည့် တန်ဆာအဖြစ်သို့ ဘုရားသခင်သည် သင့်ကို ပုံစံသွင်း၍ ပြုပြင်ပြောင်းလဲနေခဲ့သည်။ ဤသို့ပြုရခြင်းမှာ ဘုရားသခင်သည် သင့်ကိုချစ်သောကြောင့်ဖြစ်ပြီး၊ သင့်ကိုဖန်ဆင်းခဲ့စဉ်က ထား ရှိခဲ့သော အကြံအစည်များ သင်၌ပြည့်စုံလာခြင်းကို လိုချင်သောကြောင့် ဖြစ်သည်။ သို့သော်လည်း မြောက်မြားစွာသော အချိန်၌ ကျွန်ုပ်တို့သည် ကိုယ်ပိုင်အတွေးအမြင်ရှိခဲ့ပြီး၊ ကိုယ်ပိုင်ဘဝအိပ်မက်များကို မက်ခဲ့ကြသည်။ အိုးထိန်းရှင်၏ အိုးစက်လည်ပတ်သည်နှင့် ကျွန်ုပ်တို့ဘက်မှလည်း ထိုမဟာအိုးထိန်းရှင်၏ လုပ်ဆောင်ချက်နှင့် ဆန့်ကျင်၍ လှုပ်ရှားကြပါတော့သည်။ ကျွန်ုပ်တို့

တွေ့ကြုံရသောဘဝကြမ္မာအတွက် တိုင်တန်းညည်းတွား ကြသည်။ ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက် ရည်ရွယ်ထားသောဘုရားသခင်၏စည်းမျဉ်းစည်းကမ်းများကို မကျေမချမ်းနိုင်ဖြစ်ခဲ့ကြသည်။ ဘုရား သခင်ထားရှိသောရည်ရွယ်ချက်များ၏ ပြင်ပတွင်ပျော်ရွှင်ခြင်းကို ကျွန်ုပ် တို့ထဲကမည်သူမျှ ခံစားရမည်မဟုတ်သော်လည်း၊ ကျွန်ုပ်တို့၏ကိုယ်ပိုင် ဘဝပန်းတိုင်နှင့်ရည်ရွယ်ချက်များကို သတ်မှတ်နိုင်သောလုပ်ပိုင်ခွင့် ကျွန်ုပ်တို့၌ရှိသည်ဟု ကြုံးဝါးကြသည်။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်၍ ချစ်ခြင်းမေတ္တာဘုရားလည်းဖြစ်ကြောင်းကို နားလည်သဘောပေါက်၍ လက်ခံယုံကြည်သောသူတို့သည် ဘုရားသခင်၏အကြံအစည်များ၌ ကိုယ်ကိုယ်ကို လိုလိုလားလားအပ်နှံကြသည်။ ထိုသူတို့က ဘုရားသခင်၏ အကြံအစည်သည်အမြဲတမ်းအကောင်းဆုံးဖြစ်ကြောင်းကို သိထားကြ သည်။ ထိုသူတို့သည် မိမိတို့၏ကိုယ်ပိုင်အတွေးအမြင်များနှင့် အကြံအစည် များ၌အသေပမာဖြစ်ကြပြီး၊ သူတို့၏အချုပ်အခြာတန်ခိုးအာဏာပိုင်ဘုရား သခင်၏အကြံအစည်ကိုသာ အထမြောက်ပြည့်စုံစေခဲ့ကြသည်။

ဘုရားသခင်တွင် အကြွင်းမဲ့သောဩဇာအာဏာ၊ လုပ်ပိုင်ခွင့်နှင့်ထိန်းချုပ်ပိုင်ခွင့်တို့ရှိသည်။ ဘုရားသခင်ပြုလုပ်သောအရာတိုင်း၌ ရည်ရွယ်ချက်အသီးသီးရှိကြသည်။ ထိုသို့သောဘုရားသခင်အပေါ်၌ ကျွန်ုပ်တို့လုပ်ရမည့်တုန့်ပြန်မှုမှာ လက်တော်ထဲ၌ ကိုယ်ကိုကိုယ်ဆက်ကပ် အပ်နှံခြင်း၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေးအမြင်များ၌သေခြင်း၊ အလိုတော်ကို ယုံကြည်ကိုးစားခြင်း၊ အကြံအစည်တော်များကို အထမြောက်ပြည့်စုံ စေခြင်းတို့ဖြစ်သည်။ ဤအရာတစ်ခုတည်း၌သာ စစ်မှန်သော တင်းတိမ် ရောင့်ရဲမှုကို ကျွန်ုပ်တို့ရ

ရှိခံစားကြမည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်၏အကြံအစည်များကို နားလည်ရန်(သို့)လုပ်ဆောင်ရန် ခက်ခဲသောအချိန်တွင်ပင် သင်ထိုအကြံအစည်ကိုယုံကြည်စိတ်ချပါသလား။
- သင့်အသက်တာ၌ဘုရားသခင်အလုပ်လုပ်နေခဲ့ပြီလား။ စစ်ကြောခြင်း(သို့)ဆုံးမပဲ့ပြင်ခြင်းကို တွေ့ကြုံခဲ့ပြီးပြီလော။ ထိုသို့ဖြစ်ခဲ့လျှင် သင်တုန့်ပြန်ချက်ကား အဘယ်နည်း။
- သင့်ကိုသင်၎င်း၊ သင်၌ရှိသမျှသောအရာတို့ကို၎င်း၊ ဘုရားသခင်အထံ၌စွန့်လွှတ်ပေးအပ်ရန်ဆန္ဒရှိပါသလား။ ယနေ့တွင် ဘုရားသခင်နှင့်သူ၏ အကြံအစည်များကိုသင်ယုံကြည်ကိုးစားနိုင်ပါသလား။
- ဘုရားသခင်အပါးမှ သင့်ကိုဆွဲချုပ်ထားသောအရာရှိပါသလား။ ယနေ့တွင် ဘုရားသခင်ကို မယုံကြည်၊ မကိုးစားနိုင်သောကဏ္ဍများ သင့်အသက်တာ၌ရှိပါသလား။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်၏အလိုတော်အတိုင်းလိုက်လျှောက်ရန်မှာ အဘယ်မျှပင် အဖိုးအခကြီးနေပေစေ ထိုအလိုတော်ထဲ၌လျှောက်လှမ်းဖို့ သင်၏ဆက်ကပ်အပ်နှံမှုကို ပြန်လည်ဆန်းသစ်ရန်အချိန်အနည်းငယ်ယူပါ။
- ဘုရားသခင်ထံ၌၎င်း၊ သင့်ဘဝအတွက်ထားရှိသောဘုရားသခင်၏အကြံအစည်များ၌၎င်း၊ အပ်နှံရန်ပျက်ကွက်ခဲ့သော အချိန်များအတွက်ခွင့်လွှတ်ပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သင့်အသက်တာ၌ ဘုရားသခင်လုပ်ဆောင်နေသောအရာများကို

ယုံကြည်ကိုးစားနိုင်ဖို့ ကျေးဇူးတော်ကိုသွန်းလောင်းပေးရန် တောင်းလျှောက်ပါ။ ဘုရားသခင်အထံ၌၄င်း၊ ဘုရားသခင်၏အကြံအစည်များ၌၄င်း ပြန်လည်၍ဆက်ကပ်အပ်နှံမှုအသစ်ကို ပြုလုပ်ပါ။

- ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှိပြီး၊ သင့်အသက်တာ၌ အကြွင်းမဲ့သောလုပ်ပိုင်ခွင့်ရှိသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။သင့်အသက်တာ၌ဖြစ်ပျက်နေသောအရာအားလုံးကို မိမိ၏သာ၍ကြီးမားသောဘုန်းတော်ထင်ရှားဖို့အသုံးပြုမည်ဖြစ်သောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။

# ၁၀
# ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများကို ပေးအပ်ခြင်း

ကျွန်ုပ်တို့သည် အလုပ်အကိုင်ကောင်းကောင်း ရရှိခြင်းတွင် သော်၄င်း၊ အိမ်ကောင်းကောင်းကို ပိုင်ဆိုင်ခြင်းတွင်သော်၄င်း၊ ကြီးမားသော ကိုယ်စိတ်ချမ်းသာခြင်းကို ရှာတွေ့ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုစည်းစိမ်များတွင် ဘဝလုံခြုံမှုကို ရှာတွေ့ကြသည်။ ကျွန်ုပ်တို့ အသက်တာ၌ခက်ခက်ခဲခဲ ရှာဖွေထားသောအရာများကို ဘုရားသခင်အား အလွယ်တကူမပေးအပ်ကြပါ။ သို့သော်ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း၊ အယူဝါဒကိုတွေ့တွေ့ဆိုင်ဆိုင်လေ့လာမှတ်သားရသောအခါတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာများအပေါ်၌ အကြွင်းမဲ့သောလုပ်ပိုင်ခွင့်ရှိသည်ဟူသောအချက်ကို ကျွန်ုပ်တို့ သိရှိနားလည်လာရသည်။ ကျွန်ုပ်တို့အမှန်တကယ်ပိုင်ဆိုင်သောအရာဟူ၍ မရှိပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့ပိုင်ဆိုင်သမျှအားလုံး၏အဓိကအရင်းအမြစ်ကြီးဖြစ်ကြောင်း တမန်တော်ရှင်ယောဟန်က ယောဟန် ၁း၃ တွင် ကျွန်ုပ်တို့အား ပြောပြထားသည်မှာ –

ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း

တော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သော အရာတစ်စုံတစ်ခုမျှမရှိ။

ယောဟန် ၃း၂၇ အရ ဘုရားသခင်မှ ဦးစွာ မပေးလျှင် ကျွန်ုပ် တို့၌မည်သည့်အရာမျှ မပိုင်ဆိုင်နိုင်ကြပါ။

ကောင်းကင်ဘုံမှပေးတော်မမူလျှင် လူသည်အဘယ်အရာကို မျှမခံနိုင်ရာ။

အလားတူအကြောင်းအရာကို တမန်တော်ရှင်ယာကုပ်မှ ယာကုပ် ၁း၁၇ တွင် ပြောပြထားသည်မှာ –

ကောင်းမြတ်စုံလင်သော စွမ်းရည်ကျေးဇူးရှိသမျှတို့သည် အလင်း၏အဘထံတော်က သက်ရောက်သည်ဖြစ်၍ အထက် အရပ်မှလာကြ၏။ ထိုအဘသည် ရွေ့လျော့ထိမ်းယိမ်းခြင်းမရှိ။ ပြောင်းလဲခြင်း အရိပ်နှင့်ကင်းလွတ်တော်မူ၏။

ဘုရားသခင်အထံမှ လက်ခံရရှိခြင်းမရှိဘဲ ကျွန်ုပ်တို့၌အဘယ် အရာမျှမရှိနိုင်ပါ။ ကျွန်ုပ်တို့လက်ခံခဲ့သမျှသောဆုလာဒ်ဆောင်မွန်အားလုံး ၏အရင်းအမြစ်ကြီးမှာ ဘုရားသခင်ဖြစ်သည်။

ဘုရားသခင်သည် ဆုလာဒ်ဆောင်မွန်များအားလုံး၏ အရင်း အမြစ်ဖြစ်ယုံသာမက ဘုရားသခင်၏တန်ခိုးတော်ကျွန်ုပ်တို့အထဲ၌လှုပ် ရှားလုပ်ဆောင်ခြင်းမပါဘဲ ကျွန်ုပ်တို့အကောင်အထည်ဖော်နိုင်မည့်အရာ မရှိပါ။ ယောဟန် ၁၅း၅ မှ ဤအချက်ကို အရှင်းလင်းဆုံးပြောပြထား သည်မှာ ‘‘ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်မျှကိုမျှမတတ်နိုင်ကြ’’ ဟူ၍ဖြစ်သည်။ တရားဟော ၈း၁၇–၁၈ တွင် ဘုရားသခင်က လူမျိုးတော် တို့အား ပြောပြထားချက်ကို နားဆင်ကြည့်ပါ။

ငါ့တန်ခိုး၊ ငါ့လက်သတ္တိအားဖြင့် ဤစည်းစိမ်ကို ငါရတတ်သည် ဟု စိတ်ထဲမှာ အောက်မေ့ခြင်း၊ အပြစ်ကို သတိနှင့်ကြဉ်ရှောင်

လော့။ သင်၏ဘုရားသခင်ထာဝရဘုရားကိုသာ အောက်မေ့ရမည်။ အကြောင်းမူကား သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားတော်ကို ယနေ့ကဲ့သို့ တည်စေလိုသောငှါ၊ စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏။

စည်းစိမ်ဥစ္စာကို တိုးပွားစေနိုင်သောအစွမ်းအစကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးသနားထားသည်။ ဘုရားသခင်၏အံ့ဖွယ်ကောင်းသော အစွမ်းပေးခြင်းသာမဟုတ်ခဲ့လျှင် ကျွန်ုပ်တို့အဘယ်အရာကိုမျှ အကောင်အထည်ဖော်နိုင်ခဲ့ကြမည်မဟုတ်ပါ။ ဆာလံဆရာသည် ဆာလံ ၃၃း၁၆–၁၉ တွင်ပြောဆိုခဲ့စဉ်က ဤအချက်ကိုကောင်းကောင်းသဘောပေါက်ထားခဲ့သည်။

မည်သည့်ရှင်ဘုရင်မျှ များစွာသောအလုံးအရင်းအားဖြင့် ချမ်းသာမရ။ စစ်သူရဲခွန်အားကြီးသောအားဖြင့် လွတ်မြောက်ခြင်းသို့မရောက်။ လွတ်မြောက်ခြင်းအတွက် မြင်းပင်မျှော်လင့်စရာမရှိ။ ခွန်အားဗလကြီးပါလျှက်နှင့် မကယ်လွတ်နိုင်။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့နှင့် ဂရုဏာတော်ကိုခိုလှုံသောသူတို့သည် သေဘေးနှင့်ကင်းလွတ်မည်အကြောင်း အစာခေါင်းပါးသည့်ကာလ၌ အသက်ရှင်မည့်အကြောင်း၊ သူတို့ကိုကြည့်ရှုလျှက်ရှိတော်မူ၏။

အဘယ်ရှင်ဘုရင်မျှ ၎င်း၏ခွန်အားဗလအားဖြင့် ကယ်တင်ခြင်းမခံခဲ့ရပါ။ စစ်ပွဲတစ်ပွဲ၏အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းသည် ဘုရားသခင်နှင့်သာ သက်ဆိုင်သည်။ ဘုရားသခင်၏ခွန်အားဗလအားဖြင့်သာ အောင်မြင်ခြင်းကို ကျွန်ုပ်တို့ရရှိနိုင်သည်။ ကျွန်ုပ်တို့၏ထွက်သက်ဝင်သက်သည်ပင် ဘုရားသခင်အထံမှလာကြောင်း ယောဘ ၁၂း၉–၁၀ က ကျွန်ုပ်တို့ကို အသိပေးထားသည်။

ဤအမှုတို့ကို ထာဝရဘုရားစီရင်တော်မူကြောင်းကို ထိုတိရိစ္ဆာန် တစ်ကောင်မျှမသိဘဲနေသလော။ အသက်ရှင်သောသတ္တဝါ အားလုံးတို့၏ဇီဝအသက်နှင့်လူသတ္တဝါခပ်သိမ်းတို့၏ထွက် သက်ဝင်သက်သည် ဘုရားသခင့် လက်တော်၌ရှိ၏။

ကျွန်ုပ်တို့ပိုင်ဆိုင်ထားသောအရာမှန်သမျှသည် ဘုရားသခင်မှ ကျွန်ုပ်တို့ကိုပေးထားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အသက်တာ၌လုပ်ဆောင်ပြီးမြောက်ခဲ့သမျှသောအရာအားလုံးအတွက်လိုအပ်သော ခွန်အားဗလများသည် ဘုရားသခင်ထံမှဖြစ်သည်။ ဘုရားသခင်နှင့်၎င်း၏ခွန်အားပေးစွမ်းဆောင်ပေးခြင်းမပါဘဲ၊ အောင်မြင်ပြီးမြောက်ခြင်း တစ်ခုတစ်လေကိုမျှ ကျွန်ုပ်တို့အားဖြင့် ပြီးမြောက်ခဲ့သည်ဟု မကြွေးကြော်နိုင်ပါ။

ဤနေရာတွင် အခြားအရေးကြီးသောအချက်တစ်ချက်ကို ကျွန်ုပ်တို့ပြုလုပ်မှတ်သားဖို့ လိုသည်။ ထိုအချက်မှာ ဘုရားသခင်သည် မိမိ၏နာမတော်ဘုန်းထင်ရှားဖို့နှင့် ဂုဏ်တင့်စေဖို့ရန်အတွက် အရာအားလုံးကို ဖန်ဆင်းခဲ့သည်ဟူသောအချက်ပင်ဖြစ်သည်။ ကောလောသဲ ၁း၁၆ မှ ဤသို့ဆိုထားသည်။

အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသောရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဖို့အလို့ငှါ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။

အရာအားလုံးကို ဘုရားသခင်က မိမိအတွက် ဖန်ဆင်းခဲ့သည်။ ဤအရာ၏ဆိုလိုရင်းမှာ ဘုရားသခင်မှ သင့်ကိုပေးအပ်ထားသောအရာအားလုံးသည် ဘုရားသခင်နှင့်၎င်း၏ရည်ရွယ်ချက်များအတွက် အသုံးပြု

ရန်ဖြစ်သည်။ ဘုရားသခင်ပေးသနားထားသောအရာအားလုံးကို အခြားရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းသည် လျော်ကန်သောအသုံးပြုခြင်းသာဖြစ်သည်။

ဘုရားသခင်ပေးသနားထားသောအရာများကို ကျွန်ုပ်တို့၏ ကိုယ် ပိုင်ဥစ္စာများအဖြစ် အမြဲတမ်းလိုလို ကြွေးကြော်တတ်ကြသည်။ ၁ ကော ၆း၁၉–၂၀ တွင် ရှင်ပေါလုက ၄င်း၏စာဖတ်ပရိသတ်တို့အား ကိုယ်ကိုယ် ကိုပင်မပိုင်ဆိုင်ကြကြောင်း ပြောခဲ့သည်မှာ –

> အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်သည့် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်ကြောင်းကို၄င်း၊ မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။

''သင်တို့၏ကိုယ်ခန္ဓာသည် သင်ကိုယ်ပိုင်ဆိုင်သောအရာမဟုတ်'' ဟု ရှင်ပေါလုက ကောရိန္သုအသင်းသားတို့အား ပြောခဲ့သည်။ ဆိုလိုသည်မှာ သူတို့သည် မိမိတို့၏ကိုယ်ခန္ဓာအပေါ်၌ပင် အစိုးရသောလုပ်ပိုင်ခွင့်တစ်မျှ မရှိကြဟူ၍ဖြစ်သည်။ ထိုသို့ကျွန်ုပ်တို့ကို ဘုရားသခင်က ပိုင်ဆိုင်ထားလျှင် ကျွန်ုပ်တို့ပိုင်ဆိုင်သမျှသောအရာအားလုံးကိုလည်း ဘုရားသခင်ကအတိအကျပိုင်ဆိုင်နေပါသည်။

ဘုရားသခင်မပေးဘဲ ကျွန်ုပ်တို့ကိုယ်တိုင်ရရှိပိုင်ဆိုင်ခဲ့သောအရာမရှိပါ။ ၁ကော ၄း၇ ၌ရှင်ပေါလုမှရေးသားထားသည်မှာ –

> ထိုမှတပါး အဘယ်သူသည် သင်ကိုထူးခြားစေသနည်း။ သူတစ်ပါးလက်မှ မခံယူဘဲ အလိုအလျောက်ရသောအရာ တစ်စုံတစ်ခုမျှ သင်၌ရှိသလော။ သူတစ်ပါးလက်မှခံယူသည်

မှန်လျှင် မခံယူသကဲ့သို့ အဘယ်ကြောင့် ဝါကြွားသနည်း။

ကျွန်ုပ်တို့သည် အဘယ်အရာအတွက်မျှ မဝါကြွားနိုင်ပါ။ ကျွန်ုပ်တို့၏ခွန်အားဗလသည် ၄င်း၊ ဉာဏ်ပညာသည်၄င်း၊ ချမ်းသာကြွယ်ဝမှုသည် ၄င်းအခြားသူတစ်ဦးအထံမှ ရောက်လာခြင်းဖြစ်သည်။ ကိုယ်ကိုယ်ကို အမှတ်ပေးဂုဏ်ယူချီးကျူးစရာမရှိပါ။ ယခုအသက်တာ၌ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှသောအရာအားလုံးသည်၄င်း၊ ကျွန်ုပ်တို့ကြိုးစားအောင်မြင်ခဲ့သမျှသောအရာအားလုံးသည်၄င်း၊ ဘုရားသခင်၏ ခွန်အားပေးမှုနှင့်စွမ်းဆောင်ပေးခြင်းကြောင့်သာဖြစ်လာကြသည်။ ကိုယ်အစွမ်းအစဖြင့်လုပ်ဆောင်ခြင်းမဟုတ်ခဲ့ပါ။

ဒါဝိဒ်မင်းကြီးသည် ဗိမာန်တော်ကြီးအား တည်ဆောက်ရာ၌ အသုံးပြုရန် ရည်ရွယ်ထားသော ရွှေငွေရတနာများကို တိုင်းတာစမ်းစစ်ခဲ့စဉ်က မိမိလူမျိုးများ၏ကြီးမားသောအောင်မြင်မှုအတွက် မာန်မာနထောင်လွှားခဲ့နိုင်ပါသည်။ သို့သော် ထိုသို့ပြုမည့်အစား ဒါဝိဒ်မင်းကြီးသည် ၄င်းတို့ ပေးလှူခဲ့ကြသောအရာအားလုံးသည် ဘုရားသခင်က ၄င်းတို့ကို ပေးအပ်ခဲ့သည့်အရာများသာဖြစ်ကြောင်းကို၄င်း၊ ၄င်းတို့၏ကိုယ်ပိုင်ပစ္စည်းဥစ္စာများကိုပေးလှူခြင်းမဟုတ်ကြောင်းကို၄င်း၊ သိရှိခဲ့ပြီး၊ နှိမ့်ချလျက်ရှိနေခဲ့သည်။ ၁ရာ ၂၉း၁၆တွင် ဒါဝိဒ်မင်းကြီး၏ပြောပြထားချက်ကို နားဆင်ကြည့်ပါ။

> အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်၏နာမအဖို့ကိုယ်တော်၏အိမ်ကိုတည်ဆောက်ခြင်းအလို့ငှာ၊ အကျွန်ုပ်တို့ပြင်ဆင်သော ဤဘဏ္ဍာရှိသမျှသည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အလုံးစုံတို့ကို ကိုယ်တော်ပိုင်တော်မူ၏။

ဤအချက်များအားလုံး၌ ကျွန်ုပ်တို့နားလည်ကြရမည့်အရာကား အဘယ်အရာနည်း။ ဘုရားသခင်သည် မိမိ၏ဥစ္စာအားလုံးကို ပြန်လည်

တောင်းခံသိမ်းယူပိုင်ခွင့်ရှိသည်ဟူသောအချက်ပင်ဖြစ်သည်။ ဤအချင်းအရာနှင့် ပတ်သက်၍ ယောဘ၏ပုံဥပမာလောက်ထင်ရှားသောဥပမာ မရှိပါ။ ဘုရားသခင်ကစာတန်အား ယောဘ၏စည်းစိမ်ဥစ္စာများကို သိမ်းယူ၍ မိသားစုဝင်များ၏အသက်ကိုနှုတ်ယူရန် ခွင့်ပြုသောအခါ ယောဘက ဤသို့ပြောဆိုခဲ့သည်။

> ငါသည်အဝတ်မပါဘဲ အမိဝမ်းတွင်းထဲကထွက်လာ၏။ အဝတ်မပါဘဲအမိဝမ်းတွင်းထဲသို့ ပြန်သွားတော့မည်။ ထာဝရဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်း ရုတ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်း။
> (ယောဘ ၁း၂၁)။

ယောဘ၏ဇနီးမယားဖြစ်သူမှ ဤအဖြစ်အပျက်ကို သဘောမတူကြောင်းပြောသောအခါ ယောဘက ယောဘ ၂း၁၀တွင် ဤသို့ပြန်လည်တုန့်ပြန်ခဲ့သည်။

> ‘‘မိန်းမမိုက် ပြောတတ်သကဲ့သို့ သင်သည် ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရားသခင်၏လက်တော်မှသုခချမ်းသာကို ခံယူကြသည်ဖြစ်၍ ဒုက္ခဆင်းရဲကို မခံယူရာသလော’’ဟု ဆို၏။ ယောဘသည် ဤအမှုများနှင့်တွေ့ကြုံသော်လည်း နှုတ်ဖြင့်မှားယွင်း။

ဘုရားသခင်သည် ယောဘ၏စည်းစိမ်ဥစ္စာများကိုသိမ်းယူခဲ့စဉ်က ယောဘတွင် အထောက်အထားပြည့်စုံသောတရားဝင်စွဲချက်မျိုး မရှိခဲ့ပါ။ ယောဘပိုင်ဆိုင်ခဲ့သမျှသောအရာအားလုံးသည် ဘုရားသခင်၏ ဥစ္စာများသာဖြစ်သောကြောင့် ဘုရားသခင်သည် ၎င်းတို့အားလုံးကို ပြန်လည်သိမ်းယူပိုင်ခွင့်ရှိသည်။

အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ယုံကြည်ခြင်းဆို

ရာတွင် ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုအားလုံးကို ဆက်ကပ်ပေးအပ်ခြင်းလည်း ပါဝင်သည်။ ဘုရားသခင်သည် အကြွင်းမဲ့သောအချုပ်အခြာတန်ခိုး အာဏာရှင်ဖြစ်လျှင် သူသည် ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုအားလုံးကို သင့်တော်သည်ဟု မြင်သည်အတိုင်း လုပ်ပိုင်ခွင့်ဩဇာအာဏာရှိသည်။ သင်သည် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာအောက်၌အသက်ရှင်နေလျှင် အဘယ်အရာကိုမျှ သင့်သစ္စာအမှန်ဖြစ်ပါသည်ဟု ဘယ်သောအခါတွင်မျှ ကြွေးကြော်မည်မဟုတ်ပါ။ ဘုရားသခင်က စွန့်လွှတ်ရန်ပြောသောအရာများကို မစွန့်လွှတ်နိုင်လောက်အောင် ထိုအရာများအပေါ်၌ အလွန်စိတ်စွဲလမ်းခြင်းရှိလိမ့်မည်မဟုတ်ပါ။

ဘုရားသခင်က အာဗြဟံအား ၎င်း၏သား ဣဇက်ကိုဆက်ကပ်ပေးအပ်ရန် တောင်းဆိုခဲ့သည်။ ဘုရားသခင်သည် ယောနအား ဣသရေလပြည်ရှိ၎င်း၏ဌာနေအိမ်ယာကို စွန့်၍တိုင်းတစ်ပါးသို့ သွားရန် ဆင့်ခေါ်ခဲ့သည်။ ဘုရားသခင်က တပည့်တော်တို့အား ၎င်း၏လုပ်ငန်းများနှင့် မိသားစုများကို စွန့်၍မိမိ၏နောက်သို့ လိုက်ရန်မိန့်ကြားခဲ့သည်။ ဤအချင်းအရာသည် သင့်အတွက် မည်သို့သောဆိုလိုရင်းကို ရောက်စေသနည်း။ အချုပ်အခြာတန်ခိုးအာဏာရှင် ဘုရားသခင်ကို ယုံကြည်ခြင်းတွင် ကျွန်ုပ်တို့၏အသက်တာများနှင့်စည်းစိမ်ပိုင်ဆိုင်မှုများကို လုံးလုံးလျားလျားဆက်ကပ်အပ်နှံခြင်းကို တောင်းဆိုပြဋ္ဌာန်းထားသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှသောအရာအားလုံးအပေါ်၌ အကြွင်းမဲ့သောလုပ်ပိုင်ခွင့်နှင့် ဘုရားသခင်၌ရှိသည်။ သင့်အသက်တာနှင့် သင်ပိုင်ဆိုင်မှုများအပေါ်၌ ဘုရားသခင်၏ ဤသို့သောလုပ်ပိုင်ခွင့်ကို ယနေ့တွင် သင်လက်ခံရမည်လော။ ဘုရားသခင်သည် မိမိ၏ပိုင်ဆိုင်မှုများကို ဆက်ကပ်ပေးအပ်ရန် သင့်ကိုတောင်းဆိုသောအခါ သင်နာခံပါမည်လော။

**စဉ်းစားသုံးသပ်ရန် အချက်များ**

- သင့်တစ်ဦးတည်း၏ စည်းစိမ်ဥစ္စာများဖြစ်ပါသည်ဟု သင်အမှန်တကယ်ကြွေးကြော်နိုင်သောအရာ သင်၌ရှိပါသလား။ သင့်အသက်တာနှင့် ပိုင်ဆိုင်မှုများအပေါ်တွင် ဘုရားသခင်သည် မည်သို့သောလုပ်ပိုင်ခွင့်မျိုး မရှိပါသလဲ။
- ဘုရားသခင်သည် သင့်ကိုပေးအပ်ထားသောအရာအားလုံးကို အလိုအလျောက်ရှိသည်အတိုင်း အကြိုက်ဆောင်ခွင့်ပေးရန် သင့်ဆန္ဒရှိပါသလား။ သင်သည် ဘုရားသခင်ထံမှ တစ်စုံတစ်ခုကို ထိန်းချုပ်ထားပါသလား။
- ဘုရားသခင်သည် သင့်ကိုပေးအပ်ထားသောအရာများအားလုံးကို ပြန်လည်တောင်းဆိုသိမ်းယူခဲ့လျှင် သင်မည်သို့တုန့်ပြန်မည်နည်း။ ဤအချင်းအရာကိုလုပ်ဖို့ ဘုရားသခင်၌လုပ်ပိုင်ခွင့်ရှိပါသလား။

**ဆုတောင်းရန်အချက်များ**

- သင်ပိုင်ဆိုင်သောအရာအားလုံးကို ဘုရားသခင်အထံသို့ ပေးအပ်ရန် အခုပင်အချိန်အနည်းငယ်ယူပါ။ သင့်ကိုပေးအပ်ထားသောအရာအားလုံးကို အလိုရှိသည်အတိုင်း လုပ်ဆောင်နိုင်ပါသည်ဟု ဘုရားသခင်ကိုပြောပါ။
- ဘုရားသခင်သည် သင့်၌ပေးအပ်ထားသောအရာအားလုံးကို သင့်ထံမှပြန်လည်သိမ်းယူသောအခါ ထိုသို့ပြုလုပ်ခြင်းသည် သင့်ကောင်းကျိုးအဖြစ် ဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အား ပေးအပ်ထားသောအရာများအားလုံးကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့နှင့် ဂုဏ်တင့်စေဖို့ အသုံးပြုရန်လိုအပ်သောဉာဏ်ပညာကိုတောင်းလျှောက်ပါ။

# ၁၁
# ဘုရားသခင်အပါး၌ရှိနေခြင်း

ကျွန်ုပ်တို့အားလုံးသည် ဘဝတွင်နာကျင်မှုများနှင့် ဆင်းရဲခြင်းဒုက္ခကို ရင်ဆိုင်တွေ့ကြုံကြရပါသည်။ မကောင်းမှုဒုစရိုက်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိနေသမျှကာလပတ်လုံး အထက်ပါအချင်းအရာထက်လျော့ပေါ့၍ ကျွန်ုပ်တို့မမျှော်လင့်နိုင်ပါ။ တစ်ခါတရံတွင် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အခြေအနေများက ကျွန်ုပ်တို့ကိုစိုးမိုးနိုင်ကြပါသည်။ ထိုကဲ့သို့သောအချိန်တွင် ကြိုးစားရုန်းကန်နေရသော ယုံကြည်သူတစ်ဦးအတွက် အချုပ်အခြာတန်ခိုးအာဏာရှင် ချစ်ခြင်းမေတ္တာဘုရားသခင်ကအရာအားလုံးကိုထိန်းချုပ်နေပါသည်ဟူသော အသိတရားလောက် နှစ်သိမ့်ခြင်းကို ပေးနိုင်သောအရာမရှိပါ။ ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအယူဝါဒကိုကျွန်ုပ်တို့ နားလည်သဘောပေါက်သောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် အခက်ခဲဆုံးသောဘဝအခြေအနေများတွင် သင်အေးချမ်းတည်ငြိမ်စွာ ရှိနေကြပါသည်။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအား ယခုဘဝ၌တွေ့ကြုံရသောအဖြစ်အပျက်များနှင့်ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်တို့ကို အကြွင်းမဲ့ထိန်းချုပ်ထားပါသည်ဟူသော အဓိပ္ပါယ်ဖြင့်အနက်ဖွင့်ခဲ့ကြသည်။ ယခုဘဝသည်အကြောင်းတိုက်ဆိုင်မှုများနှင့်ကံကြမ္မာတို့၏

လက်ထဲတွင် မရှိပါ။ ဖြစ်ပျက်နေသမျှသောအရာအားလုံးတွင် ဘုရားသခင်သည် မိမိ၏အကြံအစည်တို့ကိုထုတ်ဖော်ပြသနေပါသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ဘဝ၌တွေ့ကြုံရသောအရာများသည် ကျွန်ုပ်တို့အတွက် လုံးဝအဓိပ္ပါယ်မရှိသောအချိန်များရှိခဲ့ပါသည်။ ရန်သူတပ်များ ယေရုရှလင်မြို့ကို ဝန်းရံလျက်တပ်ချထားချိန်တွင် ယေရမိအား ၎င်း၏ညီဝမ်းကွဲတော်သူထံမှ လယ်ကွက်တစ်ကွက်ကို ဝယ်ယူရန် ဘုရားသခင်ကမိန့်တော်မူခဲ့သည်။ ရန်သူတပ်များက အချိန်မရွေးလာရောက်တိုက်ခိုက်သိမ်းယူနိုင်သောလယ်ကွက်တစ်ကွက်ကို ဝယ်ယူထားရန်မှာ ယေရမိအတွက် အဓိပ္ပါယ်မရှိခဲ့ပါ။ ဤသို့သောရောင်းဝယ်ဖောက်ကားမှုအတွက် ချီတုံချတုံဖြစ်နေသော ယေရမိ၏ပြဿနာကို သိရှိနေသော ဘုရားသခင်ကအောက်ပါအတိုင်း ယေရမိ ၃၂း၂၇–၂၉ တွင် မိန့်ကြားထားသည်မှာ –

> ငါထာဝရဘုရားသခင်သည် ခပ်သိမ်းသောသတ္တဝါတို့ကို အစိုးရသောဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင်သောအရာ တစ်စုံတစ်ခုရှိလိမ့်မည်လော။ သို့ဖြစ်၍ ထာဝရဘုရားမိန့်တော်မူသည်ကား ဤမြို့ကို ခါလဒဲလူတို့လက်သို့၎င်း၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာလက်သို့၎င်း၊ ငါအပ်၍ သူသည်သိမ်းယူလိမ့်မည်။ ဤမြို့ကိုတိုက်သောအခါလဒဲလူတို့သည် ဝင်၍မီးရှို့ကြလိမ့်မည်။ ငါ့အမျက်ကိုနှိုးဆော်ခြင်းငှာ၊ ဗာဗုလုန်ဘုရားအဖို့ အိမ်အမိုးပေါ်မှာ နံ့သာပေါင်းကိုမီးရှို့၍အခြားတစ်ပါးသောဘုရားအဖို့ သွန်းလောင်းရာပူဇော်သက္ကာကိုပြုရာ အိမ်များနှင့်တကွ တစ်မြို့လုံးကို မီးလောင်စေကြလိမ့်မည်။

ဘုရားသခင်က ယေရမိအား ၎င်းဝယ်ယူထားသောလယ်ကွက်ကို ခါလဒဲလူ(ဗာဗုလုန်ပြည်သား)တို့ သိမ်းယူ၍ ဖျက်ဆီးခဲ့ကြမည့်အကြောင်းကို ပြောခဲ့သည်။ ဤအကြောင်းအရာကို ပရောဖက်ယေရမိ

အား ပြောပြရာတွင် ဖြစ်ပေါ်လာမည့်အကြောင်းအရာတို့ကို မိမိသိရှိထားပြီးဖြစ်ကြောင်း ဘုရားသခင်ကယေရမိအား ပြန်လည်အသိပေးထားသည်။ သို့သော် မိမိအတွက် အလွန်ခက်ခဲသောအရာမရှိကြောင်း ဘုရား သခင်က ယေရမိထပ်မံ၍ အသိပေးခဲ့သည်။ ဘုရားသခင်သည် အဆုံး တွင် ပတ်ဝန်းကျင်အခြေအနေတို့ကို ဖြေရှင်းသွားခဲ့ မည်ဖြစ်သည်။ မိမိ၏ ညီအစ်ကိုဝမ်းကွဲထံမှ ဝယ်ယူထားသောလယ်ကွက်အပေါ်၌ ဝမ်းမြောက် ဝမ်းသာခံစားရမည့်နေ့သည် ယေရမိအတွက် ရောက်ရှိလာပါလိမ့်မည်။ ယေရမိ ၃၂း၄၂–၄၃ တွင် ဘုရားသခင်က ယေရမိအား မိန့်ကြားထား ချက်ကို နားဆင်ကြည့်ပါ။

> ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤလူမျိုးပေါ်မှာကြီးစွာသော ဤဘေးဥပဒ်အပေါင်းကိုရောက်စေသည်နည်းတူ ငါကတိထားသော ကောင်းကျိုးအပေါင်းကိုလည်း ငါရောက်စေမည်။ လူမရှိ တိရိစ္ဆာန်မရှိ၊ ဆိတ်ညံ့ပြီး၊ ခါလဒဲလူတို့လက်သို့ရောက်လေပြီဟု သင်တို့ဆိုတတ်သော ဤပြည်၌ နောက်တစ်ဖန်လယ်ယာတို့ကို ရောင်းဝယ်ကြလိမ့်မည်။

ယေရမိသည် ဤကိစ္စရပ်ကို ဘုရားသခင်လက်တော်ထဲ၌ အပ်နှံထားရန်ဖြစ်သည်။ ခါလဒဲလူ(ဗာဗုလုန်ပြည်သား)တို့သည် ပြည်တော်ကို သိမ်းပိုက်ရန် တံခါးဝ၌အဆင်သင့်နေရာယူထားကြသော်လည်း၊ သူတို့၌ အပြီးအပြတ်ဆုံးဖြတ်ပိုင်ခွင့်မရှိခဲ့ပါ။ ဘုရားသခင်သည် ပတ်ဝန်းကျင်အခြေအနေတို့ကို ကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် မိမိ၏လူတို့သည် သိမ်းပိုက်ခံထားသောပြည်တော်သို့ ပြန်လာနိုင်ကြမည်ဖြစ်သည်။ ယေရမိ၏ ပိုင်ဆိုင်မှုသည် လုံခြုံလျက်ရှိနေဆဲဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေများသည် လူ့အမြင်အားဖြင့် အလွန်ဆိုးဝါးသောအခြေအနေတွင် ရှိနေကာမူ ဘုရားသခင်အတွက်မဖြစ်နိုင်သောအရာမရှိပါ။

အလားတူ အခြေအနေမျိုးကို သင့်ဘဝ၌ကြုံကြိုက်ခဲ့ဖူးပါ

သလား။ ပရောဖက်ယောန၏အကြောင်းကို စဉ်းစားသုံးသပ်ကြည့်ပါ။ ယောနသည် ဘုရားသခင်အထံမှစွန့်ခွါထွက်ပြေးခဲ့သည်။ ထိုသို့ထွက်ပြေးရာတွင် သူစီးနင်းလိုက်ပါခဲ့သော သင်္ဘောသည် ပြင်းထန်သောမုန်တိုင်းလှိုင်းတံပိုးတို့၏တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ယောနအပါအဝင်ထိုသင်္ဘောပေါ်ရှိ လူအားလုံးမှာ လှိုင်းတံပိုးများ အကြား၌နစ်မြုပ်လုမတတ်ဖြစ်နေခဲ့သည်။ ဤမုန်တိုင်း တိုက်ခတ်ခြင်း၏အဓိကတရားခံမှာ ယောနဖြစ်ကြောင်းကို သိရှိခဲ့ကြသောအခါ သင်္ဘောသားများသည် သူ့ကို ရေထဲပစ်ချခဲ့ကြသည်။ ယောနအတွက်တော့ အလွန်ဆိုးဝါးသောဘဝအတွေ့အကြုံဖြစ်ခဲ့သည်။ ယောနကို မျိုချရန်အတွက် အလွန်ကြီးမားသောငါးကြီးတစ်ကောင်ကို ဘုရားသခင်ကစေလွှတ်ခဲ့သည်။ ထိုကဲ့သို့သောအလွန်ကြီးမားသည့် ငါးကြီးတစ်ကောင်က ပါးစပ်ကို အကျယ်ကြီးဖွင့်လျှင် မိမိအထံသို့ကူးခတ်လာနေသည်ကို တွေ့မြင်ရသော ယောနအဖို့မည်သို့ခံစားခဲ့ရမည်ဟု သင်ထင်မိပါသနည်း။ ယောနသည် ထိုအချင်းအရာကို မိမိအားကယ်တင်မည့်အရာဟု မှတ်ယူခဲ့မည်မဟုတ်သည်မှာသေချာပါသည်။ ယောနသည် မိမိဘဝ၏နောက်ဆုံးအချိန်ကို ရောက်နေပြီဟု မှတ်ယူခဲ့မည်ဖြစ်ကြောင်း ကျွန်ုပ်ယူဆပါသည်။ ဘဝအခြေအနေများကို ကျွန်ုပ်တို့သုံးသပ်ရှုမြင်သကဲ့သို့ ဘုရားသခင်က မရှုမြင်ပါ။ ဘုရားသခင်သည် ယောနတွေ့ကြုံနေရသောဘဝအခြေအနေကို လုံးလုံးလျားလျားထိန်းချုပ်နေသောသူဖြစ်သည်။ ငါးကြီးမှာ ယောနအတွက်ကယ်တင်ခြင်းအမှန်ဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် ယောနအားကမ်းခြေပေါ်၌အံချရန် ငါးကြီးကို အမိန့်ပေးခဲ့သည်။ ထိုအချင်းအရာသည်သက်တောင့်သက်သာအရှိဆုံးသော သယ်ယူပို့ဆောင်ရေးစနစ်မဟုတ်ခဲ့သော်လည်း ယောနသည် ငါးကြီးဝမ်းဗိုက်ထဲတွင် လုံခြုံစွာရှိနေခဲ့ပါသည်။ ဘုရားသခင်သည် ယောနကို ကွယ်ကာပေးခဲ့ပြီး၊ လုံခြုံစိတ်ချရသောနေရာသို့ ပို့ဆောင်ပေးခဲ့ပါသည်။ ဘုရားသခင်သည် ယောနအတွက်ခွဲခန့်ထားသော နိနဝေမြို့ရှိ အမှုတော်အတွက် ယောနကိုပြင်ဆင်သည့်အနေဖြင့် အထက်ပါအဖြစ်အပျက်ကို အသုံးပြု၍ ယောနအား နောင်တ

တရားဆီသို့ ဆောင်ယူလာခဲ့သည်။ အဖြစ်အပျက်အားလုံးသည် ဘုရားသခင်၏လက်တော်ထဲ၌ရှိနေခဲ့သည်။

ယောန၏အသက်တာ၌ပြုလုပ်ခဲ့သည့်အတိုင်း ဘုရားသခင်သည် မိမိ၏အကြံအစည်များကို ကျွန်ုပ်တို့၏အသက်တာတွင်လည်း အကောင် အထည်ဖော်နေပါသည်။ ယေဘူယျအားဖြင့် ဘုရားသခင်၏နည်းလမ်း များကို ကျွန်ုပ်တို့မနှစ်သက်ကြပါ။ နံစော်နေသောငါးကြီး၏ဝမ်းဗိုက်အား ဖြင့် ပို့ဆောင်ပေးခြင်းကို ကျွန်ုပ်တို့ မနှစ်သက်ကြပါ။ အပျော်စီးသင်္ဘော ကြီး၏ဇိမ်ကျသောအခန်းအားဖြင့် ပို့ဆောင်ပေးကို ကျွန်ုပ်တို့ပို၍နှစ်သက် ကြပါလိမ့်မည်။

ကျွန်ုပ်တို့၏ဘဝခရီးလမ်းထဲသို့ ဝင်ရောက်လာသောပတ်ဝန်းကျင်အခြေအနေများအတွက် စိုးရိမ်ပူပန်၍ စိတ်သောကရောက်နေကြသည်။ ဤအချင်းအရာများသည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် ဖြစ်လာခဲ့ကြမည့်အရေးကို ကျွန်ုပ်တို့စိတ်ကူးဖြင့်ပင် မမှန်းနိုင်ခဲ့ကြပါ။ ဘုရားသခင်သည် အရာအားလုံးကိုထိန်းချုပ်ထားပြီး၊ ကျွန်ုပ်တို့၏ဘဝခရီးလမ်းထဲသို့ ဝင်ရောက်လာသောအရာအားလုံးကို ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် အသုံးပြုခဲ့မည့်အကြောင်းကို ယုံကြည်ပါသည်ဟု နှုတ်အားဖြင့် ပြောဆိုကြသော်လည်း ကြိုးစားရုန်းကန်ခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် တိုင်တန်းညည်းတွားခြင်းများကို ကျွန်ုပ်တို့ဆက်၍ပင်လုပ်ဆောင်တတ်ကြသည်။

မောရှေသည် ဘုရားသခင်၏ လူမျိုးတော်တို့အား ကန္တာရတောခရီးကိုဖြတ်သန်းလျှက် ဦးဆောင်ခဲ့စဉ်က သူတို့သည် နေ့စဉ်စားသုံးနေခဲ့ကြသော မန္နမုန့်နှင့်စပ်လျဉ်း၍တိုင်တန်းညည်းတွားခဲ့ကြသည်။ ဘုရားသခင်သည် ဤမန္နမုန့်အားဖြင့် လူမျိုးတော်တို့ကို အံ့သြဖွယ်ကောင်းစွာ အသက်ရှင်ခြင်းအခွင့်ကို ပေးခဲ့သော်လည်း သူတို့သည် ဤသို့သော အစာအစာရိုးအီလာကာ မောရှေအားအခြားစားစရာအသားကိုမပေးလျှင် အသေသတ်မည်ဟု ခြိမ်းခြောက်ခြင်းဖြင့် ၎င်းတို့၏မကျေနပ်ချက်ကို ပြသခဲ့ကြသည်။ မောရှေအတွက် အလွန်ခက်ခဲသောအခြေအနေတစ်ခု

ဖြစ်ခဲ့ပါ။ မောရှေသည် ဤကန္တာရတောကြီးထဲ၌ဆာလောင်မွတ်သိပ်ခြင်းကို ခံစားနေကြသော နှစ်သန်းခန့်ရှိသည့် လူထုကြီးစားဖို့အသားကို မည်သို့ရှာကြံခဲ့နိုင်မည်နည်း။ မောရှေသည် ဘုရားသခင်၏ကူညီမစခြင်းအတွက် တောင်းလျှောက်ဟစ်ကြွေးခဲ့ပြီး၊ ဘုရားသခင်ကလည်း တောလည် ၁၁း၂၃ တွင်တွေ့ရသည့်အတိုင်း တုန့်ပြန်ခဲ့ပါသည်။

> ထာဝရဘုရားက ထာဝရဘုရားလက်တိုသလော။ ငါ့စကားတည်မည် မတည်မည်ကို သင်သိလိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။

ဘုရားသခင်သည် ပင်လယ်ပြင်ဘက်မှတိုက်ခတ်လာသော လေလှိုင်းတစ်ခုကိုစေလွှတ်ခဲ့သည်။ ထိုလေလှိုင်းသည် မြောက်မြားစွာသော ငုံးတို့ကိုဆောင်ယူခဲ့သည်။ ထိုနေ့တွင် လူမျိုးတော်တို့သည် ငုံးသားဖြင့် စားသောက်ပွဲကြီးကို နွှဲခဲ့ကြသည်။ မောရှေအတွက် မဖြစ်နိုင်သောအရာသည် ဘုရားသခင်အတွက် တောင်ဖြစ်နိုင်သောအရာမဟုတ်ခဲ့ပါ။

လူမျိုးတော်တို့သည် မောရှေအား ၎င်းတို့စားသောက်ရန်အသားကို မပေးလျှင် အသေသတ်မည်ဟု ခြိမ်းခြောက်ခဲ့ကြစဉ်က မောရှေမည်သို့ခံစားခဲ့ရမည်ကို စိတ်ကူးကြည့်ပါ။ သူတို့သည် မောရှေအား မဖြစ်နိုင်သောအရာကိုပြုရန် တောင်းဆိုနေခဲ့ကြသည်။ ကျွန်ုပ်အတွက် ကိုင်တွယ်ဖြေရှင်းရန်အတွက် မဖြစ်နိုင်လောက်အောင်ကြီးမားသောအခြေအနေမျိုးကို ကျွန်ုပ်မကြာခဏတွေ့ကြုံရပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ယုံကြည်ကိုးစား၍ အထံတော်ပါး၌စိတ်ချစွာ ခိုနားနေရမည့်အစား၊ ကျွန်ုပ်မှာစိုးရိမ်ပူပန်မှုများ ရှိနေခဲ့ပြီး၊ ကျွန်ုပ်၏လူဉာဏ်စွမ်းအားဖြင့် ဖြေရှင်းရန်ကြိုးစားခဲ့ပါသည်။ ဤသို့သောအချိန်မျိုးတွင် မဿဲ ၁၉း၂၆ တွင် သခင်ယေရှု၏နှုတ်ထွက်စကားများဖြင့် ကိုယ်ကိုကိုယ်ပြန်လည်သတိပေးရန် လိုအပ်ပါသည်။

ယေရှုသည်လည်း၊ သူတို့ကိုကြည့်ရှု၍ ဤအမှုကိုလူမတတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။

အဖြစ်အပျက်တစ်ခုတွင် သခင်ယေရှုနှင့် တပည့်တော်တို့သည် အိုင်တစ်ဘက်သို့ ကူးသွားခဲ့ကြသည်။ ထိုသို့ကူးသွားစဉ်တွင် ပြင်းထန်သော လေမုန်တိုင်းတိုက်ခတ်ခဲ့သည်။ သခင်ယေရှုမှာလည်း အိပ်မောကျလျှက်ရှိသည်။ ထိုသို့သောမုန်တိုင်းကြောင့် တပည့်တော်တို့မှာ မိမိတို့၏အသက်တာအတွက်စိုးရိမ်သောကရောက်နေခဲ့ကြသည်။ ဤသို့သော မျှော်လင့်ချက်ပျက်သုဉ်းနေသည့်အချိန်တွင် တပည့်တော်တို့သည် သခင်ယေရှုအား ကူညီကယ်မဖို့တောင်းလျှောက်ခဲ့ကြသည်။ သခင်ယေရှုသည် အိပ်စက်ခြင်းမှ နိုးထလာပြီး၊ လေနှင့်လှိုင်းတံပိုးတို့ကို ဆုံးမတော်မူခဲ့သည်။ မုန်တိုင်းကြီးမှာ ချက်ချင်းငြိမ်သက်သွားခဲ့သည်။ သခင်ယေရှုသည် လေပြင်း မုန်တိုင်းကိုအမိန့်ပေးနိုင်ခဲ့ခြင်းအပေါ်၌ တပည့်တော်တို့မှာ အံ့အားသင့်လျှက်ရှိနေခဲ့ကြသည်။

သင်၏ဘဝမုန်တိုင်းများအပေါ်၌ပြုလုပ်သော သင့်တုန့်ပြန်ချက်များသည် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းနှင့်စပ်ဆိုင်သော သင်၏ယုံကြည်ခြင်းအတွက် မည်သို့သောသင်ခန်းစာကို သွန်သင်ပေးပါသနည်း။ ဘုရားသခင်သည် အရာအားလုံးကိုထိန်းချုပ်နေသောသူဖြစ်ပြီး၊ ထိုအရာအားလုံးကို ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်၄င်း၊ မိမိ၏ဘုန်းအသရေတော်အတွက်၄င်း၊ အသုံးပြုသွားမည်ဟု သင်ယုံကြည်ပါသလား။ ယုံကြည်ခဲ့လျှင် ထိုယုံကြည်ချက်သည် ကျွန်ုပ်တို့၏တုန့်ပြန်မှုများတွင် ထင်ရှားပေါ်လွင်နေပါလိမ့်မည်။ ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို ယုံကြည်သောသူတို့သည် ဘဝမုန်တိုင်းများအကြားတွင် ငြိမ်သက်ခြင်းကို ရရှိခံစားကြပါသည်။ ဘုရားသခင်သည် အရာအားလုံးအားထိန်းချုပ်နေကြောင်းကို သူတို့သိရှိနေကြပြီး၊ အကြံ

အစည်တော်များကို သူတို့၌၎င်း၊ သူတို့အားဖြင့်၎င်း အထမြောက်စေခဲ့မည့်အကြောင်းကို သဘောပေါက်ထားကြသည်။

ကျွန်ုပ်တို့၏အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်က အကြွင်းမဲ့မထိန်းချုပ်ပိုင်အခြေအနေဟူ၍ မရှိပါ။ ဖေက် ၃း၂၀ ၌ရေးသားထားသည့်အတိုင်း တမန်တော်ရှင်ပေါလုက ''ငါတို့၌ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှာ၊ တတ်နိုင်တော်မူသောဘုရားသခင်''အား ဘုန်းကြီးခြင်းအရာကိုပေးအပ်ခဲ့သည်။

ဖိလိပ္ပိ ၃း၂၀–၂၁ တွင် ရှင်ပေါလုက ဖိလိပ္ပိမြို့ရှိ ယုံကြည်သူတို့အား ပြန်လည်အသိပေးထားသည့်အချက်မှာ ဘုရားသခင်သည် အရာအားလုံးကို မိမိ၏ထိန်းချုပ်မှုအောက်၌ထားရှိခဲ့မည့် အကြောင်းပင်ဖြစ်သည်။

> ငါတို့ကျင့်သောအကျင့်မူကား၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ် သည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟု ငါတို့သည် မျှော်လင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌ နှိမ့်ချနိုင်တော်မူသော ပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့်ပြည့်စုံသောကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်တော်မူလတံ့။

ရှင်ပေါလုက ဆက်လက်၍ရောမ ၈း၂၈ တွင် အရာအားလုံးသည် အကောင်းအတွက် ဖြစ်လာခဲ့မည့်အကြောင်းကို ယုံကြည်သူတို့အားပြောပြခဲ့သည်။

ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်း

> အတိုင်းခေါ်တော်မူသောသူတို့၏ အကျိုးကိုခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။

လုကာ ၁၃း ၃၄ တွင် သခင်ယေရှုက မိမိကိုယ်ကိုကြက်သားပေါက်ကလေးများကို အတောင်အောက်၌စုရုံးတတ်သော ကြက်မိခင်နှင့် ခိုင်းနှိုင်းထားသည်။ ကျွန်ုပ်တို့ဘယ်အရာကိုမှ ကြောက်ရွံ့ဖို့မရှိပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုချစ်တော်မူ၍ အရာအားလုံးကို ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်လုပ်ဆောင်သွားမည်ဟု ကတိပေးထားသောအချုပ်အခြာ တန်ခိုးအာဏာရှင် ဘုရားသခင်၏အတောင်တော်အောက်၌လုံခြုံစွာရှိနေကြပါသည်။

> ဆာလံ ၃၄း၇–၈ ရှိဆာလံဆရာ၏ရေးသားချက်ကို နားဆင်ကြည့်ပါ။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တကျချ၍ကယ်လွှတ်တတ်ကြ၏။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကိုခိုလှုံသောသူသည် မင်္ဂလာရှိ၏။

ဘုရားသခင်သည် မိမိ၏ကွယ်ကာတော်မူခြင်းတန်ခိုးကို ကတိပေးထားသည်။ ကျွန်ုပ်တို့ကို ကွယ်ကာရန်အတွက် ကျွန်ုပ်တို့၏ပတ်ပတ်လည်၌ တပ်စခန်းချထားသည်။ ကျွန်ုပ်တို့၏ဘုရားသခင်မထိန်းချုပ်နိုင်သော အခြေအနေဟူ၍မရှိပါ။ သူသည် မိမိလူမျိုးတို့ကို အစဉ်စောင့်ကြည့်နေ၍ သူတို့ကိုလည်း ဂရုစိုက်တော်မူသည်။ အကယ်၍ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်မှရပ်တည်နေလျှင် အဘယ်သူသည် ကျွန်ုပ်တို့ကိုဆန့်ကျင်နိုင်ပါမည်နည်း။ ဘုရားသခင်အပါး၌ ခိုနားကြသောသူတို့ကိုတိုက်ခိုက်အောင်မြင်နိုင်လောက်သောတန်ခိုးကို ပိုင်ဆိုင်သည့်အခြားသူမရှိပါ။ ရောမ ၈း၃၁ တွင် တမန်တော်ရှင်ပေါလုက ဤသို့ပြောထားသည်။

သို့ဖြစ်၍ ဤအရာများတို့၌ အဘယ်သို့ ပြောစရာရှိသနည်း။ ဘုရားသခင်သည် ငါတို့ဖက်၌ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တစ်ဖက်၌ နေနိုင်မည်နည်း။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း၊ အယူဝါဒကို နားလည်သဘောပေါက် သူတို့သည် ဘဝအခက်အခဲများကို စိတ်ချမှု အပြည့်အဝဖြင့် ရင်ဆိုင်နိုင်ကြသည်။ ဘုရားသခင်၏ အတောင်တော် အောက်၌သူတို့သည် လုံခြုံလျက်ရှိကြသည်။ သူတို့သည် ထိုအပါးတော် ၌ ခိုနားနိုင်ပြီး၊ ငြိမ်သက်ခြင်းကိုလည်း နှလုံးသား၌ခံစားနိုင်ကြသည်။

ဤသို့ပြောဆိုရာတွင် ကျွန်ုပ်တို့သည် အသက်တာ၌ စစ်ကြော ခြင်းနှင့် ဆင်းရဲခြင်းဒုက္ခတို့ကိုတွေ့ကြုံရလိမ့်မည်မဟုတ်ဟု မဆိုလိုပါ။ ဘုရားသခင်သည် ယေရမိ အားငှင်း၏ ညီဝမ်းကွဲတော်သူထံမှ လယ်ကွက် ကိုဝယ်ယူရန် မိန့်ကြားခံခဲ့ရစဉ်က ယေရမိမှာ ထင်ယောင်ထင်မှားနှင့် ရှိနေခဲ့ပါသည်။ ယောနသည် ငါးကြီး၏ဝမ်းဗိုက်ထဲတွင် အနေရကျပ်၍ သက်တောင့်သက်သာမရှိဖြစ်ခဲ့ရသည်။ ရှင်ပေါလုသည် မိမိ၏ယုံကြည် ချက်အတွက်ကြောင့် ကျောက်ခဲနှင့်ပေါက်ခြင်း၊ ရိုက်ပုတ်ညှဉ်းပန်းခြင်း တို့ ကိုခံခဲ့ရပါသည်။ သခင်ယေရှုသည် ကားတိုင်ထက်၌အလွန်ဆိုးဝါး သော သေခြင်းမျိုးဖြင့် အသေခံခဲ့ပါသည်။ ဤကဲ့သို့သောစစ်ကြောခြင်း များကို ရင်ဆိုင်နိုင်ရန် မည်သည့်အရာက သူတို့ကိုခွန်အားပေးခဲ့သနည်း။ ထာဝရဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာပိုင်ဖြစ်သည်ဟူ သောအချက်က သူတို့ကိုခွန်အားသစ်များ သွန်းလောင်းပေးခဲ့သည် မဟုတ်ပါလား။ ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားပြီး၊ ကျွန်ုပ်တို့တွေ့ကြုံရသော နာကျင်ခြင်းများကိုပင် အသုံးပြုနေပါသည်ဟူ သောအသိသည် ကျွန်ုပ်တို့ကိုမျှော်လင့်ချက်များပေးပါသည်။ ဘုရားသခင် ၏ အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို ကျွန်ုပ်အမှန်တကယ်ယုံကြည်ခဲ့ လျှင် ကျွန်ုပ်သည် ညည်းတွားခြင်း၊ တိုင်တန်းခြင်း၊ စိုးရိမ်ခြင်းနှင့် ကြောက် ရွံ့ခြင်းများကို ကျွန်ုပ်၏စိတ်နှလုံးထဲမှ ဖယ်ရှားပစ်ခဲ့ပါလိမ့်မည်။ ထိုအပြင်

ကျွန်ုပ်သည် ဘုရားသခင်အထံတော်၌စိတ်ချယုံကြည်မှုကို အပြည့်အဝ ထားရှိရန်နှင့် ကျွန်ုပ်အတွက်ထားရှိသောအကြံအစည်များ၌ ငြိမ်သက်စွာ ခိုနားနိုင်ရန် သင်မည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ယခုအသက်တာ၌စစ်ကြောခြင်းနှင့် အကျပ်အတည်းများကို ရင်ဆိုင် ကြုံတွေ့ရသောဘုရားသခင်၏လူတို့အထဲ၌ပေးအပ်ထားသော ဘုရား သခင်၏ကတိတော်အချို့ကား အဘယ်နည်း။
- ဘုရားသခင်သည် အခြေအနေအရပ်ရပ်ကိုထိန်းချုပ်နေပါသည်ဟူ သောအသိသည် ဘုရားသခင်အပါး၌ငြိမ်သက်စွာ ခိုနားရန် ကျွန်ုပ် တို့ မည်သို့ကူညီသနည်း။
- ကျွန်ုပ်တို့၏ဘဝခရီးလမ်း၌ဝင်ရောက်လာသော စစ်ကြောခြင်းများကို ကျွန်ုပ်တို့မည်သို့ တုန့်ပြန်နေခဲ့ကြသနည်း။ ဘုရားသခင်သည် ယနေ့ သင်ရင်ဆိုင်နေရသော ပြဿနာထက်ပို၍ကြီးမားပါသလား။

## ဆုတောင်းရန်အချက်များ

- သင်အသက်တာ၌ရင်ဆိုင်ကြုံတွေ့ရသောပြဿနာများအပေါ်၌ ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှိသောကြောင့် ကျေး ဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်သည် အရာအားလုံးကို သင်ကောင်းကျိုးအဖို့အလို့ငှါ လုပ်ဆောင်မည်ဖြစ်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်ဘဝခရီးလမ်းထဲသို့ ဝင်ရောက်လာသောစစ်ကြောခြင်းများ အား လုံး၌ ဘုရားသခင်၏အစိုးရသောကြင်နာမှုအစဉ်ရှိနေသည်ဟူသော အသိတရား၌ငြိမ်သက်စွာခိုနားနိုင်ရန် ကူညီမစပေးမှုဖို့တောင်း လျှောက်ပါ။

# ၁၂
# မျှော်လင့်မထားသော ဘဝအခြေအနေများနှင့် ပေါင်းသင်းဆက်ဆံရန် ခက်ခဲသောသူများ

ကျွန်ုပ်တို့အားလုံးသည် မျှော်လင့်မထားသောဘဝအခြေအနေ များနှင့် ပေါင်းသင်းဆက်ဆံရန် ခက်ခဲသောသူများကို ကိုင်တွယ်ဖြေရှင်း ရန်လိုအပ်သောအချိန်အခါများ ရှိခဲ့ကြပါသည်။ ကျွန်ုပ်တို့၏တစ်နေ့တာ လှုပ်ရှားမှုတွင် အနှောက်အယှက်အဟန့် အတားတစ်ခုခုနှင့်မတွေ့ကြုံရ သောနေ့မှာ အလွန်ရှားပါသည်။ ကျွန်ုပ်တို့ကြံစည်ထားသည့်အတိုင်း အရာအားလုံးအဆင်ပြေ ချောမွေ့စွာပြီးမြောက်ခဲ့သည့်နေမှာ အလွန်ရှားပါး သည်။ သင်ကြံစည်ထားသည့်အတိုင်းဖြစ်မလာသောအခါမျိုးတွင် သင်၏ တုန့်ပြန်ပုံမှာ မည်သို့နည်း။ သင်အလုပ်လုပ်နေသော ကုန်စုံဆိုင်ထဲသို့ ဆက်ဆံရန်အလွန်ခက်ခဲသောဈေးဝယ်သူတစ်ဦးဝင်လာသည်။ သင်တွေ့ ရှိသောအခါ သင်မည်သို့တုန့်ပြန်သနည်း။ သင့်ကို ဒုက္ခတွင်းထဲသို့ တွန်းပို့ ခြင်းကို ဘဝ၏ပန်းတိုင်တစ်ခုအလာ သတ်မှတ်ထားသည်ဟု ထင်မှတ် ရလောက်အောင် သင့်ကိုအစဉ်အမြဲ ဒုက္ခပေးနေသောသူများအပေါ်၌ ထားရှိသော သင့်စိတ်သဘော ထားကာ အဘယ်နည်း။ ဘုရားသခင်၏ အချုပ်အခြာတန်ခိုး အာဏာရှိခြင်း အယူဝါဒသည် ဤအကြောင်းအရာများ နှင့်

ဆက်နွှယ်မှုရှိနေသည်။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို ယုံကြည်လက်ခံသောသူများကဲ့သို့ပင် ဖြစ်ပျက်သမျှသောအရာအားလုံး၌ ရည်ရွယ် ချက်ရှိသည် ဟူသောအချက်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားသည်။ အဘယ်အရာမျှအခွင့်အလမ်း တိုက်ဆိုင်မှုကြောင့် မတော်တဆ ပေါ်ပေါက်လာခဲ့ကြခြင်းမဟုတ်ပါ။ သင်သည် မျှော်လင့်မထားသောအခြေ အနေတစ်ခုကို ယနေ့ရင်ဆိုင်နေခဲ့ရလျှင် သင့်အတွက်သေချာသည့် အရာတစ်ခုမှာ ဘုရားသခင်သည် ဖြစ်ပျက်သမျှသောအရာအားလုံးကို သင့်အကျိုးအမြတ်အတွက်၄င်း၊ နိုင်ငံတော်ချဲ့ထွင်ခြင်းအတွက်၄င်း အသုံးပြုပါမည်ဟူသော အချက်ပင်ဖြစ်သည်။

ဤသို့ဆိုရာတွင် ဘုရားသခင်သည် အပြစ်ဒုစရိုက်ကိုဖန်တီးရေးဆွဲသူဟု ကျွန်ုပ်မဆိုလိုပါ။ ထို့အပြင် သင့်ကို ဒုက္ခရောသွားစေရန် စိတ်ပျက်စရာကောင်းသော ဈေးဝယ်သူကို သင်ကုန်စုံဆိုင်ထဲသို့ ဘုရားသခင်က ဆောင်ယူလာခဲ့သည်ဟုလည်း မဆိုချင်ပါ။ ဤအကြောင်းအရာကို ကျွန်ုပ်တို့၏ကနဦးလေ့လာမှုများတွင် အဖန်တလဲလဲ ဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း နောက်တစ်ကြိမ်ထပ်၍ဆွေးနွေးခွင့်ပြုစေလိုပါသည်။ လူသားတို့၌လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိပြီး၊ ၄င်းတို့သည် ဘုရားသခင်၏ အကြံအစည်နှင့်ဆန့်ကျင်၍ဆုံးဖြတ်ရွေးချယ်မှုများကို ပြုလုပ်ခဲ့ကြသည်။ မျှော်လင့်မထားသောအခြေအနေတစ်ခုအတွင်း၌ရောက်နေသော ကျွန်ုပ်တို့အတွက် နှစ်သိမ့်စရာအကြောင်းမှာ ဘုရားသခင်သည် အနိုင်းအဆမဲ့စွာ ကောင်းမြတ်တော်မူပြီး၊ ကျွန်ုပ်တို့အပေါ်၌ပြုခဲ့ကြသော မကောင်းမှုဒုစရိုက်များကို ကျွန်ုပ်တို့၏အသက်တာ၌ကြီးမားသော ကောင်းချီးမင်္ဂလာများကို ဆောင်ယူလာရန် အသုံးပြုနိုင်သည်ဟူသောအချက်ပင် ဖြစ်သည်။

ယောဘအခန်းကြီး(၁)တွင် ဘုရားသခင်နှင့် စာတန်တို့၏ ထူးခြား သောစကားအပြန်အလှန်ပြောဆိုမှု မှတ်တမ်းကို ကျွန်ုပ်တို့ဖတ်ရှုရသည်။ ဤစကားအပြန်အလှန်ပြောဆိုမှုတွင် ဘုရားသခင်ကမိမိ၏ကျွန်ဖြစ်သူ ယောဘ၏အကြောင်းကို စာတန်အား ပြောပြခဲ့သည်။ ယောဘသည် စုံလင်ဖြောင့်မတ်သောသူတစ်ဦး ဖြစ်ကြောင်း ဘုရားသခင်ကစာတန်အား ပြောပြခဲ့သည်(၁း၈)။ စာတန်ကလည်း ယောဘကို စမ်းစစ်ရန်အတွက် ခွင့်ပြုချက်ကို တောင်းခဲ့သည်။ ဘုရားသခင်ကလည်း ခွင့်ပြုခဲ့သည်။ ထိုအချိန်မှစ၍ စာတန်သည် ယောဘ၏မိသားစုဝင်များကို အသေသတ် ယုံသာမက၊ ယောဘ၏အိမ်မွေးတိရိစ္ဆာန်များကိုလည်း သုတ်သင်ဖယ်ရှင်း ခဲ့ပြီး၊ ယောဘကိုလည်း အနာစိမ်းများပေါက်စေခြင်းဖြင့် ဒုက္ခပေးခဲ့သည်။ ထို့ကြောင့် ယောဘသည် မီးဖိုပြာထဲမှာ ထိုင်လျက်မိမိအနာများကို ကုတ်ခြစ်ရန် အိုးခြမ်းကိုကိုင်ရသောအခြေအနေသို့ရောက်သွားခဲ့သည်။

ဤနေရာ၌ ကျွန်ုပ်တို့သတိပြုမိရန် အရေးကြီးသောအချက်မှာ ဘုရားသခင်ကသာ ခွင့်ပြုချက်မပေးခဲ့လျှင် စာတန်သည် ယောဘကို ဤကဲ့သို့ပြုမူနိုင်မည်မဟုတ်ပါဟူသောအချက်ဖြစ်သည်။ ဤအခြေအနေ များကို ဘုရားသခင်ကခွင့်ပြုထားခဲ့ခြင်းဖြစ်ပြီး၊ မိမိ၏ကျွန်ဖြစ်သူ ယောဘ ၏အသက်တာ၌ မိမိ၏အကြံအစည်များကို အထမြောက်ပြည့်စုံလာစေ ဖို့ ထိုအခြေအနေများကို ဘုရားသခင်ကအသုံးပြုခဲ့ပါလိမ့်မည်။ ဤဒုက္ခ ဝေဒနာများကိုခံစားခြင်း၏အဆုံးသတ်၌ယောဘက ဘုရားသခင်အား ယောဘ ၄၂း၅ ၌ဖေါ်ဆိုထားချက်ကို နားဆင်ကြည့်ပါ။

> သတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူးပြီ။ ယခုမူကား ကိုယ်တော်ကို မျက်စိဖြင့် မြင်ရပါပြီ။

ကျွန်ုပ်တို့အထဲမှ အဘယ်မျှသောသူတို့သည် ထာဝရဘုရား သခင်နှင့် ပို၍လေးနက်သောဆက်ဆံရင်းနှီးမှုကိုတောင့်တနေကြပါ

သနည်း။ ဤဆက်ဆံရင်းနှီးမှုအတွက် အဘယ်အရာကို သင်ပေးဆပ်မည်နည်း။ ကျွန်ုပ်တို့အထဲမှမြောက်မြားစွာသော သူတို့အတွက် ဘုရားသခင်မှာ အလွန်ကွာလှမ်းလျက်ရှိနေသည်။ ဘုရားသခင်သည် ကျမ်းစာအားဖြင့် ကျွန်ုပ်တို့ကြားခဲ့သော ကျမ်းစာထဲ၌ဖတ်ရှုရသော သူတစ်ဦးသာဖြစ်ခဲ့သည်။ သို့သော်ဘုရားသခင်နှင့်အလွန်ရင်းနှီးကျွမ်းဝင်သောဆက်ဆံမှုကို ရရှိထားသောသူများလည်း ရှိသည်။ သူတို့သည် ဘုရားသခင်ကို မြောက်မြားစွာသော သူတို့က မတတ်စွမ်းနိုင်သောနည်းလမ်းဖြင့် ဘုရားသခင်ကြားနာနိုင်ကြပြီး၊ မြင်လည်းမြင်နိုင်ကြသည်ဟု ထင်မှတ် ရသည်။ ယောဘသည် စုံလင်ဖြောင့်မတ်၍ ဘုရားသခင်ကိုကြောက်ရွံ့ သောအသက်တာဖြင့် နေထိုင်ခဲ့သည်မှန်သော်လည်း ယခုတွင် မိမိ၏ အသက်တာကို ပြန်လည်စမ်းစစ်ကြည့်သောအခါ ဘုရားသခင်ကို မိမိအမှန်တကယ် မသိရှိခဲ့ကြောင်း သိမြင်နားလည်လာရသည်။ ယောဘ သည် မိမိတွေ့ကြုံရသောဆင်းရဲခြင်းဒုက္ခအားဖြင့် ဘုရားသခင်နှင့် အသစ်သောဆက်ဆံရင်းနှီးမှုကို ရရှိခံစားခဲ့ရသည်။ ယခုတွင် ယောဘ အတွက် ဘုရားသခင်မှာ အစစ်အမှန်ဖြစ်လာခဲ့ပြီး၊ ပုဂ္ဂိုလ်တစ်ပါးပို၍ဆန်လာသည်။ ဘုရားသခင်အပေါ်၌ထားရှိသော ယောဘ၏ချစ်ခြင်းနှင့်လေးစားကြည်ညိုမှုတို့မှာ အလွန်တိုးပွားလာခဲ့သည်။ စာတန်သည် ယောဘနှင့် ဘုရားသခင်တို့၏ဆက်ဆံရင်းနှီးမှုကို ဖျက်ဆီးပစ်ရန် အတတ်နိုင်ဆုံးစွမ်းဆောင်ခဲ့သော်လည်း အဆုံးတွင် ယောဘမှာ ဘုရားသခင်ကို ယခင်ကထက်ပင် ပို၍ချစ်ခင်လေးစားလာခဲ့သည်။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် စာတန်မှ ကျွန်ုပ်တို့အပေါ်သို့ ပစ်ချနိုင်သောအရာအားလုံးထက် ပို၍ကြီးမားကြောင်းကို ယောဘ၏ ဘဝဇာတ်လမ်းက ကျွန်ုပ်တို့အားလုံးကို သက်သေပြထားသည်။ ဤဝတ္ထု ဇာတ်လမ်းအားဖြင့် အခြေအနေယိမ်းယိုင်နေသော ခရစ်ယာန်မည်မျှသည် နှစ်သိမ့်ခြင်းကို ခံခဲ့ကြသနည်း။ ယောဘတွေ့ကြုံခံစားခဲ့

သည့်အတိုင်း တွေ့ကြုံခံစားသောအခါ၌ မတုန်လှုပ်ဘဲ ဆက်လက်၍ ခိုင်ခံမြဲမြံရန် အဘယ်မျှသောသူတို့သည် ခွန်အားသစ်သွန်းလောင်းပေး ခြင်းကို ခံခဲ့ကြသနည်း။ ယောဘသည် မိမိ၏မိသားစုနှင့်စည်းစိမ်ဥစ္စာ တို့ကိုဆုံးရှုံးခဲ့ရသော်လည်း နောက်ဆုံးတွင် အလျှံအပယ်ချီးမြှင့်ခံခဲ့ရသည်။ ဘုရားသခင်သည် ယောဘကို ယခင်ကပိုင်ဆိုင်ခဲ့သောစည်းစိမ်ဥစ္စာထက် အဆပေါင်းများစွာ တိုး၍ကောင်းချီးပေးခဲ့ယုံသာမကဘဲ ခေတ်ကာလ တစ်လျှောက်၌မရေမတွက်နိုင်သော ယုံကြည်သူများအထံ၌မျှော်လင့်ခြင်း နှင့် ကောင်းချီးမင်္ဂလာတို့ကို ဆောင်ယူရန် ယောဘ၏ပုံဥပမာကိုအသုံး ပြုခဲ့သည်။ စာတန်ကအဆိုးအတွက် ရည်ညွှန်းလုပ်ဆောင်ခဲ့သောအရာ များကို ဘုရားသခင်က အကောင်းဆုံးအဖြစ်သို့ ပြောင်းလဲခဲ့သည်။

လွန်ခဲ့သော တစ်ချိန်က ကျွန်ုပ်တက်ရောက်ပါဝင်ခဲ့သော အသင်း တော်ရှိ အရေးပါသော အသင်းဝင်တစ်ဦးကွယ်လွန်ခဲ့သည်။ ထိုပုဂ္ဂိုလ် ၏မမျှော်လင့်သောနာရေးသတင်းသည် အသင်းတော်တစ်ခုကို တုန်လှုပ် သွားစေခဲ့သည်။ အပေါ်ယံအမြင်အားဖြင့် ဆိုရလျှင် ထိုပုဂ္ဂိုလ်ကွယ်လွန် သွားခြင်းသည် အလွန်ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ခဲ့သော်လည်း ဘုရားသခင်သည် ထိုအချင်းအရာကို မိမိ၏အကြံအစည်အထမြောက် လာစေရန်အတွက် အသုံးပြုခဲ့သည်။ နှစ်လိုဖွယ်ကောင်းသော ဘုရား သခင် လူ၏မမျှော်လင့်သော သေဆုံးခြင်းသည် လူငယ်များ၏အသက် တာအထူးသဖြင့် သက်ရောက်မှုရှိခဲ့သည်။ ထိုပုဂ္ဂိုလ်ကွယ်လွန်ပြီးနောက် ပိုင်းလများတွင် ဘုရားသခင်သည် လူငယ်များ၏အသက်တာ၌ စတင် ၍အလုပ်လုပ်ခဲ့သည်။ တစ်ဦးပြီး တစ်ဦး မိမိတို့၏အသက်တာကို အမှု တော်အတွက် ပြန်လည်ဆက်ကပ်အပ်နှံခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကွယ်လွန် သွားခြင်းသည် အမှန်တကယ်ထိုက်တန်ပါသလား။ ကျွန်ုပ်တို့ပုဂ္ဂိုလ် အကြောင်းကို သိခဲ့ရသလောက်ဆိုလျှင် ဤလူငယ်များအား ၎င်းတို့၏ ကယ်တင်ရှင်နှင့် မိတ်သဟာရဖွဲ့ခြင်းသို့ ပြန်လည်သွတ်သွင်းခံခဲ့ရမည့် အရေးအတွက် မိမိအသက်ကိုပေးဆပ်ရန် ထိုပုဂ္ဂိုလ်အလွန်ဝမ်းမြောက်

ဝမ်းသာရှိခဲ့ပါလိမ့်မည်ဟု ကျွန်ုပ်သိနေပါသည်။

ထင်ရှားသောတမန်တော်ရှင်ပေါလု၏အကြောင်းကို အချိန်အနည်းငယ်ယူ၍ စဉ်းစားသုံးသပ်ကြည့်ပါ။ ရှင်ပေါလုသည် နိုင်ငံတော်အတွက် အလွန်အစွမ်းထက်သောအကျိုးသက်ရောက်မှုကို ပြခဲ့သည်။ သူသည် မယုံနိုင်လောက်အောင် တော်သောဝံဂေလိဆရာတစ်ပါးဖြစ်ခဲ့ပြီး၊ သတင်းကောင်းတရားတော်နှင့်အတူ တစ်မြို့ဝင်တစ်မြို့ထွက်လှည့်လည်ခဲ့သည်။ ရှင်ပေါလု၏အစွမ်းထက်သောအမှုတော်ကြောင့် မြောက်မြားစွာသော လူတို့မှာ သခင်ခရစ်တော်ကိုလက်ခံယုံကြည်ခဲ့ကြသည်။ ထိုနောက်တွင် ရှင်ပေါလုအဖမ်းခံရ၍ထောင်သွင်းအကျဉ်းချခံရသောနေ့ ရောက်လာခဲ့သည်။ ရှင်ပေါလုအား ထောင်သွင်းအကျဉ်းချခံရမှု၏သက်ရောက်မှုကို ကနဦးအသင်းတော်က ကောင်းကောင်း ခံစားခဲ့သည်။ ရန်သူတို့က တိုက်ပွဲကိုအနိုင်ယူသွားခဲ့သည်ဟု ထင်မှတ်စရာပင်ဖြစ်ခဲ့သည်။ ရှင်ပေါလုကမူ ထိုသို့မရှုမြင်ခဲ့ပါ။ ဖိလိပ္ပိ ၁း၁၄ ၌ထိုခေတ်ကာလရှိ ယုံကြည်သူတို့အား စာရေးသားပေးပို့ခဲ့ရာတွင် မိမိ၏ထောင်နန်းစံခြင်းကြောင့် မြောက်မြားစွာသော လူတို့မှာ သတင်းကောင်းတရားတော်ကို ပို၍ကြီးမားသောရဲရင့်သတ္တိနှင့်အတူ ဟောပြောရန် နှိုးဆော်ခံရမည်ဟု ရှင်ပေါလုက ပြောပြခဲ့သည်။

> သခင်ဘုရား၏ညီအစ်ကိုများတို့သည် ငါခံရသော ချည်နှောင်ခြင်းကြောင့် ယုံမှားသောစိတ်နှင့်ကင်းလွတ်၍ကြောက်ရွံ့ခြင်း မရှိဘဲ နှုတ်ကပတ်တော်တရားတော်ကို သာ၍ဟောပြောဝံ့ကြ၏။

ထင်ရှားသောတမန်တော်ရှင်ပေါလုသည် အဘယ်ကြောင့် ထောင်နန်းစံရန်လိုအပ်ခဲ့သနည်းဟု လူအမြောက်အမြားကမေးခွန်းထုတ်ခဲ့ကြသည်ကို ကျွန်ုပ်အသေအချာသိနေပါသည်။ ရှင်ပေါလုအတွက် တရားဟောပြောခြင်းကို ဆက်၍ပြုလုပ်ကာ အသင်းတော်သစ်များကို တည်ထောင်ခြင်းကပို၍ကောင်းခဲ့မည်မဟုတ်ပေဘူးလား။ သို့သော်

ရှင်ပေါလု၏ထောင်နန်းစံခြင်းက အသင်းတော်အပေါ်၌ ကြီးမားသော သက်ရောက်မှုကို ပြုလုပ်ခဲ့သည်။ ယခုတွင် ရှင်ပေါလုမှာထောင်နန်းစံ နေရသောကြောင့် လူအများက မိမိတို့ ဤအတိုင်းထိုင်နေ၍ မဖြစ်တော့ သည့်အကြောင်းကို စတင်သိရှိလာကြသည်။ သတင်းကောင်းတရားတော် အပြင်လောကသို့ ထွက်ခွါပျံ့နှံ့ပို့ဆိုလျှင် သူကိုတစ်ဦးစီတိုင်းသည် ထိုတာဝန်ကိုအလေးအနက်ထားရန် လိုအပ်လာခဲ့သည်။ အသင်းတော်မှ ၎င်း၏တာဝန်ဝတ္တရားကိုသိမြင်လာနိုင်ရန်အတွက် ဘုရားသခင်သည် ရှင်ပေါလုခံရသော ချည်နှောင်ခြင်းကိုအသုံးပြုခဲ့သည်။

စိတ်ဆိုးနေသောလူထုကြီးက သခင်ယေရှုကိုဖမ်းဆီးရန် ရောက် လာခဲ့ကြစဉ်က ရှင်ပေတရုသည် ၎င်းတို့ကိုပြန်လည်ခုခံ တိုက်ခိုက်ရန် ဓါးကိုဆွဲထုတ်ခဲ့သည်။ ရှင်ပေတရုသည် မိမိ၏ ရှေ့မှောက်၌ဖြစ်ပျက်နေ သော အခြေအနေကို သုံးသပ်ရာတွင် သူသည်မိမိ၏သခင်ဖြစ်သူကို ဖမ်းဆီးခေါ်ဆောင်သွားကြတော့မည့် လူထုကြီးကိုသာတွေ့မြင်ခဲ့သည်။ ဤအချင်းအရာသည် ကောင်းကျိုး အတွက် မည်သို့ဖြစ်ခဲ့နိုင်မည့် အကြောင်းကို သူနားမလည်နိုင်ခဲ့ပါ။ ထိုအကြောင့် ဓါးကိုဆွဲထုတ်၍ တိုက်ခိုက်ရန် ဆိုင်းပြင်ခဲ့သည်။ သခင် ယေရှုကသာ မတားမြစ်ခဲ့လျှင် ရှင်ပေတရုသည် မိမိ၏သခင် အတွက်ထိုနေရာ၌ပင် အသက်ကိုစတေး ခဲ့နိုင်ပေသည်။ သို့သော် ရှင်ပေတရုနားမလည်ခဲ့သောအရာမှာ မိမိသည် ဘုရားသခင်၏ အကြံအစည်တော်ကို ဆန့်ကျင်၍တိုက်ခိုက်နေသည်ဟူ သော အချက်ဖြစ်သည်။ လူမျိုးတော်တို့၏ကယ်တင်ခြင်းအထမြောက် ပြည့်စုံလာဖို့အတွက် သခင်ယေရှုအသေခံရန်လိုအပ်ခဲ့သည်။

ခြေဖဝါးထဲ၌ ဆူးဝင်နေသော သစ်သားစလေးကို ဖယ်ရှားပေး ရာ၌ နာကျင်လွန်း၍ ဖခင်ဖြစ်သူကို ပြန်လည်ခုခံတတ်သော ကလေးငယ် ကဲ့သို့ပင် နာကျင်ခြင်းသည် ကျွန်ုပ်တို့၏အကျိုးအတွက် ဖြစ်ကြောင်းကို မသိနားမလည်ဘဲ ဘုရားသခင်ကို ကျွန်ုပ်တို့ဆန့်ကျင်တိုက်ခိုက်ကြသည်။

ဟောရှာယ ၅၅း၉ တွင်ဘုရားသခင်မှ မိမိကျွန်အားဖြင့် ပြောဆိုထား သည့် အရာကို နားဆင်ကြည့်ပါ။

> မိုးကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သကဲ့သို့ ငါ၏ အကျင့်သည်လည်း သင်တို့၏အကျင့်ထက်၄င်း၊ ငါ၏အကြံ အစည်သည် သင်တို့၏အကြံအစည်ထက်၄င်း သာ၍မြင့်၏။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကိုနားလည်နေကြ သယောင် ဟန်ဆောင်၍မရနိုင်ပါ။ ကျွန်ုပ်တို့အတွက် အလွန်ထူးဆန်း သော နည်းလမ်းများဖြင့် ဘုရားသခင်အလုပ်လုပ်လေ့ရှိသည်။ ဘုရားသခင်က ကျွန်ုပ်တို့၏ဘဝခရီးလမ်းထဲသို့ ပို့လွှတ်လိုက်သော အရာများကို လက်ခံ နိုင်ဖို့ သင်ယူရန်မှာ ကျွန်ုပ်တို့အတွက် အဘယ်မျှ အရေးကြီးပါသနည်း။ မျှော်လင့်မထားသော ဤဘဝအခြေအနေများနှင့် ဝမ်းနည်းကြေကွဲဖွယ်ရာများသည် ဘုရားသခင်၏အလွန်ကြီးမားသော ကောင်းချီးမင်္ဂလာကို ဟန်ဆောင်ရုပ်ဖျက်ထားသောအရာများ ဖြစ်ခဲ့ ပေမည်။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို ယုံကြည် ထားကြသော ကျွန်ုပ်တို့သည် မျှော်လင့်မထားသော ဘဝအခြေအနေများ နှင့် ဆက်ဆံပေါင်းသင်းရန်ခက်ခဲသောသူတို့နှင့် ရင်ဆိုင်တွေ့ကြုံရသော အခါ ကျွန်ုပ်တို့ မည်သို့တုန့်ပြန်ကြသနည်း။ အထက်ပါမေးခွန်းကို တုန့် ပြန်ဖြေကြသည့်အနေဖြင့် အင်ဒရူးမာရေး(Andrew Murray)၏ စကားလုံးများကို ကိုးကားပါရစေ အင်ဒရူးမာရေးက ဤသို့ဆိုခဲ့သည်။

> ဒုက္ခရောက်သောအချိန်၌ ပထမဦးဆုံးပြောရမည့်အရာမှာ – ဘုရားသခင်သည် ကျွန်ုပ်ကို ဤနေရာသို့ ပို့ဆောင်ခဲ့သည်။ ဘုရားသခင်၏အလိုတော်ကြောင့်သာ ဤဒုက္ခတွင် ကျွန်ုပ်ရှိနေ ရသည်။ ထိုနေရာတွင် ကျွန်ုပ်ငြိမ်သက်စွာခိုနားပါမည်။ ဆက်

လက်၍ ဤစစ်ကြောခြင်း၌မိမိ၏သားသမီးကဲ့သို့ ကျင့်ကြံနေထိုင်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်ကို မိမိ၏ချစ်ခြင်းမေတ္တာထဲ၌ဝှက်ထား၍ကျေးဇူးတော်ကို သွန်းလောင်းပေးပါလိမ့်မည်ဟု ပြော ပါ။ နောက်ထပ်ကျွန်ုပ် ဘက်မှ သင်ယူရန်ဘုရားသခင်ကရည်ရွယ်ထားသော ဘဝသင်ခန်းစာများကို သွန်သင်ပေးခြင်းဖြင့်၄င်း၊ ဘုရားသခင်က ကျွန်ုပ်အပေါ်၌သွန်းလောင်းရန် ရည်ရွယ်ထား သောကျေးဇူးတော်ကို ကျွန်ုပ်အထဲ၌လုပ်ဆောင်နေခြင်းဖြင့်၄င်း၊ ဘုရားသခင်သည် ဤစစ်ကြောခြင်းကို ကောင်းချီးမင်္ဂလာအဖြစ် သို့ ပြောင်းလဲဖန်တီးပေးမည်ဟု ပြောပါ။ နောက်ဆုံးတွင် ဘု ရားသခင်က အသင့်တော်ဆုံးအချိန်ဟု သတ်မှတ်ထားသော အချိန်ရောက်လျှင် ကျွန်ုပ်ကိုပြန်လည်ကယ်ထုတ်နိုင်ပါသည်။ မည်သို့ကယ်ထုတ်မည်ကို၄င်း၊ မည်သည့်အချိန်တွင် ကယ်ထုတ် မည်ကို၄င်း၊ ဘုရားသခင်သိပါ၏ဟု ပြောပါ။ ထိုသို့ပြောဆိုပြီး သည့်နောက်တွင် ကျွန်ုပ်သည်ဘုရားသခင်၏ခွဲခန့်မှတ်သားခြင်း အားဖြင့်၄င်း၊ သူ၏ကြည့်ရှုစောင့်ရှောက်မှု၌၄င်း၊ သူ၏သင်တန်း ပေးပုံစံသွင်မှုအောက်တွင်၄င်း၊ သူသတ်မှတ်ထားသော အချိန် အတွက် ဤနေရာကို ကျွန်ုပ်ရောက်နေရပါသည်ဟု ပြောပါ။[၁]

ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီကို ကြည့်ရှုစောင်မနေ ပါသည်ဟူသော အချက်ကို ကျွန်ုပ်တို့အသေအချာယုံကြည်နိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဘဝခရီးလမ်းအထဲသို့ဝင်ရောက်လာသော အခြေအနေအရပ်ရပ်ကို သိရှိတော်မူပြီး၊ ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံရသော အရာအားလုံးကို မိမိ၏ဘုန်းတော်အတွက်၄င်း၊ ကျွန်ုပ်တို့၏ကောင်းကျိုး အတွက်၄င်း၊ အသုံးပြုပါလိမ့်မည်။ ကျွန်ုပ်အသက်တာ၌ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့ပါက ထိုသို့ဖြစ်ပျက်ရာ၌ ဘုရားသခင်သည် ကျွန်ုပ်အတွက် ရည်ရွယ်ရင်းတစ်ခုတော့ရှိခဲ့ပါလိမ့်မည်။ ဤအသိစိတ်နှင့်အတူ ကျွန်ုပ်တို့

၌ရွေးချယ်ရန် နှစ်ခုအနက်တစ်ခုကို ရွေးရပါမည်။ ဘုရားသခင်နှင့် ၄င်း၏ အကြံအစည်များကို ဆန့်ကျင်တိုက်ခိုက်မည်လော သို့တည်းမဟုတ် ကျွန်ုပ်တို့မှ ကိုယ်ကိုယ်ကို နှိမ့်ချ၍ ဘုရားသခင်၏ အစိုးရသောလုပ်ဆောင် ချက်များ၌ ဝန်ခံအပ်နှံကာ၊ ဘုရားသခင်၏ လုပ်ဆောင်မှုများကို စောင့် ကြည့်ပြီး အသီးအပွင့်များကို မျှဝေခံစားမည်လော။

ဘုရားသခင်လုပ်ဆောင်နေသည့်အရာကို၄င်း၊ ထိုအရာကိုမည်သို့ အသေးစိတ်လုပ်ဆောင်သွားမည်ကို၄င်း၊ ကျွန်ုပ်တို့နားလည်ခဲ့ကြမည် မဟုတ်ပေ။ ကျွန်ုပ်တို့သိရှိထားရန် လိုအပ်သောအချက်မှာ ဘုရားသခင် သည် ကျွန်ုပ်တို့ရင်ဆိုင်တွေ့ကြုံရသောအခြေအနေတစ်ခုစီကို ကျွန်ုပ်တို့ ၏ ကောင်းကျိုးအတွက်အသုံးပြုပါလိမ့်မည်ဟူသောအချက်ဖြစ်သည်။ ဤသို့သော နားလည်သဘောပေါက်မှုသည် အသက်တာ၌ဆက်ဆံ ပေါင်းသင်းရခက်သောသူများ(သို့)မျှော်လင့်မထားသောအခြေအနေများ ကို ကျွန်ုပ်တို့ မည်သို့တုန့်ပြန်ကြသည်ဟူသော အချက်ကို အခြေခံကျကျ ပြောင်းလဲပစ်ခဲ့သင့်သည်။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာပိုင်ဖြစ်သည်ဟု နားလည်သဘောပေါက်ခြင်းသည် ကျွန်ုပ်တို့၏ဘဝခရီးလမ်းထဲသို့ ဝင်ရောက်လာသောပြဿနာများ(သို့) အတားအဆီးအနှောင့်အယှက်များ အပေါ်၌ ကျွန်ုပ်တို့တုန့်ပြန်ပုံ တုန့်ပြန်နည်းများကို ပြောင်းလဲစေပါလိမ့်မည်။ အချုပ်အခြာတန်ခိုးအာဏာပိုင်ဘုရားသခင်ကို ကျွန်ုပ်တို့အမှန်တကယ်ယုံကြည်လျှင် စစ်ကြောမှုများကို ကျွန်ုပ်တို့လက်ခံကြမည်ဖြစ်

---

[၁] Choy, Leana, Andrew Murray, *Apostle of Abiding Love*, Fort Washington, Pennsylyan: Christian Literature Crusade, 1977, pg. 215.

ပြီး၊ ထိုအရာများကို ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် အသုံးပြုရန် ဘုရား သခင်အပေါ်၌ မျှော်လင့်ထားကြမည်ဖြစ်သည်။ ဖြစ်ပျက်နေသောအရာ များအတွက် မအီမသာညည်းတွားခြင်းနှင့် တိုင်တန်းခြင်းများကိုပြုမည့် အစား၊ အနှောင့်အယှက်ပြဿနာတစ်ခုစီတိုင်းသည် မိမိ၏နိုင်ငံတော်ကို ကျယ်ပြန့်စေရန်၄င်း၊ မိမိအထံပါးသို့ ကျွန်ုပ်တို့ကိုဆွဲခေါ်ရန်၄င်း၊ ဘုရားသခင်အသုံးပြုသောနည်းလမ်းအဖြစ် ကျွန်ုပ်တို့ ရှုမြင်ကြမည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- သင်လုပ်ဆောင်ရန်ရည်ရွယ်ထားသောအလုပ်ကို မလုပ်နိုင်အောင် သင့်ကိုဆီးတားနှောက်ယှက်ခဲ့သည့်မျှော်လင့်မထားသောအဖြစ်အပျက်များဖြစ်ပျက်ခဲ့သည်နေ့ရက်ရှိခဲ့ဖူးပါသလား။ ထိုအရာကို သင်မည်သို့တုန့်ပြန်ခဲ့သနည်း။
- ကျွန်ုပ်တို့၏နေ့စဉ်ဘဝလမ်းခရီးထဲသို့ ဝင်ရောက်လာသော အနှောင့်အယှက်အသေးအမွှားလေးများအပေါ်၌ပင် ဘုရားသခင် ထိန်းချုပ်နေပါသည်ဟူသောအချက်၌မည်သို့သော နှစ်သိမ့်ခြင်းမျိုးကို ကျွန်ုပ်တို့ရှာတွေ့သင့်သနည်း။
- ဘဝအသက်တာ၌ သင်ကြုံတွေ့နေရသောအခြေအနေများကို ပြောင်းလဲရန် ဘုရားသခင်၌လုပ်ပိုင်ခွင့်အပြည့်ရှိသည်ဟူသောအချက်ကို ယနေ့တွင် သင်လက်ခံနိုင်ပါသလား။ သင့်ဘဝခရီးလမ်းထဲသို့ ဝင်ရောက်လာသည့်မျှော်လင့်မထားသော အခြေအနေများအလယ်၌ ဘုရားသခင်ကို သင်ယုံကြည်ကိုးစားနိုင်ပါသလား။
- ဘုရားသခင်၏အမှုတော်ကိုထူးခြားသောနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ဖို့ သင့်ကိုအခွင့်အလမ်းတံခါးဖွင့်ပေးရန်(သို့)သင့်ကိုအန္တရာယ် တွင်းထဲသို့ကျရောက်ခြင်းမှ ကွယ်ကာရန် မျှော်လင့်မထားသောပတ်ဝန်းကျင်အခြေအနေများကို ဘုရားသခင်မည်သို့အသုံးပြုခဲ့သည်ဟူသော အကြောင်းအရာနှင့် စပ်လျဉ်း၍ သင်၌ပုံဥပမာတစ်ခုလောက်ရှိပါ

သလား။

## ဆုတောင်းရန်အချက်များ

- ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌တွေ့ကြုံရသောမျှော်လင့်မထား သည့်ပြဿနာများနှင့်ဆက်ဆံပေါင်းသင်းရခက်သောသူများ ထက်ဘုရားသခင်သည် ပို၍ကြီးမြတ်သာလွန်သောကြောင့် ကျေးဇူးတင်ချီးမွမ်းရန်အချိန်အနည်းငယ်ယူပါ။
- နေ့စဉ်အသက်တာ၌ သင်တွေ့ကြုံရမည့်ဆက်ဆံပေါင်းသင်းရခက် သောသူများနှင့်မျှော်လင့်မထားသောအခြေအနေများအတွက် ဘုရား သခင်ကို ယုံကြည်ကိုးစားနိုင်ဖို့ ကျေးဇူးတော်ကိုသွန်းလောင်းပေးရန် တောင်းလျှောက်ပါ။ ဘုရားသခင်သည် အတားအဆီးအနှောင့် အယှက်အားလုံးထက် သာ၍ကြီးမြတ်တော်မူသည့်အတွက် ကျေးဇူး တင်ချီးမွမ်းပါ။

# ၁၃
# အမှုတော်မြတ်၌ရဲရင့်ပြတ်သားခြင်း

တမန်တော်ရှင်ပေါလုက တစ်ကြိမ်တွင် ''ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါ တတ်စွမ်းနိုင်၏'' ဟု ဆိုခဲ့ဖူးသည်။ ဤသည်မှာ အလွန်ရဲရင့်ပြတ်သား သောထွက်ဆိုချက်တစ်ခုဖြစ်သော်လည်း တမန်တော်ရှင်ပေါလုသည် မိမိ ခံစားသောဘုရားသခင်အပေါ်၌အကြွင်းမဲ့သော စိတ်ချယုံကြည်မှုရှိနေခဲ့ သည်။ ရှင်ပေါလုသည် အချုပ်အခြာတန်ခိုးအာဏာပိုင် စကြဝဠာအရှင် ဘုရားသခင်၏လုပ်ပိုင်ခွင့်အာဏာပေးထားခြင်းကို ခံထားရပါသည်။ ထို ဘုရားသခင်အတွက်မဖြစ်နိုင်သော အရာမှာ မရှိပါ။ ဤစိတ်ချယုံကြည်မှု စိတ်နှလုံးထဲ၌မြဲမြံစွာစိုက်သွင်းထားခဲ့ပြီး၊ ဘုရားသခင်၏နိုင်ငံတော်အတွက် မဖြစ်နိုင်သောအရာများကို အထမြောက်ပြည့်စုံသွားစေရန်လှုပ်ရှားလုပ် ဆောင်ခဲ့ပါသည်။

ဤနေရာ၌ကျွန်ုပ်ဖော်ပြလိုသောအချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ရှင်ပေါလု၏ယုံကြည်စိတ်ချမှုမှာ မိမိအပေါ်တွင် မဟုတ်၊ ဘုရားသခင့်အပေါ်တွင်ဖြစ်သည်။ ရှင်ပေါလုက မိမိ၏အစွမ်းအစကို မကိုးစားခဲ့ပါ။ ရောမ ၇း၁၈–၁၉ တွင် ရှင်ပေါလုမှ မည်သို့ပြောဆိုထားသည်ကို နားဆင်ကြည့်ပါ။

ငါ့ထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသောအရာတစ်စုံတစ်ခုမျှ မတည်သည်ကို ငါသိ၏။ အကြောင်းမူကား ငါသည် ကျင့်ချင်သောစိတ်ရှိသော်လည်း ကောင်းစွာကျင့်တတ်သောအခွင့်ကို ရှာ၍မတွေ့နိုင်။ ငါသည်ကျင့်ချင်သောအကျင့်ကောင်းကို မကျင့် မကျင့်ချင်သောအကျင့်ဆိုးကိုကျင့်၏။

ရှင်ပေါလုက မိမိဇာတိပကတိ၏ဆိုးညစ်သောသဘောသဘာဝကို နားလည်သဘောပေါက်ခဲ့သည်။ ဤအကြောင်းကြောင့်ပင် ရှင်ပေါလုသည် မိမိအတွက် ခွဲခန့်ထားသောအလုပ်ကို အထမြောက်ပြည့်စုံလာစေဖို့ ဘုရားဝိညာဉ်တော်၏အတွင်းသဏ္ဍာန်လုပ်ရှားလုပ်ဆောင်ချက် အပေါ်၌သာ အပြည့်အဝမှီခိုခဲ့သည်။

၁ကော ၂း၃–၅ တွင် ရေးသားထားသည့်အတိုင်း ရှင်ပေါလုက မိမိခွန်အား၏လျှို့ဝှက်ချက်ကို ယုံကြည်သူတို့အား ပြောပြခဲ့သည်မှာ

သင်တို့နှင့်အတူ ငါရှိနေသောအခါအားနည်းခြင်း၊ အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွ ငါရှိနေ၏။ သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့် မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ၊ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့်ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွ ရှိ၏။

အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်၏တန်ခိုးတော် သည် တမန်တော်ရှင်ပေါလုအားဖြင့် လှုပ်ရှားလုပ်ဆောင်လျက်ရှိနေခဲ့သည်။ ရှင်ပေါလုက ဖေက်အသင်းသူအသင်းသားများအား ဤဘုရားသခင်သည် ''ငါတို့၌ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှာ၊ တတ်နိုင်တော်မူသောဘုရားသခင်'' ဖြစ်သည်ဟု ပြောခဲ့သည်။ (ဖေက် ၃း၂၀)။

ထာဝရဘုရားသခင်သည် ပြောင်းလဲခြင်းမရှိခဲ့ပါ။ တန်ခိုးတော်တို့မှာလည်းမှေးမှိန်သွားခြင်းမရှိခဲ့ပါ။ တမန်တော်ရှင်ပေါလု၏အသက်တာ၌လုပ်ရှားလုပ်ဆောင်ခဲ့သော ဘုရားသခင်သည် ယနေ့တွင်လည်း လှုပ်ရှား လုပ်ဆောင်လျက်ရှိနေပါသည်။

ကျွန်ုပ်တို့ချမှတ်ရန် လိုအပ်သည်။ ဒုတိယအချက်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ ယနေ့တွင်လှုပ်ရှားလုပ်ဆောင်လိုနေသည် ဟူသောအချက်ပင်ဖြစ်သည်။ ဘုရားသခင်သည် ရှင်ပေါလု၏ခေတ်ကာလရှိ လူတို့ကို လက်လှမ်းဖမ်းဆုပ်လိုခဲ့သလောက်၊ ယနေ့ခေတ်မျိုးဆက်သစ်များကိုလည်း လက်လှမ်းဖမ်းဆုပ်လိုပါသည်။ မဿဲ ၂၈း၁၉–၂၀ ရှိ မဟာစေခိုင်းချက်ကြီးကို နားဆင်ကြည့်ပါ။

> သင်တို့သည် သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကျလော့။ ငါသည်သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်။

ဤစကားလုံးများသည် မျိုးဆက်အသီးသီးရှိ ယုံကြည်သူအားလုံးကို ရည်ညွှန်းပြောဆိုထားခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ အား ကမ္ဘာတစ်ဝှမ်းသို့သွား၍ တပည့်တော်များ ကိုပြုလုပ်ကြရန် ဆင့်ခေါ် ထားခဲ့သည်။ ''ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့ နှင့်အတူ အစဉ်မပြတ်ရှိသည်''ဟူသော ဘုရားသခင် ၏ကတိတော်ကို အထူး သတိပြုပါ။ အထူးသဖြင့် ''ကပ်ကမ္ဘာကုန်သည်တိုင်''ဟူသော စကားစုကို သတိပြုကြည့်ပါ။ ကပ်ကမ္ဘာကုန်ဆုံးချိန်မရောက်သေးပါ။ ဆိုလိုသည်မှာ ဘုရားသခင်၏ ကတိတော်သည် ယနေ့ထက်တိုင် ကျွန်ုပ်တို့ နှင့်သက်ဆိုင်

လျှက်ရှိသည်။ ဤအရာထပ်ပို၍သေချာသောအရာ မရှိပါ။ ကျွန်ုပ်တို့ကို ဆင့်ခေါ်သောဘုရားသခင်သည် ကျွန်ုပ်တို့နှင့်လည်း အတူ ရှိပါလိမ့်မည်။ ဘုရားသခင်၏နာမတော်မြတ်၌ ကျွန်ုပ်တို့သွားလေရာရာ တွင်၎င်း၊ လုပ်လေရာရာတွင်၎င်း ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့် အစွမ်းပေးခြင်းကျွန်ုပ်တို့သေချာနိုင်ကြပြီဖြစ်သည်။

ဘုရားသခင်သည် ပရောဖက်ယေရမိကိုအလွန်ကြမ်းတမ်းခက်ခဲသော အမှုတော်အတွက်ဆင့်ခေါ်ခဲ့ပါသည်။ ထိုအမှုတော်တွင် လူတို့သည် ၎င်း၏စကားကိုနားထောင်ခဲ့ကြမည်မဟုတ်ပါ။ အသက်ခန္ဓာမှာလည်း အန္တရာယ်စက်ကွင်းထဲ၌တချိန်လုံးရှိနေခဲ့ပေမည်။ အမှုတော်ထမ်းရွက်ရာ ရှိတစ်ခုသောအချိန်တွင် စိတ်ဓါတ်ကျဝမ်းနည်းခြင်းမှာ ပရောဖက်ကြီးကို လွှမ်းမိုးစီးနင်းသွားခဲ့ဟန်ရှိသည်။ ထို့ကြောင့် ယေရမိ ၁၅း၁၅၊ ၁၈ တွင် ဘုရားသခင်ကို အော်ဟစ်ညည်းတွားခဲ့သည်မှာ –

> အိုထာဝရဘုရား၊ ကိုယ်တော်သည် သိတော်မူ၏။ အကျွန်ုပ်ကို အောက်မေ့လျက် အကြည့်အရှုကြွလာ၍ အကျွန်ုပ်အားညှဉ်းဆဲသောသူတို့ကို တရားသဖြင့် ဒဏ်ခတ်ပေးတော်မူပါ။ သူတို့ကို ညည်းခံ၍အကျွန်ုပ်ကို ပယ်ရှင်းတော်မမူပါနှင့်။ အကျွန်ုပ်သည် ကိုယ်တော်အတွက် ကဲ့ရဲ့ခြင်းခံရကြောင်းကို အောက်မေ့တော်မူပါ။ အကျွန်ုပ်ခံရသော ဝေဒနာသည် အဘယ်ကြောင့်မြဲပါသနည်း။ မပျောက်လို၊ မပျောက်နိုင်ပါသလား။ အကယ်စင်စစ် ကိုယ်တော်သည် လှည့်စားသောချောင်းရေကဲ့သို့ အကျွန်ုပ်၌ ဖြစ်ပါသည်တကား။

ပရောဖက်ကြီး၏ နာကျင်ခြင်းဝေဒနာကို နားလည်သဘောပေါက်ပေးသည့်အနေဖြင့် ဘုရားသခင်က ယေရမိ ၁၅း၂၀–၂၁ တွင် ပရောဖက်ကြီးကို ဤသို့တုန့်ပြန်ခဲ့သည်။

ငါသည်လည်း သင့်ကို ဤလူမျိုးတဖက်၌ခိုင်ခံ့သောကြေးဝါမြို့ရိုးဖြစ်စေမည်။ သူတို့သည် သင့်ကိုတိုက်၍မနိုင်ရကြ။ ငါသည် သင့်ကိုနုတ်ယူကယ်တင်ခြင်းငှာ သင့်ဘက်၌နေမည်။ လူဆိုးလက်မှ သင့်ကိုငါနုတ်၍ကြောက်မက်ဖွယ်သောသူတို့လက်မှ ရွေးယူမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

ဘုရားသခင်သည် မိမိ၏အစိုးပိုင်သောဖေးမစောင်မခြင်းဖြင့် မိမိ၏ပရောဖက်ကြီးကို ဝန်းရံလွှမ်းခြုံထားမည်ဟု ကတိပေးထားသည်။ ပရောဖက်ကြီး၏ ပတ်လည်တွင်လည်း နံရံကြီးကိုတည်မထားမည်ဖြစ်သောကြောင့် မည်ကဲ့သို့သောရန်သူကမျှ ထိုးဖောက်ဝင်ရောက်နိုင်မည်မဟုတ်ခဲ့ပါ။ ယေရမိသည် မိမိ၏ရန်သူများကို ကြောက်ရွံ့ဖို့အကြောင်းအရင်း မရှိခဲ့ပါ။ ယေရမိ၏ အနီးပတ်လည်၌ချထားသောအကွယ်အကာများကို ဘုရားသခင်အလိုမရှိလျှင် ထိုရန်သူတို့က ချိုးဖျက်ဝင်ရောက်နိုင်ကြမည်မဟုတ်ပါ။ ယေရမိသည် မိမိကိုဂရုစိုက်စောင့်ရှောက်တော်မူသော အချုပ်အခြာ တန်ခိုးအာဏာရှင်ဘုရားသခင်၏လက်တော်ထဲ၌ရှိနေခဲ့သည်။ ထို့ကြောင့် ယေရမိကလည်း ဘုရားသခင်၏အကြံအစည်များကို ယုံကြည်ကိုးစားနိုင် ခဲ့ပါသည်။

ဘုရားသခင်က အလားတူစကားများကို ပရောဖက်ယေဇကျေလ ထံ၌ပြောခဲ့သည်။ ယေဇကျေလကို စေလွှတ်ခဲ့သောနေရာရှိ လူတို့မှာ ခေါင်းမာ၍စိတ်နှလုံး၌ အသမာတက်နေသောသူများဖြစ်ကြသည်။ ထိုသူတို့မှာ မာကျောကြသော်လည်း ဘုရားသခင်က ယေဇကျေလအား ထိုသူတို့ထက်ပို၍မာကျောသောသူအဖြစ် ဖန်တီးခဲ့မည်ဟု ကတိပေးခဲ့သည်။ ဘုရားသခင်က မိမိ၏ကျွန်အား ယေဇကျေလ ၃း၉ ၌ပြောထားချက်ကို နားဆင်ကြည့်ပါ။

သင်၏နဖူးကို ကျောက်ထက်မက စိန်ထက်သာ၍ခိုင်မာစေပြီ၊ သူတို့သည် ပုန်ကန်တတ်သောအမျိုးဖြစ်၍ သင်သည် မကြောက်နှင့်။ သူတို့မျက်နှာရည်ကြောင့် စိတ်မပျက်နှင့်။

ကျွန်ုပ်တို့၌ ကြောက်ရွံ့နေရမည့်အကြောင်းအရင်းမရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွန်အားသစ်များသွန်းလောင်းပေးမည့်အကြောင်းနှင့် ကွယ်ကာပေးမည့်အကြောင်းကို ကတိပေးထားသည်။ ဇာခရိ ၂း၈ ရှိ ဘုရားသခင်၏မိန့်ဆိုချက်ကိုနားဆင်ကြည့်ပါ။

> ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကားသင်တို့ကို ဖျက်ဆီးသောလူမျိုးတို့ရှိရာသို့ ဘုန်းထင်ရှားပြီးမှ ငါ့ကိုစေလွှတ်တော်မူ၏။ သင်တို့ကို ထိသောသူသည် မျက်ဆန်တော်ကို ထိသောသူဖြစ်သည်။

ကျွန်ုပ်တို့ကို ထိသောသူသည် ဘုရားသခင်၏မျက်ဆန်တော်ကို ထိသောသူဖြစ်သည်။ ကျွန်ုပ်တို့မှာ ဘုရားသခင်၏သားသမီးများဖြစ်ကြပြီး၊ သူသည် ကျွန်ုပ်တို့ကိုနက်နက်နဲနဲ ချစ်တော်မူသည်။ သူသည် ကျွန်ုပ် တို့ကို ကွယ်ကာ၍ ကျွန်ုပ်တို့လိုအပ်သမျှကိုလည်း ထောက်ပံ့ပေးကမ်းမည် ဖြစ်သည်။

ဘုရားသခင်အပေါ်၌ ယုံကြည်ကိုးစားခြင်းကို ထားရှိကြရန်နှင့် ကြောက်ရွံ့ခြင်းကို ခုခံတိုက်ထုတ်ကြရန် ယုံကြည်သူတို့အား သမ္မာကျမ်းစာ၌ ထပ်တလဲလဲစိန်ခေါ်ထားသည်။

> ထိုနောက်မှာ ဗျာဒိတ်တော်အားဖြင့် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ငါသည် သင်၏အကာအကွယ်ဖြစ်၏။ သင်၏အကျိုးသည် အလွန်ကြီးလှ၏ဟု မိန့်တော်မူ၏(ကမ္ဘာဦး ၁၅း၁)။

> ထိုနေ့ညမှာ ဘုရားသခင်သည် ထင်ရှား၍ ငါသည်သင်၏အဘအာဗြဟံ၏ ဘုရားဖြစ်၏။ မစိုးရိမ်နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ ငါသည်ကောင်းချီးပေးမည်။ ငါ၏ကျွန်အာဗြဟံအတွက်

သင်၏မျိုးနွယ်ကို ငါများပြားစေမည်ဟု မိန့်တော်မူ၏(ကမ္ဘာဦး ၂၆း၂၄)။

လေဝိရဲ့က မစိုးရိမ်နှင့်။ ငါတို့ဖက်၌နေသောသူတို့သည် ရန်သူတို့ဖက်၌နေသောသူတို့ထက်သာ၍ များကြသည်ဟု ဆို၏ (၄ရာ ၆း၁၆)။ သားတော်ရှောလမုန်အားလည်း၊ သင်သည်အားယူ၍ ရဲရင့်သောစိတ်နှင့်လုပ်ဆောင်လော့။ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်။ ငါ၏ဘုရားသခင်ထာဝရအရှင်ဘုရားသခင်သည် သင်နှင့်အတူရှိတော်မူလိမ့်မည်။ ထာဝရဘုရား၏အိမ်တော်အမှုကို ဆောင်ရွက်ရာဖို့ လုပ်ဆောင်၍လက်စမသတ်မီတိုင်အောင် သင့်ကိုစွန့်တော်မမူ။ ပစ်ထားတော်မမူ(၁ရာ ၂၈း၂၀)။ အားယူကြလော့။ မစိုးရိမ်ကြနှင့်ဟု ကြောက်တတ်သောသူတို့အား ဆိုကြလော့။ အကြောင်းမူကား သင်တို့၏ဘုရားသခင်သည် အပြစ်ပေးလျက်ဒဏ်စီရင်လျှက် ကြွလာတော်မူလိမ့်မည်။ ဘုရားသခင်သည်ကိုယ်တော်တိုင်ကြွလာ၍ သင်တို့ကို ကယ်တင်တော်မူလိမ့် မည် (ဟေရှာယ ၃၅း၄)။

အထက်ပါကျမ်းပိုဒ်များရှိ ကတိစကားတော်များကို သင်ကြားပါသလား။ ''ငါသည်သင်၏အကာအကွယ်ဖြစ်၏။ ငါသည် သင်ဖက်မှာရှိ၏။ ငါသည်ကောင်းချီးပေးမည်။ ငါသည်သင့်ကိုစွန့်တော်မမူ။ ငါသည်ပစ်ထားတော်မူ။ ငါသည်သင်ကိုကယ်တော်မူမည်။'' အကြွင်းမဲ့သောလုပ်ပိုင်ခွင့်ကို၄င်း၊ အကြွင်းမဲ့သောထိန်းချုပ်ပိုင်ခွင့်ကို၄င်း၊ ပိုင်ဆိုင်ထားသည့်အချုပ်အခြာတန်ခိုးအာဏာပိုင်စကြဝဠာအရှင်ဘုရားသခင်သည် ဤကတိတော်များကို ကျွန်ုပ်အပေါ်၌ပေးထားသည်။ နိုင်ငံတော်၏အမှုလုပ်ငန်းကို ကျွန်ုပ်တို့ထမ်းရွက်ရာ၌အထက်ပါအချက်သည် ကျွန်ုပ်တို့အတွက် အဘယ်သို့သောစိတ်ချယုံကြည်မှုကို ပေးခဲ့သင့်ပါသနည်း။ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝခရီးလမ်း၌ဝင်ရောက်လာသော အတားအဆီးအနှောင့်အယှက်များကို ရင်ဆိုင်ရန် ထိုကတိစကားများသည် အဘယ်မျှ

ခွန်အားယူစရာဖြစ်နေကြသနည်း။ ရှင်ပေါလုမှ သက်သာလောနိတ်အသင်းသားများအား ပြောကြားထားသည်မှာ –

> သင်တို့ကို ခေါ်တော်မူသောသူသည် သစ္စာနှင့်ပြည့်စုံသည်ဖြစ်၍ ထိုသို့ပြုတော်မူလိမ့်မည်(၁သက် ၅း၂၄)။

ဘုရားသခင်က ဆင့်ခေါ်တော်မူ၍ အစွမ်းအစများပေးသောအခါ အဘယ်အရာမှ မခက်ခဲတော့ပါ။ အလွန်ကြီးမားသန်မာသော စုံစမ်းနှောက်ယှက်ခြင်းမျိုးလည်း မရှိတော့ပါ။ အလွန်ကြီးမားသောလိုအပ်ချက်မျိုးလည်း မရှိတော့ပါ။ ဘုရားသခင်၏ခွန်အားဗလ၌ သင်တောင်းခံနိုင်သည့်အတိုင်းအတာထက်ကျော်လွန်၍ သင့်ကို မပေးအပ်ပါ။

> လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ယှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ၊ အခွင့်ပေးတော်မမူ။ သင်တို့သည်ခံနိုင်မည်အကြောင်း စုံစမ်းနှောက်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်ရာလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်(၁ကော ၁၀း၁၃)။

အခြေအနေ၊ အကြောင်းအရာများကို ဖြစ်နိုင်ချေမရှိဟု ထင်မှတ်ရသောအချိန်များ ရှိပါသည်။ သို့သော် ဘုရားသခင်အတွက် အရာအားလုံးဖြစ်နိုင်သည်ဟူသောအချက်ကို သခင်ယေရှုကကျွန်ုပ်တို့ကို အသိ ပေးထားသည်။

> ယေရှုသည်လည်း၊ သူတို့ကိုကြည့်ရှု၍ ဤအမှုကို လူမတတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏(မဿဲ ၁၉း၂၆)။

ဤအကြောင်းကြောင့်ပင် စာရာသည် ပဋိသန္ဓေစွဲနိုင်သောအသက်အရွယ်ကိုကျော်လွန်ပြီးနောက်ပိုင်းတွင်ပင် ကလေးမွေးဖွားနိုင်ခဲ့

ခြင်းဖြစ်သည်။ ဤအကြောင်းကြောင့်ပင် ဣသရေလစစ်တပ်ကြီးက ကြောက်ရွံ့စိတ်ဖြင့် နောက်ဆုတ်နေချိန်တွင် သိုးကျောင်းသားလေး ဒါဝိဒ်က လူဘီလူးကြီးဂေါလိယကို အသေသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

> ချစ်သားတို့ သင်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်း အောင်ကြပြီ။ အကြောင်းမူကား သင်တို့ဘက်၌ရှိသောသူသည် လောကဘက်၌ရှိသောသူထက်သာ၍ကြီးတော်မူ၏(၁ယော ၄း၄)။

ကျွန်ုပ်တို့ကို ဆင့်ခေါ်တော်မူသောဘုရားသည် ကျွန်ုပ်တို့ကို လက်နက်တန်ဆာများထပ်ဆင့်ပေးယုံသာမက၊ ကွယ်ကာစောင်မခြင်းကိုလည်း ပေးပါမည်။ ကျွန်ုပ်တို့၏ခံနိုင်ရည်ကိုကျော်လွန်၍ စုံစမ်းနှောက်ယှက်ခြင်းကို အခွင့်ပေးမည်မဟုတ်ပါ။ ဘုရားသခင်သည် မိမိ၏နာမတော်မြတ် ၌ မဖြစ်နိုင်သောအရာများကိုဖြစ်လာအောင်လုပ်ရန် ကျွန်ုပ်တို့ကိုအစွမ်းအစများပေးပါလိမ့်မည်။

အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ကျွန်ုပ်တို့ယုံကြည်လက်ခံသောအခါ ယုံကြည်ခြင်းဖြင့်ခြေလှမ်းနိုင်ရန် ရဲရင့်ခြင်းသတ္တိနှင့် ခွန်အားသစ်များကို ရရှိခံစားကြပါသည်။ ရောမ ၈း၃၁–၃၂ ထိုနည်းတူဆိုထားသည်မှာ

> သို့ဖြစ်၍ ဤအရာများတို့၌ အဘယ်သို့ပြောစရာရှိသနည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင် အဘယ်သူသည်ငါတို့ တစ်ဖက်၌နေနိုင်မည်နည်း။ မိမိသားတော်ရင်းကို မနှမြောဘဲငါတို့ရှိသမျှအဖို့အလို့ငှါ စွန့်တော်မူသောသူသည်သားတော် နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။

နာခံခြင်း၌လျှောက်လှမ်းသောအခါ ကျွန်ုပ်တို့အထဲ၌ရှိတော်မူ

သောဘုရားသခင်၏ခွန်အားဗလသည် ကျွန်ုပ်တို့ကိုပေးထားသောထာဝရ အတွက် လုံလောက်ပါသည်ဟု စိတ်ချနိုင်ကြပါသည်။ ဘုရားသခင်သတိ မမူမိသောအရာမရှိပါ။ ဘယ်အရာကမျှ ဘုရားသခင်ကို အံ့သြစေမည် မဟုတ်ပါ။ ဘုရားသခင်ထက်သာ၍ ကြီးမားသောရန်သူမရှိနိုင်ပါ။ အချုပ် အခြာတန်ခိုးအာဏာရှင်ဘုရားသခင်က ကျွန်ုပ်ကိုဆင့်ခေါ်တော်မူခဲ့ပြီး၊ လုပ်ပိုင်ခွင့်အာဏာများ ပေးထားသောကြောင့်ဘုရားသခင်၏စီရင်ချက်ကို ယုံကြည်ရင်း၊ ကျွန်ုပ်ကို စေခိုင်းထားသောအလုပ်များအတွက် ဘုရားသခင်၏ခွန်အားဗလမှာ အလွန်လျောက်ပတ်သည်ဟု သိရှိထားခြင်းနှင့် အတူ ရဲရင့်ပြတ်သားစွာ ရှေ့သို့လှမ်းနိုင်ပါပြီ။ ဤအသိတရားသည် ကျွန်ုပ်တို့အားသာ၍ကြီးမားသောရဲရင့်ပြတ်သားခြင်းကို နိုင်ငံတော်၏အမှုတော်မြတ်၌ပေးခဲ့ရပါမည်။

> ငါတို့ကိုချစ်တော်မူသော သူ၏ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏ (ရောမ ၈း၃၇)။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်က ကျွန်ုပ်တို့ကို စေခိုင်းထားသောအလုပ်တာဝန်ကို လုပ်ဆောင်ရန် ကျွန်ုပ်တို့၌ခွန်အားနှင့်ဉာဏ်ပညာရှိပါသလား။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားနှင့်ဉာဏ်ပညာကို ကိုးစားမိလျှင် မည်သို့ဖြစ်မည်နည်း။
- ဤအခန်း၌ အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးထားသောကတိတော်အချို့မှာ အဘယ်နည်း။
- အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်က ကျွန်ုပ်တို့ကို ကွယ်ကာ၍အစွမ်းအစများပေးလိမ့်မည်ဟူသော အသိသည် ကျွန်ုပ်တို့၏ရှေ့တွင်ရှိနေသော တိုက်ပွဲအတွက် ရဲရင့်ပြတ်သားခြင်းကို မည်သို့ပေးပါသနည်း။

- အမှုတော်ဆောင်ရာ၌ သင်ကြောက်ရွံ့စိုးရိမ်နေသောအရာများရှိပါသလား။ ထိုကြောက်ရွံ့စိုးရိမ်ခြင်းများနှင့် စပ်လျဉ်း၍ ဤသင်ခန်းစာက မည်သို့ဆိုထားသနည်း။

## ဆုတောင်းရန်အချက်များ

- ကျွန်ုပ်တို့ကိုဆင့်ခေါ်တော်မူထားသော အမှုတော်မြတ်၌ ကျွန်ုပ်တို့နှင့်အတူရှိ၍ ကွယ်ကာပေးတော်မူမည်ဟူသော ကတိတော်များအတွက်ဘုရားသခင်ကို အချိန်အနည်းငယ်ယူ၍ ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်၏ခွန်အားနှင့်ဉာဏ်ပညာတို့သည် သင်လိုရာသုံးဖို့သင့်ရှေ့၌ရှိနေချိန်တွင် သင်၏ကိုယ်ပိုင်စွမ်းရည်နှင့်ဉာဏ်ပညာတို့ကိုသာကိုးစားခဲ့ခြင်းအတွက် ခွင့်လွှတ်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘုရားသခင်က သင့်ကိုဆင့်ခေါ်တော်မူထားသောအမှုတော်မြတ်၌ ဘုရားသခင်ကို ယုံကြည်ကိုးစားနိုင်ရန် ကူညီမစပေးဖို့တောင်းလျှောက်ပါ။ နာခံခြင်း၌လျှောက်လှမ်းရာ၌ ရဲရင့်ပြတ်သားခြင်းကို မစပေးသနားရန်တောင်းလျှောက်ပါ။

# ၁၄
# စောင့်စားခြင်းနှင့်နားထောင်ခြင်း

စောင့်စားခြင်းအလုပ်ကို ကျွန်ုပ်ထဲမှ မည်သူကမျှ ကြိုက်နှစ်သက်ကြမည်မဟုတ်ပါ။ ယေဘူယျအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့သည် စိတ် မရှည်သောသတ္တဝါများဖြစ်ကြသည်။ အချိန်ကိုက်လှုပ်ရှားခြင်း ဆိုသည် မှာ ဘဝတွင် အလွန်အရေးပါသောအရာဖြစ်သည်။ ဘောလုံးပွဲတစ်ပွဲကို ပုံဥပမာအဖြစ်ယူကြည့်ပါ။ ကစားသမားသည် ကွင်းကိုဖြတ်လျှက် ပြိုင်ဘက်၏ဂိုးပေါက်ဆီသို့ ဘောလုံးကို ဆွဲယူသွားချိန်တွင် သူသည် အချိန် ကို လှုပ်ရှားခြင်း၏အရေးပါပုံကို သိရှိနေသည်။ သူသည် ပြိုင်ဘက်၏ ဂိုးပေါက်ဆီသို့ ဘောလုံးကိုတစ်ဟုန်ထိုးဆွဲယူသွားစဉ်တွင် သူ၏စိတ်အာရုံ တို့မှာ ဂိုးသမားအပေါ်တွင်ရှိနေသည်။ သူသည် ဂိုးထဲသို့ ကန်သွင်းရန် အတွက် ဂိုးသမား၏နေရာယူလှုပ်ရှားမှုကို ကြည့်နေသည်။ နောက်ဆုံးတွင် ဘယ်ဘက်သို့ လိမ်ခေါက်၍ဂိုးပေါက်ထဲသို့ ကန်သွင်းလိုက်ရာ ဂိုးရရှိသွားသည်။ အချိန်ကိုက်လှုပ်ရှားခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။

လူ့ဘဝကြီးသည် အထက်ပါပြိုင်ပွဲကဲ့သို့ဖြစ်သည်။ အရာအားလုံး အတွက် အချိန်အခါရှိသည်။ ကျွန်ုပ်တို့သည်

မှန်ကန်သောစကားလုံးများကို ပြောနိုင်သော်လည်း၊ ထိုစကားလုံးများကို ပြောရန်သင့်တင့်သောအချိန် ကို မရွေးချယ်ခဲ့လျှင် ကျွန်ုပ်တို့ပြောသမျှသောစကားလုံးများသည် ကန်း နေသောနာကို ပြောနေခြင်းနှင့်သာတူပါလိမ့်မည်။

ကျွန်ုပ်တို့၏ရှေ့တွင်ရှိနေသော ဝိညာဉ်ရေးရာတိုက်ပွဲရှိရန် သူ့ကို ကြိုတင်ခန့်မှန်း၍မရနိုင်ပါ။ ရန်သူကိုပင် မတွေ့လိုက်ရသောအချိန် မြောက်မြားစွာရှိခဲ့သည်။ လိမ်လည်လှည့်ဖြားခြင်းတို့၏အဘဖြစ်သည့် အားလျော်စွာ စာတန်နှင့်သူ၏ကောင်းကင်တမန်များသည် စည်းမျဉ်းစည်း ကမ်းတို့ဖြင့် အလုပ်မလုပ်ပါ။ ဘုရားသခင်၏အကြံအစည်များကို ကျွန်ုပ် တို့မှ ဖြည့်ဆည်းပြည့်စုံစေနေခြင်းကို တားမြစ်ရန် မည်သည့်အကြောင်း ကြောင့်နှင့်မျှ သူတို့ရပ်တန့်မည်မဟုတ်ပါ။ ထိုကဲ့သို့သော ရန်သူကို ကျွန်ုပ် တို့မည်သို့ယှဉ်ပြိုင်နိုင်မည်နည်း။ ဘုရားသခင်က ကျွန်ုပ်တို့အသက်တာ အတွက် သတ်မှတ်ပေးထားသော ဘဝပန်းတိုင်များကို မရောက်နိုင်အောင် တားဆီးနှောက်ယှက်ခြင်းကို မည်သည့်နည်းနှင့်မျှ ရပ်တန့်မည်မဟုတ် သောရန်သူကို ကျွန်ုပ်တို့ မည်သို့ ကိုင်တွယ်ဖြေရှင်းကြမည်နည်း။ ကျွန်ုပ် တို့၏မျက်စိဖြင့်ပင် မတွေ့နိုင်သောရန်သူကို ကျွန်ုပ်တို့ မည်သို့တိုက်ခိုက် ကြမည်နည်း။ ဘုရားသခင်က ကျွန်ုပ်တို့အသက်တာအတွက် သတ်မှတ်ပေးထားသော ရည်ရွယ်ချက်များကို အထမြောက်ပြည့်စုံလာအောင် ကျွန်ုပ်တို့လုပ်ဆောင်မည်ဆိုလျှင် ဘုရားသခင်၏လမ်းညွှန်ခြင်းနှင့် ဦးဆောင်ခြင်းကို ကျွန်ုပ်တို့လိုအပ်သည်။ ဘုရားသခင်ကိုစောင့်စား၍ အသံတော်ကို နားထောင်ခြင်းမပါဘဲ ဘုရားသခင်အကြံအစည်များကို ကျွန်ုပ်တို့ အထမြောက်စေနိုင်ကြမည်မဟုတ်သည်မှာ သေချာသလောက် ပင်ဖြစ်သည်။

ထူးကဲပြောင်မြောက်သောတပ်မှူးကြီးကဲ့သို့ပင် ဘုရားသခင်သည် မိမိရှေ့ရှိတိုက်ပွဲကိုကောင်းကောင်းမြင်နေသည်။ မိမိမည်

သည့်အရာ ကို လုပ်နေသည်ကိုလည်း ထင်ရှားပြတ်သား စွာသိနေသည်။ အမိန့်များ ကိုလည်း ထူးကဲသောကျွမ်းကျင်မှုများနှင့် အတူပေးနေသည်။ ဘုရား သခင်၏စစ်သည်တော်များသည် ထိုအမိန့်များကို စောင့်စားနေကြပြီး၊ ချက်ချင်းနာခံလုပ်ဆောင်ကြသည်။ သူတို့သည် ဘုရားသခင်၏ဦးဆောင်မှုကို လုံးလုံးလျားလျား ယုံကြည်ထားကြပြီး၊ နာခံခြင်းနှင့်အတူ အသက်ကို ရင်း၍ စွန့်စားကြသည်။ လှုပ်ရှားမှုတိုင်းသည် တိတိကျကျရှိ၍ အချိန်သတ်သတ်မှတ်မှတ်လည်းရှိသည်။ ကြိုးစားအားထုတ်မှုတစ်ခုစီတိုင်းသည် အလဟသမဖြစ်။ အောင်မြင်ခြင်းမှာ သေချာနေသော်လည်း ဘုရားသခင် ၏အမိန့်ကိုနားထောင်၍လိုက်လျောက်ကြရမည်။

အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူတို့သည် ဘုရားသခင်၏အချိန်အခါနှင့် ဦးဆောင်မှုတို့အတွက် သူ့ကိုစောင့်စားတတ်ရန် သင်ယူလိမ့်မည်။ ဘုရားသခင်သည် မိမိ၏ အကြံအစည်များကိုအထမြောက်ပြည့်စုံလာစေရန် ကျွန်ုပ်တို့၏အမှားများနှင့် ဆိုးဝါးသောစီရင်ရွေးချယ်မှုများကိုပင် အသုံးပြုနိုင်သည်ဟူသော အချက်သည် မှန်ပါသော်လည်း ဘုရားသခင်၏ဦးဆောင်မှုနောက်ကို လိုက်လျောက်ခြင်းသည် အဘယ်မျှသာ၍ကောင်းမည်နည်း။ ယောနသည် ဘုရားသခင်၏ဆင့်ခေါ်တော်မူခြင်းကို ကျောခိုင်း၍ ဘုရားသခင်ညွှန်ပြရာ အရပ်နှင့်ဆန့်ကျင်ဘက်အလုပ်သို့ ဦးတည်နေသော သင်္ဘောကိုစီးနင်း ခဲ့သည်။ ဘုရားသခင်သည် ယောနကို နိနဝေမြို့သို့ဆောင်ယူခဲ့သော် လည်း ပရောဖက်ကြီးသည် ကြောက်မက်ဘွယ် မုန်တိုင်းကို၄င်း၊ သင်္ဘောသား တို့၏အမျက်ဒေါသ ကို၄င်း၊ သင်္ဘော ပေါ်၌တွေ့ကြုံခဲ့ရသည်။ သူသည် ရောမငါးကြီးတစ်ကောင်၏ မျိုချခြင်းကို ခံရပြီး၊ ကမ်းခြေပေါ် ၌ ထွေးထုတ်ခြင်းခံခဲ့ရသည်။ ဘုရား သခင်က သူ့ကိုပထမအကြိမ် ဆင့်ခေါ်ခဲ့စဉ်က ဘုရားသခင်၏စကား ကိုနားထောင်ခဲ့လျှင် အဘယ်မျှ ပို၍ကောင်းခဲ့မည်နည်း။

ရှောလုမင်းနှင့် ဂိလဂါလဒေသရှိ ရန်သူများ၏တိုက်ပွဲ အကြောင်း ကို ဓမ္မရာဇဝင်ပထမ ၁၃ မှ ကျွန်ုပ်တို့ကိုပြောပြထားသည်။ ထိုခေတ်ကာလရှိထုံးစံအစဉ်အလာတစ်ခုမှာ ဣသရေလဘုရင်များ တိုက်ပွဲ သို့မထွက်ခွါမီ ဘုရားသခင်ကို တိုင်ပင်ဆွေးနွေးခြင်းဖြစ်သည်။ ရှောလ မင်းသည် ဘုရားသခင်အထံသို့ ယဇ်ပူဇော်ခြင်းကို ပသဖို့ရန် ပရောဖက် ကြီးရောက်အလာကို ခုနစ်ရက်တိုင်တိုင် စောင့်စား နေခဲ့သည်။ ထိုသို့ စောင့်စားနေချိန်တွင် စစ်သည်တော်များသည် ရန်သူ အင်အားကို ကြောက်ရွံ့ကြသောတစ်ဦးပြီးတစ်ဦးရှောလုမင်း ကိုစွန့်ခွါ ခဲ့ကြသည်။ ရှောလုမင်း ကလည်း စစ်တပ်တစ်တပ်လုံးဆုံးရှုံးသွား မည့်အရေးကိုစိုးရိမ်ခဲ့သော ကြောင့် မိမိဖာသာယဇ်ပူဇော်ခြင်းကို ပြုလုပ်ရန်ဆုံးဖြတ်ခဲ့သည်။ ပရောဖက်ရှမွေလရောက်လာသောအခါ ရှောလုမင်းအတွက် ဘုရားသခင်၏ စကားတော်ကိုဆောင်ယူ လာခဲ့သည်။ ရှမွေလက ရှောလုမင်းအား ၄င်းသည် ဘုရားသခင်ကို မစောင့်စားသောကြောင့် ၄င်း၏အာဏာမတည် မည့်အကြောင်း ကိုပြောခဲ့သည်(၁ရာ ၁၃း၁၄)။

ဤအချင်းအရာသည် ရှောလုမင်းအတွက် ပြင်းထန်ရက်စက် သော ဒဏ်ခတ်စီရင်ခြင်းတစ်ခုဟု ထင်မှတ်ရပါသည်။ သို့သော်ပြဿနာ ၏ အရည်အချင်းမှာ ရှောလုမင်းသည် ဘဝတစ်လျှောက်လုံးတွင် ဘုရား သခင်ကိုစောင့်စားခြင်းအမှုတွင် အတော်ပင်ရုန်းကန်ခဲ့ရသည်။ ရှောလုမင်း သည် မကြာခဏဆိုသလိုပင် ဘုရားသခင်၏မိန့်မှာမှုများကို ဆန့်ကျင် ပုန်ကန်သည့်အသွင်ပေါက်နေသည်။ ဘုရားသခင်၏လမ်းညွှန်မှုကိုသာ ရှင်ထံလိုက်လျှောက်သော ဒါဝိဒ်ကဲ့သို့မဟုတ်ဘဲ ရှောလုမင်းသည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် လုပ်ရှားလိုသောသဘောကိုဆောင်ထားသည်။ ရှောလုမင်းသည် ဘုရားသခင်ကိုမစောင့်စားနိုင်သည့်အပြင် ဘုရားသခင် ၏စကားကိုပါ နားထောင်ရန်ငြင်းဆန်သောကြောင့် ဘုရားသခင်သည် ရှောလုမင်း၏မင်းစည်းစိမ်ကို ရုပ်သိမ်းခဲ့သည်။

ကျွန်ုပ်တို့အားလုံးသည် အလားတူအခြေအနေမျိုး၌ ကိုယ်ကိုယ်ကို တွေ့ခဲ့ကြပါသည်။ အသက်တာ၌ဖိအားများ များလာသောအခါ ဘုရားသခင်၏နည်းလမ်းအပေါ်၌မေးခွန်းစတင်ထုတ်ကြသည်။ မကြာခင်တွင်ပင် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌အားနည်းမှုကို ပြသကြတော့သည်။ ကျွန်ုပ်တို့သည် ပြဿနာကိစ္စရပ်များကို ကျွန်ုပ်တို့၏လက်ထဲသို့ ဆောင်ယူလာကြပြီး၊ ဘုရားသခင်က မိမိ၏အကြံအစည်ကို အကောင်အထည်ဖော်ဖို့ရန် ထိုဘုရားသခင်၏နည်းလမ်းများကို ယုံကြည်ကိုးစား၍စောင့်စားကြမည့်အစား ကျွန်ုပ်တို့၏ကိုယ်ပိုင်စွမ်းအားကိုယ်ပိုင်ဉာဏ်ရည်တို့ဖြင့် ဖြေရှင်း ရန်ကြိုးစားကြသည်။

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Reunion ဟုခေါ်သော ကျွန်းပေါ်တွင် သင်းအုပ်အမှုကို နှစ်နှစ်ထမ်းဆောင်ခဲ့သည်။ တစ်နေ့တွင် အသင်းဝင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းခေါ်သံကို လက်ခံခဲ့ရပြီး၊ ကျွန်ုပ်နှင့်ဆွေးနွေး တိုင်ပင်ရန် ရှိသောပြဿနာအတွက် သူမ၏နေအိမ်သို့ လာခဲ့ရန် ကျွန်ုပ် ကို တောင်းဆိုခဲ့သည်။ သူမ၏နေအိမ်သို့ ကျွန်ုပ်ရောက်ရှိသွားသောအခါ သူမသည် ကျွန်ုပ်အား သူမကိုပြစ်မှားကျူးလွန်ခဲ့သော အခြားအသင်းဝင် အမျိုးသမီးတစ်ဦး၏အကြောင်းကို ပြောပြခဲ့သည်။ သူမသည် ကျွန်ုပ်ကို ထိုအမျိုးသမီးထံသို့သွားရောက်တွေ့ဆုံပြီး၊ ပြဿနာကိုဖြေရှင်းစေလိုသည်။ သူမပြောဆိုချက်များကို နားထောင်ရင်း ကျွန်ုပ်မှ သူမကို ထိုအမျိုးသမီး နှင့် ကိုယ်တိုင်တွေ့ဆုံပြီး၊ ပြဿနာအကြောင်းကို ဆွေးနွေးပြောဆိုခဲ့မှု ရှိမရှိမေးခဲ့သည်။ သူမကသွားမတွေ့ဖြစ်သေးကြောင်း ပြောခဲ့သည်။ ကျွန်ုပ် တို့လုပ်သင့်လုပ်ထိုက်သည့်အရာကို ကျွန်ုပ်စဉ်းစားနေစဉ်တွင် မဿဲ ၁၈း၁၅ရှိ သခင်ယေရှု၏သွန်သင်ထားချက်သည် ကျွန်ုပ်အတွေးထဲသို့ ဝင်ရောက်လာခဲ့သည်။

ထို့ကြောင့် သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ဆီသို့သွား၍နှစ်ယောက်တည်းချင်း သူ၏အပြစ်ကိုပြ၍ဆုံးမလော့။

သူသည် သင်၏စကားကို နားထောင်လျှင် ညီအစ်ကိုကိုရပြီ။

သူမသည် ထိုအမျိုးသမီးထဲသို့ ကိုယ်တိုင်သွား၍ ပြဿနာကို ထိပ်တိုက်မဖြေရှင်းမချင်း၊ အထက်ပါပြဿနာနှင့်စပ်လျဉ်း၍ ကျွန်ုပ်ဘာမျှ ပြုလုပ်ပေးနိုင်မည်မဟုတ်ကြောင်း သူမကိုပြောပြခဲ့သည်။ ကျွန်ုပ်၏ပြောဆို ချက်နှင့်ပတ်သက်ပြီး သူမသည် ကျွန်ုပ်ကိုအချိန်အတော်ကြာ ပြန်လည် ချေပတိုက်ခိုက်ခဲ့သည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို ကျွန်ုပ်တို့ မျှော်လင့်ထားကြလျှင် ထိုပြဿနာကိုဘုရားသခင်၏နည်းလမ်းအတိုင်း ဖြေရှင်းရန်လိုအပ်ကြောင်း သူမကိုကျွန်ုပ်ပြောပြခဲ့သည်။ သူမသည် ကျွန်ုပ်၏ အကြံပြုပြောဆိုချက်ကို နောက်ဆုံးတွင် လက်ခံခဲ့ပြီး၊ ဖုန်းကို ကောက် ကိုင်၍ ထိုအမျိုးသမီးကိုဆက်သွယ်လိုက်သည်။ သုံးမိနစ် အတွင်း စကား ပြောဆိုပြီးနောက် ဖုန်းကိုချ၍ ကျွန်ုပ်ထံသို့လှည့်ကာ "အဲဒီအမျိုးသမီး က သူမပြောဆိုခဲ့တဲ့စကားတွေနဲ့ပတ်သက်ပြီး၊ ဘုရား သခင်က သူမကို အပြစ်ရှိကြောင်းဖော်ပြခဲ့တယ်လို့ ကျွန်မကိုပြောတယ်။ ကျွန်မကိုခွင့်လွှတ် ပေးဖို့တောင်းပန်ခဲ့တယ်။ ဒါကြောင့် ကျွန်မ တို့နှစ်ယောက်ရဲ့ကြားထဲမှာ ရှိနေတဲ့ ပြဿနာကတော့ အခြေအနေ ကောင်းသွားပြီး"ဟု ကျွန်ုပ်ကို ပြောခဲ့သည်။ ထိုသို့ပြဿနာဖြေရှင်း နိုင်ခဲ့ကြသောကြောင့် ကျွန်ုပ်တို့မှာ ဘုရားသခင်အထံတော်၌ ကျေးဇူးတရားတင်ရှိခြင်းများဖြင့် ဖုံးလွှမ်းနေခဲ့ပါ သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နည်းလမ်းအတိုင်း လုပ်ကိုင် ဆောင်ရွက်ကြသောအခါ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ခံစား ကြရသည်။

အချုပ်အခြာတန်ခိုးအာဏာရှင် ဘုရားသခင်ကို ယုံကြည်ကိုးစား သောသူသည် ဘုရားသခင်၏နည်းလမ်းသည်သာ အကောင်းဆုံးဖြစ် သည်ဟု နားလည်ကြသည်။ သူတို့သည် ဘဝခရီး လမ်းထဲသို့ ဝင်ရောက် လာသော ဘဝအခြေအနေများတွင် ဘုရား သခင်၏စိတ်တော်နှင့် အကြံ အစည်တို့ကို ရှာကြံရန်အချိန်ယူ

ကြပါလိမ့်မည်။ ဘုရားသခင်၏နည်းလမ်း များကို မေးခွန်းထုတ်ကြသော ခေတ်ကာလကြီး၌ ကျွန်ုပ်တို့ရှင်သန်နေကြ သည်။ ယုံကြည်သူများကပင် ဘုရားသခင်၏လုပ်ရပ်နှင့် နည်းလမ်းတို့ ကို မေးခွန်းထုတ်ကြသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က ရှင်သန်မှုဘဝ တစ်ခု၌ နေထိုင် ရှင်သန်ရန် မိသားစုနှင့်အမှုတော်ကို စွန့်ပစ်ခဲ့သော မိတ်ဆွေသင်းအုပ် တစ်ပါးနှင့်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာ၌ သူ၌ဖြစ် ပျက်ခဲ့သော အရာများကို ပြောဆိုဆွေးနွေးခဲ့ကြသည့်အချိန်တွင် သူ၏လုပ် ရပ်များအား မှန်ကန်ကြောင်း ရှင်းချက်ထုတ်မှုများနှင့်စပ်လျဉ်း၍ ကျွန်ုပ် မှာ ရင်ဘတ်သို့ဆောင့်တွန်းခံလိုက်ရသ ခံစားခဲ့ရသည်။ သမ္မာကျမ်း နှစ်ပတ်သက်သော သူ၏ယုံကြည်ယူဆချက်များမှာ ပြောင်းလဲခဲ့သည်။ သမ္မာကျမ်းစာကို မိမိရှင်သန်နေထိုင်နေသော ပုံစံနှင့် ကိုက်ညီမှုရှိစေရန် လိုရာဆွဲ၍အနက်ပြန်ခဲ့ပြီး၊ အချို့သောအကြောင်းအရာများတွင် သမ္မာ ကျမ်းစာ၏သွန်သင်ချက်များကို လုံးလုံးလျစ်လျူရှုခဲ့သည်။ သူသည်ဘုရားသခင်ကို မစောင့်စား(သို့)ဘုရားသခင်၏အကြံအစည်ကိုမ ရှာကြံခဲ့တော့ပေ။ မိမိဘာသာခြေလှမ်းဆင်၍ မိမိအလိုကျ ပြုမူကျင့်ကြံနေထိုင်ခဲ့သည်။

မိမိတို့၏အိမ်ထောင်ဖက်အတွက် ဘုရားသခင်၏ရွေးချယ်ပေးမှု အတွက် ဘုရားသခင်ကိုစောင့်စားရန် ငြင်းဆန်ခဲ့သောလူငယ်များကို ကျွန်ုပ်တွေ့မြင်ခဲ့ဖူးပါသည်။ တိုးပွားလာသော စိတ်မရှည်ခြင်းနှင့် အတူ သူတို့သည် မယုံကြည်သူများနှင့် ချစ်ကြိုးသွယ်ခဲ့ကြပြီး၊ ဘုရားသခင် ၏ အကြံအစည်ကို ဆန့်ကျင်၍ လက်ထပ်ထိမ်းမြားခဲ့ကြသည်။ ဘုရား သခင်ကို စောင့်စား၍ အလိုတော်အတိုင်းလုပ်ဆောင်ကြမည့်အစား ငွေ ကြေးဖန်တီးရှာဖွေရန်အတွက်၄င်း၊ ကိုယ်ကျိုးဖက်ရှေ့ဆက်လှမ်းဖို့ရန် အတွက်၄င်း၊ သမ္မာကျမ်းစာရှိစည်းမျဉ်းဥပဒေသများကို အတိုးအလျှော့ ပြုလုပ်၍ညှိနှိုင်းကြသော ခရစ်ယာန်များကိုလည်း ကျွန်ုပ်တို့တွေ့ဖူးကြပါ သည်။ ခရစ်ယာန်ခေါင်းဆောင်များကလည်း ဘုရားသခင်နှင့် ဘုရားသခင် သတ်မှတ်ထားသောအချိန်ကို ယုံကြည်ကိုးစားမည့်အစား

ကြိုးကိုင်ခြယ် လှယ်၍ ထိန်းချုပ်ရန်အတွက် ကြိုးစားခဲ့ကြသည်။

ဘုရားသခင်ကို စောင့်စား၍အလိုတော်ကို ရှာကြံခြင်းအမှုသည် အမြဲတမ်းလွယ်ကူနေသည်တော့မယ်မဟုတ်ပါ။ ရှောလုမင်းသည် မိမိ၏ စစ်သည်တော်များက မိမိအားစွန့်ခွါနေကြသည်ကို တွေ့မြင်ရသောအခါ ကျွန်ရှိနေသည်စစ်သည်တော်အနည်းငယ်ဖြင့် တိုက်ပွဲကိုအောင်နိုင်ခဲ့ပါ မည်လောဟု မတွေးတတ်အောင် ဖြစ်နေခဲ့သည်။ အချုပ်အခြာတန်ခိုး အာဏာရှင်ဘုရားသခင်၏နည်းလမ်းတို့မှာ ကျွန်ုပ်တို့၏နည်းလမ်း များနှင့် ကွာခြားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့လုပ်ဆောင် (သို့)တွေးတော ကြံဆသကဲ့သို့ မလုပ်ပါ။

> မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏ အကျင့်သည်လည်း သင်တို့၏အကျင့်ထက်၄င်း၊ ငါ၏အကြံ အစည်သည် သင်တို့၏အကြံအစည်ထက်၄င်း၊ သာ၍မြင့်၏ (ဟေရှာယ ၅၅း၉)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နည်းလမ်းများကို နားလည်ချင်မှ နားလည်နိုင်ကြမည်။ အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ယုံကြည်သောသူတို့ ဘုရားသခင်၏နည်းလမ်းများကိုအဓိပ္ပါယ်မရှိဟု ထင်မှတ်ရသောအခါ၌ပင် ကိုးစားတတ်ရန် သင်ယူကြလိမ့်မည်။ သူတို့ သည် ဘုရားသခင်၏နည်းလမ်းသည်သာ အကောင်းဆုံးဖြစ်၍ အကြံ အစည်များသည် ဘယ်သောအခါတွင်မျှ ပျယ်ပြယ်မသွားကြောင်းကို ယုံကြည်ရင်း ဘုရားသခင်ကိုစောင့်စား၍ သူ၏လမ်းညွှန်မှုကိုစောင့်ကြည့် နေကြသည်။

ကျွန်ုပ်၏သစ္စာမဲ့မှုနှင့်စိတ်မရှည်ခြင်းတို့ကြောင့် အချုပ်အခြာတန် ခိုးအာဏာရှင်ဘုရားသခင်မှာ ပိတ်ပင်တားဆီးခြင်းမခံရသောကြောင့် အထူးကျေးဇူးတင်မိပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဘုရား သခင်ကို မစောင့်စားခဲ့သောကြောင့် ကျွန်ုပ်အသက်တာ၌ ဘုရား

သခင်၏ မြောက်မြားစွာသောကောင်းချီးမင်္ဂလာများကို စွန့်လွှတ်ခဲ့ရကြောင်း ကျွန်ုပ်သိခဲ့ရ သည်။ ဘုရားသခင်၏ကတိစကားမှာ သူ့ကိုစောင့်စားသောသူတို့၌ ခွန်အားသစ်များကို သွန်းလောင်းပေးမည်ဟူ၍ဖြစ်သည်။

> ထာဝရဘုရားကိုမျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းယုန်ကဲ့သို့ မိမိတို့အတောင်ကိုပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါမမောရကြ။ (ဟေရှာယ ၄၀း၃၁)။

ဆာလံဆရာမှလည်း ဘုရားသခင်အပေါ်၌မျှော်လင့်ချက်ထားသောသူတို့သည် အရှက်ကွဲခြင်းကို မကြုံရမည့်အကြောင်း ကျွန်ုပ်တို့ကို အသိပေးထားသည်။

> အကယ်စင်စစ် ကိုယ်တော်ကို မျှော်လင့်သောသူတို့သည် ရှက်ကြောက်ခြင်းသို့ မရောက်ရကြပါ။ အကြောင်းမရှိဘဲ သစ္စာကိုဖျက်သောသူတို့သည် ရှက်ကြောက်ခြင်းသို့ ရောက်ရကြပါလိမ့်မည်။ (ဆာလံ ၂၅း၃)။

ဘုရားသခင်သည် သူ့ကိုစောင့်စားနေသူတို့အား ကွယ်ကာတော် မူ၍ ကယ်တင်တော်မူပါလိမ့်မည်။

> ငါသည်ရန်တုံ့ပြုမည်ဟု မဆိုနှင့်။ ထာဝရဘုရားကို ငံ့လင့်လော့။ သို့ပြုလျှင် ကယ်တင်တော်မူလိမ့်မည်(သုတ္တံ ၂၀း၂၂)။

ဘုရားသခင်သည် သူ၏အကြံအစည်များကို ဤလောက၌ အကောင်အထည်ဖော်နေသည့်အကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်သောအခါတွင် ကျွန်ုပ်တို့သည်ဘုရားသခင်၏

ဦးဆောင်မှုကို ဝန်ခံ လိုက်နာကြပါလိမ့်မည်။ ဘုရားသခင်၏ အချိန်အခါနှင့် လမ်းညွှန်ချက် တို့မှာ ပြည့်စုံလှပါသည်။ ကျွန်ုပ်တို့ကို ချစ်တော်မူ၍စောင့်ရှောက်တော်မူသော အချုပ်အခြာ တန်ခိုး အာဏာပိုင်ဘုရားသခင်ကို ကျွန်ုပ်ယုံကြည်လျှင် သူ့ကိုကျွန်ုပ်စောင့်စား ပါလိမ့်မည်။ ကျွန်ုပ်သည်ပြဿနာအကြောင်းအရာ များကို ကိုယ်လက်ထဲသို့ ဆောင်ယူဖြေရှင်းမည်မဟုတ်ပါ။ ထိုသို့ပြုမည့် အစား ကိုယ်ကိုယ်ကိုဘုရားသခင်အား နားထောင်ခြင်းအရာ၌၄င်း၊ ဘုရား ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကို ကျွန်ုပ်၏အကန့်အသတ်ရှိနားလည် နိုင်စွမ်း၌ အမြဲတမ်းအဓိပ္ပါယ်မရှိဟု ထင်မှတ်ရသောအချိန်၌ပင် နာခံလိုက် လျှောက်ခြင်းအရာ၌၄င်း၊ ဆက်ကပ်အပ်နှံထားပါမည်။

ကျွန်ုပ်တို့၏ဘုရားသခင်ကို ကျွန်ုပ်ကိုအပြည့်အဝ ယုံကြည်ကိုးစား နိုင်ပါသည်။ အချုပ်အခြာတန်ခိုးအာဏာရှင် ဘုရားသခင်ဖြစ်တော်မူသည့် အားလျော့စွာသူ၌အကြွင်းမဲ့သော ထိန်းချုပ်ပိုင်ခွင့်နှင့် ဩဇာအာဏာတို့ ရှိသည်။ ထိုဘုရားသည် မိမိ၏အကြံအစည်များကို အကောင်အထည် ဖော်လျှက်ရှိသည်။ ထိုဘုရားသည် ကျွန်ုပ်တို့၏အကြံပေးမှုများကို မလိုအပ် သော်လည်း သူ၏အကြံအစည်များကို အကောင်အထည်ဖော်ရာ၌ ကျွန်ုပ်တို့အားလမ်းပြနေခြင်းကိုမူ အားရကျေနပ်လျှက်ရှိသည်။ ထိုသို့သော ဘုရားသခင်၏ဦးဆောင်လမ်းပြမှုကိုသိရှိခြင်းနှင့် ထိုဘုရားသခင်၏ အချိန် အခါကိုစောင့်စားရခြင်းသည် ကျွန်ုပ်တို့အတွက် အခွင့်ထူးတစ်ရပ်ဖြစ် သည်။ ထိုဘုရားသခင်ကို စောင့်စားနိုင်ရန် အလို့ငှာ သူ့ကိုယုံကြည်ကိုး စားကြစို့လား။

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်၏အချိန်အခါမစောင့်လိုသောကြောင့် သင့်၌စိတ်မရှည် မှုများတိုးပွားလာကာ ထိုဘုရားသခင်၏ကောင်းချီးမင်္ဂလာများ

ကိုသင်လက်လျှော့ဆုံးရှုံးဖူးပါသလား။

- ဘုရားသခင်၏အချိန်အခါသည် ကျွန်ုပ်တို့ထမ်းရွက်နေသော အမှုတော်အတွက်အဘယ်မျှအရေးကြီးပါသနည်း။ ကျွန်ုပ်တို့ထမ်းရွက်နေသောအမှုတော်တွင် ဘုရားသခင်၏အချိန်အခါကို သတိရှိစွာမဆင်ခြင်တတ်လျှင် မည်သည့်အရာများဖြစ်ပျက်နိုင်သနည်း။
- ကျွန်ုပ်တို့၏နားလည်သဘောပေါက်မှုနှင့် ဘုရားသခင်၏နားလည်သဘောပေါက်မှုတို့၏ကွာခြားချက်ကားအဘယ်နည်း။ ဘုရားသခင်၏နည်းလမ်းများသည် ကျွန်ုပ်တို့၏နည်းလမ်းများနှင့် ကွာခြားပါသလား။ ဘုရားသခင်၏နည်းလမ်းများကို ရွေးချယ်မည့်အစား ကျွန်ုပ်တို့၏နည်းလမ်းများကို ရွေးချယ်၍လုပ်ကိုင်လျှင်ရလဒ်ကားအဘယ်သို့ဖြစ်မည်နည်း။
- ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကို စနစ်တကျနားလည်ခြင်းသည် ဘုရားသခင်ကို နားထောင်ဖို့ရှာကြံရာ၌၄င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်လမ်းပြဦးဆောင်မှုကို နာခံခြင်းဖြင့် လျှောက်လှမ်းရာ၌၄င်း၊ ကျွန်ုပ်တို့အား မည်သို့သော သက်ရောက်မှုမျိုးကိုပေးပါသနည်း။
- ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားဖြစ်ကြောင်းကို သိရှိခြင်းသည် သင့်တကိုယ်ရေအသက်တာ၌၄င်း၊ အမှုတော်မြတ်၌ ၄င်းမည်သို့သောနှစ်သိမ့်ခြင်းမျိုးကို ပေးပါသနည်း။
- ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအယူဝါဒသည် သင့်အသက်တာနှင့် သင်ထမ်းရွက်နေသောအမှုတော်အတွက် ဘုရားသခင်ကို၄င်း၊ သူ၏ဦးဆောင်လမ်းပြမှုကို၄င်း၊ ရှာကြံရာ၌မည်သို့သော သက်ရောက်မှုမျိုးကိုပေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင့်အသက်တာ၌ဘုရားသခင်၏ဦးဆောင်လမ်းပြမှုနှင့် အချိန်အခါကို နာခံခဲ့သောအချိန်များအတွက် ခွင့်လွှတ်ပေးဖို့ တောင်းလျှောက်

ရန် အချိန်အနည်းငယ်ယူပါ။

- ဘုရားသခင်သည် သင်၏ကျရှုံးပျက်ကွက်မှုများကိုပင် ကောင်းချီးမင်္ဂလာအဖြစ်သို့ ပြောင်းလဲနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်ထမ်းရွက်နေသောအမှုတော်၌၎င်း၊ သင်၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များ၌၎င်း၊ ဘုရားသခင်သည် သင့်ကိုအချုပ်အခြာတန်ခိုးအာဏာရှင်အပြစ်နှင့် ဦးဆောင်၍လမ်းပြပေးရန်လိုလိုလားလားရှိနေသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်ကို ဤထက်မကပို၍ သိရှိနားလည်နိုင်ရန် ကူညီမစပေးဖို့တောင်းလျှောက်ပါ။ ဘုရားသခင်က သင့်အသက်တာ၌ သူ၏အချိန်အခါအတိုင်း လှုပ်ရှားလုပ်ဆောင်နေခြင်းကိုစောင့်စားနိုင်ရန် အလို့ငှာ စိတ်ရှည်သီးခံခြင်းကို သင့်အားပေးဖို့ တောင်းလျှောက်ပါ။
- ဘုရားသခင်၏နည်းလမ်းများနှင့် အချိန်အခါသည် အမြဲတမ်းမှန်ကန်နေသောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။

# ၁၅
# အတိတ်ရာဇဝင်

အသက်တာ၌နောင်တရဖူးသောသူ အနည်းငယ်သာရှိသည်။ ယခုအချိန်၌သာ နောင်တရနေကြသောအရာများကို ကျွန်ုပ်တို့၏အတိတ်ကာလ၌တွေ့ကြုံရင်ဆိုင်၍လုပ်ဆောင်ခဲ့ဖူးကြသည်။ ကျွန်ုပ်တို့အားလုံး မှားယွင်းသောဆုံးဖြတ်ချက်မျိုးကို ချခဲ့ကြသည်။ ဤအတွေ့အကြုံများနှင့် ဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့၏အသက်တာ၌၄င်း၊ ကျွန်ုပ်တို့ကို ချစ် သောသူတို့၏ အသက်တာ၌၄င်း၊ သက်ရောက်မှုများကို ဖြစ်စေပါသည်။ တစ်ခါတရံတွင်ကျွန်ုပ်တို့မှာစိတ်ပိုင်းဆိုင်ရာ အမာရွတ်များနှင့်ကျန်ရစ်ခဲ့ကြ သည်။ အချိန်ဟူသော လက်တံကြီးကိုပြောင်းပြန်လှည့်၍ ဘဝကိုအသစ် ကပြန်စဖို့ ကျွန်ုပ်တို့ မပေးဆပ်လိုသော အရာများ ရှိပါမည်လော။ ဘဝ ဆိုသည်မှာ နောင်တတရားများနှင့် ပြည့်၍နေတတ်ပါသည်။ ကျွန်ုပ်တို့၏ ချို့ယွင်းအားနည်းချက်များကို ပြန်လည်ဆင်ခြင်သုံးသပ်သောအချိန်များတွင် ဘုရားသခင်၏ အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအယူဝါဒက မျှော်လင့်ချက်များနှင့် ခွန်အားပေးနှစ်သိမ့်မှုများကို ဆောင်ယူလာပါသည်။

ယောဟန် ၂ တွင် သခင်ယေရှု၏ပထမဆုံးနိမိတ်လက္ခဏာ အကြောင်းကို ပြောပြထားသည်။ ထိုအချင်းအရာသည် ဂါလိလဲပြည်ရှိ

ကာနမြို့တွင်ဖြစ်ပျက်ခဲ့သည်။ သခင်ယေရှုနှင့်တပည့်တော်တို့သည် မင်္ဂလာဆောင်ပွဲသို့ ဖိတ်ခေါ်ခံခဲ့ကြသည်။ ထိုမင်္ဂလာဆောင်ပွဲ၌ သူတို့ ရှိနေကြစဉ်တွင် အိမ်ရှင်၌စပျစ်ရည်များ ကုန်သွားခဲ့သည်။ ဤသို့စပျစ် ရည်ကုန်သွားရခြင်းနှင့် စပ်လျဉ်း၍အကြောင်းအရင်းများစွာ ရှိနိုင်သည်။ ဖြစ်နိုင်ချေရှိသည့်အကြောင်းအရင်းတစ်ခုမှာ မင်္ဂလာပွဲစီစဉ်သူများသည် လူအမြောက်အမြားကိုဖိတ်ကြားခဲ့ခြင်းကြောင့်ဖြစ်နိုင်သကဲ့သို့ စပျစ်ရည် ကိုလုံလုံလောက်လောက်မဝယ်ခဲ့ခြင်းကြောင့် လည်းဖြစ်နိုင်သည်။ သခင် ယေရှု၏မိခင်ဖြစ်သူ မာရိကအခြေအနေကို သိရှိသွားသောအခါ သခင် ယေရှုထံသို့ လာ၍ထိုစပျစ်ရည်ပြဿနာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ခုကိုပြု လုပ်ရန်တောင်းဆိုခဲ့သည်။ သခင်ယေရှုကလည်း ရေအိုးများကိုရေအပြည့် ဖြည့်စေပြီး၊ ပွဲအုပ်ထံသို့ယူသွားကြရန် မိန့်ကြားလိုက်သည်။ ထိုရေအိုးများ ပွဲအုပ်ထံသို့ရောက်ရှိသွားသော အချိန်တွင် ရေအိုးထဲရှိရေတို့မှာ ထိုပွဲအုပ် မြည်းစမ်းဖူး သမျှ၌အကောင်း ဆုံးသော စပျစ်ရည်များအဖြစ်သို့ ပြောင်းလဲ သွားခဲ့သည်။ လူအများ ရှေ့၌အရှက်ကွဲအကျိုးနည်းစရာအဖြစ်မှာအားလုံး ကောင်းကျိုးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

အလားတူအခြေအနေမျိုးတွင် သင်ရှိခဲ့ဖူးပါသလား။ သင်သည် ဘုရားသခင်ကပေးအပ်ထားသောအရင်းအမြစ်များကို မကိုင်တွယ်တတ် သည့် ဆိုးသောဘဏ္ဍာထိန်းတစ်ဦးဖြစ်ကောင်းဖြစ်ခဲ့ပေမည်။ သင်သည် အလွန်ဆိုးဝါးသောစီးပွါးရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြုလုပ်ကောင်း ပြုလုပ်ခဲ့ပေမည်။ သင်သည် အတိတ်ကာလ၌ပြုလုပ်ခဲ့သော အပြစ်ဒုစရိုက် ၏အကျိုးအဆက်များကို ခံစားကောင်းခံစားနေရပေမည်။ ကာနမြို့ရှိ မင်္ဂလာဆောင်ပွဲ၌ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်မှ ခွန်အား ယူစရာအချက် မှာ ပွဲကိုစီစဉ်သူများက မိမိတို့၏တာဝန်ကို ပျက်ကွက်ခဲ့သော်လည်း ဘုရားသခင်သည်အရာအားလုံးကို အဆင်ပြေချောမွေ့စေလိုသည် ဟူသောအချက်ဖြစ်သည်။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာ ရှင်ဖြစ်သောကြောင့် အမြော်အမြင်မရှိသောဆုံးဖြတ်ချက်များကိုပင် မိမိ ၏ ဘုန်းတော်အတွက်၄င်း၊ ကျွန်ုပ်တို့၏အကျိုးအတွက်၄င်း၊ စုပေါင်းလုပ်ရှားစေနိုင်သည်။

သင်သည် မာရိကဲ့သို့ သင့်ပြဿနာများနှင့် အတူ ဘုရားသခင် ထံသို့ တိုးဝင်ရန် မထိုက်တန်ကြောင်း ခံစားနေရပေမည်။ သင်၏ ယခု လက်ရှိအခြေအနေ၌ ဤကဲ့သို့ သင်ရှိနေရခြင်းမှာ သင်ကိုယ်တိုင်ရွေးချယ် ပြုလုပ်ခဲ့သောပုန်ကန်ဆန့်ကျင်ခြင်းကြောင့်ဖြစ်သည်ဟု သင်သိရှိနေသည်။ မာရိသည် သူမ၏ပြဿနာကို သခင်ယေရှုအထံပါးသို့ ဆောင်ယူလာခဲ့ ခြင်းမှာ သခင်ယေရှုတစ်ပါးတည်းကသာလျှင် ပြဿနာများကို အဆင်ပြေ အောင်ဖြေရှင်းနိုင်သူဖြစ်သည်ဟု သိရှိခဲ့သောကြောင့်ဖြစ်သည်။ အချုပ်အခြာ တန်ခိုးအာဏာပိုင်စကြဝဠာအရှင်ဘုရားသခင်သည် သင်၏ ကောင်းကျိုးအတွက်၄င်း၊ မိမိ၏ဘုန်းတော်အတွက်၄င်း၊ အရာအားလုံးကိုအသုံးပြုလုပ်ဆောင်ရာ၌ အားရကျေနပ်လျက်ရှိသည်။ သင်၏ကျရှုံးပျက်ကွက်မှုများကို အထံပါးသို့ဆောင်ယူလာပါ။ အခြေအနေအကြောင်းအရာများကို အထစ်လေးကမောက်ကမဖြစ်စေခဲ့ပြီးပြီဟု ဝန်ခံပါ။ ထိုနေ့၌မာရိပြုခဲ့သကဲ့သို့ သခင်ယေရှုကို သင့်အခြေအနေထဲသို့ ဝင်ရောက်လာအောင် တောင်းဆိုပါ။ အချုပ်အခြာတန်ခိုးအာဏာရှင် ဘုရားသခင်၏ တတ်နိုင်စွမ်းအပေါ်၌ သင်အံ့သြရပါလိမ့်မည်။

ယောရှု ၉ တွင် ဂိဗောင်မြို့သားများက ယောရှုနှင့် သူ၏လူတို့အား လိမ်လည်လှည့်ဖျားခဲ့သည့်အဖြစ်အပျက်ကို ဖတ်ရှုရသည်။ ဘုရားသခင်အထံမှ တိုက်ရိုက်ရောက်ရှိလာသော အမိန့်တော်ကိုနာခံသည့်အနေဖြင့် ဣသရေလလူမျိုးတို့သည် ခါနာန်ပြည်ကြီးကို ချင်းနင်းဝင်ရောက်သိမ်းပိုက်နေပြီး ဒေသခံများအားလုံးကိုလည်း အမြစ်ဖြုတ်သုတ်သင်နေကြပါသည်။ ဣသရေလလူမျိုးတို့အား ခါနာန်ပြည်သားများ

နှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်မပြုလုပ်ရန်နှင့် ၎င်းတို့အားလုံးကို အမြစ်ဖြုတ်သုတ်သင်ရန် အမိန့်ပေးခံခဲ့ရသည်။ ထိုသို့မပြုလုပ်လျှင် ကြာသရေလလူမျိုးများ၏ဘုရားသခင်နှင့်လက်တွဲလျှောက်လှမ်းရာတွင် ခါနာန်ပြည်သားများမှာ ဆူးငြောင့်ခလုတ်များဖြစ်လာကြမည်ဖြစ်သော ကြောင့်ဖြစ်သည်။

ဂိဗောင်မြို့သားများမှာ အလွန်စိုးရိမ်ထိတ်လန့်နေခဲ့ကြသည်။ လူမျိုးနွယ်တစ်စုအဖြစ် အသက်ရှင်လျက် ရှိနေဖို့ဆိုလျှင် တစ်စုံတစ်ခုကို ပြုလုပ်ရန် လိုအပ်ကြောင်း သူတို့သိရှိခဲ့ကြသည်။ ထို့အပြင် ကြာသရေလ စစ်တပ်ကြီး၏ လက်ရုံးရည်ကို မယှဉ်နိုင်မည့်အကြောင်းကိုလည်း သူတို့ သိရှိထားခဲ့ကြသည်။ ထို့ကြောင့် အသက်ရှင်ရပ်တည်ဖို့ လိမ်လည်လှည့် ဖြားခြင်းကိုအသုံးပြုခဲ့ကြသည်။ အဝတ်ဟောင်းများကို ဝတ်ဆင်၍ မှိုတက် နေသောပေါင်မုန့်များနှင့် ဟောင်းနွမ်းစုတ်ကွဲဖာထေးထားသော စပျစ်ရည် သားရည်ဗူးတို့ကို ယူဆောင်၍ယောရှုကိုတွေ့ရန် ထွက်ခွါလာခဲ့ကြသည်။ ယောရှု၏တဲစခန်းသို့ ရောက်သောအခါ သူတို့သည် အဝေးတစ်နေရာ မှ ရောက်ရှိလာခဲ့ကြပြီး၊ ကြာသရေလ လူမျိုးများနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ရယူလိုကြကြောင်း ယောရှုကိုပြောကြားခဲ့ကြသည်။

ယောရှုကလည်း ၎င်းတို့ကို အဝေးတစ်နေရာမှရောက်ရှိလာကြ ပြီး၊ ရန်သူခါနာန်လူမျိုးများမဖြစ်နိုင်ဟု ယုံကြည်ခဲ့သောကြောင့် ၎င်းတို့ ၏တောင်းဆိုချက်အတိုင်း ငြိမ်းချမ်းရေးကို သဘောတူလက်ခံခဲ့သည်။ သို့သော်လည်း ကြာသရေလလူမျိုးများသည် ဤအချင်းအရာနှင့်ပတ်သက် ၍ ဘုရားသခင်ကို မတိုင်ပင်ခဲ့ကြကြောင်း ယောရှု ၉း၁၄ က ကျွန်ုပ်တို့ကို ပြောပြထားသည်။ နောက်ပိုင်း၌သာ သူတို့မှာ လိမ်လည်လှည့်ဖြားခံခဲ့ရ ကြောင်းကို သိရှိခဲ့ကြသည်။

ယောရှုသည် မသင့်လျော်သောဆုံးဖြတ်ချက်ကို ချခဲ့သည်မှာ ထင်ရှားနေပါသည်။ ထိုသို့သော်ငြိမ်းချမ်းရေးသဘောတူခြင်းမျိုးကို မပြု

လုပ်မီ ဘုရားသခင်ကို တိုင်ပင်ဆွေးနွေးခဲ့သင့်သည်။ သို့သော် ထိုအဖြစ်အပျက်မှာဤနေရာတွင် မပြီးဆုံးခဲ့ပါ။ ဂိဗောင်မြို့သားများက ကြလသရေလ လူမျိုးတို့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ရယူခဲ့ခြင်းကြောင့် ယေရုရှလင်မင်းကြီးက ထိုဂိဗောင်မြို့သားများကို သစ္စာဖောက်များဟု ကြုံဝါး၍တောင်ပိုင်းရှိ အခြားရှင်ဘုရင်လေးပါးနှင့်မဟာမိတ်ဖွဲ့၍ ထိုဂိဗောင် မြို့သားများကို စစ်ကြေငြာခဲ့သည်။ ဂိဗောင်မြို့သားများကလည်း ထိုမဟာ မိတ်အဖွဲ့ကို ရင်ဆိုင်တိုက်ခိုက်နိုင်ရန် ကြလသရေလလူမျိုးတို့ကို အသနား ခံခဲ့သည်။ ဂိဗောင်မြို့သားများပြုလုပ်ခဲ့သောငြိမ်းချမ်းရေးသဘောတူစာချုပ် ကြောင့် ယောရှုကလည်း သူတို့ကိုကူညီရန်စစ်ချီခဲ့သည်။ ဘုရားသခင်က သူ့ကို အောင်မြင်ခြင်းကိုပေးခဲ့ပြီး ယောရှုသည် ခါနာန်ပြည်၏တောင်ပိုင်းဒေသရှိ ရှင်ဘုရင်များအားလုံးကို အနိုင်ယူခဲ့သည်။

ယောရှုသည် ဂိဗောင်လူမျိုးများနှင့် မဟာမိတ်ဖွဲ့ရန်မလျော်ကန်သော ဆုံးဖြတ်ချက်ကိုချမှတ်ခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် ထိုအခြေအနေကို မိမိလူမျိုးတော်တို့မှ ခါနာန်ပြည်တောင်ပိုင်းကို တိုက်ခိုက်အောင်မြင်ရန်အတွက် အသုံးပြုခဲ့သည်။ အထက်ပါအဖြစ်အပျက်မှ ကျွန်ုပ်တို့ကို သွန်သင်ထားသည်မှာ အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုံးရှုံးပျက်ကွက်မှုများကို ရယူ၍ကောင်းကျိုးအတွက် ပြန်လည်အသုံးပြုနိုင်သည်ဟူသော အချက်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ဆုံးရှုံးပျက်ကွက်မှုများထက်သာ၍ ကြီးမြတ်ပါသည်။ သူ၏အချုပ်အခြာ တန်ခိုးအာဏာစက်သည် ကျွန်ုပ်တို့ပြုလုပ်ကြသည်။ မိုက်မဲသောဆုံးဖြတ် ချက်များနှင့်အရှုပ်အထွေးပြဿနာများအပေါ်၌ပင် စိုးမိုးနေသည်။ ကျွန်ုပ် တို့၏ ဆုံးဖြတ်ချက်များကြောင့်ဖြစ်ပေါ်လာသော အလွန်ဆိုးဝါးသည့် အကျိုးအဆက်များကို ကျွန်ုပ်တို့ခံစားစဉ်တွင်ပင် ကျွန်ုပ်တို့၏အချုပ်အခြာ တန်ခိုးအာဏာရှင်ဘုရားသခင်၏ အံ့ဖွယ်သောဂရုဏာတရားတွင် မျှော်လင့် ချက်များရှိနေပါသေးသည်။

ကျွန်ုပ်အမှုတော်ဆောင်ခဲ့သောအသင်းတော်တစ်ပါး၌ ခေါင်းဆောင်တစ်ဦးအဖြစ် ကျွန်ုပ်နှင့်အမှုအတူထမ်းဆောင်ခဲ့သော သခင်ခရစ်တော်၌ညီအစ်ကိုဖြစ်သူတစ်ဦးနှင့် စကားလက်ဆုံကျခဲ့သည့်အချိန်ကို သတိရမိသည်။ ထိုညီအစ်ကိုသည် သူ့သားသမီးငယ်လေးများ၏ ဝိညာဉ်ရေးရာကို အတော်လေးစိုးရိမ်ပူပန်ခဲ့သည်။ သူ့သားသမီးငယ်လေးများသည် သခင်ယေရှုကိုယုံကြည်လက်ခံ၍ ထိုသခင်နှင့်အတူ လျှောက်လှမ်းအသက်ရှင်ကြရန်ကို သူလိုချင်ခဲ့သည်။ သူသည် ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းနေပြီး၊ သားသမီးများကို အမှန်တကယ်ထိထိရောက်ရောက်သွန်သင်ပြုစုခဲ့မှု ရှိမရှိကို မတွေးတတ်အောင်ဖြစ်နေခဲ့သည်။ ထိုသို့စကားပြောကြစဉ်တွင် သူ၏ငယ်စဉ်ဘဝအကြောင်းကို ကျွန်ုပ်ပြန် ပြောပြခဲ့သည်။ သူ၏ဖခင်ဖြစ်သူမှာဟိန္ဒူတစ်ယောက်ဖြစ်ပြီး၊ သားဖြစ်သူ နှင့်လုံးဝမပတ်သက်ချင်သောသူဖြစ်သော်လည်း နောက်ပိုင်းတွင် ဖခင် ဖြစ်သူပါ သခင်ယေရှုကိုယုံကြည်လက်ခံသောသူဖြစ်လာခဲ့သည်။ ယခင် က ဖခင်ဖြစ်သူသည် သားဖြစ်သူကို ခရစ်ယာန်မဖြစ်စေလိုသောကြောင့် သားဖြစ်သူကိုအသင်း တော်ထဲမှ ဆွဲခေါ်သွားခဲ့သောအချိန်များပင် ရှိခဲ့ပါသည်။ ထိုသို့စကားစမြည်ပြောဆိုရင်း ကျွန်ုပ်တို့ပြုလုပ်ခဲ့သော နိဂုံးချုပ်ကောက်ချက်မှာ မိဘများဖြစ်ကြသော ကျွန်ုပ်တို့၏ပျက်ကွက်မှုများထက် ဘုရားသခင်မှာ သာ၍ကြီးပါသည်ဟူသော အချက်ပင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏အမှားများ၊ အားနည်းချက်များနှင့် မပြည့်စုံမှုများကို ပြောင်းလဲ ပြင်ဆင်ဆုံးဖြတ်ပိုင်သောသူဖြစ်သည်။

သင့်အသက်တာကိုပြန်လည်သုံးသပ်လျှင် အသက်တာ၏ အဘယ်မျှသောအတိုင်းအတာကို အလဟဿသုံးဖြုန်းပစ်ခဲ့သည့် အကြောင်းကို သင်ပြန်လည်မှတ်မိကောင်းမှတ်မိနေမည်။ သင်သည် နှစ် ပေါင်းများစွာ ဘုရားသခင်ကို ကျောခိုင်း၍ခြေဦးတည့်ရာလမ်း ပျောက်နေခဲ့သည်။ အတ္တ၏ဆန္ဒကိုလိုက်၍သုံးဖြုန်းပစ်ခဲ့သော ထိုနှစ်ကာလများ အတွက် ယနေ့တွင် သင်အရှက်ရနေပါမည်။ ယောလ

၂း၂၅ ရှိ အချုပ် အခြာတန်ခိုးအာဏာရှင်ဘုရားသခင်၏မိန့်ဆိုထား ချက်ကို နားဆင်ကြည့် ပါ။

> အရာကကျိုင်း၊ ယာလက်ကျိုင်း၊ ခါသိလကျိုင်း၊ ဂါဇံကျိုင်းတည်း ဟူသောစေလွှတ်သော ငါ၏မဟာဗိုလ်ခြေတို့ကို ကိုက်စားသော နှစ်ပေါင်းကာလကို ငါပြန်ပေးမည်။

ကျွန်ုပ်တို့အသက်တာ၏ နှစ်ပေါင်းများစွာကို အပြစ်ဒုစရိုက်က ဝါးမျိုစားသောက်ခဲ့သည်။ ထိုသုံးဖြုန်းခဲ့သောနှစ်များကို ပြန်လျော်ပေးမည် ဟု အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင် ယနေ့တွင် သင့်ကို ပြန်လည်အခါပေးနေပါသည်။ ဘုရားသခင်၏ ခွန်အားသစ်သွန်းလောင်း ပေးခြင်းဖြင့် သင့်ဇနီးမယား နှင့်ဆက်ဆံရေး(သို့) သင့်သားသမီးများနှင့် ဆက်ဆံရေးကို သင်ပြန် လည်တည်ဆောက်နိုင်ပါပြီ။ သင့်အသက်တာ၌ ကျန်ရှိနေသောအရာကို အသုံးပြု၍သင့်အားဖြင့် မိမိ၏ကောင်းချီးမင်္ဂလာ များကို တိုးပွားစေနိုင်ပါသည်။ ဤသို့သောအရာသည် ဘုရားသခင်မှ တမန်တော်ရှင်ပေါလု၏အသက်တာ၌ပြုလုပ်ခဲ့သောအရာမဟုတ်ပါလား။ ရှင်ပေါလုသည် သခင်ယေရှုကို မိမိ၏ကယ်တင်ရှင်အဖြစ်လက်ခံ ယုံကြည် ခဲ့ချိန်တွင် အပြစ်ဒုစရိုက်၌၄င်း၊ မသိနားမလည်ခြင်း၌၄င်း နေထိုင်အသက် ရှင်ခဲ့သော နှစ်ကာလများအတွက် နောင်တရ၍ စိတ်မချမ်းသာဖြစ်နေ ခဲ့သည်။ ယုံကြည်သူများကို မည်သို့ညှဉ်း ပန်းနှိပ်စက်ခဲ့သည့်အကြောင်း ကို၄င်း၊ သတင်းကောင်းတရား တော်ပြန့်ပွါးရေးကို မည်သို့ဟန့်တားနှောင့် ယှက်ခဲ့သည့်အကြောင်း များကို ပြန်လည်သတိရခဲ့သည်။ ထိုသို့သော် ထိုအလဟာအသုံး အဖြုန်းပစ်ခဲ့သောနှစ်များကို ဘုရားသခင်သည် သူ့အား ပြန်ပေးခဲ့သည်။ အသက်တာ၏နောက်ဆုံးကာလတွင် ရှင်ပေါလု၏ သတင်းကောင်း တရားတော်အတွက်လုပ်ဆောင်ခဲ့သောသက်ရောက်မှုသည် ယခင်က သူတားဆီးနှောင့်ယှက်ဆန့်ကျင်ခဲ့ခြင်း၏သက်ရောက်မှုထက်ပို

၍ကြီးမားခဲ့သည်။

ဘုရားသခင်က ကျွန်ုပ်တို့လက်ထဲသို့ ယုံကြည်အပ်နှံထားသော ဤကမ္ဘာမြေကြီး၏အခြေအနေကိုစဉ်းစားသုံးသပ်ကြည့်ပါ။ လူသားဖြစ်သော ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီးအား ညစ်ပတ်ရှုပ်ထွေးအောင်ပြုလုပ်ခဲ့ကြသည်။ ကျွန်ုပ်၏မှားယွင်းသောဆုံးဖြတ်ချက်များသည် မြောက် မြားစွာသောလူတို့၏အသက်တာအကြီးအကျယ်ထိခိုက်စေခဲ့ပါသည်။ အနိုင်ကျင့်ခြင်း၊ စိတ်ဓါတ်ကျခြင်း၊ ကျိုးကြေသွားသောအိပ်မက်စိတ်ကူး များအားလုံးသည် လူသားတို့မှ ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်ခြင်း၏ ရလာဒ်များဖြစ်ကြသည်။ အပြစ်ဒုစရိုက်ကိုဒဏ်ခတ်စီရင်မည့်နေ့ ရောက် လာပါမည်။ သို့သော ယခုလက်ရှိကာလတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ အား လူ့ဂုဏ်သိက္ခာအရလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပေးထားသည်။ ထိုလွတ်လပ်စွာ ရွေးချယ်မှုသည် အပြစ်ဒုစရိုက်ကမ္ဘာကြီးထဲ၌ရှိနေသော ကြောင့် ကျွန်ုပ်တို့သည် စိတ်ဓါတ်ကျခြင်း၊ ဝမ်းနည်းခြင်းများကိုလည်း မျှော်လင့်ထားကြရမည်။ သို့သော် ဤစိတ်ဓါတ်ကျခြင်းနှင့် ဝမ်းနည်းပူဆွေး ခြင်းတို့ထက်သာ၍ကြီးသောသူတစ်ဦးရှိနေပါသည်။ အပြစ်ဒုစရိုက်ကြောင့် ဘုရားသခင်၏အကြံအစည်တို့မှာ ပျက်ပြယ်မသွားရ။ သင်ခံစားရသောနာကျင်မှုများသည် ပျောက်ကင်းခြင်းအခွင့်ကို ရရှိနိုင်ပြီး၊ ဘုရားသခင်က ထိုအရာကို မိမိ၏မဟာအကြံအစည်တော်ကြီးအား အကောင်အထည် ဖော်ရန်အတွက် အသုံးပြုနိုင်ပါသည်။

အပြစ်ဒုစရိုက်သည် မြောက်မြားစွာသော စိတ်ဆင်းရဲခြင်းဒုက္ခကို ယူဆောင်ခဲ့သော်လည်း ဘုရားသခင်သည် ၎င်းတို့ကို လှပသောအရာများအဖြစ်သို့ ပြောင်းလဲနိုင်သည်။ ဤအချင်းအရာကို သင့်အသက်တာ၌ ဘုရားသခင်မည်သို့ပြုလုပ်အကောင်အထည်ဖော်မည်ကိုတော့ ကျွန်ုပ်မသိနိုင်ပါ။ သို့သော် သင်ခံစားကြုံတွေ့ခဲ့ရသောစိတ်ပျက်ဝမ်းနည်းခြင်းများနှင့် အနိုင်ကျင့်စော်ကားခံရခြင်းတို့ထက် သာ၍ကြီးမြတ်တော်မူသော

အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ကျွန်ုပ်ညွှန်ပြပေးလိုသည်။

ကျွန်ုပ်၏အပြစ်များနှင့် ဆုံးရှုံးပျက်ကွက်မှုများထက်သာ၍ကြီးမြတ်တော်မူသောသူတစ်ပါးရှိကြောင်းကို ကျွန်ုပ်နားလည်သဘောပေါက်သော အခါ၌သာ ရှေ့ဆက်တွေ့ကြုံရမည့်အရာများကို ရင်ဆိုင်နိုင်မည်ဖြစ်သည်။ သင့်အပြစ်ဒုစရိုက်များနှင့် ကျရှုံးပျက်ကွက်မှုများကို ဘုရားသခင်အထံ တော်သို့ယူဆောင်သွားပါ။ သင်တွေ့ကြုံခံစားခဲ့ရသောအနိုင်ကျင့်စော်ကား ခံရခြင်းတို့နှင့်အတူ အထံတော်ကိုတိုးဝင်ပါ။ ဘုရားသခင်သည် သင့် အတိတ်ရာဇဝင်၏သခင်ဖြစ်တော်မူ၏။ သူသည်အနာရောဂါကင်းငြိမ်းစေ ခြင်း၊ ခွန်အားသစ်များ သွန်းလောင်းပေးခြင်း၊ နှစ်သိမ့်ခြင်းတို့ကိုပြုပါလိမ့် မည်။ ကျွန်ုပ်အပြစ်များနှင့် ကျရှုံးပျက်ကွက်ခဲ့မှုများထက်သာ၍ကြီးမြတ် သောသူတစ်ဦးရှိနေသည်ဆိုသည့်အချက်ကို သိနေရခြင်းသည် အဘယ်မျှဝမ်းသာစရာဖြစ်သနည်း။ ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း၊ အယူဝါဒသည် ကျွန်ုပ်၏ အတိတ်ရာဇဝင်ကိုရင်ဆိုင်ရှင်သန်ရန် မျှော်လင့်ချက်ကိုပေးပါသည်။

## စဉ်းစားသုံးသပ်ရန် အချက်များ

- သင့်ကိုအရှက်ကွဲအကျိုးနည်းစေသောအရာများ သင့်အတိတ်၌ရှိခဲ့ပါသလား။ သင့်အသက်တာ၏အပိုင်းကဏ္ဍ၌ သင့်ကို တို့ထိနိုင်သောဘုရားသခင်၏ အစွမ်းတန်ခိုးနှင့်စပ်လျဉ်း၍ ဤသင်ခန်းစာက ကျွန်ုပ်တို့ကို မည်သည့်အရာကိုသွန်သင်ပေးပါသနည်း။
- သာ၍ကြီးမြတ်သောအရာများအတွက် သင့်ကိုပြောင်းလဲရန်နှင့် လိုအပ်သည်များကိုဖြည်းဆည်းပံ့ပိုးပေးရန် ဘုရားသခင်သည် သင့်အတိတ်မှဆုံးရှုံးပျက်ကွက်မှုများနှင့် အနိုင်ကျင့်စော်ကား ခံခဲ့ရခြင်းများကို မည်သို့အသုံးပြုခဲ့သနည်း။
- ကျွန်ုပ်၏အတိတ်၌ဖြစ်ပျက်ခဲ့သောအရာများအားလုံးအပေါ်၌ ဘုရား

သခင်အစိုးရတော်မူသည်ဟူသောအချက်ကို သိရခြင်းသည် ထိုပြဿနာများကိုရင်ဆိုင်ရန် သင့်ကိုမည်သို့နှစ်သိမ့် ၍ခွန်အားသစ်များကိုပေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် သင့်အသက်တာ၌ဖြစ်ပျက်ခဲ့သောအရာများအားလုံးကို သင်ကောင်းကျိုးအတွက် အသုံးပြုနိုင်သောကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်အတိတ်ရှိကျူးလွန်ခဲ့မှုများနှင့် အပြစ်ဒုစရိုက်များကို ဝန်ခံရန်အချိန်အနည်းငယ်ယူပါ။ ဘုရားသခင်၏ခွင့်လွှတ်ခြင်းတရားအတွက်ကျေးဇူးတင်ချီးမွမ်းပါ။ ဤကျူးလွန်ခဲ့မှုများအားဖြင့် ဘုရားသခင်သည် သင့်ကိုဘဝသင်ခန်းစာများ သွန်သင်ပေးရန် တောင်းလျှောက်ပါ။ ထိုသို့အားဖြင့် သင်သည် ယုံကြည်ခြင်း၌၎င်း၊ တကိုယ်ရည်လျှောက်လှမ်းရှင်သန်ခြင်း၌၎င်း၊ ခွန်အားသစ်များ သွန်းလောင်းခံရမည်ဖြစ်သည်။
- ဘုရားသခင်သည် အပြစ်ဒုစရိုက်ကိုဖန်တီးရေးဆွဲသူမဟုတ်သော်လည်း သူသည် အဆိုးကိုအကောင်းအဖြစ်ပြောင်းလဲနိုင်သောသူဖြစ်သည်ဟူသောယုံကြည်စိတ်ချမှုနှင့်အတူ အတိတ်ရှိကျူးလွန်ခဲ့မှုများနှင့် အနိုင်ကျင့်စော်ကားခံရခြင်းတို့ကို ကုစားပေးရန်နှင့် ၎င်းတို့ကိုရှေ့ဆက်ရင်ဆိုင်ရဲရန် ရဲရင့်ခြင်းသတ္တိကိုပေးရန်တောင်းလျှောက်ပါ။

# ၁၆
# ဝတ်ပြုကိုးကွယ်ခြင်း

ပြီးခဲ့သော သင်ခန်းစာအနည်းငယ်တွင်ကျွန်ုပ်တို့သည် ဘုရား သခင်အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအကြောင်းကို အနက်ဖွင့်သတ်မှတ် ရန် ကြိုးစားရှာကြံခဲ့ကြပြီး၊ ထိုသို့သော ဘုရားသခင်ကို တုန့်ပြန်သော ကျွန်ုပ်တို့၏ကိုယ်ပိုင်တုန့်ပြန်မှုများ ကိုလည်း လေ့လာသုံးသပ်ခဲ့ကြသည်။ ထိုတုန့်ပြန်မှုများတွင် ကိုးကွယ် ဆည်းကပ်ခြင်း၊ ကျေးဇူးတင်ချီးမွမ်းခြင်း ဟူသောတုန့်ပြန်မှုအကြောင်း ကို မဖော်ပြခဲ့လျှင် ကျွန်ုပ်တို့၏လေ့လာမှု သည် ပြည့်စုံသောလေ့လာ မှုဖြစ်ခဲ့မည်မဟုတ်ပါ။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းဆိုရာတွင် ဘုရားသခင်၌အကြွင်းမဲ့သောဩဇာအာဏာရှိသည်ဟူ၍၎င်း၊ အကြွင်းမဲ့ သောလုပ်ပိုင်ခွင့်ရှိသည်ဟူ၍၎င်း ဆိုလိုကြသည်။ ကျွန်ုပ်တို့၏ ဘုရားသခင် ကဲ့သို့သောသူ မရှိပါ။ လွန်ခဲ့သောနှစ်အတန်အကြာက ကျွန်ုပ်နေထိုင်ရာ ဒေသနှင့်မနီးမဝေးရှိမြို့ကြီး တစ်မြို့သို့ကမ္ဘာ ထိပ်သီးနိုင်ငံများမှ ခေါင်း ဆောင်များသည် ထိပ်သီးညီလာခံတစ်ခု သို့တက်ရောက်ရန် ရောက်ရှိလာ ခဲ့ကြသည်။ ကမ္ဘာ့ဩဇာအညောင်း ဆုံးခေါင်းဆောင်ကြီးများကို တွေ့လို တွေ့ငြားမျှော်လင့်ချက်ဖြင့် လူထု

ကြီးမှာ လမ်းများပေါ်၌ပြည့်နေခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးများ ရောက်ရှိလာမည့်အရေးကို ပြင်ဆင်ရာ၌ ငွေကြေးကိုဖော် ဖော်သီသီ သုံးစွဲခဲ့ကြသည်။ ဤဩဇာငြောင်းသောကမ္ဘာ့ထိပ်သီး ခေါင်းဆောင်များ ရောက်ရှိလာခြင်းကြောင့် တစ်ချိန်ကမထက်မရှားဖြစ်ခဲ့ သောမြို့သည် ချက်ချင်းဆိုသလိုပင် ကမ္ဘာ့အနှံ့နာမည်ကြီးသွားခဲ့သည်။

ဤပုဂ္ဂိုလ်များအားလုံးက လာမည့်တစ်နေ့တွင် ဦးညွတ် ကြရမည့် ပုဂ္ဂိုလ်တစ်ပါးရရှိပါသည်။ ထိုပုဂ္ဂိုလ်၌အကွင်းမဲ့ သောဩဇာ အာဏာ၊ လုပ် ပိုင်ခွင့်နှင့် ထိန်းချုပ်ပိုင်ခွင့်တန်ခိုး များရှိပါသည်။ ထိုပုဂ္ဂိုလ်ကဲ့သို့သော သူသည် ကောင်းကင်ထက်၌၄င်း၊ မြေကြီးပေါ်၌ ၄င်းမရှိတော့ပါ။ ကျွန်ုပ်တို့ သည် အရာရာတိုင်းအတွက် ထိုပုဂ္ဂိုလ်ကို ကျေးဇူးအကြွေးများတင်ရှိနေကြ သည်။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ ဖွားမြင်ကတည်းကပင် ကြည့်ရှုစောင့် ရှောက်နေခဲ့ပြီး၊ လိုအပ်သည် များကို ပံ့ပိုးပေးနေသောသူဖြစ်သည်။ ထိုကဲ့သို့သောဘုရားသခင်ကို တုန့်ပြန်ရာတွင် သင့်တင့်လျောက်ပတ်သော တုန့်ပြန်ခြင်း တစ်မျိုးသာရှိသည်။ ကိုးကွယ်ဆည်းကပ်၍ ကြည်ညိုလေးစား ခြင်းဖြင့် ဦးညွတ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်ရှိခေါင်းဆောင်ကြီး များသည်။ အမှန်ပင်အရေးပါကြသော်လည်း သူတို့အားလုံးသည် အချုပ် အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကို ကျေးဇူးကြွေး များဆပ်ရန်ရှိနေ ကြသည်။ ကျွန်ုပ်တို့သည် အရိုက်အရာ နှင့်ဩဇာ အာဏာကိုရရှိခံစားကြ သော ပုဂ္ဂိုလ်များကို ရိုသေလေးစားကြလျှင် ထိုအရိုက်အရာနှင့်ဩဇာ အာဏာကိုပေးသနားတော်မူသော ဘုရားသခင်ကို အဘယ်မျှပို၍ရိုသေ လေးစားသင့်ပါသနည်း။

အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်သည် မိမိ၏အကြံ အစည်တို့ကို လူသားများနှင့်စာတန်ကပါ ပျက်ပြယ်သွားအောင် ကြိုးစား သည့်အကြားမှာပင် အကောင်အထည်ဖော်လျှက်ရှိနေပါသည်။ အချိန် ကာလတည်းဟူသောအရာစတင်ခဲ့ချိန်မှစ၍ ဘုရားသခင်သည်

ဤလောကကြီးကို မိမိ၏လက်တော်ထဲ၌ ဆုပ်ကိုင်ထားပြီး လမ်းပြခြင်း၊ ကွယ်ကာခြင်းတို့ကိုပြုခဲ့ကာ၊ ကျွန်ုပ်တို့အားလုံး၏ကောင်းကျိုးအတွက် အရာအားလုံးကို ပေါင်းစည်း၍လုပ်ဆောင်နေခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏ပရောဖက်ကြီးအားဖြင့် မိမိလူတို့အား ယေရမိ ၂၉း ၁၁ ၌ ပြောဆို ထားချက်ကို နားဆင်ကြည့်ပါ။

> တစ်ဖန်မိန့်တော်မူသည်ကား ငါသည်သင်တို့ကိုအကျိုးနည်းစေခြင်းငှာ၊ ကြံစည်သောအကြံအစည်မဟုတ်ဘဲ၊ သင်တို့သည် မျှော်လင့်သောအကျိုးကိုရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဖို့ကြံစည်သော အကြံတို့ကို ငါသိ၏။

ဤလောက၏အရှင်အချုပ်အခြာတန်ခိုးအာဏာပိုင်ဘုရား သခင်၌ ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းနှင့် ဝမ်းသာပျော်ရွှင်မှုတို့အတွက် အကြံအစည်များရှိနေသည်။ ဤအချင်းအရာကို ယနေ့တွင် ကျွန်ုပ်တို့အပေါ်၌ အဘယ်သို့သော် နှစ်သိမ့်ခြင်းနှင့်အာမခံချက်တို့ ဆောင်ယူလာစေသင့်သနည်း။ ဤအချင်းအရာသည် ဝတ်ပြုစည်းကမ်းခြင်းနှင့်ကျေးဇူးတင်ချီးမွမ်းတတ်ခြင်း၊ စိတ်နှလုံးကို ကျွန်ုပ်တို့၌အဘယ်မျှဖြစ်ပေါ်စေသင့်သနည်း။

အပယ်ငရဲသည် ကျွန်ုပ်တို့၏အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်အပေါ်၌တန်ခိုးအာဏာမရှိပါ။ မဿဲ ၁၆း၁၈ တွင် သခင်ယေရှုက တမန်တော်ရှင်ပေတရုကို ပြောဆိုထားသည်မှာ –

> ငါဆိုသည်ကား သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်း ကိုမရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။

ဘုရားသခင်သည် တပ်မှူးကြီးတစ်ဦးအလား မိမိ၏နိုင်ငံတော်ကို ဤလောက၌ချဲ့ထွင်နေပါသည်။ သူတို့ယှဉ်ပြိုင်တိုက်ခိုက်နိုင်လောက်

အောင် တန်ခိုးအင်အားကြီးသောအရာမရှိပါ။ ကျွန်ုပ်တို့ကိုခြံရံနေကြသော အပြစ်ဒုစရိုက်နှင့်မတရားမှုများသည် မိမိ၏အကြံအစည်များကို အများ ကောင်းကျိုးအတွက် လုပ်ဆောင်နေသောဘုရားသခင်ကို မပဟန့်တားနိုင် ပါ။ ဘုရားသခင်သည် အောင်ပွဲဝင်၍ဆိုးညစ်သောအရာများသည် ရှုံးနိမ့် ကြလိမ့်မည်။ ဤအချင်းအရာသည်ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ အဘယ် သို့သောဝမ်းမြောက်ခြင်းကိုဆောင်ယူလာသင့်ပါသနည်း။ ထိုကဲ့သို့သော ဘုရားသခင်၏ရှေ့မှောက်တော်၌ချီးမွမ်းခြင်းနှင့် ဆည်းကပ်ကိုးကွယ်ခြင်း တို့အတွက်အဘယ်မျှပြပ်ဝပ်လျှက်နေကြရမည်နည်း။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်သော်လည်း ဤလောက၌ မိမိ၏ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်ရာ၌ ကျွန်ုပ်တို့ကို အသုံးပြုရန် ရွေးချယ်ခဲ့ပါသည်။ ဤထက်ကြီးမားသောအခွင့်အရေးကောင်းကို ကျွန်ုပ်မစဉ်းစားမိနိုင်တော့ပါ။ ဘုရားသခင်အထံ၌၎င်း၊ ထိုဘုရားသခင်၏ဆင့်ခေါ်တော်မူခြင်း၌၎င်း၊ နာခံခြင်းအားဖြင့်ကျွန်ုပ် တို့လှုပ်ရှားကြသည်နှင့် အမျှ ဘုရားသခင်၏ မျက်မှောက်ပြုခြင်းသည် ကျွန်ုပ်တို့နှင့်အမြဲရှိနေသည့်အကြောင်းကိုလည်း သိနိုင်ပေသည်။ ကျွန်ုပ်တို့ကို ဘယ်သောအခါတွင်မျှ စွန့်မသွားမည့်ဘုရားသခင်၏ကတိတော်ကို မဿဲ ၈း၁၉–၂၀တွင် ကျွန်ုပ်တို့လက်ခံရရှိထားကြသည်မှာ –

> သင်တို့သည် သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်မြတ်၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာ၊ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။

သခင်ယေရှုက ကျွန်ုပ်တို့လိုအပ်သည်အရာများကိုလည်း ပံ့ပိုး

ပေးမည့်ကတိပေးထားသည်။ မဿဲ ၆း၂၈–၃၀ ရှိ သခင်ယေရှုကို မိန့်ဆိုချက်ကို နားဆင်ကြည့်ပါ။

> အဝတ်ဖို့အဘယ်ကြောင့်စိုးရိမ်ရသနည်း။ တောနှင်းပန်းတို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှာ မငင်မဝင့်။ သို့သော်လည်းဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ၏ အဝတ်ကိုမမီဟု ငါဆို၏။ ယုံကြည်အားနည်းသောသူတို့ ယနေ့အသက်ရှင်လျက်နက်ဖြန်မီးဖိုထဲသို့ရောက်သော တောမြက်ပင်ကိုဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်ဖုံးလွှမ်းတော်မူလျှင် ထိုမျှမက သင်တို့ကို အဝတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော။

ကျွန်ုပ်တို့လိုအပ်သောခွန်အားအလုံးအရင်းကိုလည်း အလျှံပယ်ပံ့ပိုးပေးပါလိမ့်မည်။ ဤအချင်းအရာကို ဘုရားသခင်က မိမိအားစောင့်စားသောသူတို့အားလုံးကို ဟေရှာယ ၄၀း၂၉–၃၁ တွင် ကတိပြုထားသည်။

> ထိုဘုရားသခင်သည် မောသောသူတို့အား ခွန်အားကိုပေးတော်မူ၏။နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့်ပြည့်စုံသောအခွင့်ကိုပေးတော်မူ၏။ လူပျိုတို့သည်မော၍ပင်ပန်းခြင်းသို့ရောက်ကြလိမ့်မည်။ လုလင်တို့သည် ထိမိ၍လဲကြလိမ့်မည်။ ထာဝရဘုရားကို မျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။ရွှေလင်းယုန်ကဲ့သို့ မိမိတို့အတောင်ကိုသစ်ပြုပြင်ကြလိမ့်မည်။ပြေးသော်လည်းမပင်ပန်း၊ ခရီးသွားသောအခါမမောရကြ။

မှန်ကန်သောဆုံးဖြတ်ချက်များကိုပြုလုပ်ရန် ဉာဏ်ပညာကို ကျွန်ုပ်တို့လိုအပ်သောအခါ ကျွန်ုပ်တို့ပြုလုပ်ကြရမည့်အရာမှာ ဘုရားသခင် အထံ၌တောင်းလျှောက်ရန်ဖြစ်ပြီး၊ သူသည်ကျွန်ုပ်

တို့လိုအပ်သမျှကို ပေး သနားပါလိမ့်မည်။

> သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်း စေ။ တောင်းလျှင်ရလိမ့်မည်။ (ယာကုပ် ၁း၅)။

ထိုကဲ့သို့သောထောက်ပံ့ပေးသနားတော်မူခြင်းကို သင်မည်သို့ တုန့်ပြန်မည်နည်း။ ကြီးမြတ်တော်မူသော အချုပ်အခြားတန်ခိုး အာဏာရှင် ဘုရားသခင်သည် မိမိကိုယ်ကို အဘယ်ကြောင့်ကျွန်ုပ်အ ထဲသို့ သွန်း လောင်းခဲ့လိမ့်မည်နည်း။ ဘုရားသခင်သည် ကျွန်ုပ်အား တန်ခိုးအာဏာ ပေး၍လိုအပ်ချက်များကို ပံ့ပိုးပေးကာ ဦးဆောင် လမ်းပြပေးရန်ရွေးချယ် ခဲ့လိမ့်မည်နည်း။ ဘုရားသခင်သည် မိမိ၏ ရည်ရွယ်ချက်များကို အကောင် အထည်ဖော်ရာ၌ ကျွန်ုပ်ကိုအသုံးပြုရန် အဘယ်ကြောင့်ရွေးချယ်ခဲ့လိမ့် မည်နည်း။ ချစ်ခြင်းမေတ္တာ တစ်ခုတည်းကသာ အထက်ပါမေးခွန်းများကို ဖြေရှင်းနိုင်သည်။ ကျွန်ုပ်တို့၏တစ်ခုတည်းသောတုန့်ပြန်မှုမှာကား ကြောက်ရွံ့ရိုသေလေး စားခြင်းနှင့် အံ့အားသင့်ခြင်းတို့မှ တစ်ခုသာဖြစ်ပါလိမ့်မည်။

ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်သော ကြောင့် ကျွန်ုပ်မှာ ပြည့်စုံသောငြိမ်သက်ခြင်း၌ရှင်သန်နေထိုင်နိုင်ပြီဖြစ် သည်။ ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင ဖြစ်သောကြောင့် အပြစ်ဒုစရိုက်နှင့်မကောင်းသောအမှုအရာတို့သည် နောက်ဆုံးတွင် ကျရှုံး ကျမည့်အကြောင်းကို ကျွန်ုပ်သိနေသည်။ ဘုရားသခင်အချုပ်အခြာတန် ခိုးအာဏာရှင်ဖြစ်သောကြောင့် ကျွန်ုပ်အထဲ၌ရှိနေသော ဘုရားသခင်၏ တန်ခိုးတော်သည် ကျွန်ုပ်၏အကြီးမားဆုံးသောရန်သူကိုပင် အနိုင်ယူနိုင် ကြောင်းကို သိရှိခြင်းနှင့်အတူ ယုံကြည်ခြင်းဖြင့် ရှေ့ဆက်လျှောက်လှမ်း နိုင်ပြီဖြစ်သည်။ ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်

သောကြောင့် ဖြစ်ပျက်သမျှသောအရာတိုင်းတွင် အဓိပ္ပါယ်နှင့်ရည်ရွယ်ချက်တို့ ရှိကြသည်။ ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်သောကြောင့် ကျွန်ုပ်၏ဘဝပန်းတိုင်မှာ အသေအချာရှိနေပြီဖြစ်သည်။ ဤမျှော်လင့်ချက်ကြီးကို ကျွန်ုပ်အထံမှမည်သူကမျှမဖယ်ရှားနိုင်ပါ။ ထို သို့သော် ဘုရားသခင်နှင့် ကျွန်ုပ်အတွက်လုပ်ဆောင်ခဲ့သောအရာများ အပေါ်၌အဘယ်ကြောင့်ဦးညွှတ် လျှက်ပြက်ဝပ်ကိုးကွယ်ခြင်းကို ကျွန်ုပ်မလုပ်နိုင်ရမည်နည်း။

ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းအယူဝါဒ သည် မျှော်လင့်ချက်များနှင့်လုံခြုံစိတ်ချမှုများကိုပေးပါသည်။ ထိုအယူဝါဒသည် ကျွန်ုပ်တို့၏ဘဝခရီးလမ်းထဲ၌ဝင်ရောက်လာသောအနှောက်အယှက်အဟန့်အတားများကို ရင်ဆိုင်နိုင်ရန် ရဲရင့်သတ္တိများကိုလည်းပေးပါသည်။ ထိုသို့သောအချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားသခင်ကိုယနေ့တွင် ကျွန်ုပ်တို့မည်သို့ချီးမွမ်းကြရန် လိုမည်နည်း။ ဤလေ့လာသုံးသပ်ချက်သည် ဘုရားသခင်ကိုချီးမွမ်းနိုင်ရန် အကြောင်းပြချက်များကို သင်အားမပေး ကမ်းလျှင် ဤလေ့လာသုံးသပ်ချက်သည် ၎င်း၏ရည်ရွယ်ချက်များနှင့် လွဲချော်နေ၍သာဖြစ်မည်။ ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဖြစ်ကြောင်းကို နားလည်သဘောပေါက်သောသူတိုင်းသည် ပြပ်ဝပ်ကိုးကွယ်ဆည်းကပ်ခြင်းအတွက် အလျှင်အမြန်ဦးညွှတ်ကြပါသည်။ ထိုကဲ့သို့သောဘုရားသခင်ကို ချီးမွမ်းလျက် ကျေးဇူးတင်စကားဆိုခြင်းအရာသည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ပြည့်လျှက်ရှိနေပါစေသော်

## စဉ်းစားသုံးသပ်ရန် အချက်များ

- ဘုရားသခင်သည် အချုပ်အခြာတန်ခိုးအာဏာရှင်ဘုရားဖြစ်ကြောင်းကို သိရှိခြင်းသည် သင့်အသက်တာနှင့်သင် ထမ်းရွက်နေ သောအမှု တော်မြတ်၌ သင့်ကိုမည်သို့နှစ်သိမ့်ပေး၍ မည်သို့စိတ်ချလက်ချရှိစေသနည်း။

- သင့်တစ်ကိုယ်ရည်အသက်တာနှင့် သင်ထမ်းရွက်နေသော အမှုတော်အကြောင်းကိုစဉ်းစားသုံးသပ်ရန် အချိန်အနည်း ငယ်ယူပါ။ ဘုရား သခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်း သည်၎င်းအပိုင်းကဏ္ဍများ ၌သင့်ကိုမည်သို့တို့ထိခဲ့ပါသနည်း။ ဘုရားသခင်ကိုချီးမွမ်းရန်အကြောင်းပြချက်များရှိပါသလား။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် အရာအားလုံးအပေါ်၌အချုပ်အခြာတန်ခိုးအာဏာ ရှိသောဘုရားဖြစ်ကြောင်းကို အသိအမှတ်ပြုရန်နှင့်ဝန်ခံရန်အချိန် အနည်းငယ်ယူပါ။
- ဘုရားသခင်သည် အရာအားလုံး၏သခင်ဖြစ်သည်ဟု သိရှိထားခြင်း နှင့်အတူ အသက်တာကိုရဲရင့်ခြင်းနှင့် အာမခံချက်ရှိခြင်းတို့ဖြင့် သင်ရှင်သန်နိုင်ပြီဖြစ်သောကြောင့် ဘုရားသခင်ကိုကျေးဇူး တင်စကားဆိုပါ။
- ဘုရားသခင်၏ထိန်းချုပ်ပိုင်ခွင့်နှင့်လုပ်ပိုင်ခွင့်တန်ခိုးအာဏာတို့ အပေါ်၌ သံသယများခဲ့သောအချိန်များအတွက်ခွင့်လွှတ်ပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သင်ရပ်တည်ရင်ဆိုင်နေရသော ဘဝအခြေအနေအပေါ်၌ ဘုရား သခင်သည် အချုပ်အခြာတန်ခိုးအာဏာရှိပါသည်ဟူသော အချက်ကို သင့်နှလုံးသားထဲ၌ထပ်လောင်းအတည်ပြုပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ သံသယပွားခြင်းများ ကိုလွှင့်ပစ်ဖယ်ရှားပေးသော ဘုရားသခင်၏ ထိန်းချုပ်ပိုင်ခြင်းနှင့်ဩဇာအာဏာနှင့်စပ်လျဉ်း၍ အာမခံချက် ကိုပြန်လည်ပေးသနားရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘုရားသခင်၏ အသက်တာသခင်ဖြစ်တော်မူခြင်း၊ လမ်းပြဦးဆောင် ခြင်းနှင့်ခွန်အားဗလတို့၌ သင့်ကိုသင် အသစ်တဖန်ဆက်ကပ်အပ်နှံ ရန် ဘုရားသခင်၏မျက်မှောက်တော်၌ငြိမ်သက်စွာဖြင့်

အချိန်အနည်းငယ်ယူပါ။ ဘဝခရီးလမ်း၌မည်သည့်အရာမဆို ရောက်လာစေကာမူ ဘုရားသခင်ကိုပို၍ ယုံကြည်ကိုးစား နိုင်ရန် သင့်အပေါ်၌ကျေးဇူးတော် ကိုသွန်းလောင်းပေးဖို့တောင်းလျှောက်ပါ။